


ရခိုင်

# မဟာမုနိဘုရားသမိုင်း

ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)

04/22/2000, 10:35 AM

နမော တဿ
ဘဂဝတော
အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# ရခိုင်
# မဟာမုနိ
## ဘုရားသမိုင်း

ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)

၁၉၉၀ ~ ပြည့်နှစ်

**စာမူခွင့်ပြုချက်အမှတ်**
(၁၁/၉၀) (၁၀) ကင်း (၁၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
(၂၅/၉၀) (၁၂)

**ထုတ်ဝေနှစ်**
၁၉၉၁၊ ဖေဖော်ဝါရီ။
**အကြိမ်**
ပထမအကြိမ်။

**စောင်ရေ**

၁၃၀၀၀ (တစ်သောင်းသုံးထောင်)
**တန်ဖိုး**

**မျက်နှာဖုံးပန်းချီ**

**ခေတ်ပုံ**

**အတွင်းပန်းချီ**

**မျက်နှာဖုံးရိုက်**
ဦးသာထွန်း (၀၃၃၃)
ကိုးကိုးလုံး ပုံနှိပ်တိုက်
၂၅၊ ရာဇာဓိရာဇ်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်

**ထုတ်ဝေသူ**

ဦးထွန်းရွှေ
မော်ကွန်းထိန်း (၁)
စစ်တွေဒီဂရီကောလိပ်
စစ်တွေမြို့။

**ပုံနှိပ်သူ**

ဒေါ်ခင်စန်း (၀၃၄၁၃)
ငွေပဒေသာ ပုံနှိပ်တိုက်၊
၁၄၉-ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်။

ဦးအေးမြင့် (မြန်မာ့ရိုးရာ)

မင်းနိုင်ကြီး (စစ်တွေ)

ပန်းချီ ကိုစိုးဝင်း



# ရခိုင်မဟာမုနိဘုရား

4-372 Pmso {lm}.p65 1
Cyan Magenta Yellow

## မဟာမုနိ

ဓညဝတီ ၊ သင်္ဂီရွှေပြည် ၊ ဘုန်းတိစည်သား

အမည်သုရိယ ၊ စန္ဒရာဇာ ၊ မင်းသဒ္ဒါလျှင်

ထိုခါမိုးခိုက် ၊ ရှင်တော်ကြိုက်၍ ၊ ရိုက်ရိုက်လဖိမ့်

အုသိမ့်ထက်ဝန် ၊ ပီတိမွန်မျှ ၊ တောင်းပန်သောခါ

မဟာမုနိ ၊ ရှိသည်ယခု ၊ ဆင်းရုပ်တုကို

ဝိသုကာမှ ၊ သိကြားမ၍ ၊ ပဉ္စလောဟာ

ရတနာဖြင့် ၊ သွန်းကာ မဖြစ် ၊ ခုနစ်လက်ခွေ့


ကိုယ်ငွေ့တော်ယူ ၊ တည်တော်မူမှ

ဘုန်းတုဘုန်းရှည် ၊ ညီနည်ဘုရား ၊ ကိုယ်တော်စားဟု

ထားခဲ့သောအား ၊ သုံးပါးနတ်လူ ၊ ကိုးရာမူသည်

အယူရှိညွှတ်နူးတည့်လေ ။ ။

ရခိုင်မင်းသမီးချင်းအမှိုင် ( ၉ )
( ဘခ · မင်းညို )



## စာရေးသူ

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့၊အဖ ကုန်သည်ကြီးဦးလာဘ၊အမိ၊ ဒေါ်ငွေချိန်တို့မှ ၁၉၄၉ ခုနှစ်တွင်မွေးဖွားသည်။အမည်ရင်း ဦးထွန်းရွှေဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ(ပထဝီဝင်)ဘွဲ့ကို ရရှိသည်။ ထိုနှစ်မှာပင် လုပ်သားများကောလိပ်၊ ပထဝီဝင်ဌာနတွင်အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၃ ခုနှစ်တွင် စစ်တွေကောလိပ်၌ ပထဝီဝင်နည်းပြဆရာအဖြစ် တာဝန်ဆက်လက်ထမ်းဆောင်သည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာတန်း ဖြေဆိုအောင်မြင်ပြီးနောက် စစ်တွေ ဒေသကောလိပ်တွင် ပထဝီဝင်ဌာန လက်ထောက်ကထိက၊ ဌာနမှူးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၇၈ ခုနှစ်တွင် မော်ကွန်းထိန်းအဆင့်(၂)အဖြစ် စတင်ထမ်းဆောင်သည်။ ယခုအခါ စစ်တွေဒီဂရီကောလိပ်တွင် မော်ကွန်းထိန်း အဆင့်(၁)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသုတေသနစာတမ်းဖတ်ပွဲနှင့် ပထဝီဝင်အသင်းတွင် သုတေသနစာတမ်းများ ပြုစုတင်သွင်းခဲ့သည်။

"စစ်တွေမြို့ မြေအသုံးချရေး" စာတမ်းဖြင့် မဟာဝိဇ္ဇာဘွဲ့ယူခဲ့သည်။ ယနေ့အထိ သုတေသနဆောင်းပါး(၃၆)ပုဒ်နှင့် (၁) ရခိုင်ရှေးဟောင်းမြို့တော်များ (၂) ရခိုင်နန်းဆက် မြို့ဆက်သမိုင်း(၃) ရခိုင်ပြည်နယ်ဒေသန္တရပထဝီဝင်(၄) ရခိုင်မြောက်ဖျားဒေသမှ သက်တိုင်းရင်းသားများ (၅) ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ (၆)ရခိုင်မင်းသမီးချောင်းအဖွင့် (၇) ရခိုင်စာဆိုတော်များ (၈)ရခိုင်ရိုးရာပုံပြင်များ စသောစာအုပ်များကို ရေးသားပြုစုခဲ့သည်။

မြန်မာနိုင်ငံ စာပေစာနယ်ဇင်းအဖွဲ့ စာရေးဆရာအဖွဲ့ဝင် အမှတ်(၀၄၆၆)ဖြစ်သည်။

# Mahamuni Introduction

The oldest and most revered Buddhist site in Arakan, the Mahamuni shrine has been the focus of attention in the history of the century since inception. Its magical image was sought as a prize by neighbouring kings, and has been the goal of Buddhist worshipers from all over the world.

Traditionally, the shrine is said to have been built to house the image of the Buddha cast during his sojourn on the Selagiri (သေလာဂိရိ) hill near Kyauktaw in the middle of 6th century B.C. After the preceling to the people by the Lord Buddha, Candrasuriya, (စန္ဒသူရိယ) king of Dhanyawaddy (ဓညဝတီ) bowed to Buddha & requested:

> "O, Lord, who is the crown, the light and the glory of the three kinds of beings; If you wander about from place to place in distant countries, we shall have no opportunity to pay homage to you. Therefore for my benefit and that of others I pray you to leave for us an image of you"

Thus the Mahamuni shrine and its great image are seen to reflect the unity of the three kinds of beings: the celestial devas, (ဒေဝ) the human being and the creatures of the other world.

The shrine is built on a hilllock at the north easten corner of the palace-site. This position, in which the shrine sits at N E site of the palace, is the characteristic position found in many other major shrines in urban Buddhist centres in the South-east Asia, and Sirilanka. This tradition may be related to the early royal ancestors. It can be seen from aerial photographs that this system has been closely followed by the present shrines. The shrine is situated within a rectangular wall, with operings at the four cardinal points, the most important one being that of the east. The temple proper is square in shape, setting towards the west, and is raised over two broad, almost square terraces. The square plan is typical of early architecture of Funan (ဖူနန်) and slightly later at Dvaravati (The Ancient Khmer Empire and Thailand.)

The original structural fragments, were found in the main temple. The first one, a caitya arch on a lintel fragment, is now lying at the south western corner. The little figure in the centre belongs to the late Gupta (ဂုပ္တ) tradition. The wigtype

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| | (ဆ) ခေါင်းလောင်းများ | ၆၇ |
| | (ဇ) ပျက်စီးသွားသော ကျောက်စာတစ်ချပ် | ၆၉ |
| ၈။ | ဗိသုကာလက်ရာများနှင့် အစောင့်အရှောက်ရုပ်တုများ | ၇၁ |
| | (က) နဂါးရာဇာမြွေမင်း | ၇၃ |
| | (ခ) နာဂီ (နဂါးမင်းသမီး) | ၇၄ |
| | (ဂ) ယသာပနာဒနက်မူး | ၇၅ |
| | (ဃ) အခြားသော ယသာနတ်မူးများ | ၇၅ |
| | (င) ဂန္ဓရ (ဂီတနတ်သား) | ၇၆ |
| | (စ) ကိန္နရာများ | ၇၇ |
| | (ဆ) လောကပါလနတ်ရုပ်တုများ | ၇၈ |
| | (ဇ) နှစ်ပုံတွဲရုပ်တုများ | ၇၈ |
| | (ဈ) သုံးပုံတွဲရုပ်တုများ | ၇၉ |
| ၉။ | မဟာမုနိဘုရားနှင့်နိုင်ငံခြားသားနှစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း | ၈၄ |
| ၁၀။ | နှစ်ထောင့်ငါးရာကျော်က ကျောက်စာနှစ်ချပ် | ၉၀ |
| | (က) မဟာမုနိကုန်း ကျောက်စာ | ၉၀ |
| | (ခ) တောင်ပေါက်ကြီး ကျောက်စာ | ၉၄ |
| ၁၁။ | မဟာမုနိရုပ်ရှင်တော်မြတ်(မန္တလေး) | ၉၇ |
| ၁၂။ | မာန်အောင်မြင် (ဇလွန်) | ၁၀၄ |
| ၁၃။ | မဟာမုနိဘုရားနှင့် ဆက်နွယ်နေသော ဗုဒ္ဓယဉ်ကျေးမှုအနုပညာလက်ရာများ | ၁၀၅ |
| | (က) မကိုဋ်သရဖူဆောင်း ဗုဒ္ဓဆင်းတုတော်များ | ၁၀၅ |
| | (ခ) သေလာဂီရိတောင်မှ ဗုဒ္ဓတရားဟောနေပုံ ကျောက်ဆစ်လက်ရာ (အေဒီ ၅-ရာစု) | ၁၂၄ |
| | (ဂ) အသစ်တွေ့ရှိရသော ဗုဒ္ဓအနုပညာလက်ရာများ (အေဒီ ၅-ရာစု) | ၁၃၁ |
| | (ဃ) ကစ္ဆပနဒီ | ၁၃၇ |
| | (င) ဆန်ရေစပါးပေါရာမြေ ဓညဝတီ | ၁၄၀ |
| | (စ) စေတီပုထိုးပေါရာမြေ | ၁၄၂ |
| ၁၄။ | ဦးရာဇ်တောင်စေတီ | ၁၅၇ |
| ၁၅။ | နိဂုံးချုပ် | ၁၆၁ |

# ထုတ်ဝေသူ၏ အမှာ

ကျွန်တော်သည် ကျောက်ဖြူ မြို့နယ်၊ ကင်းတိုက် ကလန့်တဲ ကျေးရွာတွင် ၁၉၆၀-ခု မွေးဖွားခဲ့ပြီး ၁၉၇၉-ခုနှစ်တွင် ရန်ကုန်မြို့သို့ သွားရောက် နေထိုင်ခဲ့ပါသည်။ ကျွန်တော်သည် မြောက်ဦး၊ ကျောက်တော်ဒေသများသို့တစ်ခါမျှ မသွားရောက်ခဲ့ဖူးပါ။ ဤဒေသ၌ တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်း အမွေအနှစ်များ၊ ရှေးခေတ် ရခိုင်ရှင်ဘုရင်များ၏ ထီးစိုက်၊ နန်းစိုက်၊ မြို့ပြ၊ မြို့ရိုး၊ ကျုံးဟောင်းများ အစရှိသော သမိုင်းအမွေအနှစ်များ ထင်ထင်ရှားရှားရှိနေသည်ကို ငယ်စဉ်က သိခွင့်မရရှိခဲ့ပါ။ လူကြီးသူမများ၏ ပုံပြင်ဆန်ဆန် အရိပ်အမြွက် ပြောကြားချက် တစ်စိတ်တစ်ဒေသကိုသာ ကြားဖူးခဲ့ပါသည်။ သမိုင်းစာအုပ် အထောက်အထားများ ဖတ်ရဖို့ဆိုသည်မှာ ပွန်စွာမှ ဝေးပါသည်။ ဤသို့ ဖြစ်ရသည်မှာ ကျွန်တော်သာလျှင် မဟုတ်၊ ကျွန်တော်တို့ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ သံတွဲ အစရှိသည့် ရခိုင်ပြည် ဘောင်ပိုင်းဒေသများမှ ရခိုင်သူ-ရခိုင်သား အများစုပင်ဖြစ်မည်ဟု ဆိုချင်ပါသည်။

ကျွန်တော်သည် ထိုဒေသသို့ ကံအကြောင်းအားလျော်စွာ ယခု သွားရောက် လေ့လာခွင့် ရရှိခဲ့ပါသည်။ ကျွန်တော် စိတ်အဝင်စားဆုံးမှာ ကျောက်တော် မဟာမုနိဘုရားကြီးနှင့် မြောက်ဦးမြို့မှ စန္ဒမုနိ ရုပ်ပွားတော်၊ ရှစ်သောင်းပုထိုးတော်ကြီး၊ ရခိုင်ဘုရင်မင်းများ စိုးစံခဲ့ရာ နန်းတော်ရာ၊ နန်းရာကုန်း၊ နန်းတော်ပန္နက်အုတ်ရိုးတံတိုင်းကြီး စသည်များကို မျက်ဝါးတင်ထင် ကြုံတွေ့ခွင့်ရရှိသည့် အတွက်ကြောင့် ကိုယ့်ကိုယ်ကို ကျေနပ်အားရမိပါသည်။ ရင်ထဲမှာလည်း ဝမ်းသာ ဝမ်းနည်း ခံစားရပါသည်။ ဝမ်းနည်းမိသည်ဆိုခြင်းမှာ တစ်ချိန်က ဘုန်းမီးနေလပမာ ထွန်းပ စည်ပင်ခဲ့သော မြောက်ဦး မြို့ကြီးကား ယခုအခါ မသမာသူတို့၏ ယုတ်မာဖျက်ဆီးမှုကြောင့် ထီးကျိုး စည်ပေါက် ပျက်ခြင်းမလှ ပျက်ရလေခြင်းဟု ဝမ်းနည်းမိခြင်း ဖြစ်ပါသည်။ ဝမ်းသာရခြင်း အကြောင်းမှာ ရခိုင်မင်းအပေါင်းတို့၏ စိုးစံရာ ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်ထွန်းကားရာ ဘူမိနက်သန်မြေ ဖြစ်သော ဓညဝတီရခိုင်ပြည်ကား အမှန်တကယ် ကြီးကျယ်ခန့်ညားပါလားဟု ဝမ်းသာပီတိ ဖြစ်မိပါသည်။

ထို့ကြောင့်ပင်လျှင် "အမျိုးသီလ၊ နှစ်ဌာနကို၊ ပြည့်ဝမဏ္ဍိုင်၊ စောင့်ထိန်းနိုင်၍၊ ရက္ခိုင်နာမ၊ ဘွဲ့မည်လှဖြင့်" ဟု ရှေး ရခိုင်စာဆို

တော်ကြီးများက စာဖွဲ့ ကမ္ဘည်းမော်ကွန်းထိုး မှတ်တမ်းတင်ခဲ့ကြခြင်း မဟုတ်ပါလော။

ကျွန်တော်သည် ရခိုင် မဟာမြတ်မုနိဘုရားကို ဖူးခွင့်ရရှိခဲ့ပြီး ရင်ထဲမှာလည်း အလွန်ပင် ဝမ်းသာကြည်နူးမိပါသည်။ ကျွန်တော် ကိုယ်တိုင် ဖူးမြော်ခွင့်ရရှိသလို ကျွန်တော်နှင့်ဆွေမျိုးတော်စပ်သူများ၊ ရခိုင်ပြည်ဒေသအသီးသီးမှ ဗုဒ္ဓဘာသာဝင်များ၊ ရပ်ဝေးမှ တိုင်းရင်း သား ညီနောင်များပါ လာရောက်ဖူးမြော်ခွင့် ရရှိစေရန် စေတနာ ဖြစ်မိပါသည်။ ဘုရားသမိုင်းနှင့် ပတ်သက်၍လည်း ရာဇဝင် မှတ်တမ်း မှတ်ရာများဖြင့် လူတိုင်း လေ့လာသိရှိစေလိုသည့် ဆန္ဒ ဖြစ်မိပါသည်။

ကျွန်တော်၏ ဆန္ဒကို ကျွန်တော့် အသိုင်းအဝိုင်း များအား ပြောပြသောအခါ ကိုလှမြင့်ထံ၌ ထုတ်ဝေရန် အဆင်သင့်ရှိနေသော ဦးထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ရေး ရခိုင်မဟာမုနိ ဘုရားသမိုင်း စာအုပ် ကို ကျွန်တော့်ထံမှ ငွေစိုက်ထုတ်ပြီး ထုတ်ဝေရန် အကြံပြုကြပါသည်။

ထို အကြံပေးချက်ကြောင့် ဤ ရခိုင်မဟာမုနိ ဘုရားသမိုင်း စာအုပ်ကိုဘုရားဖူးလာသူတိုင်း လေ့လာဖတ်ရှုနိုင်ရန်နှင့်ဘုရားဂေါပက အဖွဲ့မှလည်း စာအုပ်အဆက်မပြတ် ထုတ်ဝေနိုင်ရေးအတွက် ရန်ပုံငွေ ရရှိစေရန် ရည်မှန်းပြီး စာအုပ် ၅၀၀-အုပ်ကို လှူဒါန်းရန် ဆုံးဖြတ် လှူဒါန်းခဲ့ပါသည်။

ဤကုသိုလ်ကောင်းမှုနှင့်အတူ ကျွန်တော်ကိုယ်တိုင် အမြတ်တနိုး ဝတ်ဆင်ထားသော နေလစကြာ တံဆိပ်ပါ ရွှေလက်စွပ် တစ်ကွင်း လှူဒါန်းခဲ့သော အလှူများကို ကျွန်တော်၏ မွေးသမိခင်၊ဖခင် တို့အား လည်းကောင်း၊ မဟာမုနိ ကုသိုလ်တော် အရှင်စန္ဒသူရိယ ဘုရင် မင်းတရားအား လည်းကောင်း အမျှပေးဝေပြီး စာရေးသူ ဆရာ ဦးထွန်းရွှေခိုင်နှင့် ဦးလှမြင့် တို့ကိုလည်း ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤ ရခိုင်မဟာမုနိ ဘုရားသမိုင်း စာအုပ်ကို ဝယ်ယူဖတ်ရှုလို ပါက ရခိုင်သားကြီး စာပေမှလည်းကောင်း၊ ကျွန်တော့်ထံမှ လည်း ကောင်း မှာကြားဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဘချမ်းမြ**
အမှတ် ၁၂၉၁၊ သစ္စာလမ်း၊
၁၁-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။

# အမှာစာ

မဟာမုနိဘုရားကြီးသည် ရခိုင်ဘုရင်အဆက်ဆက် ကြည်ညိုသဒ္ဒါစွာဖြင့် ကိုးကွယ်ခဲ့ကြသော သမိုင်းဝင်ဘုရားကြီး ဖြစ်သည်။ ဘုရားကြီးတည်ရှိရာ ပရိဝုဏ်မှာ အေဒီ (၄) ရာစုအထိ ထွန်းကားခဲ့သော ဓညဝတီမြို့တော်ဟောင်း နန်းမြို့ရိုး၏ အရှေ့မြောက်ဘက်ထောင့်တွင် တည်ရှိသည်။ ကောင်းကင်မြေတိုင်းဓာတ်ပုံ (Aerial photo) တွင် ကောင်းစွာတွေ့ရသည်။ ဤသို့ နန်းမြို့၏ အရှေ့မြောက်ဘက်ဦးတွင် သာသနိကအဆောက်အအုံ တည်ထားကိုးကွယ်သော ဗုဒ္ဓယဉ်ကျေးမှုကို မြန်မာနိုင်ငံမှ ပျူမြို့ပြနိုင်ငံများ (ဗိဿနိုး၊ သရေခေတ္တရာ)၊ သီရိလင်္ကာမှ ပိုလွန္နရုဝ (Polonnaruva) မြို့တော်ဟောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ယသောဓပူရ (Yasodha Pura) စသော ရှေးကျသော မြို့တော်ဟောင်းများတွင်လည်း တွေ့ရသည်။

ဘုရားကြီး၏ အတိတ်သမိုင်းကား ရှည်လျားလှသည်။ ခိုင်မာလှသည်။ ဘုရင်ကိုယ်တိုင် နန်းဦးတွင် အထွတ်အမြတ် ကိုးကွယ်ခဲ့သော ဘုရားဖြစ်၍လည်း မှတ်တမ်းဝင် သမိုင်းဝင် ဖြစ်သည်။ ရှေးဟောင်း ရခိုင်ပေမူ၊ ပုရပိုက်မူများတွင် ဘုရားကြီး၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ တခမ်းတနား ဖော်ပြထားကြသည်။ ရခိုင်ဘုရင် အဆက်ဆက်တို့သည် မဟာမုနိဘုရားကြီးကို မဏ္ဍိုင်ပြု၍ ဗုဒ္ဓသာသနာတော်ကြီး သာယာစည်ပင်ရေး၊ အဓွန့်ရှည် သန့်ရှင်းရေးအတွက် အစွမ်းကုန် အားထုတ်ခဲ့ကြရာ အဆိုပါ ဘုရင်မင်းမြတ်တို့၏ အလှူဒါနအစုစုကို ဤမဟာမုနိ ဘုရားကြီးကုန်းမြေတွင် ယနေ့တိုင် အထင်အရှား တွေ့နိုင်သည်။ ရှေးကျသော ဗုဒ္ဓယဉ်ကျေးမှု အနုပညာဆိုင်ရာ အထောက်အထားများ ဖြစ်ကြသည်။

ရှေးဟောင်းပေ၊ ပုရပိုက်များတွင် ဘုရားကြီးအား 'မဟာမုဏိ'ဟု အစောဆုံးတွေ့ရသည်။ နောက်ပိုင်းတွင် 'မဟာမုနိ'ဟု တွင်တွင်ကျယ်ကျယ် ရေးသားလာသည်။ ဘုရားကြီးအား ကြည်ညိုသဒ္ဒါစွာဖြင့် မဟာမြတ်မုနိ၊ မြတ်မုနိ၊ မုနိရှင်ပင်၊ ဘုရားကြီး၊ ညီတော်ကိုယ်စား၊ ညီတော်ပွား၊ ကိုယ်ပွားတော်၊ ကိုယ်စားတော်၊ ရုပ်ရှင်တော်၊ စက်ရှင်တော်ဟူ၍လည်း အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ နိုင်ငံ

ခြားသားတို့ကမူ Mahamuni Shrine, Mahamuni Temple, Mahamuni Pagoda, magical image, Great Image ဟူ၍ အမျိုးမျိုး ခေါ်ဝေါ်ရေးသားကြသည်။

မဟာမုနိဘုရားကြီးနှင့် ပတ်သက်၍ နိုင်ငံခြားသုတေသီတို့၏ ရေးသားချက်များ၊ ရခိုင်ရှေးဟောင်း ပေစာများ၊ အစဉ်အလာ ပြောဆိုနေကြသော သမိုင်းစကားရပ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ အများအပြား ရှိကြပါသည်။

သို့သော် ဤစာအုပ်တွင် မဟာမုနိဘုရားကြီးသမိုင်းနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ မတင်ပြနိုင်သည်ကို အားမလိုအားမရ ဖြစ်မိပါသည်။ မဟာမုနိဘုရားကြီးအား ကြည်ညိုသဒ္ဓါပွားနိုင်ရန် ဘုရားကြီး ကိန်းဝပ်စံပယ်ခဲ့ရာ ဓညဝတီမြို့တော်ဟောင်း သမိုင်းအခြေအနေနှင့် ထိုခေတ်ထိုအခါ ထိုနေရာတွင် ထွန်းကားခဲ့သော ဗုဒ္ဓယဉ်ကျေးမှု အနုပညာလက်ရာများကို ဆက်စပ်လေ့လာသင့်ပါသည်။

သို့ပါ၍ စာရေးသူ၏ ထုတ်ဝေပြီးသော ရခိုင် ရှေးဟောင်း မြို့တော်များ၊ ရခိုင်နန်းဆက် မြို့ဆက်သမိုင်း၊ ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ စာအုပ်တို့ကိုပါ တွဲဖက်ဖတ်ရှုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)

# ၁။ ဓညဝတီ

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမှ မော်တော်ငယ်တစ်စင်းဖြင့် ကစ္ဆပနဒီခေါ် ကုလားတန်မြစ်အတိုင်း ဆန်တက်လာပါက ကျောက်တော်မြို့သို့ ရောက်နိုင်သည်။ ကျောက်တော်မြို့သို့ မရောက်မီ ကစ္ဆပနဒီမြစ်ကြောင်းတစ်လျှောက်ကား သာယာလှသည်။ ထက်သန်လှသော မြေဆီသြဇာနှင့် ကစ္ဆပနဒီမြစ်ညာပိုင်း၏ ရေကြည် ရေသန့် သည် ကောက်ပဲသီးနှံစုံ ဖြစ်ထွန်းရန် အခန့်သင့်ဖြစ်နေပေသည်။ ရာသီမရွေး စိမ်းလန်းစိုပြည်နေသော လယ်ကွင်းကြီးများကို တစ်မျှော်တစ်ခေါ် မြင်တွေ့နိုင်လေသည်။ ထိုလယ်ကွင်းကြီးများ၏ နောက်ခံတွင် တောင်တန်း တောင်စွယ်တို့ကို မိုးမဆုံးမြေမဆုံး အပြိုင်းအရိုင်း စီတန်းလျက်တွေ့ရသည်။

မြစ်ကြောင်းခရီးအတွင်း မိုင် (၅၀) ခန့် သွားပြီးသောအခါ စေတီငယ် ပုထိုးများဖြင့် တင့်တယ်လှသော တောင်ကုန်းတစ်ခုကို အဝေးကပင် ထူးခြားစွာ မြင်တွေ့နိုင်ပေသည်။ ဤတောင်ကား ရခိုင်သမိုင်းတွင် ထင်ရှားကျော်ကြားလှသည့် သေလာဂီရိ* (သေလာ=ကျောက်၊ ဂီရိ=တောင်) ကျောက်တော်တောင်ပင် ဖြစ်သည်။ ဤတောင်သည် ကစ္ဆပနဒီမြစ်၏ လက်ယာဘက်ကမ်းတွင် တည်ရှိ၍ ဤတောင်ကုန်း၏ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းတွင် ကျောက်တော်မြို့တည်ရှိသည်။ ဂေါတမဘုရားရှင်သည် ရခိုင်ပြည်သို့ ကြွချီတော်မူခဲ့ရာ ဤတောင်ကုန်းပေါ်တွင် ပထမဆုံး ရပ်နား ခြေချတော်မူခဲ့ကြောင်း ရခိုင်သမိုင်းတွင် အထင်အရှား ခမ်းခမ်းနားနား ဖော်ပြထားပေသည်။

ယခုအခါ တောင်ကုန်း၏ထိပ်တွင် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြော်နိုင်သည်။ ရုပ်ပွားတော်၏အသွင်မှာ ဗုဒ္ဓဘုရားရှင်၏ နုစဉ်ဘဝက ဖြတ်သန်းလာခဲ့သော ဒေသအသီးသီးနှင့် ဘဝပေါင်းများစွာကို နောက်ပါ တပည့်သံဃာတော်များအား ညွှန်ပြဟောပြောနေဟန် မုဒြာဖြစ်သည်။ ၎င်းပြင် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် စေတီနှစ်ဆူကိုလည်း ဖူးမြော်နိုင်ပေသည်။ စေတီတစ်ဆူမှာ

ရှေးဟောင်းပုံစံဖြစ်သည်။ ရခိုင်ဘုရင် အဆက်ဆက်တို့သည် ဗုဒ္ဓဘုရားရှင်အား ကြည်ညိုသဒ္ဓါလှစွာဖြင့် ဤတောင်ကုန်းပေါ်တွင် စေတီများ တည်ထားကိုးကွယ်ခဲ့ကြပေသည်။ ဗုဒ္ဓဘုရားရှင် ခြေချခဲ့ရာ သာသနာ့မြေအဖြစ်လည်း အထွတ်အမြတ် ထားရှိခဲ့ကြသည်။ အေဒီ ၁၉၂၃ ခုနှစ်ခန့်က ဤ သေလာဂီရိတောင်ခြေရင်းမှာပင် အလွန်တန်ဖိုးရှိလှသော ဓမ္မစကြာမုဒြာပုံစံ ရုပ်ပွားတော်တစ်ဆူကို တွေ့ရှိခဲ့သည်။

ဤရုပ်ပွားတော်မှာ ဂုပ္တခေတ် လက်ရာမျိုးဖြစ်၍ အေဒီ (၅) ရာစုခန့်က ထုလုပ်ခဲ့သော လက်ရာဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းကြပေသည်။ ဤသို့သော သမိုင်းစဉ်လာအရ ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားခဲ့ရာ သာသနာ့ဝတ္ထုကံမြေဖြစ်သော ဤ သေလာဂီရိတောင်ကုန်း၏ ပတ်ဝန်းကျင်သည် ယခုတိုင် သာယာကြည်နူးဖွယ်သော ရှုခင်းဖြစ်သည်။ ဤတောင်ကုန်းပေါ်မှ ရှုမျှော်ကြည့်ပါက ကစ္ဆပနဒီမြစ်နှင့် ယှဉ်၍ စီရီသွယ်တန်းနေကြသော တောင်ကုန်း တောင်နွယ် တောင်ထိပ်အသီးသီးတွင် အဆူဆူသော စေတီပုထိုးများကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်သည်။ဤစေတီပုထိုးတို့မှာ မြတ်စွာဘုရားသခင် ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း ဘုရားရှင်၏ဓာတ်တော်မွေတော်တို့ကို ဌာပနာပြု၍ ရခိုင်ဘုရင်အဆက်ဆက်တို့က တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဤတောင်ကုန်းမှာ အရှေ့ဘက်သို့ကြည့်ပါက ကြီးမားကျယ်ပြန့်သော လယ်ကွင်းများနှင့် လယ်ကွင်း၏အစပ်တွင် ဓညဝတီမြို့တော်ဟောင်း၏ မြို့ရိုးတံတိုင်းကြီးကို အထင်အရှား တွေ့မြင်ရသည်။ ထိုမြို့ရိုး၏ တစ်ဖက်တွင်ကား မဟာမုနိဘုရားကြီး သိမ်တော်ကြီးတည်ရှိရာ သီရိဂုတ္တကုန်းမြေနှင့် ဓညဝတီမြို့တော်ဟောင်းနေရာပင် ဖြစ်ပေသည်။

## (က) ပထမ ဓညဝတီ ဘီစီ (၃၀၀၀) ခန့်

အိန္ဒိယပြည်၊ မဇ္ဈိမဒေသ၊ ကပိလဝတ်ပြည့်ရှင် အဇ္ဇုန အမည်ရှိသော သာကီဝင်မင်းကြီးသည် လောကီစည်းစိမ်ကို ငြီးငွေ့ရွံရှာခြင်းဖြစ်၍ မိမိ၏သားကြီး ဓမ္မဒေသနမင်းသားအား ထီးနန်းကိုအပ်နှင်းကာ တောထွက်ခဲ့လေသည်။ အဇ္ဇုနရသေ့လည်း သီလဆောက်တည်ရာ

မပျော်မွေ့၍ တစ်တောဝင် တစ်တောင်ထွက်ဖြင့် တရွေ့ရွေ့ စုန်ဆင်းလာခဲ့ရာ ကစ္ဆပနဒီမြစ်ညာပိုင်းသို့ရောက်ရှိလေမှ စိတ်နှလုံး ချမ်းမြေ့ခြင်းဖြစ်၍ တစ်ခုသော ပညောင်ပင်ရင်းဝယ် သီလဆောက်တည်နေလေသည်။

တစ်နေ့သောအခါ အလုပ်အကျွေးပြုစုနေသူ လူမျိုးစု ခေါင်းဆောင်၏ သမီး ဣန္ဒမာယုနှင့် စုံဦပြီး ဈာန်လျှောကျ၍ "မာရယု" ခေါ်သော သားတစ်ယောက် ထွန်းကားသည်။ မာရယုသည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ မြို့လူမျိုးခေါင်းဆောင် ရအောင်လာ၏ သမီးနှင့် လက်ဆက်သည်။ ၎င်းနောက် ဝေသာလီကို တိုက်ခိုက်သိမ်းယူပြီး မင်းပြုသည်။ ဝေသာလီမှာ ဘီလူးဝင်ရောက်နှောင့်ယှက်၍ ပျက်စီးခဲ့ပြီးဖြစ်ရကား မနှစ်သက်၍ မြောက်ဘက်သို့စုန်တက်လာပြီး (သီရိမာနဒီ) သရေချောင်းဖျား လက်ယာဘက်ကမ်းနား၌ နာဂိန္ဒရသေ့နှင့်တွေ့သဖြင့် ရှင်ရသေ့ညွှန်ပြချက်အရ ပထမ ဓညဝတီကို တည်ထောင်သည်။ မြို့တည်သက္ကရာဇ်မှာ ဘိုးတော်ဘုရား အဋ္ဌနမင်းဖြိုလတ္တံ့သော သက္ကရာဇ် (၅၉၉၅) ဘီစီ (၃၃၂၅) ခန့်ဖြစ်၍ စုစုပေါင်း ၁၈၁၆ နှစ်တာမျှ သက္ကရာဇ် (၇၈၁၁)တိုင်အောင် ကြာမြင့်ခဲ့သည်။ စုစုပေါင်း မင်းဆက် (၅၄) ဆက် ရှိသည်။

မြို့တော်အမည်နှင့် ပတ်သက်၍ ရှင်ရသေ့က ရှေးလွန်လေပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ လက်ထက်တွင်လည်း ဓညဝတီဟု အစဉ်အတိုင်း ဗျာဒိတ်ပေးတော်မူလေပြီ၊ နောင်ပွင့်လတ္တံ့သော ဂေါတမနှင့် အရိမေတ္တယျ မြတ်စွာဘုရားတို့လည်း ဓညဝတီဟူသော အမည်ကို တွင်စေအံ့တည်းဟု အမည်ဟောင်းကိုပင် ပညတ် ခေါ်ဝေါ်သမုတ်လေသည်။

မဇ္ဈိမဒေသအနီးအစပ် အရှေ့တောင်အရပ်ဖြစ်သော ဤပြည်သည် အလွန်ထင်ရှားမြင့်မြတ်သော တိုင်းပြည်ဖြစ်ပေ၏။ အထူးထူးသော ကောက်၊ မုယော၊ သလေးစပါးတို့ဖြင့် ဝပြော၏။ ထို့ကြောင့် လွန်လေပြီးသော ဘုရားသုံးဆူတို့က "ဓညဝတီ"ဟု မှည့်ခေါ်ခဲ့သည့်အတိုင်း "ဌာနေ ဓညဝတီယံ သမ္ပန္နေဟတိ အဿဂဟပတိ လက်ာ-ရိတံ လာဘလဘေဟိ ပူရေတု"ဟူ၍ ဆန်ရေစပါးပေါများသော၊ ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ဓညဝတီပြည်ကြီးဟု သမုတ်သည်။

## (ခ) ကန်သုံးဆင့် (ဘီစီ ၁၆ ရာစု)

ညေဝတီမြို့တွင် (၅၄) ဆက်မြောက်သော မင်းငယ် ပျော်လှစည်သူသည် သက္ကရာဇ် (၇၈၁) (ဘီစီ-၁၅၀၇)ခုတွင် ညေဝတီကို မနှစ်သက်၍ တောင်ဘက်မျက်နှာ အရပ်သို့ အစဉ်အတိုင်း ချီခဲ့ရာ ကစ္ဆပနဒီမြစ်၏အရှေ့ဘက် သီရိမာနဒီ သရေချောင်းလက်ယာ ကမ်းနားတွင် မြို့ သစ် တည် ၍ တစ်နှစ်နန်းစံသည်။ ထိုမင်းကို အမတ်သုံးယောက်ပုန်ကန်ပြီး ရှစ်လ၊ နှစ်လ၊ ခြောက်လစီ စိုးစံကြသောကြောင့် ကျွန်သုံးဆင့်မြို့ဟုတွင်သည်။ အချို့ကလည်း နန်းတော်ကုန်းကို အဆင့်သုံးဆင့်မြေညှိ၍ ဆောက်လုပ်သည်ကို အကြောင်းပြု၍ ''ကန်သုံးဆင့်''ဟု တွင်ကြောင်းဆိုသည်။

## (ဂ) နီလာပန်းတောင်း (ဘီစီ ၁၆ ရာစု)

မင်းငယ်ပျော်လှစည်သူကိုအမတ်သုံးယောက်ပုန်စား၍ လွန်လေလျှင် မိဖုရား စောစစ်သည် သမီးသုန္ဒရီ၊ ဖွားတော်ထွေးနှင့် ကျေးကျွန်တို့ကိုခေါ်၍ ကန်သုံးဆင့်မှ ထွက်ခွာလာပြီး နီလာပန်းတောင်းမြို့ကို သက္ကရာဇ် (၇၈၂) (ဘီစီ ၁၅၀၀)တွင် တည်သည်။

## (ဃ) ကျောက်ပန်းတောင်းမြို့ (ဘီစီ ၁၅၀၇-၁၄၈၃)

ဘီစီ(၁၆) ရာစုခန့်တွင် တကောင်းသင်းတွဲပြည်မှ စစ်ရှုံးဘုရင် ကံရာဇာကြီးသည် ဧရာဝတီမြစ်ကို စုန်ဆင်းခဲ့ပြီး ချင်းတွင်းမြစ်ကိုဆန်ခဲ့သည်။ကလေးတောင်ညို အရပ်တွင် ရာဇဂြိုဟ်ဟုသမုတ်ပြီး ခြောက်လခန့် စံနေသည်။ ထိုအခါ ပျူတို့က နန်းလျာတောင်း၍ သားတော် ဒုမ္မစိတ္တကို ပေးအပ်ပြီး ပျူတို့ကိုအုပ်ချုပ်စေသည်။ ကံရာဇာကြီးလည်း ဖိုးခေါင်တောင် (ယခု ရခိုင်ရိုးမ) ကို ကျော်ခဲ့ပြီး မီးချောင်းဖျား ကျောက်ပန်းတောင်း ယောင်ထိပ်တွင် မြို့တည်သည်။ထိုစဉ် ရခိုင်ပြည်၌ ရှိရင်းစွဲသာကီဝင်မင်းမျိုး မိဖုရားစောစစ်နှင့် သမီးတော်နှစ်ပါးကို နီလာပန်းတောင်းမှ ခေါ်ယူပြီး သမီးများအား မိဖုရားမြှောက်ကာ မိဖုရားစောစစ်အား ယောက္ခမအရာ ထားလေသည်။ ဤကာလမှာ မြတ်စွာဘုရားမပွင့်မီ နှစ်ပေါင်း ကိုးရာခန့်နှင့် ညီလေသည်။

ဤမြို့တော်မှာ အခြားမြို့တော်များကဲ့သို့ မြေပြန့်တွင် တည်ဆောက်ထားခြင်းမဟုတ်ဘဲ အလျား (၈)မိုင်၊ အနံ ၅-မိုင်ခန့် ကျယ်ဝန်း၍ ပေ ၄၅၀၀ ခန့်မြင့်သော တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိသောမြို့ဖြစ်သည်။ ယခုအခါ ချင်းပြည်နယ် အမီး (Sami) မြို့အနီးမီးချောင်းဖျားတွင် ရှိသည်။ ဗြိတိသျှကိုလိုနီကာလ ဤဒေသသို့ မြေတိုင်းရန်ရောက်ရှိခဲ့သော ကပ္ပတိန် ဂျီစီရပ်ဗီက ဤကုန်းမြင့်တွင် လူနေထိုင်မှုရှိခဲ့ဟန်တူကြောင်း သူ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

## (၄) ဒုတိယဓညဝတီ (ဘီစီ ၁၄၈၃-၆၁၀)

ကံရာဇာကြီးသည် ကျောက်ပန်းတောင်းမြို့တွင် ၂၄ နှစ်ခန့် နန်းစံပြီးနောက် တောင်ဘက် ကွင်းပြင်သာသော ကစ္ဆပနဒီမြစ်ဝှမ်းလွင်ပြင်ဘက်သို့ ဆင်းလာခဲ့သည်။ သိရိဂုတ်အရပ်တွင် မြို့သစ် တည်သည်။ သို့သော် ဤမြေနေရာသည် နောင်လာလတ္တံ့သော မဟာမုနိကိန်းဝပ်စံပယ်တော်မူလတ္တံ့သော မြေနေရာဖြစ်၍ လူသူရဲမက် အပျက်အစီးများ၍ ယခင် ဓညဝတီမြို့ရာဟောင်းသို့ ပြောင်းရွှေ့ခဲ့ရလေသည်။ ဤအကြောင်းကို ရခိုင်ရှေးထုံး ရာဇဝင်လင်္ကာတွင်-

> "သိမြင်ကျမ်းဂန်၊ ဗေဒင်မွန်တို့
> လျှောက်ပန်သည်ရာ၊ ရာဇာလူ့ထွဋ်
> ရှင်မင်းမြတ်၊ ပွင့်လတ်နောင်လာ
> သုံးလူချာတို့၊ စည်လာကိုယ်စား
> ထင်ရှားတည်လာ၊ မဏ္ဍာရာဟု
> ဆရာသူမြတ်၊ လျှောက်ကုန်လတ်သော်
> မလျော်သင့်ပေ၊ အမိပ္ပာယ်ကို
> သံဝေဂယူ၊ ကျိန်းတော်မူရာ
> ညဥ့်အိပ်ခါဝယ်၊ ဒေဝါသက္က
> မာဃဘုန်းသျှင်၊ ဝတီံရှင်က
> စက်သျှင်ကျိန်းရာ၊ ပေးလာအိပ်မက်
> မိပ္ပာယ်ချက်မှု၊ အထက်သာယာ

မြို့ရာဟောင်းဝယ်၊ ပျောင်းစံနေမှ
မင်းလှပရမေ၊ တိုးလေပွားပေ
ဘုန်းတော်စည်ဟု၊ မြို့မြေနန်းရာ၊ပြောင်းစံပါသော်....”

ဟု တွေ့ရသည်။

ကံရာဇာကြီးမင်း၏ ဒုတိယ ဓညဝတီမြို့တော်သည် သက္ကရာဇ် မှာ (၇၈၃၇)၊ ဘီစီ (၁၄၈၃) ခန့် ဖြစ်သည်။ ဤမြို့တွင် ကံရာဇာကြီးမှ သီရိရာဇာထိ မင်းဆက်ပေါင်း (၂၈)ဆက် နှစ်ပေါင်း(၉၀၃) နှစ်တာမျှ နန်းစံကြသည်။ (ကျောက်ပန်းတောင်း နန်းစံ (၂၄) နှစ်ကို ထည့်မတွက်ပါ)။ ၂၄-ဆက်မြောက်သော ရာလမာယုမင်း နန်းစံ (၂၂)နှစ် ရောက်လျှင် “မိဘစံဇီ” ကိန်းအရ သက္ကရာဇ် (၈၆၄၅)ကို (၂) ခု ကြွင်းထား၍ သက္ကရာဇ်ဖြိုသည်။ မဇ္ဈိမဒေသ ဘုရားဘိုးတော် အဥ္စနမင်းက “ပဥ္စစတုဆပ်သျှူ” (၈၆၄၅)ကိန်းနှင့် ထပ်တူကျသည်။ ထိုကာလသည် ကံရာဇာကြီးမြို့တည် ဒုတိယဓညဝတီ (၂၄) ဆက်၊ နှစ်ပေါင်း (၈၀၈) နှစ်သော ကာလဖြစ်သည်။

ယင်းနောက် နာလမာယုမင်း နန်းစံမှ သီရိရာဇာထိ မင်း (၄) ဆက် နောက်ပိုင်း ရေတွက်သော သက္ကရာဇ်မှာ မြတ်စွာဘုရားဘိုးတော် အဥ္စနမင်း ဖြိုကြွင်းသက္ကရာဇ်ဖြစ်၍ ဘုရားသခင်အား ရည်ညွှန်းရာတွင် ရေတွက်ဖော်ပြလေ့ရှိသော မဟာသက္ကရာဇ်ပင် ဖြစ်သည်။ ဘုရားသခင်နှင့် ခေတ်ပြိုင်ဖြစ်သည်။ ဂေါတမဗုဒ္ဓသည် ဝါတော် ၄၅-ဝါ၊ သက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်ပြုသည်။ ၎င်းနေ့မှစတင်၍ ဘုရားသာသနာတော်အဖြစ် ရေတွက်သည်။ ရာဇဝင်ဖြိုဟ် ပြည့်ရှင် အဇာတသတ်သည် ဘုရားသခင်၏ သာသနာတော်ကို ရေတွက်ရ လွယ်ကူစေရန်အတွက် သက္ကရာဇ် (၁၄၈) ခုကို (ပသျှူ-စတုရူပ)ကိန်း အမည်ဖြင့် ဖြို၍ သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ် ထပ်တူပြုသည်။

## (စ) တတိယဓညဝတီ (ဘီစီ ၅၈၀ မှ အေဒီ ၃၂၆)

ဂေါတမ မြတ်စွာဘုရား၏ ဘိုးတော်အဥ္စနမင်း ဖြိုကြွင်းသော မဟာသက္ကရာဇ် (၉၇) ခုနှစ်တွင် ရခိုင်သမိုင်းတွင် ထင်ရှားသော စန္ဒသူရိယမင်းသည် တတိယဓညဝတီကို တည်ထောင်သည်။ စန္ဒသူရိယ

မင်းမှာ သက္ကရာဇ် (၇၂) ခုနှစ်တွင် မွေးဖွားၡ၍ အသက် (၂၅) နှစ်အရွယ်တွင် ဒုတိယဓညဝတီ(၂၈)ဆက်မြောက် နန်းစံ ဖခမည်းဘော်သီရိရာဇာ နတ်ရွာစံ၍ ထီးနန်းတက်လာခြင်းဖြစ်ရာ တတိယဓညဝတီခေတ်အဖြစ် စတင်ခြင်းဖြစ်သည်။ အိန္ဒိယပြည်(ဘီဟာနယ်)မာဂဓနိုင်ငံ ဘုရင်ဗိမ္ဗိသာရနှင့် ခေတ်ပြိုင်ဖြစ်၍ ဘုရားသခင် ပွင့်တော်မူသည့် ကာလဖြစ်သည်။

ဤအကြောင်းကို ရခိုင်မင်းသမီး ချောင်းတွင်....

နှစ်ကျိပ်ရှစ်ယောက်၊ မင်းများနောက်တွင်
ထက်အောက်အာကာ၊ စကြာအနန္တ
နေလမတူ၊ မဟူမြတ်စော
ဉာဏ်ရောင်ပြောလျက်၊ ရှင်ဂေါတမ
ပွင့်လတ်ထသည်၊ ဘဝသုံးယိပ်ဦးတည့်လေ....

ဟူ၍ သီကုံးဖွဲ့နွဲ့ထားလေသည်။

တတိယ ဓညဝတီမြို့တော်တွင် မဟာမုနိဒကာတော်ရှင်း စန္ဒသူရိယ မင်းဆက်မှာ (၂၅) ဆက်၊ နှစ်ပေါင်း (၉၀၆) နှစ် ထီးနန်းစံကြသည်။ ကျောက်တော်မြို့မှ အရှေ့ဘက် (၅)မိုင်ခန့်အကွာ သရေချောင်းဖျား သရက်တစ်ပင်ရွာ အနီးတွင် တွေ့ရသည်။ အရှေ့လောင်ဂျီတွဒ် (၉၃ ဒီဂရီ ၃) မိနစ်နှင့် မြောက်လတ္တီတွဒ် (၂၀ ဒီဂရီ ၅၂)မိနစ်တို့ ဆုံရာတွင် တည်ရှိသည်။ ကျုံး၊ မြို့ရိုး၊ နန်းတော်ရာ၊ မဟာမုနိ ကုန်းတော် စသည်ဖြင့် ယခုတိုင် ထင်ထင်ရှားရှား တွေ့ရသေးသည်။

ဓညဝတီမြို့တော်မှာ တံတိုင်း၊ မြို့ရိုး၊ ကျုံး၊ နန်းမြို့ စသည်ဖြင့် အရှေ့တိုင်း မြို့ဟောင်း အင်္ဂါရပ်များကို တွေ့ရခြင်းသည် မြန်မာ့ရှေးဟောင်းမြို့တော်များအနက် ရှေးအကျဆုံးဖြစ်ဟန် တူပေသည်။ အရှေ့ဘက်တွင် ပေ (၁၂၀၀)ခန့် မြင့်သော သဘာဝတောင်တန်းကို မြို့ရိုးအဖြစ် အသုံးပြုထားသည်။ တောင်နှင့် မြောက်ဘက်တွင် ဖို့ထားသော မြို့ရိုးကိုတွေ့ရသည်။ အနောက်ဘက်တံတိုင်း၏ အပြင်ဘက်တွင် ကျုံးဖြစ်ဟန်တူသော နွံအိုင်ကြီးကို တွေ့ရသည်။

ကောင်းကင်ဓာတ်ပုံအရ ဓညဝတီမြို့ရိုးပုံမှာ စက်ဝိုင်းပုံသဏ္ဌာန် ရှိသည်။ တောင်နှင့်မြောက် ၁.၅၅ မိုင် (ပေ ၈၀၀၀)၊ အရှေ့ အနောက် ၁.၃ မိုင် (ပေ ၇၀၀၀) ကျယ်ဝန်းသည်။ အတွင်းဘက်တွင် ထောင့်မှန် စတုဂံ ပုံသဏ္ဌာန် အရှေ့အနောက် ပေ(၂၀၀၀)၊ တောင် မြောက် ပေ (၁၇၀၀)ခန့် ရှိသော နန်းမြို့ကိုတွေ့ရသည်။ နန်းမြို့ကို ပေ (၂၀၀)ခန့် ကျယ်ဝန်းသော ကျုံးဖြင့် ကာရံထားသည်။ မဟာမုနိ သိမ်တော်တည်ရှိရာ သီရိဂုတ္တကုန်းမြေကို နန်းမြို့၏ မြောက်ဘက်တွင် ကပ်လျက် အထင်အရှားတွေ့ရသည်။

ဤကား မဟာမုနိဘုရား ဒါယကာရင်းဖြစ်သော စန္ဒသူရိယ ဘုရင်မင်းမြတ်၏ ခေတ်ပြိုင်အခြေအနေများပင် ဖြစ်ပေသည်။

× × ×

## ၂။ ဒကာတော်ရင်း စန္ဒသူရိယဘုရင်

ဒုတိယ ဧည့ဝတီနန်းစံ သီရိရာဇာမင်းနှင့် မိဖုရားကြီး ဒေဝီကုမ္မာရီတို့မှ အဥ္စနမင်းဖြိုကြွင်းသော မဟာသက္ကရာဇ် ၇၂-ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် ဖွားမြင်တော်မူသည်။ နေဝင်လုဆဲဆဲ၊လပေါ်သစ်ရဲရဲတွင် ဖွားမြင်သောကြောင့် "နေ" "လ" ကိုဆောင်၍ စန္ဒသူရိယဟူသော အမည်ကိုမှည့်သည်။ ခမည်းတော် သီရိရာဇာမင်း စက်တော်ခေါ်ရာတွင် နေ၊လ နှစ်ပါးကိုဆွတ်ယူ၍ မိဖုရားကြီးအားပေးရသည်ဟု အိပ်မက်သည်။ အမတ်ပညာရှိ မင်းတုန်းစားဝိမလအမတ်၊ ပြောင်းပြာစား ဒေဝကျော် တို့က ဤသို့ အတိတ်ယူ လျှောက်ထားကြသည်။ အရှင်မင်းကြီး၊သူရိယနေမင်းကို ဆွတ်ယူ၍ ပေးတော်မူလေသော်ကား ဘုန်းအင်္ဂါနှင့်ပြည့်စုံသော သားရတနာ ဖွားမြင်အံ့၊ စန္ဒာလမင်းအား ဆွတ်ယူ၍ ပေးရသည်ဟု မက်လျှင်ကား စကြာမန္ဓာတ်မင်းနှင့်ထိုက်သော သမီးတော် ဖွားမြင်သည် အမှန်ဖြစ်ပါသည်။ ယင်းသို့ ထုံးဟောင်းရှိပါသည်။ ယခုမြင်တော်မူသော အိပ်မက်တော်တွင် နေ, လ အစုံကို ဆွတ်ယူတော်မူ၍ မိဖုရားကြီးအား ဆက်ရသည် ဟူသော အလိုကား ဇမ္ဗူဒီပါကျွန်း၌ အဘက်မရှိအောင် ဘုန်းရောင်ထွန်းလင်း အမင်းမင်းတို့ ဝပ်စင်းညွှတ်လာရသော သားတော် မုချဖွားမြင်ပါမည်။လရောင်ပမာ ချမ်းအေးစွာလျှင် သတ္တဝါတို့ အထွတ်အထိပ် ဖြစ်တော်မူသော ဘုရားသခင်နှင့် ဖူးတွေ့မည် အမှန်ဖြစ်ကြောင်းလျှောက်ထားကြသည်။ မင်းကြီးလည်း ဝမ်းမြောက်၍ တစ်ထောင်တန်သော ပတ္တမြားလက်စွပ်တစ်ကွင်းစီနှင့် ဆင်ပေါက်တစ်စီးစီကို အမတ်တို့အား ဆုလာဘ်အဖြစ် ပေးတော်မူသည်။

ထိုသို့မှူးမတ်ပညာရှိတို့ လျှောက်တင်သောစကားကို သီရိရာဇာမင်းကြီး ယုံကြည်အားရတော်မူသဖြင့် မိဖုရားကြီးအား သိတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုစေခြင်းတို့တို့ ပြုစေသည်။ မောင်းမမိသံ အခြွေအရံ နန်းတွင်းသူ အများ တို့ကိုလည်း ထိုက်တန်သော ဆုလာဘ်များ ပေးတော်မူ၍ သီလဆောက်တည်တော်မူသည်။

မိဖုရားကြီးဒေဝီကုမ္မာရီသည်သန္ဓေရင့်မာလတ်၍သားရတနာကို ချမ်းမြေ့ကြည်လင်စွာ ဖွားမြင်တော်မူသည်။ ထိုသို့ သားတော် ဖွားမြင်ကြောင်းကို ခမည်းတော်မင်းကြီးအား သံတော်ဦးတင်လျက် ယခင်ပညာရှိတို့ စကားနှင့် မပြားထပ်တူ သားတော်မြတ်ကို ဖွားမြင်တော်မူပြီဟု ရွှင်ကြည်အားရ ဖြစ်လျက် ဘိသေက မင်္ဂလာ မဟာသသင်နန်းစင်ကနက် ရှစ်ချက်သော ထီးဖြူတော်ကို ဖွင့်လှစ်ခြင်း၊ စောင်းညှင်းပတ်သာ တူရိယာအစုံ တီးမှုတ်၍ ဥကင်မင်္ဂလာ ဖွင့်လှစ်ခြင်း၊ ထောင်သွင်း အကျဉ်းချထားသူများအား ဘေးမဲ့လွှတ်ပေးခြင်း၊ အလုံးစုံသော နန်းသူ့ နန်းသား၊ မှူးတော် မတ်တော်များအား သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်းမင်္ဂလာ ပြုစေခြင်း၊ ပုဏ္ဏားတော် ရှစ်ယောက်နှင့်တကွ ဗြာဟ္မဏအနွယ်ဝင် ရှစ်ရာသော ပုဏ္ဏားမျိုးတို့အား ခရုသင်းရေနှင့် သပြေပန်း လက်စွဲလျက် အလုံးစုံသော မန္တန်မန္တရား ရွတ်ဖတ်စေခြင်း၊ ဂျွမ်းသမား၊ ဇာတ်သမား တို့အား တီးမျိုးစုံဘို့ဖြင့် သဘင်ခင်းစေခြင်း၊ မြို့တော်၏ လေးမျက်နှာတွင် သဘင်ပွဲလမ်းများ ပြုလုပ်စေခြင်း စသည် မင်္ဂလာအခင်းအကျင်းများကို ပြုလုပ်သည်။

သားတော် မင်းသားအား နာမည်ပေးအံ့သော မင်္ဂလာအခါ၌ ပြုဗ္ဗဝိဒေဟကျွန်းမှ ယူဇနာ ငါးဆယ်ရှိသော နေဝန်းထွက်ပေါ်ခြင်း၊ အပရဂေါယာကျွန်းမှ လေးဆယ့်ကိုး ယူဇနာရှိသော လဝန်း ပေါ်ထွက်ခြင်း စသော အတိတ်နိမိတ်ပြသည်။ ထိုသောအခါ ကြယ်ဥပါ သပိတ်လုံးခန့်သည် အနောက်အရပ်က ပျံလာ၍ နန်းဥကင် ပြာသာဒ်အထွတ်၌ ကျလာသည်။ ဤအကြောင်းကို အမတ်ကြီး ဝိမလ လျှောက်သည်မှာ အရှင်မင်းမြတ်၊ အနောက်အရပ်မှ ကြယ်ဥပါပျံကျလာလျက် နန်းတော် ပြာသာဒ်မှာ ထွန်းသည့်အလိုမှာ သားတော်လက်ထက်တွင် ဘုံသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားသခင်သည် အနောက်အရပ် မဇ္ဈိမအရပ် ကောင်းကင်မှ ပျံကြွလာ၍ ဓညဝတီရက္ခပူရပြည်ကြီးသို့ ရောက်တော်မူမည် ဖြစ်သော အတိတ်မင်္ဂလာ ဖြစ်ကြောင်း လျှောက်ထား လေသည်။ မင်းကြီးလည်း စားကျေးမြို့ တစ်မြို့ကို ပေးသနားတော်မူသည်။

ခမည်းတော် သီရိရာဇာသည် မဟာသက္ကရာဇ်(၉၇)ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော် စန္ဒသူရိယသည် အသက် (၂၅)နှစ်မြောက်တွင် စန္ဒိမာလာနှင့် ရွှေထီး ရွှေနန်းကို သိမ်းမြန်းအုပ်စိုးတော်

မူသည်။ ထိုမင်းသည် ဆင်ဖြူရတနာ ကိုးစီးပိုင်တော်မူသည်။ ဘုန်းတန်ခိုး အာနုဘော်ကြောင့် နတ်နဂါးဂဠုန်တို့လည်း မပြတ်ဆည်းကပ်လာကုန်၏။ အမတ်ပေါင်း တစ်သိန်း နှစ်ထောင်ရှိ၏။ ပြည်စွယ်၊ ပြည်ဝမ်း၊ ပြည်မျက်စိ၊ ပြည်တန်ဆောင်၊ ပြည်တံခွန်၊ ပြည်အမွေး၊ ပြည်အရေး၊ ပြည်တန်ဆာတို့သည် အလွန် စည်ပင်ထွန်းပ၏။ ဆင်၊ မြင်း၊ ရထား၊ ခြေသည်၊ ရဲမက်၊ စစ်အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ ဒါန၊ သီလ၊ စာဂဥ္စသာလျှင် အမြဲမွေ့လျော်၏။ တက်သစ်စ နေမင်းကဲ့သို့ ဘုန်းတန်ခိုးအာနုဘော် ထွန်းတောက်လေသည်။

## (က) မြတ်စွာဘုရားသခင်အား ပင့်တော်မူခြင်း

ရခိုင် ဓညဝတီပြည်ကြီးတွင် စန္ဒသူရိယဘုရင် အုပ်စိုးနေချိန်အနောက်မဇ္ဈိမတွင် သက္ကရာဇ် ၁၀၃ ခုနှစ်၌ ဘုရားသခင်ပွင့်တော်မူသည်။မဇ္ဈိမဒေသရာဇဂြိုဟ်ပြည်သည် ရခိုင်ပြည်နယ်စပ် ကလာကတ္တား၊ ဘင်္ဂလား၊ ဝင်္ဂတိုင်း၊ ဘာဂီရနဒီမှ ၂၅၆ မိုင်ခန့်သာ ဝေးကွာသည်ဖြစ်၍ ကုန်းကြောင်း ရေကြောင်းမပြတ် ရောင်းဝယ် ဖောက်ကားသွားလာနေကြသော ကုန်သည်များထံမှ ဘုရားသခင် ပွင့်တော်မူကြောင်း သတင်းစကား တစ်ဆင့်ကြားသိရလေသည်။ ၎င်းပြင် ဖွားတော်မူစဉ်က ဘုံသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားသခင်ကြွလာတော်မူမည်ဟူသော အတိတ်နိမိတ်ကို သိမီလိုက်သော ပညာရှိတို့က ပြောဆိုလျှောက်တင်လေသောကြောင့် အလွန်ပင် ဖူးမြင်လိုသောစိတ် ဖြစ်ပေါ်လေသည်။ ရံခါရံခါ ဘုရားရှင်ကို အောက်မေ့တသကာ ဆောက်တည်ရာမရ မိန်းမောကာရှိလေသည်။

တစ်ရံသောအခါ ပုဏ္ဏားတော်တို့အား မြတ်စွာဘုရားအားပင့်ချေဟု စေတော်မူ၏။ ဆရာပုဏ္ဏားတို့က ပင့်၍ ကြွမည်မဟုတ်ပါဟုလျှောက်လေ၏။ စန္ဒသူရိယမင်းလည်း ဘုရားရှင်အား သဒ္ဓါခြင်းပြင်းပြလွန်း၍ ပုဏ္ဏားတော်၏ လျှောက်ထားချက်ကို နားမျှမကြားနိုင်သည်ဖြစ်၍ တောသို့နှင်ထုတ်ရန် အမိန့်ထုတ်လေသည်။

ဘိုးတော် နရပတိဝင်းစားက ဆရာပုဏ္ဏားတော်တို့ကို တောသို့မနှင်ထုတ်အပ်ပါဟု လျှောက်လေသော် ဘိုးတော်အား တောသို့နှင်ထုတ်ပြန်သည်။ တောင်ဆောင်မိဖုရား စန္ဒာဒေဝီက ဘိုးတော်နရပတိအား မနှင်ထုတ်သင့်ပါဟု လျှောက်ထားသော် စန္ဒာဒေဝီ

မိဖုရားအား တောသို့နှင်ထုတ်ပြန်သည်။ မြောက်မိဖုရား အဥ္စနဒေဝီ မိဖုရားက တောင်မိဖုရား စန္ဒာဒေဝီအား မနှင်ထုတ်သင့်ပါဟု လျှောက်ပြန်ရာ ၎င်းမိဖုရားကိုလည်း တောသို့နှင်ပြန်သည်။ နှမတော်ထွေး ဥဒုမ္ဗရဒေဝီလည်း မောင်တော်မင်းကြီးအား အရှင်မင်းကြီး၊ ဘုရားသခင်သည် ရောက်အံ့သောအကြောင်း ရှိလျှင် ဖူးရပါလိမ့်မည်ဟု လျှောက်ထားလေသော် မင်းကြီးလည်း သတိသံဝေဂရရှိ၍ လိမ္မာသော အမတ်ကြီးတစ်ယောက်ကို ခေါ်၍ တိုင်ပင်စူးစမ်းမေးမြန်းတော်မူသည်။ အမတ်ကြီးက အရှင်မင်းကြီး၊ မြတ်စွာဘုရားအားရည်မှတ်၍ တံခွန်ငါးရာ၊ ရွှေပေါက်ပေါက် ငွေပေါက်ပေါက်တို့ဖြင့် ရည်မှတ်၍ ပူဇော်တော်မူပါဟု လျှောက်လေ၏။

မင်းကြီးလည်း အမတ်ကြီးအကြံပေးသည့် အကြံဉာဏ်အတိုင်း မြတ်စွာဘုရားကိုရည်မှတ်၍ ခုနစ်ရက်ပတ်လုံး ပူဇော်တော်မူသည်။ ပင့်ဖိတ် တောင်းပန်တော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို ကရုဏာရှေးရှု၍ ကြည့်တော်မူခိုက် ကြုံကြိုက်တော်မူသဖြင့် စန္ဒသူရိယမင်းကြီးပင့်ဖိတ် တောင်းပန်အပ်သည်ကို မြင်တော်မူလျှင် ညီတော်အာနန္ဒာအား ခေါ်တော်မူ၍ ဓညဝတီရခိုင်ပြည်ကြီးကို စိုးရသော စန္ဒသူရိယမင်းသည် ငါ့အား မဖူးမြင်ရလျှင် ခန္ဓာပင်လျှော့ကျအံ့ဘည်း၊ ဘဝများစွာ သံသရာက မေတ္တာကရုဏာများစွာရှိဖူးသောကြောင့် လည်းကောင်း၊ မင်းနှင့်တကွ မောင်းမမိဿံ ခြွေရံအပေါင်းတို့ သောတာပတ္တိဖိုလ်၌ တည်အံ့သောကြောင့် လည်းကောင်း၊ တိုင်းနေပြည်သူ အပေါင်းတို့လည်း သရဏဂုံပဥ္စသီ အစရှိသည်တို့၌ တည်အံ့သောအကြောင်း၊ ငါ၏ကိုယ်စား ရုပ်ပွားတော် မဟာမုနိကို ခွင့်ပြု သွန်းလုပ်တည်ထားကိုးကွယ်စေသဖြင့် ငါဘုရားထားတော်မူလတ္တံ့သော သာသနာတော် ငါးထောင်ပတ်လုံး လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့ ကောင်းမှုတရားပွားများအံ့သော အကြောင်းတို့ကို ဆင်ခြင်တော်မူ၍ ဓညဝတီ ရခိုင်ပြည်သို့ကြွအံ့ဟု ကြံတော်မူသည်။

စန္ဒသူရိယဘုရင်နှင့်ပြည်သူအများ မပင့်မီကပင် ဘုရားရှင်သည် ရှေးနောင်တော်ဘုရားများ ဓမ္မတာအတိုင်း ကိုယ်တော်ပွားရုပ်တုနှင့် သာသနာတည်ထားရန် ဆန္ဒရှိခဲ့ဖူးသည်။ ထို့ကြောင့် ရှေးဦးစွာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဗိမ္ဗိသာရ

မင်းကြီးအား ငါဘုရားပရိနိဗ္ဗာန်ဝင်စံလျှင် အမိုက်တိမ်တိုက် ဖြစ်ကျန်ရစ်မည်။ မတရားမင်းများလျက် တရားမင်္ဂဖိုလ်ကွယ်မည်၊ ဒုစရိုက်များ၍ အပါယ်လားမည်၊ နိမိတ်ပြဟောကြားခဲ့ဖူးလေသည်။ သို့သော် ဘဝကဆုတောင်းဆက်မပါ၍ တိတ်တိတ်သာနေခဲ့သည်။ ဆက်လက်၍ ကဆုန်လပြည့်နေ့ တရားဟောစဉ်လည်း ရှေးဘုရားတို့ နိဗ္ဗာန်ကူးမည်ပြုသောအခါ သာသနာကို လူ့ဘုံကျွန်းမှာထားခဲ့သည်။ စံလွန်သော်လည်း ဘုရားရှိယောင် သဏ္ဌာန်ရုပ်ပွားကိုယ်တော်ပွားကို ဒကာထံဝယ် သွန်းလုပ်ထားခဲ့သည်။ ဘုရားသခင်သာသနာ အရောင်ထွန်း၍ ဒါန သီလရှိ၍ အတိုင်းမသိအကျိုးရှိခဲ့သည်ဟု နိမိတ်လှစ်ကျူးခဲ့သေးသည်။ သို့သော်လည်း ဗိမ္ဗိသာရမှာ နှုတ်မဟာခဲ့ဖူးချေ။

## (ခ) ဘုရားရှင်နှင့် စန္ဒသူရိယတို့၏ ပါရမီဆက်

(၁) ဘုရားလောင်းသည် ကလိင်္ဂပြည်တွင် ဗြဟ္မာဘာစီမင်းဖြစ်စဉ် စန္ဒသူရိယအလောင်းသည် ဇေယျနန္ဒီအမတ်ကြီးဖြစ်၍ အကျွမ်းတဝင် ရှိခဲ့ဖူးလေသည်။အလောင်းတော်က တောထွက်အံ့ဟုအမတ်ကြီးအား ထီးနန်းကိုလွှဲအပ်ရာ စန္ဒသူရိယအလောင်းအမတ်ကြီးလည်း လက်မခံဘဲနောက်ပါးက လိုက်ပါ၍ ရသေ့ဘဝဖြင့် အလောင်းတော်အားပြုစုလုပ်ကျွေးခဲ့လေသည်။

(၂) ဗာရာဏသီပြည်တွင် ဘုရားအလောင်းသည်ဗေဒင်အရာ၌ အထူးတတ်ကျွမ်းသော ပုဏ္ဏား၏သား တစ်ဇာတ် ဖြစ်ခဲ့ရာ စန္ဒသူရိယအလောင်းသည် နွားကျောင်းသား ဖြစ်ခဲ့သည်။ တစ်နေ့တွင် သူခိုးများပြများဝှက်ထား၍ နွားများ ပျောက်ဆုံး နေလေသည်။ ပူဆွေးသောက ရောက်နေသော စန္ဒသူရိယအလောင်းအား ဘုရားလောင်းပုဏ္ဏားငယ်က ဗေဒင်တွက်၍ ဝှက်ထားသောနေရာကို ညွှန်ပြခဲ့ဖူးလေသည်။ ထိုအခါမှစ၍ အဆွေခင်ပွန်းဖြစ်ကာ ဘုရားလောင်းထံ အလုပ်အကျွေးပြုခဲ့သည်။ခေတ္တတစ်ရွာတစ်ပြည်သို့မလွှဲမရှောင်သာသွားရအံ့၊ ကိုယ်စား ရွှံ့ရုပ်အတု ပြုလုပ်ကာထားခဲ့ရသည်။ ထိုရုပ်တုကို တစ်နေ့သုံးကြိမ်ပူဇော်ခဲ့ဖူးလေသည်။ ထိုရုပ်တုကို နွားကျောင်းသားအိပ်ရာညောင်ပင်စောင့်နတ်က မနာလိုဝန်တိုသဖြင့် ဖုံးကွယ် ဖျောက်ပစ်၍ပူပင်သောကဖြင့် ဘဝဆုံးသည်ထိ ဖြစ်ခဲ့ဖူးသည်။

(၃) ရှေးအခါက ဘုရားအလောင်းသည် ဟိမဝန္တာတော၌ ရသေ့ဖြစ်စဉ် စန္ဒသူရိယအလောင်းသည် မင်းဖြစ်ခဲ့သည်။ ထိုမင်းသည် တောကစားထွက်ရင်း အလောင်းတော်ရသေ့နှင့် တွေ့၍ ကြည်ညိုစိတ်ပွားကာ သားကောင်သတ်ဖြတ်သည့်စိတ်များ ကင်းစင်လျက် အလုပ်အကျွေးပြုလေသည်။ တိုင်းပြည်သို့ ပင့်လေသော်လည်း လူ့ဘောင်ကို ငြီးငွေ့ပြီးဖြစ်သော ရသေ့က မချဉ်းကပ်လို၍ ငြင်းဆန်သောအခါ၌ ခုနစ်ရက်ပတ်လုံး ဆက်၍ လုပ်ကျွေးပြန်သည်။ ပြန်မည်ပြုသောအခါ ဤဆွမ်း,ပန်း လှူရသောအကျိုးကြောင့် ဘုံသုံးပါးတွင် ဘုရားစင်စစ် အမှန်ဖြစ်သောအခါ ဖူးတွေ့ရပါလို၏။ နိဗ္ဗာန်ကြွသွားတော်မူပြီးလည်း သာသနာတော် အရှည် တည်တံ့ရေး အတွက် ကိုယ်စားတော် တည်ထားခွင့်ရပါလို၏ဟု ဆုတောင်းခဲ့ဖူးလေသည်။

(၄) ဘုရားအလောင်းသည်ပါရမီဖြည့်စဉ်ကာလက ဟိမဝန္တာတော ရွှေပဗ္ဗတတောင်တွင် ရသေ့ဖြစ်၍ တရားအားထုတ်နေစဉ် စန္ဒသူရိယအလောင်းသည် မုဆိုးဖြစ်၍ ချေ၊ ဆတ်၊ သမင်၊ ဒရယ်တို့ကို လိုက်လံရှာဖွေရင်း ယူဇနာကွာလှမ်းသော ခရီးကိုသွားပြီး၍ မျက်စိလည်သမ်းမှားကာ ရသေ့ထံသို့ ရောက်ရှိလာခဲ့လေသည်။ ရသေ့လည်း မုဆိုးအား လမ်းခရီးမှန်ကို လမ်းညွှန်ပေးလေသည်။ ကျေးဇူးပြုလိုသော မုဆိုးသည် ရသေ့အား ဆွမ်းမပြတ်လုပ်ကျွေးလိုကြောင်း ပြောသောအခါ၌ ဖြင့်ပြုလုပ်ထားသော ကိုယ်စားရုပ်တုကို ပြုလုပ်၍ပေးခဲ့သည်။ ဘဝဆက်တိုင်းလည်း ပူဇော်ခွင့်ရရန် ဆုတောင်းခဲ့ဖူးလေသည်။

(၅) ဘုရားအလောင်းတော်သည် ရဟန်းဖြစ်စဉ် စန္ဒသူရိယအလောင်းသည် မဏိဥတ္တရပြည် မဟာဇနကမင်းကြီး၏ သားတော်ဖြစ်လေသည်။ မင်းသားသည် ရဟန်းအားပင့်၍ ကျောင်း ဆောက်လုပ် လှူဒါန်းခဲ့ဖူးသည်။ ကိစ္စကြီးငယ်ဖြင့် တစ်ရပ်တစ်ရွာသို့ သွားရသော် ခွဲခွာ၍မနေလိုသော စန္ဒသူရိယအလောင်းသည် ဘုရားလောင်း၏ ကိုယ်စား ရုပ်တုငယ်ပြုလုပ်၍ ပူဇော်နေလေ့ရှိသည်။

× × ×

# ၃။ ဘုရားရှင် ဝေသာလီသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသခင် ဝေသာလီပြည်သို့ကြွအံ့သော အကြောင်းကို သိကြားမင်းသိလတ်၍ ဝိသကြုံ နတ်သားအား စေခိုင်းအပ်သည် ဖြစ်၍ ပြာသာဒ်ငါးရာတို့ကို အသင့်ထားလင့်ပေ၏။ မြတ်စွာဘုရားသခင်သည် တပည့်သံဃာငါးရာနှင့်တကွ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတွင် ကိန်းဝပ်စံပယ်တော်မူလျက် မဟာသက္ကရာဇ် (၁၂၃)ခု၊ ဘီစီ(၅၅၄)တွင် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်မှ ဓါတော် ၂၀၊ သက်တော် ၅၅-နှစ်တွင် ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူလာသည်။ ရခိုင်ပြည် ဝေသာလီကစ္ဆပနဒီမြစ်၏ အရှေ့ဘက်ကမ်း မောရပဗ္ဗတ မည်သော သေလာဂီရိ ကျောက်တော် တောင်ထိပ်၌ သက်ဆင်းရပ်နားတော်မူသည်။

ယင်းသို့ သက်ဆင်းရပ်တန့်တော်မူလျက် အရပ်ထက်ဝန်းကျင်ကိုကြည့်ရှုတော်မူ၍ ပြုံးတော်မူသည်။ မြတ်စွာဘုရားပြုံးတော်မူလျှင် စွယ်တော် လေးချောင်းအကြားမှ ထန်းလုံးခန့်မျှသော ရောင်ခြည်တော်သည် အရပ်ဆယ်မျက်နှာ ရှေးရှုရာသို့ ထွက်တော်မူသည်ကို ညီတော်အာနန္ဒာမြင်လေလျှင် ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုး၍ အကြောင်းစုံကို လျှောက်လေသည်။

မြတ်စွာဘုရားလည်း ဤသို့မိန့်တော်မူ၏။ ချစ်သားအာနန္ဒာ၊ မဇ္ဈိမဒေသ သောဋ္ဌသနဂိုရ်ပြည်ကြီးတို့၏ အနီးအစပ် အရှေ့တောင် အရပ်ဖြစ်သော ဤဝေသာလီပြည်သည် အလွန်ထင်ရှားမြင့်မြတ်သော တိုင်းပြည်ဖြစ်ပေ၏။ အဘယ်သို့ ထင်ရှားမြင့်မြတ်သနည်းဟူမူကား မြစ်ကြီးငါးရာငါးစင်းတွင် အကျုံးဝင်သော ကစ္ဆပနဒီ ကုလားတန်မြစ်၏အရှေ့ဘက် (၉၉)မြို့၊ အနောက်ဘက် (၉၉)မြို့ စသည်ဖြင့် မင်းတို့စီမံတည်ထောင်အပ်သော မြို့တို့ဖြင့် စည်ကားလျက် ထင်ရှားမြင့်မြတ်သော တိုင်းပြည်ဖြစ်လတ္တံ့သောကြောင့်လည်းကောင်း၊ ထိုသို့သောမြို့တို့၌ အထိုက်အလျောက် စိုးစံတော်မူလတ္တံ့သော မင်းတို့

သည်လည်း အသမ္ဘိန္နခတ္တိယမင်းမျိုးအရိုးအစဉ်မခြား ထီးနန်းဖွားသော မင်းတို့ချည်းဖြစ်လတ္တံ့သောကြောင့် လည်းကောင်း၊ ငါတို့သာကီဝင်မင်း၏အဆက်အနွယ် ကပိလအဇ္ဇနရှင်ရသေ့အဆက် ဖြစ်ခြင်းကြောင့် လည်းကောင်း ဓညဝတီပြည်ကို အလွန်ထင်ရှားမြင့်မြတ်သော ပြည် ဟူ၍ ဆိုအပ်သတည်း။

## (က) ဗျာဒိတ်တော်များ

ချစ်သားအာနန္ဒာ.... ငါဘုရားအလောင်းသည် ရှေးရှေးသော ဘဝ၌ သုံးဆယ်သောပါရမီကို ဖြည့်ကျင့်တော်မူသောအခါဝယ် ဤ ဓညဝတီပြည်၌ အကြိမ်များစွာ ဖြစ်တော်မူဖူးလေသည်။ အဘယ်သို့ အကြိမ်များစွာ ဖြစ်တော်မူဖူးလေသနည်းဟူမူကား ဤဓညဝတီမြို့ဝယ် ခြောက်ထောင်သော တပည့်တို့၏ အကြီးအမှူး ပုရောဟိတ်ပုဏ္ဏား ဖြစ်တော်မူဖူးလေသည်။ ယင်းသို့ဖြစ်တော်မူဖူးလေသောကြောင့် ငါ၏ ကိုယ်စားသဏ္ဍာန် သွန်းလုပ်တော်မူလတ္တံ့သော မဟာမုနိ ရုပ်ရှင် တော်သည် သုံးဖော်သောလောက၌ တောက်ပထွန်းလင်းစွာ ငါ ထားတော်မူလတ္တံ့သော သာသနာငါးထောင်ပတ်လုံး ကိန်းဝပ်တော် မူရာ ဖြစ်လတ္တံ့သတည်း။ ငါဘုရား သက်ဆင်း ရပ်တန့်တော်မူရာ သေလာဂီရိ ကျောက်အတိပြီးသော ဤမောရပဗ္ဗတတောင်ထက်၌ ပန်းပွတ်သားတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူလေလျှင် ငါ၏ ကျောက်ရိုးတော်ဓာတ်ကို စေတီတည် လတ်၍ ကျောက်တော်စေတီဟု တွင်လတ္တံ့။ သေလာဂီရိ ကျောက် တော်တောင်မှသည် ကစ္ဆပနဒီမြစ်၏ အရှေ့ဘက် မျက်နှာအဖို့၌ တောင်သို့ အစဉ်အတိုင်းကြည့်တော်မူ၍ မဥ္ဇူပဗ္ဗတတောင်ကို မြင်လေ လျှင် အာနန္ဒာ၊ မဥ္ဇူပဗ္ဗတတောင်၌လည်း ငါ မြွေငန်းမင်းတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလေလျှင် ငါ၏ချက်တော်ဓာတ် ကို တည်လတ်၍ ချက်တော်စေတီဟု တွင်လတ္တံ့။

ထိုမဥ္ဇူပဗ္ဗတတောင်မှ တောင်ဘက်မျက်နှာအရပ်ဝယ် ရန္ဒနဒီ မည်သော ရန်းချောင်း လက်ယာဘက်ကမ်း၊ သေလာနဒီမည်သော ချောင်းဖျား၌ မိဂပဗ္ဗတတောင်ကြီး ထိပ်ထက်ဝယ် သမင်တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် နဖူးသင်းကျစ်တော်ဓာတ်

ကို စေတီတည်လတ်၍ သင်းကျစ်တော်စေတီဟုတွင်လတ္တံ့။ ထိုမိဂပဗ္ဗတတောင်၏ အနီးဝယ် နန္ဒပဗ္ဗတတောင်၌ ရွှေကြက်မင်း တစ်ဇာတ်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ပါးမွေးတော် ဓာတ်ကိုစေတီတည်လတ်၍ ပါးမွေးတော်စေတီဟု တွင်လတ္တံ့။ထိုပါးမွေးတော်စေတီမှသည် တစ်ဂါဝုတ်မျှလောက်သောအရပ်၌ ဝေဠုပဗ္ဗတ တောင်ထိပ်ဝယ် ယုန်မင်း တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် နားရင်းတော်ဓာတ်ကို စေတီတည်လတ်၍ နားလိပ်တော်စေတီဟု တွင်လတ္တံ့။ ထိုနားလိပ်တော်ဓာတ် စေတီမှသည် တစ်ယူဇနာမျှလောက်သောအရပ်ဝယ် မုဋ္ဌပဗ္ဗတတောင်ကြီး၌ ပုဏ္ဏား တစ်ဇာတ်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် လက်ယာ ပါးရိုးတော်ဓာတ်ကို စေတီတည်လတ်၍ ပြိုင်းတိုင်တောင် စေတီဟု တွင်လတ္တံ့။ ထိုမုဋ္ဌပဗ္ဗတတောင်၏ မျက်နှာ တူရူအနီးဝယ် ကာလာဂီရိတောင်ကြီးထက်၌ ကျီးမင်းတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် ငါ၏ လျှာရင်းတော် ဓာတ်ကို စေတီတည်လတ်၍ ဇိဝှာဓာတ်တော်စေတီဟု တွင်လတ္တံ့။

ထိုကာလာဂီရိတောင်၏ အနီးဝယ် ကပေါတဂီရိ တောင်ထိပ်၌ ခိုမင်း တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ၏ လည်တော်ဓာတ်ကို စေတီတည်လတ်၍ ဂီဝါဓာတ်တော်စေတီဟု တွင်လတ္တံ့။ ထိုကပေါတတောင်မှ အဠူန နဒီ မည်သော လေးမြို့ချောင်း၏ အနောက်ဘက်ကမ်းနားဝယ် စူဠပဗ္ဗတတောင်၌ သမင် တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် ငါ၏ ပေါင်ရိုးတော် ဓာတ်ကို စေတီတည်လတ်၍ ပေါင်တော်ဓာတ် စေတီဟု တွင်လတ္တံ့။ ထိုစူဠပဗ္ဗတတောင်မှသည် ယူဇနာခွဲရှိသော တောင်ဘက် အရပ်ဝယ် ဂန္ဓပဗ္ဗတတောင်၌ တံစဉ်သည်သား တစ်ဇာတ် ဖြစ်ခဲဖူးသောကြောင့် ငါ လွန်တော်မူလျှင် ငါ၏ ဦးခွံတော်ဓာတ်ကို စေတီတည်လတ်၍ ဦးခွံတော်စေတီဟု တွင်လတ္တံ့။ ထိုစူဠပဗ္ဗတ တောင်၏အနီးဝယ် ရေနုသာရ မည်သောတောင်၌ မြင်းမင်းတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် လက်ဝဲပါးရိုးတော်ဓာတ်ကို စေတီတည်လတ်၍ပါးရိုးစေတီဟု တွင်လတ္တံ့။ ထိုရေနုသာရတောင်မှသည် အနောက်တောင်ထောင့် တစ်ဂါဝုတ်ကွာသော အရပ်ဝယ် ဝါယုပဏ္ဏရ မည်သောတောင်သည်ရှိ၏။ ထိုတောင်၌ လက်ပမ်းသည် တစ်ဇာတ်ဖြစ်ခဲ့ဖူးသော

ကြောင့် နောင်လာလတ္တံ့သောအခါဝယ် ငါ၏ လက်မောင်းတော် ဓာတ်ကို စေတီတည်၍ မောင်းဆွဲစေတီဟု တွင်လတ္တံ့။

ထိုဝါယုပဏ္ဏရ တောင်မှသည် တစ်ယူဇနာရှိသော တောင် အရပ် ပင်လယ်ကမ်းနားဝယ်လေပဗ္ဗတတောင်၌ ဇေါ်မည်သောသား တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် နောင်လာလတ္တံ့သောအခါ ငါ၏ ရင်ရိုးတော်ဓာတ်ကို စေတီတည်လတ်၍ ရင်ရိုးတော် စေတီဟု တွင် လတ္တံ့။ လေပဗ္ဗတတောင်မှသည် ယူဇနာခွဲရှိသော အနောက်မျက်နှာ အဖို့ဝယ် ကစ္ဆပနဒီမြစ်၏ အရှေ့ဘက် ဖြစ်သော သမုဒ္ဒရာကမ်းနား၌ သေလပဗ္ဗတအမည်ရှိသော တောင်သည်ရှိ၏။ ထိုတောင်၌ တံငါသည် သားတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလျှင် ငါ၏ မေးငူတော်ဓာတ်ကို စေတီတည်လတ်၍ မေးငူစေတီဟု တွင်လတ္တံ့၊ (ဤမေးငူဓာတ်တော်ရှိသည်ကို အကြောင်းပြု၍ မေးငူကျွန်းဟု ခေါ် သည်ကို ကာလကြာ၍ မြေငူကျွန်းဟု ခေါ်ဟန်တူသည်)။

ထို သေလပဗ္ဗတတောင်၏အနီးဝယ် နေသာဒပဗ္ဗတ တောင်၌ လည်း တံငါသားတစ်ဇာတ်ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလေ လျှင် ငါ၏သလုံးတော်ဓာတ်ကို စေတီတော်တည်လတ်၍ သလုံးတော် စေတီဟု တွင်လတ္တံ့။ ထို သေလပဗ္ဗတ တောင်၏ လက်ယာနံပါး သမုဒ္ဒရာနားဝယ် နီလပဗ္ဗတမည်သော တောင်ထိပ်သို့ ငါဘုရားရောက် တော်မူသောအခါနဂါးကြောင်၊နဂါးပတ်၊နဂါးရွှေ၊နဂါးနီ၊နဂါးဖြူ၊ နဂါးပြောက်၊ နဂါးမွဲ၊ နဂါးမည်း၊ ဤ နဂါးရှစ်ဦးတို့သည် တောင်း ပန်သောကြောင့် ဗျာဒိတ်ရွှေနှုတ် မိန့်တော်မူခဲ့သည့်အတိုင်း ငါ ရပ်တော်မူသော ခြေရာတော်၌ ဆံတော်ရှင်ဘုရားတည်လတ်၍ ဆံရှင် တော်စေတီဟု တွင်လတ္တံ့။

ဤသို့ ဗျာဒိတ်နှုတ်တံဆိပ်ဖြင့် ခတ်နှိပ်ဟောကြားတော်မူပြီးမှ ကစ္ဆပနဒီမြစ်၏ အနောက်ဘက်ကမ်းသို့ ကြည့်တော်မူလျက် ညီတော် အာနန္ဒာကိုခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။ ချစ်သား အာနန္ဒာ၊ ဤကစ္ဆပနဒီမြစ်၏ အနောက်အပြင်ဝယ် ငါကျင်လည်တော်မူဖူးသော အရပ်တို့သည် များစွာလျှင်ရှိကုန်၏။ အဘယ်သို့လျှင် ရှိလေကုန် သနည်းဟူမူကား ယခု ငါဘုရား သက်ဆင်း ရပ်တန့်နေတော်မူသော

ဤသေလာဂီရိ အမည်ရှိသော ကျောက်တော်တောင်မှ အနောက်တောင်ထောင့် အရပ်၌ တစ်ယူဇနာအလွန်ရှိသော အရပ်ဝယ် မလ္လပဗ္ဗတတောင်၌ ဟိန္ဒူတ်အမျိုးသားတစ်ဇာတ်ဖြစ်ခဲ့ဖူးသောကြောင့် ငါ၏ ဦးစွန်းတော်ဓာတ်ကို စေတီတည်လတ်၍ ဦးစွန်းတော်စေတီဟု တွင်လတ္တံ့။ ထိုမလ္လပဗ္ဗတတောင်အနီးဝယ် ဝေဠုဝနမည်သော တောင်၌လည်း စပါးကြီးမြွေတစ်ဇာတ်ဖြစ်ဖူးသောကြောင့် နောင်လာလတ္တံ့သောအခါ၌ ငါ၏နှာရိုးတော်ဓာတ်ကို စေတီတည်လတ်၍ နှာသဓာတ်စေတီဟုတွင်လတ္တံ့။ ထိုဝေဠုဝနတောင်၏အနီးဝယ် သန္တာဂီရိတောင်သည်ရှိ၏။ ထိုတောင်ဝယ်လည်း ကြက်ဆင်တစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါလွန်တော်မူလျှင် လက်ဝဲနားတော်ဓာတ်ကို စေတီတည်လတ်၍ ကဏ္ဏဓာတုစေတီဟု တွင်လတ္တံ့။

ထို သန္တာဂီရိတောင်မှသည် တောင်မျက်နှာ တစ်ယူဇနာမကကွာဝေးသောအရပ်ဝယ် သာလမယမည်သော တောင်သည်ရှိ၏။ ထိုတောင်၌လည်း ဥယျာဉ်သည်သား တစ်ဇာတ် ဖြစ်ဖူးသောကြောင့် ငါလွန်တော်မူလျှင် စမြုံတော်ဓာတ်ကို စေတီတည်လတ်၍ စမြုံတော်စေတီဟုတွင်လတ္တံ့။ ထိုသာလမယတောင်၏အနီး ချောင်း၏ တောင်ဘက်ကမ်းအရပ်တွင် ကစ္ဆပနဒီမြစ်၏ အနောက်ဘက်ကမ်းအနီးအပါးဝယ် သီလပဗ္ဗတမည်သော ကျောက်ရဲတောင်သည်ရှိ၏။ ထိုတောင်၌ အမျိုးမြတ်သော ဗေဒင်သုံးပုံကိုတတ်သော ပုဏ္ဏားသား တစ်ဇာတ်ဖြစ်ဖူးသောကြောင့် ငါ ပရိနိဗ္ဗာန်လွန်တော်မူလေလျှင် လုံးပတ်နှစ်ညှိုးမျှလောက်ရှိသော ဦးခေါင်းခွံ ဓာတ်တော်ကို စေတီတည်လတ်၍ ဦးရစ်တော်စေတီဟု တွင်လတ္တံ့။

ထိုသီလပဗ္ဗတတောင်၏ အနောက်မျက်နှာအဖို့ဝယ် သုံးဂါဝုတ်မျှလောက်သောအရပ်ဝယ် မလ္လာယုဟူသော မယူမြစ်ကြီးရှိ၏။ အရှေ့ကမ်းထိပ်ပြင်ဘက် စာရပဗ္ဗတတောင်ကြီးသည်ရှိ၏။ ထိုတောင်၌ ဆဒ္ဒန်ဆင်မင်းတစ်ဇာတ် ဖြစ်ခဲ့ဖူးသောကြောင့် ငါ လွန်တော်မူလေလျှင် ငါ၏ ဦးကင်းတော်ဓာတ်ကို စေတီတည်လတ်၍ ဦးကင်းတော်စေတီဟု တွင်လတ္တံ့။ ထိုစာရပဗ္ဗတတောင်၌ဆဒ္ဒန်ဆင်မင်းတစ်ဇာတ် ဖြစ်တော်မူဖူးသောအခါ ကဆုန်နွေလ မိုးသည်းစွာရွာလတ်၍ ချမ်းအေးလှသောကြောင့် တစ်ဂါဝုတ်မျှလောက် ကွာဝေးသော မြောက်အရပ်

တောမြိုင်ရိပ်ဝယ် ခိုအောင်း၍နေလျှင် မိုးသည်စဲခဲ့သောကြောင့် နောင်အခါ၌ ထိုအရပ်သည် မိုးစဲအရပ်ဟု တွင်လတ္တံ့။

ထိုမလ္လာယုမြစ်ကြီး၏ အနောက်ဘက်ကမ်းပြင်ဝယ် သမုဒ္ဒရာ အနီး ကာသီရမည်သော တောင်ကြီးထက်၌လည်း ရွှေဥဒေါင်းမင်း တစ်ဇာတ်ဖြစ်ဖူးသောကြောင့် ငါလွှန်တော်မူလေလျှင် ငါ၏ လည်ရိုး တော်ဓာတ်ကို စေတီတည်လတ်၍ လည်ရိုးတော်စေတီဟု တွင်လတ္တံ့။

ဤသို့လျှင် ညီတော်အာနန္ဒာအား ရွှေနှုတ်ဗျာဒိတ် ခတ်နှိပ် ပိုင်းခြားဟောကြား မိန့်မှာတော်မူသောအဆုံး၌ မြင်းမိုရ်သတ္တရဘန် ခုနစ်တန်သီတာ စကြဝဠာတိုက်အလုံးသည် ရှန်းရင်းခတ်မျှ တုန်လှုပ် လေ၏။ သမုဒ္ဒရာလှိုင်းသည်လည်း ဆူပွက်လေ၏။

× × ×

# ၄။ ဘုရားရှင်အား စန္ဒသူရိယ ဖူးတွေ့ခြင်း

ဓညဝတီပြည်တွင် ဤသို့ နိမိတ်ကြီးစွာ ဖြစ်ပေါ်လာသည်ကို စန္ဒသူရိယမင်းကြီးနှင့် ပြည်သူအများတို့ကမြင်တွေ့ကြ၍ များစွာ ထိတ်လန့် တုန်လှုပ်ခြင်းဖြစ်သည်။ ပညာရှိတို့အား မေးမြန်းတိုင်ပင်ကြသော် အရှင်မင်းကြီး အကြောင်းတစ်ပါး အထူးမမြင်၊ မြတ်စွာဘုရားသခင်အား ပင့်ဖိတ်ထားခြင်းအကြောင်းရှိသည်ဖြစ်၍ ဘုရားသခင်ကိုယ်တော်တိုင် ကြွလာခြင်း တိတ်နိမိတ်ပင်ဖြစ်မည်ဟု လျှောက်ထားကြလေသည်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာခြင်းဖြစ်လတ်၍ ဤသို့ မိန့်တော်မူ၏။

မှူးတော် မတ်တော်တို့-ဘုရားသခင် ကြွတော်မူလာမည့်အခင်းကြောင့် သို့စင်ကြီးစွာ တိတ်နိမိတ်မင်္ဂလာ ဖြစ်တော်မူပါလျှင် မြန်စွာ ယခု ဗိုလ်ပေါင်းစု၍ ယခုလျင်စွာ ဆင်၊မြင်း၊ ရထား၊ခြေသည်သူရဲများနှင့်တကွ မောင်းမမိဿံခြွေရံအများတို့အသွားအလာအနေကျအောင် ပြုကြရမည် ဟူ၏။

မိဖုရား စန္ဒမာလာကို များစွာသောင်းပြောင်း သောင်းခြောက်ထောင်သော မင်းမောင်းမတို့ကိုခြံရံစေလျက် အမတ်တို့ကို ရှေ့က သွားစေသည်။ ဆင်၊ မြင်း၊ ရထား၊ ထမ်းစင်များကိုမစီးဘဲ ဘုရားသခင်အား အလွန် သဒ္ဓါခြင်းပြင်းပြသည်ဖြစ်၍ အခိုးအထုံပန်းနံ့သာတို့ကို လက်ကကိုင်စွဲလျက် ဘုရားသခင်၏ရောင်ခြည်တော်ကွန့်မြူးရာ သေလာဂီရိတောင်ဆီသို့ ဦးတည်၍ ခြေကျင်သွားကြလေသည်။ လမ်းခရီး၌ ပင်ပန်းနွမ်းနယ်သည်ဖြစ်၍ ရပ်တန့်နားတော်မူသောအခါ စားတော်ပွဲဆက်လာသည်ဖြစ်၍ လျင်စွာစားတော်မူသည်။ မြတ်စွာဘုရားအား တောင့်တသည့် သဒ္ဓါဆန္ဒ ပြင်းပြရကား ဟင်းလျာကို သတိမရ၊ ထည့်မစား ဖြစ်ရသည်။ ထို့ကြောင့် ပွဲတော်တည်သောနေရာကို ဟင်းမစားအရပ်ဟု ယနေ့တိုင် ခေါ်ဝေါ်ကြကုန်၏။

၂၂၁၄၉

# ၅။ မဟာမုနိ သွန်းတော်မူခြင်း

စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရား ပြန်ကြွတော်မူအံ့သော အကြောင်း ကွဲကွာအံ့သောအဖြစ်ကို တွေးမိ၍ သဒ္ဓါကြည်ညိုစိတ် ပြင်းပြလွန်းရကား ဤသို့ လျှောက်ထားလေသည်။ လူသုံးပါးတို့၏ မကိုင်မှုဥသျှောင် တန်ဆောင်မှန်ကင်း တရားမင်းဘုရား၊ ကိုယ်တော်မြတ် ဒေသစာရီကြွတော်မူခဲ့သော် အကျွန်ုပ်တို့သည် ကိုးကွယ်ရာမရှိ ဖြစ်ရပါအံ့၊ ထိုသို့ဖြစ်ပါသောကြောင့် အကျွန်ုပ်မှစ၍ ပြည်သူသတ္တဝါ ဝေနေယျာတို့၏ ကိုးကွယ်ရာဖြစ်အောင် ကိုယ်တော်၏အစား ရုပ်ရှင်တစ်ဆူ ထားတော်မူစေလိုချင်ပါသည်ဟု ဝပ်စင်းညွတ်ပျောင်းတောင်းပန်လေသောအခါ သဗ္ဗညုဘုရားသခင်လည်း ဉာဏ်တော်ဖြင့် ကြည့်တော်မူလတ်သော် နောင်သောအခါ ပဿေနဒီ ကောသလမင်း ဘောင်းပန်ခြင်းကြောင့် စန္ဒသာရမည်သော ရုပ်ရှင်တော်တစ်ဆူရှိတော်မူသော်လည်း တိတ္ထိတို့ ပိုင်နင်းအုပ်ချုပ်သောအခါ သိကြားမင်းလာ၍ ရတနာရွှေပလ္လင်နှင့်တကွ သိုဝှက်ထားရ၍ အဓွန့်ရှည်စွာ လူများစွာတို့ ကိုးကွယ်ဆည်းကပ်ရာမရ ဖြစ်အံ့သော အကြောင်းရှိချေသည်။

ငါဘုရားလောင်း ဘဝအဆက်ဆက် ကျင်လည်ခဲ့ဖူးသော ဤဓညဝတီပြည်သည် ဇမ္ဗူဒီပါကျွန်း၌ မြို့ကြီးအပေါင်း ရှစ်သောင်းလေးထောင်တို့တွင် မြင့်မြတ်သော တိုင်းပြည်မြို့ကြီး ဖြစ်ပေသည်။ ဤဓညဝတီပြည်၌ ငါ၏ကိုယ်စား ရုပ်တုထားခဲ့သည်ရှိသော်ကား ငါ ပရိနိဗ္ဗာန်စံပြီးနောက် ထားတော်မူလတ္တံ့သော သာသနာ ငါးထောင်ပတ်လုံး တည်လတ်၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာစီးပွားများစွာဖြစ်ကြကုန်လတ္တံ့ဟု မြင်တော်မူ၍ မဟာစန္ဒသူရိယဘုရင်၏ လျှောက်ထားချက်ကို ဝန်ခံပဋိညာဉ်ပေးတော်မူသည်။

စန္ဒသူရိယမင်းကြီးလည်း အလွန်ဝမ်းမြောက်ဝမ်းသာ၍ ရတနာကိုးပါးတို့ကို ပြည်ထောင်အချင်းချင်း မင်းအပေါင်းတို့အား ကုသိုလ်ပါဝင်စေ၍ ကိုးကုဋေမျှလောက်သော ရတနာဖြင့် မြတ်စွာဘုရားအား

လျှောက်ကြားလေလျှင် မြတ်စွာဘုရားသည် သိကြား ဝိသကြုံတို့ကို ခေါ်တော်မူ၍ ငါဘုရားကိုယ်တော်နှင့် မယုတ်မလွန် အတိုင်းအရှည် ပမာဏရှိသော ရုပ်တုတော်ကို ဤမျှသော ရတနာအစုဖြင့် ပြုလုပ်၍ ပြီးလျှင်စေ ဟု လက်တော်ဖြင့် ခုနစ်လက်ခုပ် ကျုံးပြီးသော် ရတနာ ရွှေငွေကို သိကြားမင်းအား အပ်နှင်းတော်မူ၏။

စန္ဒသူရိယမင်းလည်း မြတ်စွာဘုရားအား ရုပ်တုတော် သွန်းလုပ် ပြီးမြောက်အောင်ထိ ဆိုင်းငံ့ သီတင်းသုံးတော်မူပါဟု လျှောက်ထား တောင်းပန်၍ တည်းကျောင်းမဏ္ဍပ်ဆောက်လုပ်လှူဒါန်း၍ သီတင်းသုံး နေတော်မူသည်။ သိကြားမင်းသည် စန္ဒသူရိယမင်း အမှူးရှိသော ဗိုလ် ပါ အပေါင်းတို့နှင့်တကွ တစ်ကုဋေမျှလောက်သော ရတနာရွှေငွေ တို့ကို ရတနာအတိပြီးသော ရွှေပန်းတောင်းနှင့် ထည့်၍ ရတနာ ဆင်ဖြူထက်တင်ပြီးလျှင် ထီးဖြူအုပ်လျက် သီရိဂုတ် အမည်ရှိသော တောင်ကုန်းထက်သို့ ဆောင်ယူလေသည်။

တောင်ထိပ်တွင် မဏ္ဍပ်ကနားဆောက်လုပ်၍ အထူးထူးသော တန်ဆာတို့ဖြင့် တင့်တယ်လျောက်ပတ်စွာဆင်ယင်ပြီး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပဉ္စင်တူရိယာအသံတို့ဖြင့် တာဝတိံသာနတ်ပြည် သုဓမ္မာ ပွဲသဘင်ကဲ့သို့ ခုနစ်ရက်တိုင်တိုင်ကျင်းပလေသည်။ ထိုအခါ စကြဝဠာ တိုက်တစ်သောင်းမှ သောင်းသောင်းအုတ်အော နတ်,ဗြဟ္မာများတို့ လည်း ရောက်လာစည်းဝေးကြကုန်၏။ နတ်စည် စောင်းညင်း တီးမှုတ် ခြင်းတို့ဖြင့်လည်း သင်းပင်းညီညာ ပြုလာကုန်၏။

ဤသီရိဂုတ်တောင်ဟူသည်မှာ ဖြူစင်သော ငွေအဆင်းကဲ့သို့ လက်ယာရစ် ခရုသင်းသဏ္ဌာန်နှင့် တူသောကြောင့် "သီရိကုဋ္ဋ"ဟု ဆိုကြကုန်၏။ မြတ်သောကျေးဇူးရှိသောတောင် ဖြစ်သောကြောင့် "အဂ္ဂညုတတောင်" ဟုလည်း ခေါ်ဆိုကြကုန်၏။ ဘီလူးသုံးခုသည် ရင်ဆိုင်ပူး၍နေကြဟန်ရှိသောကြောင့်လည်း "တြိကုဋ္ဌတောင်" ဟူ၍ လည်း ခေါ်ဝေါ်ကြကုန်၏။ ခြင်္သေ့မင်းသည် တိရစ္ဆာန်တို့ကို ဟိန်း ဟောက်၍ ဖမ်းအုပ်ဟန်ပုံသဏ္ဌာန်ရှိသောကြောင့်'သီဟရာဇာတောင်' ဟုလည်း ခေါ်ကုန်၏။ ဝက်မရင်ဘတ်တွင် ဝက်ငယ် ဝင်၍ နို့စို့နေ ဟန် ပုံသဏ္ဌာန်ရှိသောကြောင့် "ဝက်သားစို့တောင်"ဟုလည်း ခေါ် ကုန်၏။

တစ်နည်းအားဖြင့်လည်း ဘုရားလောင်းတော်သည် အရုံငါးရာနှင့် ဝက်မင်းဖြစ်သောအခါ ဒေဝဒတ်အလောင်း ကျားမင်းဖြစ်၍ ကိုက်စားမည်ကြံလျှင် အလောင်းတော် ဝက်မင်းသည် အရုံငါးရာနှင့်တကွ ဥမင်တူး၍ပြေးလေမှ အသက်ဘေးကင်းလွတ်လေသောကြောင့် "ဝက်သတိုးတောင်"ဟူ၍လည်း ခေါ်ကြကုန်၏။ ဤသို့လျှင် တောင်၏အမည်ငါးပါးကို အာနန္ဒာအား မြတ်စွာဘုရား ဟောကြားတော်မူသည်။

ယင်းသို့ ခုနစ်ရက်လုံး သီရိဂုတ်တောင်ကုန်းထိပ်တွင် ပွဲသဘင်ကျင်းပပြီးနောက် သိကြား၊ ဝိသကြုံတို့သည် စန္ဒသူရိယမင်းနှင့်တကွ တစ်ရာသော မင်းအပေါင်းတို့ဖြင့်ခြံရံ၍ အဥ္စနမင်း ဖြိုကြွင်းသော မဟာသက္ကရာဇ်(၁၂၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေအချိန်မှ စတင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်တော်မူလေသည်။

ဤသို့ သွန်းလုပ်ရာတွင် စန္ဒသူရိယဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ မင်းအပေါင်းတို့လည်း မိမိတို့ အခြွေအရံနှင့် လာရောက်ကုသိုလ်ပြုလုပ်ကြသည်။ တာဝတိံသာ,ယာမာ စသော နတ်တို့လည်း ရတနာ ရွှေ,ငွေ တို့ကို စုပုံပူဇော်လာသည်။ လူမင်းတို့၏ ရတနာကားတင်းပေါင်း တစ်ဆယ့်ငါးတင်း၊ သိကြား,နတ်မင်းတို့၏ ရွှေ,ငွေကားတင်းပေါင်း ငါးဆယ်၊ နှစ်ရပ်သော ရတနာတို့ကို ကျိုချက်ကြသောအခါ မထင်ရှားသော ကိုယ်ဖြင့် နတ်နဂါးတို့လည်း အမြီးဖျားနှင့်လာ၍ မွှေကြ၏။ သိကြား ဝိသကြုံစသောနတ်တို့သည် မြတ်စွာဘုရား၏ ပုံနှင့်တူအောင် ကြပ်မတ်ထုလုပ်ကြသည်။ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် ဝေပုလ္လတောင်ဝယ် သုံးကမ္ဘာအသက်ရှည်သော စူဠရဋ္ဌ နတ်မင်းကြီး လာလတ်၍ လူမင်း,နတ်မင်း တို့အား ကြီးကြပ်စောင့်မတ် မပြတ်နေ၏။ စန္ဒသူရိယမင်းနှင့်မြေဝတီ ပြည်သူ ပြည်သားတို့မှာ ကြွရောက်လာသော ပြည်ထောင်မင်းအပေါင်းနှင့် ဆွေတော်မျိုးတော်တို့အား စေတနာ ထက်သန်စွာဖြင့် ညွှံခံ ကျွေးမွေးကြလေ၏။

စူဠရဋ္ဌ နတ်မင်းကြီးရှေ့တွင် အလုံးစုံသော ထီးဆောင်းမင်းအပေါင်းတို့နှင့် သိကြား,ဝိသကြုံ စသော နတ်အပေါင်း တို့သည် ခြောက်ဆယ့်ငါးတင်းသော ရတနာတို့ကို ကောင်းစွာ ကျိုချက်၍ သွန်းလုပ်ကြသောအခါ ဦးခေါင်းတော်မြတ်သည် မစေ့ ကွဲနေသဖြင့်

သုံးကြိမ်သုံးခါ သွန်းလုပ်ပါသော်လည်း မစေ့ဘဲဖြစ်နေသည်။ ဘုရားသခင်အား အကြောင်းစုံကို လျှောက်ထားသောအခါ ဘုရားသခင်က မစိုးရိမ်ကြလင့်၊ ရတနာပလ္လင်ကိုသာ ပြီးအောင် စီမံထားကြဟု မိန့်တော်မူသည်။ နံနက်မိုးသောက်အခါ ဘုရား၏ အာနုဘော်ကြောင့် ရုပ်တုတော်သည် ပလ္လင်ပေါ်သို့ အလိုလို ကြွလျက် နေလင့်သည်။ နံနက်မိုးသောက်သောအခါ ဘုရားသခင် နောက်ပါ သံဃာငါးရာဖြင့် ကြွလာလတ်၍ လျှောက်ထားကြသောအခါ မြတ်စွာဘုရားက ဤသို့ မိန့်သည်။ ငါဘုရား ပါရမီတော်အလျောက် ဗောဓိပင်နှင့် ရွှေပလ္လင် ပေါ်ပေါက်လာသောအခါ မည်သူမျှ တင်ထားခြင်းမရှိ၊မြတ်စွာဘုရားသခင်၏ တန်ခိုးတော်မြတ်ကို ချီးမွမ်းကြံစည်ခြင်းငှာ မတတ်နိုင်ရာ။

"ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော"။

ဟူ၍ ဟောကြားတော်မူလေသည်။

၎င်းနောက် သိကြား ဝိသကြုံနှင့် လူမင်းအပေါင်းတို့ ဖန်ဆင်းသွန်းလုပ်ထားအပ်သော ရုပ်တုတော်ကို တန်ခိုးကြီးခြင်းကို ဖြစ်စေလို၍ ကိုယ်တော်မှဖြစ်သော ရင်ငွေ့တော်ကို ခုနစ်လက်အုပ်ထည့်တော်မူ၏။ သဗ္ဗညု မြတ်စွာဘုရား ထပ်မံ စီရင်ဖန်ဆင်းတော်မူအပ်သော ရုပ်တုတော်သည် တစ်ဆံခြည်မျှမချွတ်၊ သက္ကရာဇ် (၁၂၃)ခု၊ ကဆုန်လပြည့်ကျော် တစ်ရက်၊ ကြာသပတေးနေ့ နံနက်တွင် ပြီးစီးအောင်မြင်သည်။ ထိုသို့ ပြီးမြောက်သောအခါ၌ ဗြဟ္မာ နတ် လူ အပေါင်းတို့မျက်စိတွင် ဘုရားနှစ်ဆူ တစ်ပြိုင်နက် ပွင့်တော်မူသကဲ့သို့ ထင်ကုန်၏။

မဟာမုနိ သွန်းလုပ်ခန်းနှင့် ပတ်သက်၍ လွန်ခဲ့သည့်နှစ်ငါးရာကျော်ခန့်က ရေးသားခဲ့သော ရခိုင်မင်းသမီး ချောင်း အပိုဒ်(၉)တွင်-

ညောဝတီ၊ သိင်္ဂီရွှေပြည်၊ ဘုန်းတီစည်သား
အမည်သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဓါလျှင်
ထိုခါစိုးခိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်လဲဖိမ့်
အူသိမ့်တက်ဝှန်၊ ပီတိမွှန်မျှ၊ တောင်းပန်သောခါ
မဟာမုနိ၊ ရှိသည်ယခု၊ ဆင်းရုပ်တုကို
ဝိသုကမ္မ၊ သိကြားမ၍၊ ပဉ္စလောဟာ၊ ရတနာဖြင့်

သွန်းခါမဖြစ်၊ ခုနစ်လက်ခွဲ့၊ ကိုယ်ငွေ့တော်ယူ
ထည့်တော်မူမှ၊ ဘုန်းတူဘုန်းရှည်၊ ညီနည်ဘုရား
ကိုယ်တော်စားဟု၊ ထားခဲ့သောအား၊ သုံးပါးနတ်လူ
ကိုးရာမူသည်၊ အယူရှိညွတ်နူးတည့်လေ....

ဟု ပြည့်ပြည့်စုံစုံ ဖွဲ့ဆိုထားလေသည်။

ရခိုင် ရာဇဝင် လင်္ကာပေမူတွင်လည်း မဟာမုနိ သွန်းလုပ်ခန်းနှင့် ပတ်သက်၍-

"ရှင်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊ နှစ်ကောဇာမူ၊ စွန်းဝယ်သုံးခု၊ ရတုဂိမ္ဗမ၊ နွေလကဆုန်၊ ပူဟုန်ပြင်းစွာ၊ ဝိသာခါနှင့်၊ မဏ္ဍာယှဉ်မှတ် ရက်မြတ်ဗုဒ္ဓ၊ ညဦးကလျှင်၊ စ၍သွန်းရာ၊ ထိုအခါတွင်၊ တေဇာတန်ခိုး၊ တက်တိုးဝှန်စေ၊ ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာဖြင့်၊ မဟာပုရိသ၊ လောကကြေးမုံ၊ သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊ ထည့်ရှိကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊ ထိန်ညီးလျှံပြေး၊ ကြာသပတေးနေ့တွင်၊ ပြီးအောင်မြင်၏။"

ဟု စပ်ဆိုထားပေသည်။

စန္ဒသူရိယမင်းမှ အစ ပြည်သူအပေါင်းတို့လည်း မဟာမုနိ သွန်းလုပ်ပြီးစီးတော်မူသည့်အဖြစ်ကို အထူးတလည်ကြည်နူးဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြလေသည်။ အထူးထူးသော ပန်းနံ့သာ၊ တံခွန်ကုက္ကားတို့ဖြင့် ပူဇော်ကြကုန်၏။နတ်အပေါင်းတို့လည်နှဗောဓိမဏ္ဍိုင်၌ မြတ်စွာဘုရား သစ္စာလေးပါး ပွင့်တော်မူသော နေ့ အခါကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ နတ်ပန်းမိုး ရွာသွန်းပူဇော်ကြကုန်သည်။ ဗြဟ္မာ အပေါင်းတို့လည်း သောင်းဇသောင်းမြည်ဟည်း လက်ပမ်းပေါက် တီးကြကုန်၏။ မြင်းမိုရ်သီတာ သတ္တရဘာန်စသော စကြဝဠာတိုက်သည် တုန်လှုပ်ချောက်ချားကုန်၏။

ဤသို့ အထူးထူးအပြားပြား များစွာသော အံ့ဖွယ်သရဲ နိမိတ်ပြာဋိဟာကိုမြင်လတ်သော်စန္ဒသူရိယမင်းသည်သဒ္ဓါပီတိအဟုန် မွှမ်းထုံပျို့အိသည်ဖြစ်၍ ဘုရားသခင်၏ ခြေတော်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် မိန်းမောလေ၏။ တစ်ဖန် သတိရပြန်လတ်သော် ရုပ်ရှင်တော်

မဟာမုနိကို ရတနာပလ္လင်ထက်တင်လျက် ရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော စုလစ်မွမ်းချွန်တပ်သောကျောင်းတော် ဆောက်လုပ်၍ ပရိက္ခရာ အမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော်တော်မူ၏။ သဗ္ဗညုမြတ်စွာ ဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီး မဂ္ဂင်ရှစ်ပါး တရားဓမ္မစက်ကို မိန့်မြွက်ဟောကြားတော်မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။

မိုးသောက်ရောက်လတ်သောအခါ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ကြွလာတော်မူစဉ် မြင့်မိုရ်သော တောင်ပို့တစ်ခုထက် ရပ်တန့်တော်မူလျက် ရုပ်တုတော်ကို ကြည့်ရှုတော်မူလေ၏။ ထိုအရပ်ကို မြင့်မိုရ်ဟု ယခုတိုင် ခေါ်ကြလေသည်။

ထိုအရပ်မှ မြတ်စွာဘုရားသည် တင့်တယ်သော ရုပ်တုတော်ကို မြင်တော်မူလျှင် ကြည်လင်သောစိတ် ရှိတော်မူ၍ တန်ဆာဆင်အပ်သော ခရီးဖြင့် မဏ္ဍပ်အတွင်းသို့ ကြွတော်မူလာသည့်အခါ ရုပ်တုတော်လည်း အသက်ဝိညာဉ် ရှိသကဲ့သို့ နောင်တော် မြတ်စွာဘုရားအား ခရီးဦးကြိုပြုအံ့ဟု ထအံ့သော အခြင်းအရာကို ပြုလေသည်။ ထိုအခါ မြတ်စွာဘုရားက ရှေ့ဝ က်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ယာလက်တော်ကိုဆန့်၍ လက်ဝါးကာတော်မူလျက် ငါ၏ညီတော် မထလင့်ဟု တားတော်မူသည်။ ၎င်းနောက်....

"ငါ့ညီတော်၊ ငါတစ်မူကား မကြာမြင့်မီပင်လျှင် ပရိနိဗ္ဗာန် ပြုရလိမ့်မည်၊ ငါ့ညီတော်သာလျှင် ငါဘုရား ဖန်ဆင်းဘိသကဲ့သို့ အထူးထူး အပြားပြား တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေလျက် ငါထားတော်မူလတ္တံ့သော သာသနာငါးထောင် မကုန်သရွေ့ အမျှတည်ရစ်သဖြင့် လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါ အပေါင်းတို့၏ ရိုသေရာဖြစ်စေသောတည်း"

ဟု ဗျာဒိတ်ပေးတော်မူသည်။

၎င်းနောက် ငါဘုရားသည် ရှေးဘဝ၌ မာန်အောင် ကျွန်းတွင် မင်းဖြစ်သောအခါ တောင်သူကြီး၏ ခြေထောက် ပေါင်ကို ဖဲ့ခဲ့ဖူးသော ဝိပါက်တော်နှင့် မင်းသားငါးယောက် တို့၏ ကျောသားကို နှုန်ခဲ့ဖူးသော ဝိပါက်တော်နှစ်ပါးကို ငါ၏ ကိုယ်စား ငါ့ညီတော်ခံရစ်လော့ဟု ဗျာဒိတ်စကား မှာထား ပြုလေသည်။

စန္ဒသူရိယမင်းကြီးလည်း မြတ်စွာဘုရားသခင် အမှူးပြုသော ငါးရာသော ရဟန်းတော်မြတ်တို့အား ဆန်းပြားသော အရသာဖြင့် ပြည့်စုံသည့် ဆွမ်းဘောဇဉ်ဖြင့် ဆက်ကပ်လှူဒါန်းလေသည်။ ဘုရားသခင်လည်း စန္ဒသူရိယဘုရင်အား ရုပ်ရှင်တော် မဟာမုနိကို ကိုးကွယ်ဆည်းကပ်သောအကျိုးကို ဟောကြားတော်မူသည်။

စန္ဒသူရိယမင်းကြီးသည် ရုပ်ရှင်တော်ထုလုပ်ရန် ထားသော ကိုးကုဋေသော ရတနာတို့မှ ကြွင်းသော ရတနာတို့ကို ဘုရားရှင်နှင့်တကွ ရဟန်းတော်များအား လှူလေရာ ငြင်းပယ်တော်မူသည်။ စန္ဒသူရိယ မင်းသည် ရတနာသုံးပါးအား ရည်မှတ်၍ ပေးလှူပြီးဖြစ်၍ တစ်ဖန် ပြန်မယူပြီဟု ဆုံးဖြတ်ကာ ပလ္လင်တော်အောက်တွင် ဌာပနာပြု၍ ပူဇော်လေသည်။ နတ်နဂါးတို့ မပြတ်စောင့်နေစေ၏။ အချို့ကို ရုပ်ပွားတော်များ သွန်းလုပ်လေသည်။အချို့သောရတနာတို့ကို ရုပ်တုတော်မြတ်၏ တောင်မျက်နှာပြင်၌ ဆင်းရဲနွမ်းပါးသူတို့ ဖော်ယူသုံးစွဲစိမ့်သောငှာ မြှုပ်နှံစေ၏။ အချို့ ရွှေငွေရတနာတို့ကို မြောက်မျက်နှာ၌ စုပုံ၍ သိကြားမင်းစေတီ တည်ထားစေသည်။ ဒေဝစေတီဟု ထင်ပေါ်သည်။ သိကြားမင်းလည်း ရုပ်တော်နတ်စည်မောင်းတစ်ခုကို ဝတ္ထုကံမြေအလို့ငှာ လှူဒါန်းပူဇော်သည်။ သရဖူမကိုဋ်၌ရှိသော ပတ္တမြားရတနာကိုလည်း ချွတ်ယူ၍ နောင် ရုပ်တုတော် တရားဟောကြားသည့်အခါတို့ပင်လျှင် ဤပတ္တမြား ထွန်းလင်းတောက်ပစေသောဟူ၍ အဓိဋ္ဌာန်ပြုလျက် ဦးခေါင်းဆေးကန်တော်အတွင်း ချထား လှူဒါန်းခဲ့သည်။

ထို့အတူ နဂါးမင်း မြရတနာကို လက်ဆေးတော်ကန်အတွင်း ချထားလှူဒါန်းခဲ့သည်။

ထိုအခါ ဘုရားရှင်က ညီပွားမဟာမုနိ၊ နောင်သောအခါ မတရားသူများ၏ အမေးအမြန်း အငြင်းအခုံတွင် ပါဝင်ပတ်သက်နေရမည်ဖြစ်၍ စကားဟောပြောခြင်း မသင့်ဟု မှာကြားတော်မူခဲ့သည်။

ဆက်လက်၍ ချစ်သား ရဟန်းတို့၊ ဤ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းအပြင်ဝယ် မဇ္ဈိမတိုက်ဖြစ်သော ထိုပြည်တိုင်းကားတို့၌ ဆွမ်းခံသည်ရှိသော် ပြောင်း၊ ပဲ၊ လူး၊ ဆတ်နှင့် ရောပြွမ်းသောဆွမ်းကို ဘုဉ်းပေးရကုန်၏။ ဤရက္ခပူရတိုင်း ဓညဝတီပြည်ကြီးသည် မဇ္ဈိမတိုက်သောဋ္ဌသနဂိုရ်တို့ထက် အလွန်ပြည့်ဖြိုးသော ကောက်သလေးတို့ဖြင့်

ကောင်းမွန်မြိန်မြတ်နှစ်သက်ဖွယ်သော ဆွမ်းအာဟာရကို ဘုဉ်းပေးကြရပေသည်။

ရှေးလွန်လေပြီးသော ဘုရားရှင်များဖြစ်ကြသော ကကုသန်၊ ကောဏာဂုံ၊ကဿပတည်းဟူသော နောင်တော်ဘုရားသုံးဆူတို့လည်း ဤပြည်ကြီးကို 'ဓညဝတီ'ပြည်ဟု ဗျာဒိတ်ပေးတော်မူလေပြီး ယခုတိုင်လည်း ဤပြည်သူလူထုခပ်သိမ်းတို့သည် စိုးစဉ်းရုံဆန်မျှ ရှားပါးငတ်မွတ်ခြင်း မရှိစဖူးလေသောကြောင့် ဤပြည်ကို 'ဓညဝတီ'ဟုပင် ထင်ရှားစွာ ခေါ်ဝေါ်ကြသတည်းဟု ဗျာဒိတ်ထားတော်မူသည်။ ၎င်းနောက် သိကြား,ဝိသကြုံတို့ ဖန်ဆင်းဆက်သသော ရတနာယာဉ်ပျံပြာသာဒ်တို့ဖြင့် ဒွါရဝတီမြို့အနီး တစ်ခုသော တောင်ထက်၌ ရပ်တန့်တော်မူသည်။ ထိုတောင်တန်းကို သံတွဲမြို့၌ ယခုတိုင် တန့်တော်မူတောင်'တန့်တွဲ'ဟု ခေါ်စမှတ် ပြုကြလေသတည်း။

## (က) မဟာမုနိတန်ခိုးတော်များ

မဟာမုနိဘုရားကြီး သွန်းလုပ်ခဲ့ရာ သီရိဂုတ္တ ကုန်းတော်မြေသည်ကား ဘုရားအဆက်ဆက် ဗျာဒိတ်တော်ဖြင့်ထားခဲ့ရာ သာသနာ့ဝတ္ထုကံမြေမှန် ကေန်ပင်ဖြစ်ပေသည်။ ဘုရားအဆူဆူတို့၏ ခြေတော်မွေတော်ကိန်းဝပ်ခဲ့ရာ မြေထူး မြေမြတ် မြေကောင်း မြေမွန်ဖြစ်သည်။ ဓညဝတီရခိုင်ပြည်ကြီးကို အဆက်ဆက် အုပ်ချုပ်မင်းလုပ်ခဲ့ကြသော ထီးဆောင်းမင်းအပေါင်းတို့၏ ရိုသေဝပ်တွား အထွတ်အမြတ်ထားခဲ့ရာ သာသနာ့မြေနေရာပင် ဖြစ်သည်။ ဒုတိယဓညဝတီမြို့တည် သာကီဝင်မင်းမျိုး ကံရာဇာကြီးသည် ဤနေရာတွင် မြို့တည်ခဲ့ဖူးရာ မဟာမုနိရုပ်ရှင်တော်ကျိန်းလတ္တံ့သော မြေနေရာဖြစ်၍မသင့်ရကား လူ၊ သူ၊ ရဲမက်၊ ဆင်၊ မြင်း၊ တိရစ္ဆာန်များ သေကျေပျက်စီး၍ မြို့တော်ရာကို လေးလအတွင်း ချက်ချင်းပင် ပြောင်းရွှေ့ခဲ့ဖူးလေသည်။

ဘီစီ (၆)ရာစု မဟာသက္ကရာဇ် (၁၂၃) ခု တတိယဓညဝတီတော်ဘုရင် စန္ဒသူရိယ လက်ထက်တွင် ဘုရားရှင် ကိုယ်တော်တိုင်ကြွလာပြီး ကြပ်မတ်သွန်းလုပ်ခဲ့ပေသည်။မြတ်စွာဘုရားသခင်က "ငါ့ညီမဟာမုနိကို ရိုသေစွာ ဆည်းကပ် ကိုးကွယ်သူတို့သည် ငါဘုရားကို ကိုးကွယ်ဆည်းကပ်လှူဒါန်းဘိသကဲ့သို့ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကိုရကြအံ့"ဟူသော နှုတ်ဗျာဒိတ်တော်ထားခဲ့သည်။ ရခိုင်

ဘုရင်အဆက်ဆက်တို့သည် ရုပ်ပွားတော်ကြီးအား ရိုသေကိုင်းရှိုင်း ကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် အိမ်နီးချင်း ပြည်ထောင်များက လည်း မဟာမုနိဘုရားကြီး တည်ရှိခြင်း၊ ကိုးကွယ်ခြင်းဖြင့် တိုင်းပြည် သာယာဝပြော၍ ဘုန်းတန်ခိုးအာဏာ ကြီးမားသည်ဟူသော ယုံကြည် ချက်ကြောင့် မိမိတို့၏နိုင်ငံသို့ ပင့်ဆောင်နိုင်ရန် ကြိုးစားခဲ့ကြလေ သည်။

ရခိုင်ဘုရင်တို့သည် ဘိသိက်သွန်းမင်္ဂလာ ကျင်းပပြီးနောက် မဟာမုနိဘုရားကြီးထံ လာရောက်ဦးခိုက်ရင်း ဥပုသ်ရက်ရှည် စောင့် ရသောအစဉ်အလာ ရှိခဲ့ပေသည်။ နှစ်စဉ် မင်းခမ်းမင်းနားဖြင့် လာ ရောက်၍လည်း ပူဇော်မြဲ ပသမြဲ ဖြစ်သည်။ အများပြည်သူအဘွက် ဘုရင်မင်းမြတ်၏ အထောက်အပံ့ အလှူဒါနဖြင့် ကျင်းပလေ့ရှိသော ဘုရားပွဲတော်ကြီးလည်း ရှိပေသည်။ မဟာမုနိဘုရားကြီး၏ တန်ခိုး တော်နှင့် ပတ်သက်၍ အဆန်းတကြယ်ဖော်ပြထားသော ဖြစ်ရပ်ဆန်း များလည်း ရခိုင်ရာဇဝင်ပေမူများတွင် အများအပြားပင် တွေ့ရပေ ရာ ရှာဖွေဖတ်ရှုနိုင်ပါသည်။

မြတ်စွာဘုရားသခင်သည် မဟာမုနိရုပ်တုတော်နှင့် ပတ်သက်၍ "ငါ၏ရုပ်တုတော်မြတ်သည် ရှစ်ပါးသော အံ့ဖွယ်နှင့်တကွ သာသနာ တော် ငါးထောင်ပတ်လုံး တည်ရစ်မည်"ဟု ဗျာဒိတ်တော်ထားခဲ့ရာ အဆိုပါ အံ့ဖွယ်ရှစ်ပါးမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) တိရစ္ဆာန် ကျေးငှက်သတ္တဝါအပေါင်းတို့သည် ရုပ်တု တော်မြတ်၏ရှေ့ ပြာသာဒ်အပေါ်သို့ လွှားကျော်ခုန်ပျံ နားနေခြင်းငှာ မဝံ့ခြင်း၊

(၂) ရုပ်တုတော်မြတ်၏ ရွှေမျက်နှာတော်သည် ထွန်းပေါ် ထွက်စသော လပြည့်ဝန်း သဏ္ဌာန်ကဲ့သို့ နေ့ညဉ့်မစဲ ရှုမရဲအောင် အမြဲထွန်းတောက်သော ရောင်ခြည်တော် မြတ်ကို စွန့်လွှတ်တော်မူခြင်း၊

(၃) မိစ္ဆာယူမှား မတရားကျင့်ကြံသော ဒုဿီလပုဂ္ဂိုလ်တို့ သည် ထိုရုပ်တုတော်မြတ်ကို ရှုကြည့်ဝင်ဖူးသော်လည်း သောက်ရှူးပမာ ရွှေမျက်နှာတော်သည် ညိုပြာမှောင် လျက် အရောင်မထွက်ခြင်း၊

(၄) ရုပ်တုတော်မြတ်၏ သဏ္ဍာန်တော်ကို ပုံယူခေတ်ကူး၍ ရေးသား သွန်းလုပ်သော်လည်း ပင်ပန်းကဲ့မျှ ကျန ပီပြင်စွာ မကူးယူနိုင်ခြင်း၊

(၅) တရားဆိုင် အမှုပြိုင် အနိုင်အရှုံး ကျင့်သုံးမှုသား ကျိန်ဆို ငြားလည်း ထင်ရှားလက်ငင်း ပျက်ယွင်းထိရောက်စေ နိုင်သောတန်ခိုးတော် ကြီးမားခြင်း၊

(၆) ရဟန်းရှင်လူ ပြည်သူပြည်သား လူအများတို့သည် သဒ္ဓါတရား တိုးပွားတက်ကြွသောကြောင့် ကုဋေသိန်း သောင်း မကသော ရွှေပြား ရွှေဆိုင်းတို့ဖြင့် နေ့တိုင်း ကပ်လှူကြပါသော်လည်း ပြေပြစ်သန့်စင် ပြည့်ဖြိုးလွင် သော ကိုယ်တော်ရှိခြင်း၊

(၇) တစ်ဆယ့်နှစ်လ မည်သည့် အခါသမယမဆို ညဥ့်ပါ နေ့ရော သောသောညံညံ အသံမစဲပွဲတော်သဘင် လူရှင် အများ စည်ကားဖူးရောက်သော တန်ခိုးတော်မြတ် ကြီး ခြင်း၊

(၈) တန်ခူး၊ ကဆုန် စသော သင်္ကြန်အတာ ရေသွန်းခါ၌ ဝဲယာရှေ့နောက် မိုးပေါက်မိုးသီးမက အိုးကြီး, အိုး ငယ်တို့နှင့်ရေသပ္ပာယ်ကြပါသော်လည်း ရှေ့တော်ဝယ် အပါး၌ ရေမနားမတည်နိုင်သော တန်ခိုးတော်မြတ် ကြီးခြင်း၊

အဆိုပါ အံ့ဖွယ်ရှစ်ပါးအပြင် မျက်မြင်တွေ့ရှိရသော သတ္တဝါ များတို့သည် ဆင်းရဲချမ်းသာ သုခဒုက္ခ တွေ့ကြုံရမှန်က အရဟံဇိန သုံးလူ့ဘ၏နိမ္မိတပွားရုပ်တုတော်မြတ်ဘုရားသည် ထင်ရှားစွာ တန်ခိုး တော်မြတ် အထူးပြသတော်မူသည် ဟူသော တစ်ပါးနှင့် ပြည့်စုံပေ သည်။ ရခိုင်သမိုင်းတွင် ထင်ရှားသော ဖြစ်ရပ်များ ရှိခဲ့ဖူးပေသည်။ ယင်းသို့ ကိုးပါးသော အံ့ဖွယ်များအပြင် အခြားသော တန်ခိုးတော် များလည်း အခါအားလျော်စွာ တွေ့ကြုံရတတ်ပေသည်။

ဘုရားပရိဝုဏ်တွင်းသို့ လူမည်မျှပင်လာရောက်ပူဇော်စေကာမူ ပြည့်လျှံခြင်းမရှိခြင်း၊ ရေကန်များ၌လည်း ငွေ၊ မိုး၊ ဆောင်း သုံးရာသီ

မပြတ် ဆုတ်ယုတ်ခြင်း တိုးခြင်း မရှိခြင်း၊ သိမ်တော်ဝန်းကျင်ရှိ အပင်များမှာ အမြဲတမ်း စိမ်းလန်းနေပြီး အဖူးအညွန့်တို့သည် ဘုရားဘက် ညွတ်၍ ဦးစိုက်နေကြခြင်း၊ ဦးတော်ဆေးကန်တွင် ရေများ နီရဲသော အတိတ်နိမိတ်များ ပြတတ်ခြင်း၊ ကိုယ်တော်မှ ချွေးများ ပြိုက်ပြိုက် ကျတတ်ခြင်း စသည့် တန်ခိုးတော်များ၊ နိမိတ်များ ပြတတ်ပေသည်။

မဟာမုနိသိမ်တော်ကြီး တည်ဆောက်ခဲ့စဉ်က အောက်ပါ မဏ္ဍိုင်(၅)ရပ်ကို စိုက်ထူခဲ့သည်။

(၁) ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်ကိုရရှိ၍ အရှေ့လောကဓာတ်သို့ ရှေးရှုထက်ဝယ်ဖွဲ့ခွေထိုင်နေပုံအတိုင်း တည်ထားခြင်း၊

(၂) သုဒ္ဓါဝါသဘုံ၌ဖြစ်ကြသော အရိယာ ပြဟ္မာကြီးတို့၏ ရုပ်ပုံတော်နှင့်တကွ မဏ္ဍိုင်စိုက်ထူခြင်း၊

(၃) သိကြားမင်းရုပ်ပုံတော်သွင်း၍ တည်ထားခြင်း၊

(၄) စတုလောကပါလ နတ်မင်းကြီးတို့ကို တည်ထားခြင်း၊

(၅) ဘုရင်မင်းမြတ်၏ ရုပ်ပုံနှင့်တကွ တည်ထားခြင်းတို့ ဖြစ်သည်။

၎င်းအပြင် လက်ရှိတွင် မဟာမုနိပရိဝုဏ် အဆင့်ဆင့်သော ပစ္စယံများနှင့် အချပ်ရပ်သော မျက်နှာအသီးသီးတို့တွင် ယက္ခ ကုမ္ဘဏ် နဂါး ဂဠုန် ရုပ်တုများကို အစီအမံပြု၍တည်ထားကြောင်း တွေ့ရပေသေးသည်။

## (ခ) မဟာမုနိဘုရားနှင့်အတူ သွန်းစက်တော်များ

စန္ဒသူရိယမင်းကြီးသည် မဟာမုနိ ရုပ်ပွားတော်ကြီးကို သွန်းလုပ်ခဲ့ရာတွင် ဦးစွာပထမ မြတ်ကိုးပါးရှင်(ခေါ်)နောင်တော် ရုပ်ပွားတော်တစ်ဆူကို သွန်းလုပ်ခဲ့ကြောင်း သိရပေသည်။ အမြင့်နှစ်မိုက်ခန့် သာရှိသောဘုရားဆင်း၏ပုံစံသွန်းခဲ့သော နမူနာ ဘုရားရုပ်တု ဖြစ်ပါ

သည်။ ၎င်းနောက် ဆက်လက် သွန်းလုပ်သော ရုပ်တုတော်မှာလည်း ဘုရားရှင်ထက် နှမ်းတစ်စေ့မျှကြီးနေ၍ "သျှင်ကျော်"ဘုရားဟု တွင်သည်။ ၎င်းနောက် လက်ဝဲရံ, လက်ယာရံ ထေရ်ပုံနှစ်ပါး ကိုလည်း သွန်းလုပ်ခဲ့သည်။

မဟာမုနိသွန်းလုပ်ပြီး ကျန်ရစ်ခဲ့သော ရတနာများဖြင့် ရုပ်တုတော်(၃၃)ဆူကိုလည်း သွန်းလုပ်ခဲ့ရာ ပဥ္စလောဟာ ငါးပါးနှင့် မဟာမုနိသဏ္ဍာန်တူ နှစ်ကျိပ်ရှစ်ဆူဟု ခွဲခြားနိုင်သည်။ "မဟာကျန်" ဘုရားများဟု တွင်သည်။ သို့သော်လည်း ရတနာများ မကုန်သေးဘဲ ကျန်ရှိသေး၍ "မဟာကျို"ဘုရားများကို သွန်းလုပ်ပြန်သည်။အဆိုပါ ဘုရားရုပ်ပွားတော်များမှာ ရခိုင်ပြည်အနှံ့နှင့် တစ်ချိန်က ရခိုင်နယ်ဖြစ်ခဲ့သော ဘင်္ဂါ(၁၂)မြို့၊ တြိပူရတိုင်အောင် ပျံ့နှံ့ခဲ့ပေသည်။

နောက်ဆုံး ကြွင်းကျန်သော ရတနာများကို လွှင့်ပစ်ရန်မဖြစ်၍ ဘုရားပလ္လင်ထက်ပေါ်သို့ ပက်ဖျန်း တင်မြှောက် ပူဇော်ခဲ့လေသည်။ ထိုသို့ ပက်ဖျန်းခဲ့သော ရတနာများသည် ပိုးရွှေငှက်ဖြစ်လျက် ဘုရားရင်ပြင်တစ်ဝိုက် ပျံဝဲနေလေသည်။ ယင်းကို ပိုးရွှေငှက်ဟု ခေါ်ကြသည်။ စန္ဒသူရိယလက်ထက်တွင် ဘုရား ပရိဝုဏ်အတွင်းရှိ ပန်းပွင့်များကို စားလျက် နေထိုင်ခဲ့ကြသည်။ ပိုးရွှေငှက်များမှာ ညီးညီးပြောင်ပြောင် ရွှေအဆင်းရှိသည်။ ပန်းပွင့်ပန်းတံများမှ နှင်းရည်ကို သောက်သုံး၍ ပန်းဝတ်မှုန် ဝတ်ဆံ တို့ကို စားသောက်ကြသည်။ မဟာမုနိ သွန်းစဉ်က ပေါ်ပေါက်လာသော ပိုးရွှေငှက်အား ငှက်မြတ်ရတနာအဖြစ် ရခိုင်တို့အယူရှိကြသည်။

မဟာမုနိ ရုပ်ပွားတော်အား အမရပူရသို့ ပင့်ဆောင်စဉ် ရှင်ကျော်ရွှေဘုံသာမာန်အောင်မြင် (ဇလွန်) တို့လည်း ပါဝင်ခဲ့ပေသည်။ဘုရားကြီးအား တောင်ကုတ်လမ်းမှပင့်ဆောင်ခဲ့ရာ ပန်းတောင်းမြို့ အရောက်တွင် ရခိုင်တို့၏ မေတ္တာရပ်ခံချက်အရ ပြည်မြို့အနောက်ဘက် တပ်စခန်းတွင် ရွှေဘုံသာဘုရားကိုဘည်ထားခဲ့သည်။မာန်အောင်မြင်ဘုရားကြီးမှာ အမရပူရနေပြည်တော်သို့ပင့်ဆောင်ခဲ့ပြီး နန်းဦးတွင် ကိုးကွယ်ထားသည်။ ၎င်းနောက် အင်္ဂလိပ်တို့ အိန္ဒိယသို့ ဆောင်ယူသွားခဲ့ရာမှာပြည်တော်သို့ပြန်လည်ရောက်ရှိလာခဲ့ရာ ယခုဇလွန်မြို့တွင် စံပယ်တော်မူလျက် ရှိသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နောက်ပိုင်းတွင် ဗုဒ္ဓ ထားခဲ့သော သာသနာတော်ကြီးမှာ ညှိုးနွမ်းကွယ်ပျောက်သည်မရှိ တိုးတက်စည်ပင် ပြန့်ပွားဆဲဖြစ်ရာ ဗုဒ္ဓဘာသာဝင်တို့မှာ ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် ဘုရားရှင်အားရည်စူး၍ ရုပ်တုတော်များ ထုလုပ်ပြီး ပို၍ ကိုးကွယ်လာခဲ့ကြပေသည်။ မဟာမုနိဘုရားကြီးနှင့် မဟာမုနိ တန်ခိုးတော်အား ယုံကြည်သက်ဝင်၍ မဟာမုနိသဏ္ဍာန်ပြု၍ ကိုးကွယ်လာကြသည်။ ယခုအခါ မဟာမုနိအသွင် မကိုဋ်မှဆောင်း ဆင်းတုများအများအပြား နေရာအနှံ့တွေ့ရသည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုရှိသလိုပင် မြို့အလိုက်, ရွာအလိုက် ကြီးကျယ်ခမ်းနားစွာ တည်ထားကိုးကွယ်သည်လည်း ရှိပေသည်။

ရှေးအခါက ရခိုင်မင်းအုပ်ချုပ်ခဲ့ရာဒေသဖြစ်သော အနောက်ပြည် ဘင်္ဂါ(၁၂)မြို့တွင် ထိုရုပ်တုများကို ပို၍တွေ့ရသည်။

ဤတွင် "မဟာမုနိသဏ္ဍာန်"ဟူသော အချက်ကို သိထားရန်လိုအပ်ပါသည်။ ကျောက်တော် မဟာမုနိ ကုန်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်၊ မန္တလေးရောက် မဟာမုနိ ရုပ်ရှင်တော်၊ ဇလွန်ရောက် မာန်အောင်မြင် ဘုရားကြီးတို့၏ ထူးခြားသော ဝိသေသ လက္ခဏာတော်များမှာ မကိုဋ်မှတော်ဆောင်းထားခြင်း၊ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူဟန်ရှိခြင်း၊ ဘူမိဖဿမုဒြာရှိခြင်း၊ ဝီရာသနခြေကိုထား၍ ထိုင်တော်မူဟန်ရှိခြင်းတို့ပင်ဖြစ်သည်။ ထို့ထက် ဆန်းကြယ်သောအချက်မှာ မဟာမုနိရုပ်ပွားတော်များ၏ မျက်နှာတော်သည် သတ္တဝါများအား သနားကရုဏာထားဟန်၊ မေတ္တာစေတနာပွားများဟန်၊ ပြုံးတော်မူသည့်ဟန်တို့ ပါရှိခြင်းပင် ဖြစ်ပါသည်။

ဤစာအုပ် ရှေ့မျက်နှာပါ မဟာမုနိ ရုပ်ပွားတော်၏ မျက်နှာတော်ကို ခေတ္တခဏမျှ ဖူးမြော်ကြည့်ပါလေ၊ ထူးခြားသော အာရုံကို တွေ့ထိခံစားမိပေလိမ့်မည်။ နှောင်းပိုင်း အနုပညာရှင်သည် မဟာမုနိသဏ္ဍာန်တူ ဆင်းတုတော်များ သွန်းလုပ်ကြရာတွင် အခြားသော ဂုဏ်တော်များကို ထုလုပ်နိုင်ကြသော်လည်း မျက်နှာတော်နှင့် ပတ်သက်၍ အခက်အခဲ တွေ့ရလေ့ရှိပါသည်။

## မဟာမုနိ ဆင်းတုတော်များ

(၁) ကျောက်တော် (ဓညဝတီ) မဟာမုနိ
(၂) မန္တလေး မဟာမုနိ
(၃) ရမ်းဗြဲမဟာမုနိ (သံချောင်း)
(၄) စစ်တွေ ဓိဋ္ဌာန်ကျောင်း မဟာမုနိ
(၅) မော်လမြိုင် မဟာမုနိ
(၆) ကျိုက်ထော် မဟာမုနိ
(၇) ရှမ်းပြည် မဟာမုနိ
(၈) မေဇူရန်ကောင်မလာ မဟာမုနိ
(၉) ဘောင်းဂူ မဟာမုနိ၊ တြိပူရ (အိန္ဒိယ)
(၁၀) ရင်ဂွာမဟာမုနိ၊ ဘင်္ဂလား-ဖလံထောင်
(၁၁) ဆီးလား မဟာမုနိ၊ တြိပူရအိန္ဒိယ (တပေါင်းလပြည့်)
(၁၂) ကိုလာချီး မဟာမုနိ ။
(၁၃) ဘောဂါ မဟာမုနိ ။
(၁၄) ချလယ် မဟာမုနိ ။
(၁၅) သာပြော မဟာမုနိ ။
(၁၆) အဆင်း မဟာမုနိ ။
(၁၇) နတ်ရုပ် မဟာမုနိ ။
(၁၈) ဟူခနသရီ မဟာမုနိ ။
(၁၉) ဘိက္ခုရတ် မဟာမုနိ ။
(၂၀) တာရုံ မဟာမုနိ ။
(၂၁) ကင်ဆာဖူး သကျမုနိ ။
(၂၂) ကျိုင်းတုံ မဟာမုနိ ။

**မှတ်ချက်။** ။တြိပူရနှင့် ဖလံထောင်၊ စစ်တကောင်းတောင်တန်းဒေသ မဟာမုနိများမှာ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများ ကိုးကွယ်သော ဘုရားရုပ်တုများ ဖြစ်သည်။

× × ×

# ၆။ ခေတ်အဆက်ဆက် မှုန်းမံပြင်ဆင်မှုများနှင့် ထင်ရှားသော အဖြစ်အပျက်များ

ရခိုင်ဒေသ သမိုင်းနှင့် မြန်မာရာဇဝင်များတွင်လည်းကောင်း၊ ၎င်းတို့ကို ကိုးကား၍ ရေးသားကြသော အင်္ဂလိပ်စာပေများတွင် လည်းကောင်း ဘီစီ (၆)ရာစုခန့် ဘုရားရှင်လက်ထက်တော်အခါကပင် သွန်းလုပ်ခဲ့သောမဟာမုနိဆင်းတုတော်နှင့် ပတ်သက်၍ အကျယ်တဝင့် ဖော်ပြခဲ့ကြသည်။၎င်းတို့အနက် ထင်ရှားသောကျမ်းကြီးမှာ သဗ္ဗဒါနပကာရန ကျမ်းကြီးဖြစ်သည်။ ဤကျမ်းကြီးသည် မဟာမုနိဘုရားသမိုင်းနှင့် ပတ်သက်၍ အပြည့်စုံဆုံးကျမ်း ဖြစ်သည်ဟု သိရသည်။ အေဒီ(၁၆၂၂) ခုနှစ်တွင် နန်းတက်သောသီရိဓမ္မရာဇာမင်းသည် မဟာမုနိ အနောက်တောင်ထောင့် ပထမပစ္စယံတွင် တည်ရှိသည့် ပိဋကတ်တိုက်တွင် ဤကျမ်းကို လှူဒါန်းခဲ့သည်။

ဘိုးတော်ဘုရား(ဗဒုံမင်း)၏ သားတော် အိမ်ရှေ့စံသည် ဓညဝတီကို အောင်မြင်ပြီးနောက် မဟာမုနိကုန်းပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့ရာ နောက်ပါ ရာမရကန်ဦးတိုးနှင့် ဒေသခံရခိုင်လူမျိုး ဂေါပကလူကြီး ဦးရွှေဖြူတို့ ပါရှိခဲ့သည်။ ရာမရကန် ဦးတိုးက မေးမြန်းသည့် မဟာမုနိနှင့် ပတ်သက်သော အိမ်ရှေ့မင်း၏ အမေးပုစ္ဆာအားလုံးကို ဂေါပက ဦးရွှေဖြူက ဤသဗ္ဗဒါနပကာရန ကျမ်းကြီးကို ပိုက်ကာ ဖြေဆိုခဲ့ခြင်းပင် ဖြစ်သည်။ ရမ်းဗြဲဘောင်ကျောင်း ဆရာတော်ကြီးပြုစုရေးသားသည့် ရခိုင်ရာဇဝင်သစ် ကျမ်းတွင် ပါရှိသော မဟာမုနိသမိုင်းခြင်းရာများသည်လည်း ဤကျမ်းမှပင် ထုတ်နုတ်၍ ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

အနောက်တိုင်း ရှေးဟောင်းသုတေသန ပညာရှင်များထဲမှ မဟာမုနိနှင့်ပတ်သက်၍ အစောဆုံးနှင့်အပြည့်စုံဆုံး ရေးသားဖော်ပြခဲ့

သည့် ဒေါက်တာ ဖော့ချမ်းမား၏ စာအုပ်သည်လည်း အဆိုပါ သဗ္ဗဒါန ပကာရကျမ်းကြီးကိုပင် ကိုးကားရေးသားခဲ့ကြောင်း စာရေးသူကိုယ်တိုင်က ဝန်ခံခဲ့ပေသည်။

ဤသို့ သဗ္ဗဒါန ပကာရန ကျမ်းနှင့် အခြားသော ရခိုင်သမိုင်းကျမ်းများတွင် အထက်က ဖော်ပြခဲ့သည့်အတိုင်း စန္ဒသူရိယဘုရင်၏ မဟာမုနိသွန်းလုပ်ခြင်း အခန်းကဏ္ဍကို အကျယ်တဝင့် ဖော်ပြပြီးနောက်တွင် မဟာမြတ်မုနိနှင့်ပတ်သက်၍ ရာစုနှစ်ပေါင်း အတော်ကြာ ဖော်ပြခြင်းမရှိဘဲ ငြိမ်သက်နေခဲ့ပေသည်။

အေဒီ (၁၁) ခုနှစ်တွင် သရေခေတ္တရာပြည်မှ သုပညာနဂရ ဆိန္နမင်းသည် ရခိုင်ပြည်သို့ ရောက်ရှိလာပြီး ရွှေအဆင်းရှိသော မဟာမြတ်မုနိဘုရားကြီးကို ဖူးတွေ့ရကာ အလွန်ကြည်ညိုသဒ္ဓါဖြစ်၍ သုံးနှစ်တိုင်တိုင် မပြန်နိုင်ဘဲရှိခဲ့သည်ဟု ဆိုသည်။[၁]

ထိုမင်းသည် မဟာမြတ်မုနိသိမ်တော်မှ ရုပ်ပွားတော်ကို သရေခေတ္တရာသို့ပင့်ရန် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ချေ။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မှာ ဆတ္တုဖြင့်ပြုလုပ်ထားရှိပြီး အလွန်တောက်ပ ပြောင်လက်သည်။ ထိုင်တော်မူပုံဖြစ်၍ ခြေတစ်ဖက်ကိုယှက်ကာ ဘူမိဖဿ မုဒြာပုံဖြစ်ကြောင်း အဆိုရှိသည်။[၂]

အေဒီ (၂၇၂) ခုနှစ်တွင် နန်းတက်သော သူရိယမင်းသည်လည်း 'သဗ္ဗညုတမြတ်စွာဘုရားကိုယ်စားရုပ်တုတော်ဖြစ်သော မဟာမုနိ ရုပ်ရှင်တော်ကို ရွေးဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကဲ့သို့ အလွန် ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်တော်မူခဲ့သည်' ဟူ၍ ရခိုင်သမိုင်းတို့တွင် ဖော်ပြထားသည်။[၃] သို့ဖြစ်ရာ စန္ဒသူရိယမင်း နှောင်းပိုင်း မင်းများလည်း မဟာမြတ်မုနိဘုရားကို အဆက်မပြတ် ပူဇော်ခဲ့ကြောင်း သိနိုင်ပေသည်။

---

၁။ (က) Chan Gtwan The Mahamuni Shrine in Arakan JBRS
(ခ) ဦးကုလားမဟာရာဇဝင်တော်ကြီး (တ)တွဲ၊ စာ-၁၀၄။
(ဂ) မှန်နန်းရာဇဝင်တော်ကြီး (တ)တွဲ၊ စာ-၁၀၄။

၂။ Captain Legendary History of Burma and Arakan p-13

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း (ပ)၊ စာ-၂၇၉။

## (က) ရခိုင်ဘုရင်အဆက်ဆက် ကောင်းမှုများ

သူရိယမင်းလက်ထက်တွင် သားတော် မဟာတိုင်းစန္ဒြား အိမ်ရှေ့မင်းသည် ခမည်းတော်၏ခွင့်ပြုချက်အရ မဟာမြတ်မုနိသိမ်တော်ကို ဖျက်၍ အသစ်ဆောက်လုပ်ခဲ့သည်။ မဟာမုနိသိမ်တော်ကြီးမပြီးမီ အေဒီ (၃၂၇) ခုနှစ်တွင် ခမည်းတော် နတ်ရွာစံ၍ နန်းတက်ခဲ့သည်။ မဟာတိုင်းစန္ဒြားမင်းကြီးသည် သိမ်တော်ကို နှစ်ကြိမ်ဆောက်လုပ်စဉ် အခါက မျက်နှာကြက်ကို အရုပ်များရေးခြင်းမပြုဘဲ ရွှေအတိချတော်မူသည်။ တံတိုင်းလေးထောင့်၌ ကျေးပင်လေးပင် စိုက်သည်။

ဘုံနန်းပြာသာဒ်ကိုလည်း ကြေးစာဖြင့် လှပစွာ တန်ဆာဆင်ပြုလုပ်သည်။ ပလ္လင်တော်ကို အသစ်တစ်ဖန် ပြုလုပ်လှူဒါန်းတော်မူသည်။ ဗုဒ္ဓကိုယ်စား ရုပ်ပွားတော်ကို တမုတ်ကြိုးဖြင့် မြှင့်တင်ပြီး မိမိသည် တနင်္လာသားဖြစ်၍ ကျောက်ကိုပယ်ကာ နံ့သင့်သော သစ်များဖြင့် ဆောက်လုပ်လှူဒါန်းသည်။ မွန်နှင့် သီဟိုဠ်တို့မှ မထေရ်များလည်း လာရောက်၍ ပူဇော်ကြသည်။ ထိုမင်းကြီးသည် ရုပ်ပွားတော် မဟာမုနိအား ဦးသျှောင်မကိုဋ်ကို ရွှေဖြင့်ပြုလုပ်ပြီး ပတ္တမြားစီလျက် လှူဒါန်းတော်မူသည်။၁

၎င်းနောက် သားတော် သူရိယစန္ဒြား လက်ထက်တွင် ပလ္လင်တော် မီးစွဲလောင်၍ ကျောက်သလင်းအတိဖြင့် အသစ်တစ်ဖန် ပြုပြင်တော်မူသည်။ ဗိသုကာကျမ်းနှင့် ညီစေရန်အတွက် အင်းဟောင်းတို့ကို မချဘဲ အသစ်ချစေပြီး သံဟောင်းကိုဖြတ်ကာ ကျွန်းသစ်ဖြင့် ဇေတဝန်ငါးဆင့် ဆောက်လုပ်တော်မူသည်။ ထုပ်ကို တစ်မိုက်၊ လျှောက်ကို တစ်တောင် ဖြတ်၍ ပြုပြင်သည်။ ဂူကိုလည်း အပြီးပြုလုပ်သည်။ သိမ်ကြီးပြီးစီးပြီးနောက် နတ်တော်လပြည့်နေ့တွင် အလှူပေး ရေစက်ချပွဲတော်သို့ ထီးဖြူဆောင်း မင်းအပေါင်း ငါးဆယ့်သုံးယောက် လာရောက်ကြသည်။ ထိုရောက်လာသော မင်းအပေါင်းတို့အား မဟာတိုင်း စန္ဒြားမင်းကြီးသည် မဟာမုနိသိမ်တော်၏ အရှေ့ဘက် ကွင်းပြင်တွင် မြင်းစီး၍ လှံကစားပြသခဲ့သည်။၂

---

၁။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း (ပ)၊ စာ-၂၈၆။
(ခ) Dr. Forchammer. The Mahamuni Pagoda. P-6.
၂။ ရာဇဝင်ကျောက်ရိုးပေမူ။

ကာလစန္ဒြားမင်း လက်ထက်တွင် ပုဂံဘုရင်သည် လဝကာနှင့် မာမာဇရလုံ ဟူသော မထေရ်နှစ်ဦးကို စေလွှတ်၍ မဟာမုနိဘုရား ပတ်လည်ရှိ အစောင့်အရှောက် အစီအမံထားရှိသော ကျောက် နတ်ရုပ်တုများကို ဗုဒ္ဓရုပ်တုများနှင့် အစားထိုးရန် ဆက်သရန် ပါးခဲ့ သည်။ ဝေသာလီပြည့်ရှင်သည်လည်း ၎င်းကိုငြင်းပယ်ပြီး ဘုရား ရုပ်တုတော်နှစ်ဆူကိုသာ ပြောင်းလဲ ထုလုပ်စေခဲ့သည်။ ယခုအခါ မဟာမုနိကုန်း ဒုတိယ ပစ္စယံ၏ အရှေ့မျက်နှာတွင်ရှိသည်။ ၎င်း ရုပ်တုများမှာ ရှေးရုပ်ဟန်လည်း မပျောက်၊ ဗုဒ္ဓဟန်လည်း မပီပြင် ဘဲ ဗောဓိသတ္တရုပ်အဖြစ်သာသာမျှသာ ဖြစ်သည်။[၁]

အေဒီ (၇၇၆)ပဲဖြူမင်းလက်ထက်တွင် မြောက်ဘက်မှ လူများ ဝင်ရောက်လာပြီး မဟာမုနိကုန်းတော်၏ အရှေ့ဘက်တွင် အခြေချနေ ထိုင်ခဲ့ကြသည်။ ၎င်းနောက် မဟာမုနိပလ္လင်တော် အောက်တွင် စန္ဒ သူရိယဘုရင် မြှုပ်နှံထားခဲ့သောရတနာများကိုတူးဖော်ကြပြီး ဂန္ဓကုဋီ တိုက်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။[၂]

အေဒီ (၉၈၀) တွင် ရခိုင်မြောက်ပိုင်း တောင်တူထပ်သော ဒေသမှလူမျိုးများလာရောက်ပြီး မဟာမုနိကုန်းတော်ကို သိမ်းပိုက်လိုက် ကြသည်။ ၎င်းတို့သည် မဟာမုနိရုပ်ပွားတော်ကြီးကို သူတို့နေရာသို့ ယူဆောင်ရန် ကြိုးစားကြရာ မရရှိ၍ ရွှေငွေရတနာများကို ရထား ပေါ်တွင်တင်ကာ ရုပ်ပွားတော်အား ခုနစ်ရက်တာမျှ ရွှေချကြသည်။ သို့သော်လည်း ရုပ်ပွားတော်မှာ အရည်မပျော်ဘဲ ရှိနှင့်၍ ထားခဲ့ကြ သည်။ဤနည်းဖြင့် ရုပ်ပွားတော်မှာ သုံးနှစ်နှင့်ငါးလတာမျှ ပျောက် ဆုံးနေခဲ့သည်။ ၎င်းနောက် သီဟိုဠ်ဘုရင်သည် အနူပညာသည်များ၊ ဘုန်းတော်ကြီးများ၊ နောက်ပါ အမြောက်အမြား၊ ရတနာများကို ရခိုင်ဘုရင်၏ သဘောတူညီချက်ဖြင့် ပေးပို့ပြီး ယခင်မူအတိုင်း ပြုပြင် ကြလေသည်။ ဂန္ဓကုဋီ အသစ်တစ်ဖန်ဆောက်လုပ်ကြသည်။[၃]

---

၁။ Dr. Forchammer. The Mahamuni Pagoda. P-6.

၂။ (က) Dr. Forchammer. The Mahamuni Pagoda. P-6.
(ခ) ဦးညိုမြ၊ 'ကုန်းဘောင်ရှာပုံတော်'၊ စာ-၁၅၄။
(ဂ) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၃၀၇။
(ဃ) ရခိုင်မင်းသမီး ချောင်း (ဟံသာဝတီမူ) အပိုဒ်-၁၄။

၃။ Chan Htwan Oung, The Mahamuni Shrine in Arakan. JBRS. P-63

အေဒီ(၁၀၄၄)တွင် နန်းတက်သော ပုဂံပြည့်ရှင် အနော်ရထာမင်းစောကိုယ်တိုင် ကြွရောက်ခဲ့ပြီး မဟာမုနိကို ပင့်တော်မူသည်။ ငါ့နောင်တော်မြတ်စွာဘုရား ကြွလာမှငါ့ကိုပင့်၍ရမည်ဟု မင်းကြီးအား အိပ်မက်ပေး၍ မပင့်ဆောင်တော့ပေ။

သိမ်တော်ဟောင်းကိုနုတ်ပယ်၍ တန်ဆောင်းပြာသာဒ် အသစ်ဆောက်လုပ်တော်မူသည်။ ၎င်းနောက် ရွှေ၊ ငွေ၊ ကြေး၊ ဗုဒ္ဓဆင်းတုတော်အများအပြားကို ပင့်ဆောင်၍ ပုဂံသို့ပြန်ခဲ့သည်။[၁]

အနော်ရထာမင်းပြန်သွားပြီးနောက် ရခိုင်ဘုရင်သည် အကာအကွယ်ဝင်းများကို ထပ်မံ၍ ချထားပြန်သည်။ ဤနည်းဖြင့် ရခိုင်ပြည်အား ရန်သူများ ဝင်ရောက် မနှောင့်ယှက်ရအောင် ပြန်လည် စီမံလေသည်။ အေဒီ (၁၀၆၈)ခု နန်းတက်သောရခိုင်ပြည် ပဉ္စာမြို့ရှင် အသင်္ခရာမင်းသည် မဟာမုနိကို ပြင်ဆင်မွမ်းမံခဲ့သည်။ ဘုရင်များတက်ရောက်သော မြောက်ဘက်စောင်းတန်းကို လှပသောဘုံပြာသာဒ်ဖြင့် တန်ဆာဆင်ခဲ့သည်။ ယခုအခါ သစ်သားဖြင့် ပြုလုပ်ထားသော အပေါ်ပိုင်း ပြာသာဒ်မှာ မီးလောင်ပျက်စီးခဲ့ပြီး ဖြစ်သော်လည်း အောက်ခြေရှိ ကျောက်များမှာ တည်ရှိဆဲဖြစ်သည်။[၂]

အေဒီ (၁၁) ရာစု ပဉ္စာမင်းဆက် မင်းဘုန်းသန်လက်ထက်တွင် ပုဂံဘုရင်သည် စစ်သည်ငါးသောင်း၊ မှူးမတ်ငါးရာတို့နှင့် မဟာထေရ်တစ်ဦးကို စေလွှတ်သည်။ စေတုတ္တရာတွင် တပ်ချ၍ ရခိုင်ဘုရင်ထံ သိမ်ဆောက်ရန် ခွင့်ပန်သည်။ မင်းဘုန်းသန်လည်း ခွင့်ပြုတော်မူသည်။ ပုဂံသားတို့သည် မဟာမုနိကုန်းတော်၏အနောက်ဘက်တွင်စခန်းချပြီး ဂန္ဓကုဋီတိုက်အသစ်ပြုလုပ်ကာ အရပ်လေးမျက်နှာတွင် စံကားပင်များ စိုက်ပျိုး၍ ကောင်းမှုပြုကြသည်။ ၎င်းတို့ပြန်သွားပြီးနောက် မင်းဘုန်းသန်သည် အသစ်တစ်ဖန် ဆောက်လုပ်လှူဒါန်းသည်။[၃]

---

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၃၆။

၂။ Dr. Forchammer. Arakan, P-6,

၃။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၁၅
(ခ) Dr. Forchammer, Arakan, P-6.

ကောဇာသက္ကရာဇ် (၄၆၅)ခု၊ အေဒီ (၁၀၀၃)ခုတွင် ရခိုင်မင်းအနွယ်တော် လက်ယာမင်းနန်အား နန်းတင်လာကြသော ပုဂံသားတို့သည် မဟာမုနိကုန်းတော်သို့ ရောက်ရှိလာကြပြီး ရွှေ၊ ငွေ၊ ရတနာအတိဖြင့် ပြီးသော မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရသောအခါ လောဘဇောတက်ပြီး ဘုရားသခင်၏ ဗျာဒိတ်တော်စကားနှင့်အညီ ဝိပါက်တော်ရှိသည်ဖြစ်၍ ဖို့ကျင်တစ်တောင်ထိုးကာ ကျောသားနှင့် ပေါင်တော်ကို ဖဲ့ယူကြသည်။[၁]

ထိုသို့ယူကြပြီးလျှင် လှေဖြင့်တင်၍ စုန်ဆင်းကြလေသော် ရန်းဝသို့ ရောက်လေလျှင် လှေများနစ်၍ သေကျေပျက်စီးကြလေသည်။ လွတ်မြောက်သောသူတို့လည်း နူနာ၊ ဝဲနာ စွဲကြလေသည်။

ဤအကြောင်းကို လွန်ခဲ့သည့် နှစ်ငါးရာကျော်က ရေးသားခဲ့သော ဘဒ္ဒမင်းညို၏ ရခိုင်မင်းသမီး ချောင်းခေါ် မောက်တော် ချောင်း အပိုဒ်(၁၇)တွင် ဤကဲ့သို့ ဖော်ပြထားပေသည်။

> "မောင်နှမရင်း၊ တသားချင်းတို့၊ မင်းမြောက်သောခါ၊ ပါသည်များလှိုင်း၊ တလိုင်းနှင့်ပြု၊ နှစ်ပြည်သူတို့၊ သုံးလူထွတ်ချာ၊မဟာမုနိ၊ တြိနာထော်၊ ရုပ်ရှင်ကျော်ကို၊ပေါင်တော်ကျော့သား၊ ယူသောအားဖြင့်၊နဂါးလည်းနှစ် ပြန်ရစ်သောအခါ၊ ပြည်ရွာလည်းပျက်၊ ခုထက်တိုင်ပင်၊ နူဝဲဖျင်လျက်၊ ရှင်ပင်ပြစ်ကြောင့်၊ ဖြစ်သတည်းဟု၊ သည်းသျှင်နှမ၊ နားတော်ခလေ့"[၂]

သို့ဖြင့် ရခိုင်ပြည်တွင် မဟာမုနိ ဘုရားကြီးမှာ လက်ယာမင်းနန်၊မင်းသီဟရာဇာကြီး၊ သကျဝန်ကြီး၊ သကျဝန်ငယ်၊ ကောလိယမင်း ခြောက်ဆက်တာမျှ ကွယ်ပျောက်နေခဲ့သည်။ တိုင်းရေး ပြည်ရေး မငြိမ်သက်၍လည်း ဘာသာရေးဘက်၌ အားနည်းခဲ့ဟန် တူသည်။ အေဒီ(၁၁၂၃)ခုတွင် ပူရိမ်မြို့တော်၌ ဒဿရာဇာဘုရင် ဖြစ်လာပြီး

---

၁။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပ-တွဲ၊ စာ-၃၂၃။
 (ခ) San Shwe Bu.The Story of Mahamuni, JBRS, P-226.

၂။ ရခိုင်မင်းသမီးချောင်း 'ဟံသာဝတီ'၊ အပိုဒ်-၁၇။

နောက် ၎င်း၏ဘုန်းတန်ခိုးအာနုဘော်ကြောင့် တိုင်းပြည် **အေးချမ်း** သာယာခဲ့သည်။

၎င်းနောက် ဒသရာဇာဘုရင်သည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်မှစ၍ အိမ်နီးချင်းတိုင်းပြည်များသို့ တိုင်အောင် ဘုန်းတန်ခိုးကြီးမား ကျော်စောခဲ့သော မဟာမုနိရုပ်ပွား တော်ကို ဖူးတွေ့လိုသောစိတ်ဆန္ဒ ပြင်းပြခဲ့လေသည်။ မဟာမုနိ ရှင်တော်မြတ်၏ မူလနေရာမှာ ဓညဝတီမြို့တော်ဟောင်း၏ အရှေ့ ဘက်သီရိဂုတ်တောင် သိမ်တော်အတွင်းဖြစ်၍ ဒသရာဇာစိုးစံရာ လေးမြို့မြစ်ကမ်းနံဘေးရှိ ပုရိမ်မြို့နှင့်အဘော်ပင် အလှမ်းဝေးခဲ့ပြီး ဖြစ်သည်။ ဓညဝတီ၊ ဝေသာလီ၊ ပဉ္စာ၊ စမ္ဘဝက်၊ ပုရိမ်စသည်ဖြင့် ခေတ် အဆက်ဆက် မြို့အဆက်ဆက်လည်း ပြောင်းလဲခဲ့ပြီး ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

ဒသရာဇာမင်းသည် မှူးမတ်ပညာရှိတို့အား မဟာမုနိရုပ်ရှင် တော်ကို မူလနေရာ သီရိဂုတ်တောင်ပေါ်တွင် ကြည့်ရှုစေရာ မတွေ့ ရ၍ သုံးသိန်းသော လူသူတို့ကို ဆုလာဘ်များစွာပေး၍ ရှာဖွေ စေပြန်သည်။ ၎င်းတို့လည်း မတွေ့ရကြောင်း လျှောက်ထားကြပြန် သည်။ မင်းကြီးလည်း မတတ်သာသည့်အဆုံးတွင် ပတ္တမြားလက်စွပ် နှင့် ရွှေ၊ ငွေ၊ ရတနာတို့ကိုပေး၍ တောင်ဖျား၊ ချောင်းဖျားတွင် နေထိုင်ကြသော မြို့၊ ခမွီးလူမျိုးတို့အား ထပ်မံရှာဖွေစေပြန်သည်။ နောက်ဆုံးတွင် မြို့သင်းကြီး ရဟောင်လာနှင့် အပေါင်လာဆိုသူတို့၏ အကူအညီဖြင့် ချောင်းဖျားငယ်တစ်ခုတွင် မဟာမုနိရုပ်ရှင်တော်ကို လည်တော်တိုင်မြေမြုပ်၍ တွေ့ရှိရကြောင်း သတင်းရရှိခဲ့လေသည်။ [၁]

ဒသရာဇာဘုရင်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိဖုရား၊ မှူးမတ်၊ ပညာရှိ၊ အခြွေအရံများ၊ ပြည်သူပြည်သားများစွာ စုရုံးပြီး ရဟောင်လာ အပေါင်လာ မြို့ခေါင်းဆောင်နှစ်ဦး၏ လမ်းညွှန်မှု ဖြင့် ချောင်းဖျားမြစ်ညာပိုင်းထိ တက်၍ ဖူးမြော်ပင့်ဆောင်ကြလေ သည်။ ဝါးချောင်းဖျားငယ်သို့ ရောက်သောအခါ လည်တော်တိုင်

---

၁။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၃၂၃။
(ခ) U San Shwe Bu. The Story of Mahamuni, JBRS. p 226.

မြေမြုပ်၍ စောင်းနေသော ရုပ်ပွားတော်ကို တွေ့မြင်ရလေသည်။ ရုပ်တုတော်မဟာမုနိအား ပန်း၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်ကန်တော့ကြပြီး မြေမှုန့်အညစ်အကြေးများကို ဖယ်ရှင်းသုတ်သင်ကာ တူးဖော်ကြလေသည်။ ရုပ်တုတော်ကြီး၏ ယာဘက်လက် ပြတ်လျက်ရှိပြီး နောက်ကျောသားမှာ ဟင်းလင်းပေါက် ပျက်စီးလျက် တွေ့ရသည်။ ၁

လည်တော်တိုင် မြေမြုပ်၍ တောထဲ ရောက်နေစဥ်ကာလ ထိုဒေသအနီးအပါးမှ လူရိုင်းများက မိုးကောင်းနတ်ကြီးဟု ခေါ်ဆိုကြသည်။ မဟာမုနိရုပ်ပွားတော်ကြီးအား ရထားပေါ်တွင် တင်ထား၍ တစ်မျိုး၊ ဖောင်ဖြင့် တင်၍ တစ်ဖုံ သယ်ဆောင်ကြပြီး ဓညဝတီမြို့တော်ဟောင်း တောင်ဘက် ကတညုတတောင်တွင် တည်ထားကိုးကွယ်ထားလေသည်။ ၂

ထိုကတညုတတောင်ကို လေးထောင့်စတုရန်းတူး၍ ကျောက်သတ်ပြီးသော် ထိုအတွင်းဝယ် သာကီဝင်မင်းပေါင်း ရှစ်သောင်းနှင့် တစ်ရာ့တစ်ပါးသော မင်းတို့၏ ရုပ်တုတော်များကို မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ထည့်စေသည်။ ၎င်းနောက်မှ ကျောက်ဖြင့် လုံစွာပိတ်ကာ ပလ္လင်တော်နှင့် တန်ဆောင်း၊ ပြဿာဒ်များကို စီရင်တော် မူသည်။

ထိုသို့စီရင်ရာတွင် အရှေ့အရပ်ကို အန်း၊ ပေါင်၊ မိုးညှင်း၊ ကလေး၊ မိုးကောင်းမင်းတို့က လည်းကောင်း၊ တောင်မျက်နှာကို မွန်၊ ရှမ်း၊ ယိုးဒယား၊ လင်းဇင်းမင်းတို့က လည်းကောင်း၊ အနောက်

---

၁။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၃၀။
(ခ) U San Shwe Bu. The Story of Mahamuni, JBRS. p 227.
(ဂ) Dr. Forchammer. The Mahamuni Shrine, p-6.

၂။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၁၂၉-၁၃၁။
(ခ) ဓညဝတီရာဇဝင်သစ်၊ စာ-၁၀၀။
(ဂ) U San Shwe Bu. The Story of Mahamuni. p-227-228.
(ဃ) Dr Forchammer The Mahamuni Shrine in Arakan. p-265.

မျက်နှာကို သူရကန်၊ သက်၊ ကျေးမင်းတို့ ကလည်းကောင်း၊ မြောက်ဘက် မျက်နှာကို မြို့မင်း၊ သက်မင်း၊ ကန်ထုပ်မင်း၊ ဟစ်ရုံမင်းတို့က လည်းကောင်း တာဝန်ယူ၍ ကုသိုလ်ပြုဆောက်လုပ်ကြသည်။ ထိုမင်းများသည် အညီအညွတ်တာဝန်ခံ၍ ခုနစ်ရက်အတွင်းပြီးမြောက်ခြင်းသို့ ရောက်လေသည်။

ခပ်သိမ်းသောရန်အပေါင်းမှ ကင်းဝေးစေရန်အတွက် စံကားပင်များကို နံသင့်သူ ဆရာက စိုက်စေသည်။ ဆေးစီရင်စေသည်။ ဟူးရားရှစ်ယောက်တို့၏ အမည်ကား အရှေ့ဘက်က ဆရာက ဆရာဝက်ချေ၊ အရှေ့တောင်ထောင့်က ဆရာကား င/ရွှေတောင်၊ တောင်ဘက်ဆရာကား င/သစ်ကိုင်း၊ အနောက်တောင်ထောင့် ဆရာကား င/စစ်ရစ်၊ အနောက်တောင်ဘက် ဆရာကား ဥက္ကလတိုင်း၊ အနောက်မြောက်ထောင့် ဆရာကား င/ပင်၊ မြောက်ကဆရာကား င/ဖြူစင်၊ အရှေ့မြောက်ထောင့်ဆရာကား ရှစ်လှတို့ဖြစ်သည်။ ထိုသို့ စီရင်ပြီးသော် စန္ဒသူရိယမင်းကြီး မြှုပ်နှံထားခဲ့သော ပလ္လင်အောက်မှ ရွှေ၊ ငွေတို့ကို ထုတ်ယူစေပြီး ကတညုတတောင်၏ အရှေ့မြောက်ထောင့် အရပ်တွင်မြှုပ်ပြီးသော် လူရှင်တစ်ထောင်ပင့် မနိုင်သော ကျောက်ဖျာဖြင့် ဖုံးပိတ်ထားလေသည်။

ရုပ်ပွားတော်ကို နဝရတ်ကိုးပါးဖြင့် စီခြယ်သော ပလ္လင်တော်ထက်သို့တင်ပြီး အရံကျောင်းတစ်ရာ ဆောက်လုပ်တော်မူသည်။ ခေါင်းဆေးတော်ကန်၊ လက်ဆေးတော်ကန်၊ မဟာရံတံတိုင်း သုံးထပ်၊ တံတားလေးရပ်၊ မျက်နှာတော်သုတ်၊ တံခွန်ဆွဲ၊ တံမြက်ခတ်၊ ကျီးနှင့်စာခြောက်၊ မြက်နုတ်အဖြစ် ပြူတစ်ထောင်၊ မွန်ငါးရာ၊ ကုလားတစ်ထောင်၊ မြို့ငါးရာ၊ ချင်းငါးရာတို့ကို အသီးသီး စားမြေ၊ နေမြေပေး၍ မော်ကွန်းကျောက်စာထိုးစေတော်မူသည်။[၁]

---

၁။ (က) ဓညဝတီရာဇဝင်သစ်၊ စာ-၁၁၈။
(ခ) စကားပြေရာဇဝင်ပေမူ၊ (၉) ချပ်။
(ဂ) ဆရာ င/မည်း ရာဇဝင်နှင့် ရှေးဟောင်းရာဇဝင်ပေမူ (လက်ရေး)

ဒသရာဇာမင်းလက်ထက် မဟာမုနိရုပ်ပွားတော်ကို ပြန်လည်ရှာဖွေခြင်းနှင့်ပတ်သက်၍ မှုကွဲများရှိသည်။ ဒသရာဇာမင်း ဘိသိက်ခံပြီး ငါးလအကြာတွင် ပျားအုံကြီးတစ်အုံသည် အနောက်အရပ်က ပျံလာပြီး ရာဇပလ္လင်၏ မြောက်ဘက်နားတွင် လာ၍စွဲလေသည်။ ထိုပျားရည် ရင့်လတ်သော် အရဉ်တို့ကိုထားခဲ့၍ မြောက်အရပ်သို့ပျံလေလျှင် ထိုပျားတို့ပျံသည့်အရပ်ကိုနိမိတ်ယူ၍ မောက်သူဇာမြို့စား ကစိကျော် လျှောက်သည်ကား....

ပျားတို့သည် ပန်းပွင့်ဖတ်၌ရှိသော အချိုအရသာကို ဆောင်ယူဆက်သ၍ မြောက်သို့ပျံလေသည်မှာ ပျားညွှန်ရာအရပ်၌ ကွယ်ပျောက်နေသော ရုပ်ရှင်တော်မဟာမုနိရှိမည် အမှန်ဖြစ်ပါသည်ဟူ၏။ပြည့်ရှင်မင်းလည်း အမတ်ကြီးဆက်ကဲနှင့် ထားပိုင်ကြီး နှစ်ယောက် စေတော်မူ၍ ရှာစေသော် ရုပ်ရှင်တော်မဟာမုနိကိုတွေ့ရှိ၍ ပင့်ဆောင်ယူခဲ့ပြီး စန္ဒသူရိယမင်း ကိုးကွယ်တော်မူခဲ့ရင်းသောအရပ် ကတည[ုတတောင်တွင် တည်ထားကိုးကွယ်တော်မူသည်။[၁]

ထို ဒသရာဇာမင်းကြီး သက်တော် (၃၁)နှစ် ရောက်သောအခါ မဟာမုနိဘုရားမှာ ချွေးထွက်ခြင်း၊ အချိန်ခါမဲ့ မိုးရွာခြင်း၊ မြစ်ရေကြီးခြင်း၊ နန်းတော်ကို မိုးကြိုးခခြင်းများ ဖြစ်ပေါ်ခဲ့သည်။[၂]

နေရဉ္စရမြို့ဟောင်း တောင်ငူမင်းဆက် နောက်ဆုံးမင်း ဖြစ်သော င-နှလုံးမင်း အေဒီ (၁၂၄၆-၁၂၅၀) လက်ထက်တွင် မုန်တိုင်းကြီးထရာ မဟာမုနိသိမ်တော်ကြီး ပြိုလေသည်။ မင်းကြီးက ရှေးမူအတိုင်းပြန်ဆောက်လေရာ ပြီးစီးပြီးမှ ထပ်မံ လေ့ပြင်းကျ၍ ပြိုပြန်သည်။ ဤနည်းဖြင့် သုံးကြိမ်ပြိုကျသည်။ လေးကြိမ်မြောက်တွင် ရှေးဘိုးဘေးစဉ်ဆက် ဆောက်လုပ်သောအခါမှ ခိုင်ခံ့မြဲမြံလေသည်။ တွင်းရာဟောင်းသည် တစ်ဆယ့်နှစ်တောင်နက်လေသည်။ ထိုတွင်းထဲသို့

---

၁။ ရခိုင်ဆရာတော်၊ ဥညဝတီ အရေးတော်ပုံကျမ်း၊ ရန်ကုန်၊ နန်းမြင့် စာပေ-၂ဂ။
၂။ ရခိုင်ရာဇဝင်သစ်၊ စာ-၃၄၃။

အသည့်တိုင်စိုက်ခြင်းဖြစ်သည်။ ရုက္ခမည်သော အမတ်တစ်ဦးကို လူတစ်ရာဖြင့် ဆွမ်းတင်ထားခဲ့သည်။[၁]

အေဒီ (၁၂၅၀)တွင် နန်းတက်သော လောင်းကြက်မင်းဆက်ကို စတင်သူ အလောမာဖြူမင်းလက်ထက်တွင်လည်း မဟာမုနိ သိမ်တော်ကြီးကို အသစ်တစ်ဖန် ဆောက်လုပ်ခဲ့လေသည်။ ၎င်းနောက် အေဒီ (၁၃၅၄)ခုနှစ်တွင် ပျက်ရပြန်သည်။[၂]

အေဒီ (၁၄၃၀) ခုနှစ်တွင် မင်းစောမွန်သည် မြောက်ဦးမြို့ကို တည်ထောင်ပြီးနောက် မြို့တော်နှင့် မဟာမုနိဘုရားမြေကိုလမ်းဖောက်လုပ်ခဲ့သည်။ ပုံမှန် ဘုရားဖူးလမ်းအဖြစ် စတင်ခဲ့ခြင်းဖြစ်ရာ လမ်းခရီးတစ်ဖက်တစ်ချက်၌ ရေတွင်း၊ ရေကန်၊ ဇရပ်များကိုပါ ထားရှိလှူဒါန်းခဲ့သည်။ နောင်တွင် မင်းဗာကြီး၏သမီးတော် ပိုးဝါမင်းသမီးလည်း ဤလမ်းကိုအသုံးပြု၍ မဟာမုနိရှင်တော်မြတ်ထံ ကောက်ဦးဆွမ်းတင်ခဲ့သည်ဟု အဆိုရှိလေသည်။

အေဒီ (၁၄၃၈) ခုနှစ်တွင် မင်းခရီသည် ပိဋကတ်တော်များကို သီဟိုဠ်မှ ကူးယူ၍ မဟာမုနိဘုရားရှိ ပိဋကတ်တိုက်နှင့် မထေရ်တို့ထံ လှူတော်မူသည်။ အေဒီ (၁၅၃၆) ခုနှစ်တွင် မင်းပင်ခေါ် မင်းဗာကြီးသည် မူလမဟာမုနိနှင့် သဏ္ဍာန်တူ ရုပ်ပွားတော်များ မြောက်မြားစွာ ထုလုပ်ပြီး ရခိုင်ပြည်အနှံ့ စေတီပုထိုးများ၌ ကိုးကွယ်စေခဲ့သည်။

အေဒီ (၁၅၉၃) ခုတွင် နန်းတက်သော မင်းဗာကြီး၏ မြေးမင်းရာဇာကြီး လက်ထက်တွင် ဘေးလောင်းတော် ဒဿရာဇာ တည်ထားခဲ့သော သိမ်တော်ဟောင်းကို အသစ်ထပ်မံ၍ ကောင်းမွန်စွာ ဆောက်လုပ်သည်။ မြန်မာနိုင်ငံအဝန်းမှ သံဃာတော် အရှင်မြတ်တို့အား ပင့်ဖိတ်၍ ပဉ္စင်းတစ်ထောင် ခံယူတော်မူသည်။[၃]

---

၁။ (က) မညဝတီရာဇဝင်သစ်၊ စာ-၁၂၀။
(ခ) ရခိုင်ရာဇဝင် စကားပြေ (ပေမူ)၊ 'ဇော'ချပ်။

၂။ (က) Dr. Forchammer. The Mahamuni Pagoda, P 6.
(ခ) ဦးညိုမြ၊ ကုန်းဘောင်ရှာပုံတော်၊ မဟာမုနိသမိုင်းတော်၊ စာ-၁၅၅။

၃။ "ရခိုင်ရာဇဝင်စကားပြေ"၊ (ပေမူ) "လော" ချပ်။

အေဒီ (၁၆၅) ခုနှစ်တွင် နန်းတက်သော စန္ဒသုဓမ္မရာဇာ မင်းလက်ထက် ကောဇာသက္ကရာဇ် ၁၀၁၉ ခုနှစ်၊ နတ်တော်လတွင် ဝင်မနားကျီတော်နှင့် မဟာမုနိသိမ်တော်ကြီးကို မီးစွဲလောင်ခဲ့သည်။

စန္ဒသုဓမ္မရာဇာမင်းကြီးသည် မှူးမတ်များနှင့်တိုင်ပင်၍ ကောင်းစွာသော သစ်များကို ဆောင်ယူစေပြီး ကောဇာသက္ကရာဇ် ၁၀၂၀ ပြည့်နှစ်၊တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် မဟာမုနိ သိမ်တော်ကြီးကိုစတင်တည်ဆောက်ခဲ့ရာ ထိုနှစ်တွင်ပင် ပြီးမြောက်ခဲ့၍ ရေစက်ချလှူဒါန်းခဲ့လေသည်။

ကောဇာ ၁၀၃၃ ခု၊ နယုန်လတွင် ရွှေနန်းအရှေ့ဘက် တံခါးထွက်မှ မဟာမုနိသိမ်တော်အရောက် ဆည်ဖို့တော်မူသည်။ ၎င်းနောက် သားတော် ဥဂ္ဂါဗလသည် အေဒီ (၁၆၇၄)တွင် နန်းတက်ခဲ့သည်။ ထိုနှစ် ပြာသိုလတွင် မဟာမုနိဘုရားသို့ ဘုရားဖူးကြွတော်မူပြီး မှူးမတ်ပြည်သူများအား မဟာမုနိဘုရားရှေ့တွင် သစ္စာရည်တိုက်တော်မူသည်။

အေဒီ (၁၆၈၅) ခုနှစ်တွင် နန်းတက်သော ဝရဓမ္မရာဇာ လက်ထက်တွင် သာသနာတော်စည်ပင်လာ၍ မဟာမုနိဘုရားကြီး၏ ဝန်းကျင်တွင် ဘုန်းကြီးကျောင်းများနှင့် ရဟန်းခံ (ဥပ္ပသံပဒသိမ) ဆောက်လုပ်လှူဒါန်းခဲ့သည်။ တစ်နှစ်အတွင်း သံဃာရှစ်ထောင် ရဟန်းပြုနိုင်သည်။[၂]

၎င်းနောက် ဆက်ခံသောမင်းများမှာ အရည်အချင်းညံ့ဖျင်းကြပြီး မြောက်ဦးရွှေနန်းတော်အား ကိုယ်ရံတော်များကသာ ကြီးစိုးခဲ့ကြလေသည်။ ပြည့်ရှင်မင်းကိုပင် ၎င်းတို့အလိုကျ နန်းတင် နန်းချ ပြုလုပ်ကြသည်။ ၎င်းနောက် အင်းဝပြည့်ရှင် သီရိမဟာသူရဓမ္မရာဇာ အမည်ရှိသော မင်းက အေဒီ (၁၇၀၀) ခုနှစ်၊ ဝါကျွတ်လတွင် ဝေလုသာရ စန္ဒကရာဇာတို့ကို တမန်စေလွှတ်၍ "ရခိုင်ပြည်တွင် မင်းမရှိ"ကြားသိရ၍ မဟာမုနိဘုရားကြီးသိမ်တော်ကိုပါ ဆောက်လုပ်တော်မူရန် စုံစမ်းမေးမြန်းခဲ့ရလေသည်။ ရခိုင်ဘုရင်က ငြင်းဆန်ခဲ့လေသည်။[၃]

---

၁။ "ရခိုင်ရာဇဝင်သစ်ကျမ်း"၊ စာ-၂၄၁။

၂။ ဦးညိုမြ၊ မဟာမုနိသမိုင်းတော်၊ စာ-၁၅၅။

၃။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၂၄၃။

အေဒီ (၁၇၁၈) ခုနှစ်တွင် ရတနာဗိမာန် ရွှေနန်းတော်ကို ဆောက်လုပ်တော်မူပြီး မဟာမုနိသိမ်တော်ကြီးနှင့် တကွသော သိမ်ပေါင်း ရှစ်ရာ၊ ကျောင်းပေါင်း ရှစ်ရာတို့ကို ကုသိုလ်ပြုတော်မူသည်။ ပေပင်ရှစ်ရာ စိုက်ပျိုးသည်။ ထိုကျောင်းရှစ်ရာတို့တွင်လည်း သီလဝန်၊ ဂုဏဝန် မထေရ်၊ ကျောင်းနှင့်တကွ ကျွန် ငါးယောက်ကျစီ လှူသည်။ "သံဃိကကျွန်"ဟု ခေါ်စေသည်။ မထေရ်များ သုံးဆောင်ရန် ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်းဝတ္ထုတို့ကိုလည်း လှူဒါန်းတော်မူသည်။[၁]

အေဒီ (၁၇၆၄)ခု၊ ကောဇာသက္ကရာဇ် ၁၁၂၆ ခု၊ ကဆုန်လဆန်း တစ်ရက်၊ အင်္ဂါနေ့တွင် ရမ်းပြဲသံတောင်စားသည် အဘယမရာဇာဟူသောဘွဲ့ဖြင့် နန်းတက်သည်။ ထိုနှစ်ပြာသိုလတွင် မဟာမုနိသိမ်တော်ကြီးအား မီးစွဲလောင်၍ ရစိုးသား * ကို တိုင်ပြုလုပ်၍ ယာယီသိမ် ဆောက်တော်မူသည်။ အခိုင်အခံ့ သိမ်ဆောက်လုပ်ရန်အတွက် ညီတော် ရမ်းပြည့်စား ချစ်သူအား တာဝန်ပေးအပ်ခဲ့သည်။

ညီတော် ရမ်းပြည့်စားချစ်သူသည် တောင်စဉ်တန်း လမုအရပ်သို့ သွားရောက်၍ သစ်များကိုစုရုံးထားပြီးလျှင် လက်ဝဲမြန်မြဖော်ရွှေကို ရွှေမြို့တော်အရောက်ယူစေသည်။ မဟာမုနိသိမ်တော်ဆောက်ရာတွင် အမတ်တော်သား စရံဖြေသည် မီးလောင်ငုတ်များကို ဖော်နုတ်၍ တွင်းခုနစ်တောင် နက်အောင်တူးကာ သက္ကရာဇ် ၁၁၂၇-ခု၊ ပြာသိုလဆန်း ၃-ရက်၊ သောကြာနေ့နံနက်တက်နေ ငါးနာရီ ခနုလဂ်၊ မကာရ၊ စန်းလဂ်စီး၍ မဟာမုနိသိမ်တော်ကို ဆောက်တော်မူသည်။

သိမ်တော်၏ ပရိစ္ဆေဒကား အလျား သံတောင် ခုနစ်ဆယ်၊ အနံ သံတောင်ငါးဆယ်၊ အစောက်အမြင့် သံတောင်ရှစ်ဆယ်ရှိသည်။ ဇေတဝန်ဘုံငါးဆင့်၊ နီပန်းအခြင်စွန်း အတောင်သုံးဆယ် မြင့်သည်။

---

၁။ (က) ရခိုင်ရာဇဝင်စကားပြေ၊ (ပေမူ) "တော်" ချုပ်။
(ခ) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၂၄၄။
(ဂ) ဓညဝတီရာဇဝင်သစ်၊ စာ-၂၇၇။
* ရစိုးသစ်မှာ ဒီရောက်တောတွင်ပေါက်ရောက်သော ခိုင်ခံ့ဖြောင့်တန်းသည့် သစ်အမျိုးအစား ဖြစ်သည်။

အသည်တိုင် (ထောက်တိုင်) ဘုံငါးဆင့်နှင့် တန်ဆောင်းတော်ကြီးမှာ ၁၀၇ တောင်ရှိသည်။ သိကြားမင်းနေသော ဝေဇယန္တာ ပြာသာဒ်နှင့် မခြားတူသောကြောင့် ဝေဇယန္တာ မည်သည်။

ဒုတိယဘုံဆင့်၏အမည်ကား ရွှေဥဒေါင်းနှစ်ကောင် က,နေသော ပုံဟန်ကဲ့သို့ ပြုလုပ်ထားသောကြောင့် သုဝဏ္ဏမေရတုံ မည်သည်။

တတိယဘုံဆင့် အမည်ကား ရွှေဟင်္သာတို့သည် အဖော်အပေါင်းနှင့် မြူးပျော်ပျံဝဲနေသောဟန်ကဲ့သို့ပြုလုပ်ထားသောကြောင့် သုဝဏ္ဏဟံသတုံ မည်သည်။

စတုတ္ထဘုံဆင့်၏အမည်ကား တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်းသည် ရွှေဂူမှထွက်၍ ဟိန်းဟောက်ဟန် ပြုလုပ်ထား၍ သုဝဏ္ဏကေသရံ မည်သည်။

ပဥ္စမဘုံဆင့်၏အမည်ကား ရွှေပန်းဆိုင်, ငွေပန်းဆိုင်တို့ဖြင့် အဆင့်အတယ် အပြေအပြစ်ပြုလုပ်ထားသောကြောင့် သုဝဏ္ဏပုပ္ဖဒါမ ဘုံမည်သည်။

ထို ဘုံအဆင့်တို့၏ ထွင့်ဖူး၌ အရိုးကား စိန်၊ ပွင့်ချပ်ကား ပတ္တမြား၊ အဖူးကား မြ၊ကြာပွင့်သဖွယ် ပြုလုပ်စီရင်ထားသည်။ ဘုံဆင့်၏ အနားအရစ်တို့တွင်လည်းရွှေခြူပန်း၊ ငွေခြူပန်း၊ ရွှေခြူ၊ ငွေခြူ၊ ရွှေဆွဲလွဲ ငွေဆွဲလွဲစသည်ဖြင့် သာယာနာပျော်ဖွယ်ရှိလှသည်။သိမ်တော်၏ ထွင့်ဖူးကို နေရောင်ဟပ်သည့်ရှိသော် အရပ်လေးမျက်နှာ တောက်လောင်ခမန်းရှိသည်။ ဘုံအဆင့်၏ တင့်တယ်ဆန်းကြယ်ပုံမှာ အံ့အားသရဲ ရှုမကောင်းဖွယ် ဖြစ်လေသည်။

သိမ်တော်၏ ပရိစ္ဆေဒဖြစ်သော ထောင့်လေးထောင့်၌ တစ်ထောင့်လျှင် ကမ္ဗာစောင့်နတ်ကြီး တစ်ပါးကျစီနှင့် သိမ်တော်၏ တံခါးဝင်ဝနှစ်ပေါက်၌ တစ်ပေါက်လျှင် သိကြားမင်း ရေစင်သွန်းချ ရုပ်နှစ်ရုပ်ကျစီရှိသည်။ သိမ်တော်၏တံတိုင်း အတွင်း၌လည်း အထူးထူးသော ရုပ်လုံးရုပ်ကြွ များစွာရှိလေသည်။

အဘယမဟာရာဇာ မင်းကြီးလည်း မျောက်သားတော် မိဖုရား အစရှိသော သားတော်အိမ်ရှေ့မင်း၊မှူးမတ်ပြည်သူအပေါင်း ခြံရံလျက် ဓညဝတီမြို့ဟောင်းသို့ ရွှေဖောင်စီး၍ ကြွတော်မူသည်။ ရောက်တော်

မူလေလျှင် မင်္ဂလာနန်းတော်သို့တက်တော်မူသည်။ ရုပ်တုတော် မဟာမုနိကို ပူဇော်ကန်တော့ပြီးမှ ကြီးစွာသောသဘင်ကို စီရင်တော့်မူ၍ အလှူကြီးပေးပြီးမှ ရွှေနန်းတော်သို့ ပြန်ခဲ့လေသည်။[၁]

အေဒီ (၁၇၆၁) ခုနှစ်တွင် လျှော်ပြင်းထန်စွာလှုပ်ခြင်းကြောင့် မဟာမုနိသိမ်တော်ကြီး၏ အမိုးများ၊ ပစ္စယံတံတိုင်းများ ပြိုလဲပျက်စီးခဲ့ရလေသည်။ရခိုင်ဘုရင် စန္ဒသုမနရာဇာလက်ထက် အေဒီ(၁၇၇၄)ခု၊ သက္ကရာဇ် ၁၁၃၆ ခု၊ တော်သလင်းလဆန်း ၈-ရက်၊ စနေနေ့တွင် အရှေ့ပြည်အင်းဝဘုရင် ဆင်ဖြူရှင်ကသူရိန်စက္ကဟူသော သံတမန်ကို စေလွှတ်ခဲ့သည်။ ထိုသဝဏ်တွင် မဟာမုနိ ကမ္ပည်းနာမံတော်ရှိသော သဗ္ဗညုဘုရားသခင် ရုပ်တုတော်ကို ပူဇော်တော်မူရန် ရွှေထီးနှစ်၊ ငွေထီးသုံး၊ရွှေတံခွန်နှစ်၊ ငွေတံခွန်သုံး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ရုပ်တုတော်ကို ရွှေသင်္ကန်းကပ်လှူရန် ရွှေဆိုင်းသုံးဆယ်တို့ကိုပေးအပ်လိုက်သည်။

အလှူတော်ကို ကောင်းမွန်စွာ တင်လှူပူဇော်စေရမည်ဟု ပါရှိလေသည်။အေဒီ (၁၇၇၄)ခု၊ ကောဇာ ၁၁၃၆-ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်၊ စနေနေ့တွင် သူရိန်စက္ကသံအဖွဲ့ ရောက်လာပြီးနောက် ရခိုင်ဘုရင် စန္ဒသုမနရာဇာမင်းလည်း ပြင်အမတ်ဇေယျဘဒြစည်သူကျော်ထင်ကို သဝဏ်ပြန်စေသည်။ ထိုသဝဏ်တွင်လည်း မဟာမုနိနှင့်ပတ်သက်၍ ဂုဏ်ယူကြောင်း အဝရှင်ဘုရင်၏ ကုသိုလ်ဒါနကို ချီးကျူးကြောင်း ဖော်ပြထားသည်။

ရခိုင်ရွှေပြည့်ရှင်ကို မင်း၏ ထီးနန်းမြို့ပြနှင့် ပြုစုတော်မူသည်ဟူရာ၌ကား ရှေးဆေးလောင်းတော် မဟာစန္ဒသူရိယမင်း လက်ထက်တော်၌ ငါတို့ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဓညဝတီ ရခိုင်ပြည်သို့ ဝါတော် ၂၀-မြောက်တွင် တပည့်သံဃာတော် ငါးရာနှင့်ကြွလာတော်မူပြီးလျှင် သေလာဂီရိကျောက်တော်တောင်၌ သီတင်းသုံးတော်မူလာ၍ မဟာစန္ဒသူရိယမင်း ပင့်ဖိတ် တောင်းပန်အပ်သည်ဖြစ်၍ ရုပ်ရှင်တော် မဟာမုနိကို သိကြား၊ ဗြဟ္မာ၊ ဝိသကြုံနတ်သား၊

---

၁။ (က) ရခိုင်ရာဇဝင်သစ်ကျမ်း၊ စာ-၂၇၀
(ခ) ရခိုင်ရာဇဝင်စကားပြေ။ (ပေမူ) 'ထံ' ချုပ်။

နဂါး၊ ဂဠုန်၊ ကုမ္ဘဏ် အပေါင်းနှင့် စုဆောင်းရုံ၀န်း၍ သွန်းလုပ်တော်မူသောအခါသည် ဇမ္ဗူဒီပါကျွန်း အပြင်၌ တစ်ရာတစ်ယောက်သော မင်းအပေါင်းတို့သည် ခညွတ်ကျိုးနွံလာကုန်သည်သာ၊ ရခိုင် ရွှေပြည်တော်ကြီးလည်း သဗ္ဗညုမြတ်စွာဘုရားသခင် ထင်ရှားရှိတော်မူစဉ်ကပင် သာသနာတော် တည်ထွန်းရာလည်း ဖြစ်ပေသည်။[၁]

ဤကား စန္ဒသုမနရာဇာ လက်ထက် မဟာမုနိနှင့် ပတ်သက်သော အင်းဝပြည်မှ ကုသိုလ်ကောင်းမှုတစ်ခုပင် ဖြစ်သည်။

၎င်းနောက် ဆက်ခံသော စန္ဒဝိမလရာဇာ အေဒီ (၁၇၇၇) ခု၊ (ရက် ၄၀-မျှ) စန္ဒသတိသရာဇာ ၄အေဒီ ၁၇၇၇-လက်ထက်တို့တွင် နန်းတွင်းပုန်ကန်မှုများကြောင့် တိုင်းပြည် မငြိမ်မသက်ဖြစ်ခဲ့ရသည်။ အဘက်ဘက်မှ လာသော အဖျက်အဆီးများကြောင့် သာသနာရေးဘက်သို့ ဦးမလှည့်နိုင်ခဲ့ချေ။

အေဒီ (၁၇၈၂) ခု၊ ကောဇာသက္ကရာဇ် ၁၁၄၄-ခုတွင် နန်းတက်သော မဟာသမတရာဇာလက်ထက်တွင် မဟာမုနိဘုရားကြီးတွင် ထူးခြားသော အတိတ်နိမိတ်များ ပြလေသည်။ ရှင်ယောင်နှစ်ဦးတို့ကလည်း ရှေးမင်းအဆက်ဆက် ရေစက်သွန်းချခဲ့သော ဝသုန္ဒြေရေတွင်းကို ညစ်ညမ်းမှုပြုလေသည်။ ၁၁၄၆-ခု၊ နယုန်လပြည့်ကျော် (၇)ရက်နေ့၊ သောကြာနေ့မှ ခုနစ်ရက်မြောက်သော ကြာသပတေးနေ့ထိ (၇)ရက်တိုင် ကစ္ဆပနဒီ မြစ်ရေကြီးသည်။

မဟာမုနိကုန်းတော်အတွင်း ခိုကပ်နေကြသော လူများထဲမှ ကိုယ်ဝန်သည်သုံးဦးသည် တစ်ပြိုင်နက်မီးဖွားကြသည်။ အလျား(၃၃) လံ ရှိသော ခမောင်းတုံးတစ်ခုလည်း မဟာမုနိ ဘုရားခြေရင်းဝယ် ပါးလာသည်။ ရေစုန်ရေဆန် မျောပါပြီး မူလနေသော နေရာ၌ပင် ပြန်ပါးပြန်သည်။ ညဥ့်အခါ တူရိယာတီးမှုတ်သံ၊ ငိုသံတို့ကိုကြားရ၍ လူအများ သွားကြည့်ကြသော်လည်း မည်သည့်ကိုမျှ ထူးထူးခြားခြား မတွေ့ကြရ၊ ခမောင်းတုံးသာ တွေ့ရသည်။ လူအများ သေကျေပျက်စီးကြသည်။ မဟာမုနိသိမ်တော်အနီး မဟာဗောဓိပင်မှ အရွက်တို့သည်လည်း လိပ်ကုန်ကြသည်။ သစ်ပင်စောင့် နတ်တို့လည်း ငိုကြွေးကြကုန်သည်။

---

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဒု-တွဲ၊ စာ ၂၇၆-၂၇၉။

မြောက်ဦး ရွှေနန်းရှင် မဟာသမတရာဇာ မင်းလည်း ထို အတိတ်နိမိတ်ထူးများကို ကြားရ၍ ကောဇာသက္ကရာဇ် ၁၁၄၆-ခု၊ ဝါဆိုလဆန်း (၁၄) ရက်၊ ကြာသပတေးနေ့တွင် မဟာမုနိရုပ်ရှင် တော်ကို ဖူးမြော်ရန် ချီလာသည်။ ရှေးမင်း အဆက်ဆက်တို့၏ ထုံးတမ်းစဉ်လာအတိုင်း ဘုရားကြီးအား ပူဇော်ကန်တော့အပြီးတွင် ဘိသိက်သွန်း ဒင်္ဂါး (၁၀၀)ကို ဝသုန္ဒြေရေတွင်း၌ ရေစက်သွန်းချ၍ ထည့်မည်ပြုသည့်တွင် သူငယ်လက်ကဲ့သို့ လက်တစ်ခု တွင်းထဲမှ ထွက် လာပြီး သမတရာဇာဘုရင်၏ လက်ကို ခတ်လေသောကြောင့် ဒင်္ဂါး များ မြေဝယ်ခရလေသည်။

မဟာသမတရာဇာ မင်းတရားလည်း နောက်ထပ် ရေစက်ချ လှူတော်မူပြီးမှ မဟာမုနိသိမ်တော် မြောက်ဘက်၌ သီတင်းသုံး နေတော်မူသော ဝါတော် (၆၀) ရှိ ရဟန်းတော်အား လျှောက်ထား လေသည်။ ရဟန်းတော်က တိုင်းပြည်ပျက်စီးအံ့ နိမိတ်ကြည်းဟု ဆို၍ မျက်နှာလွှဲတော်မူလေသည်။

အေဒီ (၁၇၈၄) နိုဝင်ဘာ၊ ကောဇာသက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလဆုတ် (၇) ရက်နေ့တွင် အမရပူရပြည့်ရှင် ဘိုးတော်ဘုရား တိုက်ခိုက်သိမ်းယူ၍ မြောက်ဦးမြို့ ကျလေသည်။

အမရပူရဘုရင်၏ သားတော် အိမ်ရှေ့မင်းသည်း မဟာမုနိ ဘုရားကုန်းဘောင်သို့ တက်ရောက်၍ ဖူးမြော်ခဲ့သည်။ ရာမရကန် ဦးတိုး လည်း နောက်တော်ပါးက ပါရှိခဲ့ရာ ရခိုင်ချီမှတ်တမ်းအဖြစ် စာဖွဲ့ ခဲ့သည်။

အိမ်ရှေ့မင်းလည်း မဟာမုနိဘုရား ရုပ်တုတော်အား ပင့်အံ့ သောငှာ ဗိုလ်မင်းသီရိကျော်ထင်ကို စေတော်မူသည်။ စေတော်မူသည့် အတိုင်း သွားလေ၍ ရောက်လေသော် ရွှေ၊ ငွေ၊ ဆန်၊ ပန်းပေါက် ပေါက်တို့ဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပြီးမှ ပင့်တော်မူသည်။ မဟာမုနိရုပ်တုတော်လည်း ပုဗ္ဗနိမိတ်ပြ၍ ကိုယ်အလုံး ချွေးထွက်ပြီးလျှင် ပေါင်တော်မှ ယိုစီး၍ ကျလေသည်။ ဗိုလ်မင်း သီရိကျော်ထင်လည်း လုံးပက်သုံးထွ ရှိသော ရွှေဖလားနှင့် ခံသေလျှင် အပြည့်ရ၍ အိမ်ရှေ့ မင်းထံ ဆက်သေသည်။ အိမ်ရှေ့မင်းလည်း အလွန်ထိတ်လန့် ကြောက် ရွံ့ပြီး အံ့ဖွယ်သရဲ ဖြစ်ခဲ့တကားဟုဆိုပြီး တပ်ချရပ်နေလေသည်။

ကောဇာသက္ကရာဇ် (၁၁၄၆) ခု၊ တပို့တွဲလဆန်း တစ်ဆယ့်သုံးရက်၊ တနင်္ဂနွေနေ့တွင် ဈေးချောင်းဝယ် ဖောင်တော်တင်ထားလေသော် ဖောင်တော်ပျက်၍ ရုပ်ပွားတော်မြတ်သည် ရေတွင်ကိန်းဝပ်တော်မူသည်။ အထက်ကောင်းကင်သို့ ထန်းလုံးပမာရှိသော ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော် ထွက်တော်မူသည်။ သွေးသောက်တို့လည်း ရုပ်ရှင်တော်ကို မမြင်လတ်၍ ရာဇမင်းဒဏ် သင့်မည်စိုး၍ ရှာဖွေကြလေသော် ရုပ်ရှင်တော်မဟာမုနိနှင့် အဆင်းသဏ္ဍာန် တူညီသော မဟာမုနိနှင့် အတူတူသွန်းလုပ်ခဲ့သည့် ရှင်ကျော်ဘုရားကိုတွေ့၍ ဖောင်တော်တင်၍ ပင့်ဆောင်ကြလေသည်။

တောင်ကုတ်မြို့သို့ ဖောင်တော်ဆိုက်ရောက်လာရာ ရုပ်ရှင်တော်နှင့် အတူ ပင့်ဆောင်လာခဲ့သော ဓာတ်တော် (၁၂) ဆူကို ဌာပနာပြု၍ စေတီ တည်တော်မူသည်။ ဖောင်တော်ဦးစေတီဟု တွင်သည်။ အိမ်ရှေ့မင်း မောင်ပေါ်လည်း ရထားသုံးဆူပြုလုပ်၍ မဟာမုနိရုပ်ရှင်တော်ကို ချွတ်ဖြုတ်သင့်ရာကို ချွတ်ဖြုတ်တင်ဆောင်၍ စက်ဖြင့်ဆွဲငင် ပင့်တော်မူသည်။ ရထားသုံးဆူလည်း ဆွဲငင်မရဘဲ ရပ်တန့်နေ၍ နေဝင်လတ်သော် ကျိန်းစက်လို၍ဖြစ်အံ့ဟု ကျိန်းစက်တော်မူသည်။ ထိုအရပ်ကို ယနေ့တိုင် ရပ်တော်မူအရပ်ဟု ခေါ်ဆိုကြသည်။ တောင်ကုတ်မြို့မှ မိုင် (၂၀) ဝေးကွာသော ရိုးမတောင်ခြေတွင် ရှိသည်။

နံနက်မိုးသောက်မှ ဥယျာဉ်ပု ရိုးမ လမ်း ကြောင်း အ တိုင်း ပင့်ဆောင်တော်မူရာ ပန်းတောင်းမြို့သို့ ရောက်သည်။ ပန်းတောင်းမြို့တွင် ရုပ်ရှင်တော်မြတ်အား ချွတ်ဖြုတ်သင့်ရာ ချွတ်ဖြုတ်ယူခဲ့သည်များကို ပြန်လည်ပြုပြင်တပ်ဆင်ပြီး လှေဖောင်တော် နှစ်စင်းတွဲပေါ်တွင် တင်ဆောင်တော်မူလျက် ဧရာဝတီမြစ်ကြောင်းအတိုင်း အမရပူရမြို့သို့ ပင့်ဆောင်တော်မူသည်။

အေဒီ ၁၇၈၅ ခု၊ ကောဇာသက္ကရာဇ် ၁၁၄၇ ခု၊ ကဆုန်လပြည့်ကျော် (၁၂) ရက်နေ့ စစ်ကိုင်းဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူရာ ဘုရင်ကိုယ်တော်တိုင် ရေထဲဆင်း၍ ဆီးကြိုပင့်ဆောင်လေသည်။ ကုန်း ရေ ခရီးစုစုပေါင်း(၄)လကျော်မျှ ပင့်ဆောင်ရသည်။ပင့်ဆောင်ခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်အား မောင်းထောင်ဆရာတော်

ကြီး၏ မိန့်ကြားချက်အရ အမရပူရ ရွှေမြို့တော်၏ အရှေ့မြောက် မန္တလေးအရပ်တွင် သိမ်ဆောက်၍ ကိုးကွယ်တော်မူလေသည်။

## (ခ) ရှမ်းဆရာ မောင်ရွှေမှုံ ပြုပြင်မွမ်းမံခြင်း

မဟာမုနိရုပ်ရှင်တော်အား အမရပူရသို့ ပင့်ဆောင်ပြီးနောက် မဟာမုနိကုန်းမြေမှာ ပြုစုသူကင်းမဲ့ရကား ချုံနွယ်ပိတ်ပေါင်းများ ထူပြောလျက် ပျက်စီးယိုယွင်းခဲ့လေသည်။ (၈၂) နှစ်ခန့် လျစ်လျူရှု ခံရပြီးနောက် ကောဇာသက္ကရာဇ် ၁၂၂၈ ခု၊ တပေါင်းလဆုတ် (၈) ရက်နေ့၊ အေဒီ ၁၈၆၇ ခုတွင် ကမ္ဘောဇတိုင်းပြည် လင်္ဂါဝတီမှ ရှမ်းလူမျိုး မောင်ရွှေမှုံဆိုသူသည် ဘုရားဖူးရောက်ရှိလာရာ မဟာမုနိ ဘုရားကြီး၏ အဖြစ်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ရ၍ သဒ္ဓါပြင်းပြ စွာဖြင့် ပြင်ဆင်မွမ်းမံမှုကို စတင်ခဲ့လေသည်။

သို့ဖြစ်ရာ ယခုမြင်တွေ့ရသော မဟာမုနိဘုရားကြီး၏ ပရိဝုဏ် မှာ လွန်ခဲ့သည့်နှစ်ပေါင်း (၁၂၃) နှစ်က ရှမ်းဆရာ မောင်ရွှေမှုံ၏ ပြင်ဆင်မွမ်းမံမှုများပင် ဖြစ်သည်။ အကြောင်းမူကား မဟာမုနိ သိမ် တော်ကြီးကို ရခိုင်သမတရာဇာ နန်းကျပြီးနောက် မြန်မာမြို့ဝန်များ အုပ်ချုပ်စဉ်အတွင်း လူရိုင်းများ လာရောက်၍ မီးတိုက်ဖျက်ဆီးခြင်း ခံခဲ့ရသောကြောင့် ဖြစ်သည်။ အေဒီ ၁၈၉၁ ခုနှစ်တွင် ရှေးဟောင်း သုတေသနပညာရှင် ဒေါက်တာဖော်ချမ်းမား ရေးသားထုတ်ဝေခဲ့ သော မဟာမုနိဘုရားကြီးသမိုင်း စာအုပ်ပါ အချက်အလက်များနှင့် ဓာတ်ပုံများမှာ မောင်ရွှေမှုံပြုပြင်ပြီးနောက် (၁၈) နှစ်အကြာ အခြေ အနေများဖြစ်သည်။

မောင်ရွှေမှုံသည် ပြိုကျပျက်စီးနေသော ဂန္ဓကုဋီတိုက်နှင့် ဘုရား ကြီး ရင်ပြင်တစ်ခုလုံးကို ပြန်လည်မွမ်းမံပြင်ဆင်ထားခဲ့သည်။ မဟာရံ တံတိုင်းတော်ကြီးကိုလည်း မီးဘေးအန္တရာယ်မှ ကာကွယ်ရန် ယခင် ပြိုကျပြီး ကျောက်သားအုတ်များဖြင့် ပြုပြင်ခဲ့သည်။ ဝန်းကျင်မှ ပြန့်ကျဲ ပျက်စီးနေသော ရုပ်ပွား၊ ဆင်းတုကျောက်ရုပ်တို့ကိုလည်း ပြန်လည် စုစည်း၍ အသစ်နေရာချထားခဲ့သည်။ ၎င်းပြင် ပြင်ဆင်မွမ်းမံမှုများ နှင့် စပ်လျဉ်း၍ ကမ္ပည်းကျောက်စာတိုင်တစ်ချပ်ကို မဟာမုနိဘုရားကြီး ရင်ပြင် အနောက်တောင်ထောင့်တွင် စိုက်ထူထားခဲ့သည်။ ကျောက်

စာပါ အချက်အလက်များကိုကြည့်၍ မောင်ရွှေမှုံ၏ ကုသိုလ်ဒါန စေတနာ ထက်သန်မှုကို ကောင်းစွာသိနိုင်ပါသည်။

သက္ကရာဇ် ၁၄၇ ခု၊
တော်စန္ဒသူရိယမင်း တည်ထားသည်။
ဗုဒ္ဓဿ သာသနံ စိရံ တိဋ္ဌတု။
ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ ရှည်စေသတည်း။

×

## မဟာမုနိရုပ်ရှင်တော်သွန်း လင်္ကာ

သူရိယစန္ဒာ၊ ပြဟ္မာသိကြား၊ နတ်များညီသွတ်၊
မှတ်ခတ်ကျူးလွင်၊ ပဋ္ဌင်ပြီးစီး၊ မဏ္ဍပ်ကြီးတွင်၊
ရှင်တော်ကိုယ်စား၊ ရုပ်ပွားဆင်းတု၊ သွန်းပြုသောခါ၊
နှစ်ကောဇာမူ၊ တစ်ရာနှစ်ဆယ်၊ စွန်းဝယ်သုံးခု၊
ရတုဂိမှ၊ နွေလကဆန်၊ ပူဟုန်ပြင်းစွာ၊ ဝိသာခါနှင့်၊
မကွာယှဉ်မှတ်၊ ရက်မြတ်ဗုဒ္ဓ၊ ညဦးယလျှင်၊ စ၍သွန်းရာ၊
ထိုအခါတွင်၊ တေဇာတန်ခိုး၊ တက်တိုးဝှန်ပေ၊
ဖြစ်စေခြင်းငှာ၊ အဓိဋ္ဌာဖြင့်၊ မဟာပုရိသ၊ လောကကြေးမုံ၊
သုံးဘုံမျက်ဖျော်၊ ရွှေကိုယ်တော်ငွေ့၊ လက်တော်ပွေ့လျက်၊
ထည့်၍ကြည့်ရှု၊ သဗ္ဗညုတ၊ ကြပ်မသွန်းလုပ်၊ ရုပ်တုတော်ကြီး၊
ထိန်ညီးလျှံပြေး၊ ကြာသပတေးနေ့တွင်၊ ပြီးအောင်မြင်၏၊
သုံးခွင်ဘုံသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါတို့၊ ရှုကာတိတိ၊
မျက်စိဋ္ဌတွင်၊ ရှင်တော်ဘုရား၊ နှစ်ပါးရည်တူ၊ နှစ်ဆူမပျက်၊
တစ်ပြိုင်နက်လျှင်၊ ပွင့်သည်ထင်၏၊ ပြည့်ရှင်မင်းဖျား၊ နတ်အများနှင့်၊
သိကြားပြဟ္မာ၊ ဝမ်းမြောက်ကာလျှင်၊ များစွာပူဇော်၊
ရွှင်ပျော်စိတ်နှု၊ သာဓုသာဓု၊ ခေါ်ပြုအသံ၊ ပဲ့တင်လျှံရှင့်၊
မိုးယံဘဝဂ်၊ ကျော်ဝှန်တက်သည်၊ အုတ်ကျက်နတ်လူ၊
သောင်းသောင်းတည်း။ ။ဟူသော လင်္ကာတို့ဖြင့်
ကောင်းစွာမှတ်သားကြလေ။ ။

(ရာဇဝင်လင်္ကာ)

သက္ကရာဇ် ကောဇာ ၁၄၇ ဝယ်၊ မြတ်စွာသုံးလုသပြည့်ကိုပြုဇု
ကိုကွာယ်အွံ့ဘွယ် သေသတ်မင်မြတ်စန္ဒသူရိရာတဂါရင်မြတ်
တည်ဂျီလတ်မှကတ်နင့် မကာင်ပြက်စိချင်ကကမ္ဘေစတိုင်
သမိုင်အဝင်ခေါ်တွင်သာယာလင်္ကါဝဒီမျိုင့်မည်နာ
ဒေသအမှံ့တိုင်နိုင်ငံ
ကဝန်ဆရာမောင်ရွှေမှုံ မယားမိဝိုင်သို့အံကျိမိသို့ အငယ်မိနုသွက်
စာရေရှစ်မှုံ သွက်ငြိအိအလတ် မောင်ငုံငြိတွေ့ မောင်ရီသို့မောင်နှံ့သို့
သွှက်ခုနှစ်ယောတိုင် မဟာမုနိစက်ကိုတော်မြတ်ကို အဖူလာသည်
မှာသက္ကရာဇ် ၁၂၂၈ ခု တပေါင်းလ္ဆန်း ဂရက်နေ့ ဖူမျှော်ရောက်သည်
တွင်ကူတော် ကွဲအက်ပြက်ပျားသည်ကိုမြင်လျှင် ရှမ်ကျာမောင်ရွှေမှူ ကံ
စေတနာသုံတံပြတ်သံချင်လှဝရိရအားထုပ်၍ ပြက်စိရို
ရွှင်သည်ဟာကိုပြင်မည်ဟု ကံ့ပို လျှင်ကျင်သူင်ရ်မယားနှင့်ပြောဟော
တိုင်ပင်၍ သမ္မရာဇ် ၁၂၂၉–ခုနှစ်ကစ၍ ကူတော်ကိုပြင်သည်မှာ
ကို၌ပါသောဒင်္ဂါးပျားရေ ၄၆၀ သည် မလော
၍မပြိစီနိုင်သည်နှင့် ထပ်မံ၍တခါကံ့ညီသည်မှာင်ရ်
မယားသားသို့တို့ကို အရှင်ဝံထောက်တော်မင်ထံ ရွှေ
ဒင်္ဂါ ၄၀၀ နှင့်ပေါင်နှံ၍ထားသည်တွင် ဝံထောက်တော်
မင်းက ဆရာကျိမယားသားသို့းတို့ကို မယူအဌမျော်

ကျောဘက်

အောင်လုပ်ပါဟု ဒင်္ဂါးပျားယေ ၄၀၀ ခြေးငှားလိုက်သည်
နှင့်လုပ်ပါသော်လည် ကျောင်တောသာဂျီသည်
ကူတော်မိုးမလုံ့ရှိပုံ၍ ထပ်မံပြီးလျှင်းကံ့စာသည်မှား
ညဝဒီတိုင်ပြည့်ကိုအားကိုး၍ ကံ့မှသာလျှင်အဌမျောက်
မည်ထင်၍လုတ်သည်မှာ ဒါရကာလှူသူနာမည် အရှင်ဝန်ထောက်မင်း
မောင်ကလား ၁၈အရှင်ပွဲ
ဒါကျိစိ၊ ဒရကာစံထွန် ၅ တရဇင်သာထွန် ၂ အရှင်စစ်
ကဲဓေး ........ င် မောင်ရွှေတော ၈၊ ဓရေကျိပေါ်ထွန် ၁၀
ဧ ........ မောင်လေ ၆၉ ကျောင်တဂါညို့ရောင် ၃၁
မောင် င........ ၅ မောင်နထို စွေ ၅ တရ

ဇင်စံရဖွေ ၅ိ ရှမ်ဆရာ မောင်ရွှေမင် ၃ိ စုစုပေါင်ငွေ
၁၄၅ပြားကို ရှမ်ဆရာကြီမောင်ရွှေမှု လက်သို့အလှူဝင်၍
သည်ထိုမ....၁၃ ကစ၍ များလှ
ဒါယကာလူသူ....ကာတို့ သဒ္ဓါဖြူစွ လှူရသောအကျိုးများကျောင်
သုံးဗါးသောကပ် ရှစ်ပါးဂုတ်မှ မဝတ်မငွေ မတွေးရလို ဤကုသိုလ်
ကျောင့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်သာရှိသည် နိဗ္ဗာရွှေ....စေသော်
၏သက္ကရ်ရ် ၁၂၁၂ ခု တံကူလ္ဆန် ၄ ရက် အင်္ဂါ....ဆရာကျိမောင်မှု
မဟာမုနိကူတော်ကိုပြင်၍ပျီသည် ကောင်းမှု နိဗန်ဆု နတ်လူ
ခေါ်စေသော်ဝ်

အထက်ပါ ကျောက်စာအရ ရှမ်းဆရာကြီး မောင်ရွှေမှုံသည် မိသားစုဝင်များနှင့်အတူ ကောဇာသက္ကရာဇ် ၁၂၂၈-ခု၊ တပေါင်း လဆန်း ၈-ရက်နေ့တွင် ဘုရားဖူးရောက်ရှိခဲ့ကြောင်း၊ မဟာမုနိဂူတော်ကြီး ပျက်စီးနေသည်ကို တွေ့ရကြောင်း၊ စေတနာသုံးတန်ပြတ်၍ ဂူတော်ကို မိမိပါသမျှ ငွေဒင်္ဂါး ၄၆၀ နှင့် သက္ကရာဇ် ၁၂၂၉ ခုနှစ်တွင် စတင်၍ ပြင်ဆင်မွမ်းမံကြောင်း၊ မလုံလောက်၍ ဝန်ထောက်မင်းထံ ဇနီးနှင့် သမီးတို့ကို ပေါင်နှံ၍ ငွေချေးကြောင်း၊ ဝန်ထောက်မင်းကလည်း စေတနာထက်သန်စွာဖြင့် ဇနီး၊ သမီးတို့ကိုမယူဘဲ ချေးငှားကြောင်း၊ ၎င်းနောက် ခညဝတီပြည်သား နီးစပ်ရာထံမှ ထည့်ဝင်ကြကြောင်း၊ စုစုပေါင်းရွှေဒင်္ဂါး ၁၄၅-ပြားရရှိ၍ စုစုပေါင်း ပြင်ဆင်မွမ်းမံခဲ့ကြောင်း၊ ၃-နှစ်ခန့်အကြာ ကောဇာသက္ကရာဇ် ၁၂၃၂-ခု၊ တန်ခူးလဆန်း ၄-ရက်၊ အင်္ဂါနေ့တွင် ပြီးစီးအောင်မြင်ကြောင်း စသည်ဖြင့် ပါရှိသည်။

ဇနီးမယားနှင့် သမီးတို့ကိုပင် ပေါင်နှံ၍ ဘုရားပြုပြင်သည့် ရှမ်းဆရာကြီးမောင်ရွှေမှုံ၏စေတနာထက်သန်မှုနှင့် ယင်း၏ဇွဲလုံ့လကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ နှစ်ပေါင်း ၁၂၀-ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

## (ဂ) သူဌေးကြီး ဦးရဲကျော်သူ၏ ပြုပြင်မွမ်းမံခြင်း

ရှမ်းပြည်နယ်မှ မောင်ရွှေမှုံ လာရောက်ပြုပြင်ပြီးနောက် နှစ်ပေါင်း ၃၀-ခန့် အကြာတွင် စစ်တွေမြို့မှ ကျက်သရေဆောင် ရွှေ

စလွယ်ရ သူဌေးကြီး ဦးရဲကျော်သူ၊ သူဌေးကတော် ဒေါ်သန္တာဖြူတို့ ကမကထပြု၍ ပြည်သူများက ကောဇာ သက္ကရာဇ် ၁၂၆၂-ခုနှစ် (အေဒီ ၁၉၀၀)တွင် သီရိပဝရသကျမာရဇိန် ရုပ်ပွားတော်ကြီးနှင့် အတုလဝိစိတြဝေယန် တန်ဆောင်းတော်ကြီးများကို တည်ဆောက် လှူဒါန်းခဲ့ကြသည်။

ယခုတွေ့ရသော တန်ဆောင်းတော်ကြီးနှင့် သိမ်တော်ကြီး၊ ဂန္ဓကုဋီတိုက်တို့မှာ ထိုစဉ်က ဆောက်လုပ်လှူဒါန်းထားသည်များ ဖြစ်သည်။ အဆိုပါ သီရိပဝရသကျမာရဇိန် ရုပ်ပွားတော်ကြီးမှာ ယခု မဟာမုနိကျောက်ညိုဆင်းတုတော်၏ ကျောဘက်တွင် ဖူးတွေ့ရသော ကြေးသွန်းဆင်းတုတော်ကြီးပင် ဖြစ်သည်။ သူဌေးကြီး ဦးရဲကျော်သူ ကိုယ်တိုင် မန္တလေးမြို့တော်ရှိ မဟာမုနိရုပ်ပွားတော်နှင့် ပုံတူသွန်း လုပ်ယူခဲ့ခြင်း ဖြစ်သည်။ မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှ စစ်တွေသို့ သင်္ဘောဖြင့် ပင့်ဆောင်ခဲ့သည်။ စစ်တွေမြို့သို့ ရောက်သောအခါ ဝက်ပါကွင်းသို့ အခမ်းအနားဖြင့်ပင့်ဆောင်ပြီး ပူဇော်ခံသည်။

၎င်းမှာဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်သွန်းလုပ်ခဲ့ရာ မဟာမုနိရုပ်ရှင် တော်မြတ်၏ မူလနေရာ ကတည္ဗုပဗ္ဗတသီရိဂုတ္တကုန်းမြေသို့ သုံးရက် တာမျှ ပင့်ဆောင်ယူကြသည်။ ဤသို့ သဏ္ဌာန်ရုပ်တုတော် ရောက်ရှိ ပြီးနောက် လိုအပ်သော ပြင်ဆင်မှုများကို သေချာကျနစွာပြင်ဆင်ပြီး သက္ကရာဇ် ၁၁၆၂-ခုနှစ်အကုန် တန်ခူးလပြည့်ကျော် ၃-ရက်၊ တနင်္လာ နေ့တွင် ခမ်းနားစွာ သွန်းလုပ်တော်မူသည်။ သူဌေးကြီး၏ဇနီး မသန္တာ ဖြူသည် ဘုရားကြီးသွန်းလုပ်နေစဉ် ရုတ်တရက် စေတနာဝင်လာ၍ မိမိဝတ်ဆင်လာခဲ့သော လက်ဝတ်လက်စား ရွှေချိန် ၂၀-ကျပ်သား ခန့်ကို ချွတ်ယူ၍ပုံတော်သွန်းတွင် ထည့်သွန်းလေသည်။ လာသမျှ ရှင်လူ များလည်း မိမိတို့ လက်ဝတ်ရတနာများကို ထည့်ဝင်သွန်းလောင်း ပူဇော်ကြကုန်သည်။

၎င်းနောက် လိုအပ်နေသေးသော ဂန္ဓကုဋီတိုက်၊ ပလ္လင်တော် မြတ်နှင့် တန်ဆောင်းတော်တို့အတွက် သေသေချာချာ တိုင်းတာလျက် အေဒီ ၁၉၀၁-ခု၊ ကောဇာသက္ကရာဇ် ၁၂၆၃-ခု၊ နတ်တော်လဆုတ် တစ်ရက်၊တနင်္လာနေ့တွင် ပန္နက်ချသည်။ ဤသို့ဖြင့် ကောဇာသက္ကရာဇ် ၁၂၆၆-ခု၊ တန်ဆောင်မုန်းလပြည့်နေ့နံနက် (၉)နာရီ အချိန်တွင်

မဟာမုနိသီရိပဝရသကျမာရဇိန် ရုပ်ပွားတော်ကြီး ကိန်းဝပ်တော်မူရာ ပရဇိတပလ္လင်တော်နှင့် ရုပ်ပွားတော်ကြီးစံတော်မူရာ မဟာအတုလ ဝိစိတြဝေယန် မည်သော တန်ဆောင်းကြီးသုံးပါးတို့ကို ရေစက်ချ အမျှပေးဝေကာ လှူဒါန်းခဲ့လေသည်။ ဦးရဲကျော်သူမိသားစုနှင့် ပြည်သူများ စုပေါင်းလှူဒါန်းခဲ့သော ဗဟိုပြာသာဒ်တန်ဆောင်းတော်ကြီးမှာ ၆၄-တောင် အမြင့်ဆောင်လေသည်။

သူဌေးကြီး ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဝတ်လုံတော်ရ ဦးရွှေသာနှင့် ဘုရားကြီးအနီးရှိ သရက်ပင်ရွာမှ ဦးသထော်ရှီတို့က အရှေ့ဘက် အာရုံခံတန်ဆောင်းနှင့် မဟာရံတံတိုင်းတို့ကို ဆက်လက် ပြုပြင်ခဲ့ကြသည်။ စုစုပေါင်း တန်ဆောင်း၊ စောင်းတန်းကြီးငယ် ၄၉-ဆောင်နှင့် သံထီးတော်ကြီးငယ် ၅၅-ဆူတို့ကို ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

၁၉၆၇-ခု၊ အောက်တိုဘာလ ၂၃-ရက်နေ့ တိုက်ခတ်သော မုန်တိုင်းဒဏ်ကြောင့် ၁၉-ဆောင် တန်ဆောင်းတော်များနှင့် ၅၅-ဆူ သော သံထီးတော်များ မြေခပျက်စီးခဲ့ရသည်။ ကျောက်တော် မဟာမုနိ ဂေါပကအဖွဲ့မှ နှိုးဆော်ကြိုးပမ်းချက်ဖြင့် ရန်ကုန်ရောက် ရခိုင်များ၊ စစ်တွေမြို့နှင့် အနယ်နယ် အရပ်ရပ်တို့မှ စေတနာရှင် အလှူရှင်များ ပူးပေါင်းလှူဒါန်းမှုဖြင့် ယခုအခါ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပေသည်။

★

## ကျမ်းဂန်လာ မုနိရှစ်ဆူ

(၁) ဒုဿမုနိ = ပြဟ္မာပြည်
(၂) စူဠာမုနိ = တာဝတိံသာနတ်ပြည်
(၃) သကျမုနိ = ကပိလဝတ်ပြည်
(၄) စိန္တာမုနိ = သာဝတ္ထိပြည်
(၅) ရာဇမုနိ = ရာဇဂြိုဟ်ပြည်
(၆) လောကမုနိ = ဟိမဝန္တာ
(၇) မဟာမုနိ = ဓညဝတီ
(၈) စန္ဒမုနိ = အမရပူရ

× × ×

# ၇။ မဟာမုနိသိမ်တော်ကြီး၏ လက်ရှိအခြေအနေမြင်ကွင်း

မဟာမုနိဘုရားသို့ သွားရောက်ဖူးမြော်လိုပါက ကျောက်တော်မြို့မှနေ၍ ကစ္ဆပနဒီမြစ်တစ်ဖက်ကမ်းသို့ လှေဖြင့် ပထမဦးစွာ ကူးရမည် ဖြစ်သည်။ တစ်ဖက်ကမ်းသို့ရောက်ပြီးနောက် ကျောက်တော်-မြောက်ဦး ကားလမ်းအတိုင်း ၅-မိုင်ခန့် ကားစီးပြီးပါက သရက်တစ်ပင်ရွာအနီး မဟာမုနိကုန်းပေါ်ရှိ သိမ်တော်ကြီးကို အဝေးကပင် လှမ်း၍ ဖူးမြော်နိုင်ပေပြီ။ လမ်းခရီးတွင် မြို့ရိုးများနှင့် ကျုံးများကို ဖြတ်သန်းခဲ့ရပေမည်။ သို့သော် မြို့ရိုးမှာ သဘာဝတောင်ကုန်းအား မြေဖို့ပြုပြင်ထားသော မြို့ရိုးဖြစ်၍ အုတ်မြို့ရိုးကဲ့သို့ ညီညာသိသာသော အနေအထားမျိုး မရှိပေ။ ကျုံးများမှာလည်း စားကျက်အင်းအဖြစ် ပြောင်းလဲလျက်ရှိချေပြီ။

သို့ဖြစ်ရာ မဟာမုနိကုန်းပေါ်သို့ တက်ရောက်မိပြီဆိုလျှင် ရှေးခေတ် ဓညဝတီမြို့တော်ဟောင်း၏ ဗဟိုအလယ်တည့်တည့်နေရာသို့ ရောက်နေကြောင်း မည်သူမျှ သတိထားမိကြမည် မဟုတ်ပေ။ အမှန်မှာ မဟာမုနိဘုရားကြီး တည်ရှိရာ သိရိဂုတ္တကုန်း သာသနာ့မြေမှာ ဓညဝတီမြို့တော်၏ အလယ်ခေါင်ချက်မ နန်းမြို့တော်၏မြောက်ဘက် နန်းဦးတွင် ကပ်လျက်တည်ရှိပေသည်။

သီရိမာနဒီခေါ် သရီချောင်းသည် သရက်တစ်ပင်ရွာအနီး မဟာမုနိကုန်းတော်မှ အနောက်ဘက် ပေ ၄၅၀၀-ခန့်အကွာ တောင်မြောက် ဖြတ်သန်းစီးဆင်းနေပေသည်။ ၎င်းချောင်း၏ လက်တက်ဖြစ်သော မဟာမုနိချောင်းငယ်သည် မဟာမုနိဘုရားကြီး သိမ်တော်၏ မြောက်ဘက်ခြေရင်းထိ ရောက်သည်။ ယခုအခါ တိမ်ကောနေပေပြီ။

မြောက်ဦးခေတ်အခါက ဘုရင်တို့သည် မဟာမုနိ ဘုရားသို့ ဘုရားဖူးကြွလာရာ သီရိမာနဒီခေါ် သရီချောင်းမှတစ်ဆင့် ကရဝိက်ဖောင်တော်ဖြင့် ကြွရောက်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၆၀-ခန့် (အေဒီ-၁၆၃၀)က မြောက်ဦးနန်းစံ သီရိသုဓမ္မ

ရာဇာသည် မဟာမုနိသို့ ဘုရားဖူးကြွရောက် ချီလာရာတွင် သီရိမာနဒီ မြစ်ရိုးတစ်လျှောက် အစောင့်အရှောက် ရေတပ်မတော်များ ပြည့်ကျပ် နေကြောင်း ပေါ်တူဂီဘုန်းတော်ကြီးမန်နရစ်၏ မှတ်တမ်းတွင် တွေ့ရ ပေသည်။

မဟာမုနိဘုရားရင်ပြင်တော်မှ အရှေ့ဘက်သို့မျှော်ကြည့်ပါက မိုင်ဝက်ခန့်အကွာတွင် ပေတစ်ထောင်ကျော်ခန့် မြင့်သော သဘာဝ တောင်တန်းကို တောင်မြောက်သွယ်တန်းလျက်တွေ့ရသည်။ မဟာမုနိ ဘုရားမှ အရှေ့မြောက် ခပ်ယွန်းယွန်းတွင် အုတ်ပုံ တောင်ကုန်း ရှိသည်။

ဤတောင်ကုန်းတွင် ကျောက်ဆစ်လက်ရာ အပိုင်းအစများ၊ ရုပ်တုတော်များ ပြန့်ကျဲလျက်ရှိသည်။ ကျောက်ဝှတော်မှ လာသော ကျောက်တော် မြောက်ဦး ကားလမ်းကို မဟာမုနိမြောက်ဘက်တံတိုင်း နှင့် အရှေ့ဘက်တံတိုင်းတို့ကို ကပ်၍ဖောက်လုပ်ထားသည်။ ဤလမ်း မှာ အေဒီ ၁၄၃၀ ခုနှစ်ခန့်ကပင် မြောက်ဦးဘုရင် မင်းစောမွန် ဖောက်လုပ်ခဲ့သော လမ်းဟောင်းဖြစ်သည်။

## (က) မဟာရံတံတိုင်းနှင့် ပစ္စယာများ

မဟာမုနိရင်ပြင်တော် ဘုရားမြေသည် တောင်ကုန်းငယ်တစ်လုံး ကို စတုဂံပုံ မြေပြင်သုံးဆင့်ဖြစ်အောင် အသေအချာညှိ၍ ဆောက်လုပ် ထားသည်။ ဤမြေပြင်ညီကို လေးထောင့်ကျလှစွာ ဖြတ်တောက် ဆောက်လုပ်ထားသောသဲကျောက်တုံးများဖြင့် ကာရံဆည်ဖို့ထားသည့် အတွက် ပစ္စယာသုံးခု ဘုံသုံးဆင့်ကဲ့သို့ ဖြစ်နေသည်။ အနိမ့်ဆုံးအဆင့် ဖြစ်သော ပစ္စယာမှာ မဟာရံတံတိုင်းကြီးဖြစ်၍ အရှေ့ အနောက် ပေ (၅၀၀)၊ တောင်မြောက် ပေ (၅၀၀) အသီးသီး ကျယ်ဝန်းသည်။ လေးဖက်လေးတန် ကျောက်သားပကတိဖြင့် ကာရံထားသည်။

ဤမဟာရံတံတိုင်း၏ အဓိကကျသော၊ တစ်နည်းအားဖြင့် ဂန္ဓ ကုဋီနှင့် တည့်တည့်နေရာလောက်တွင် မုခ်လေးခု ရှိသည်။ ဤမုခ်ဝ များမှာ အမိုးပါသောတန်ဆောင်းများဖြင့် မဟာမုနိရုပ်ပွားတော်ရှိရာ ဂန္ဓကုဋီတိုက်၊ ဘုရားကြီးရင်ပြင်ပေါ်သို့ တက်ရောက်နိုင်သည်။ မဟာရံ တံတိုင်း တစ်ဖက်စီတွင် မုခ်သုံးခုစီရှိ၍ မုခ်တစ်ခုစီတွင် စေတီငယ်

သုံးဆူကို မုခ်ခုံးထိပ်တွင် တစ်ဆူ၊ ဘေးနား တစ်ဖက်တစ်ချက်တွင် တစ်ဆူ တည်ထားရာ စုစုပေါင်း တံတိုင်း (၄) ဘက်တွင် မုခ်(၁၂)ခု၊ စေတီပေါင်း (၃၆) ဆူ ရှိသည်။

ဘုရားရင်ပြင်တော်၏ ဒုတိယပစ္စယာမှာ ပေ ၃၀ မြင့်သည်။ အရှေ့အနောက် ပေ (၂၄၀)၊ တောင်မြောက် ပေ (၂၂၀) ကျယ်ဝန်းသည်။ ဤအထပ် အရပ်မျက်နှာတိုင်းတွင် အစောင့်အရှောက် နတ်ရုပ်ကြီးများ စိုက်ထူထားသည်။ အထက်ဆုံးဖြစ်သော တတိယဆင့်ပစ္စယာမှာလည်း ပေ ၃၀ မြင့်သည်။ အကျယ်မှာ အလျား ၁၅၅ ပေ၊ အနံ ၁၁၅ ပေ ရှိသည်။ ဤအထပ်တွင် ဂန္ဓကုဋီတိုက်တည်ရှိ၍ မဟာမုနိ ရုပ်ပွားတော်သည် ဤဂန္ဓကုဋီတိုက်အတွင်း ပလ္လင်ထက် တွင် တင့်တယ်စွာ စံပယ်လျက်ရှိသည်။

ဦးခေါင်းတော်မှာ မကိုဋ်တော်ဆောင်းထားပြီး လက်ဝဲဘက်လက်တော်သည် ရင်ခွင်ပေါ်တွင်ဖြန့်၍ တင်ထားသော ထက်ဝယ်ဖွဲ့ပုံတော်ဖြစ်သည်။ လက်ယာဘက်လက်တော်သည် မဟာပထဝီမြေကြီးကို တိုင်တည်သက်သေပြုနေဟန် လက်ဖျားများနှင့် မှောက်လျက်အနေအထား ထိလျက်ပုံဖြစ်သည်။ ဤအမျိုးအစားမှာ ဘူမိဖဿမုဒြာဖြစ်သည်။ ထိုင်နေတော်မူဟန်မှာ ခြေတစ်ဖက်ကို အပေါ်တင်၍ ခြေတစ်ဖက်ကို အောက်လျှိုထိုင်ထားသော ဝီရာသနထိုင်ဟန် ဖြစ်သည်။ ဤအမျိုးအစားမှာ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သည့် အထိမ်းအမှတ်ပုံ ဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ၄ ပေ ၄ လက်မ ရှိသည်။ အရံ ဆင်းတုတော် နှစ်ဆူမှာ ထိုထက် အနည်းငယ်နိမ့်သည်။

## (ခ) တန်ဆောင်းတော် ပြာသာဒ်များ

မဟာမုနိကုန်းတော်၏ အရပ်လေးမျက်နှာတွင် မုခ်ကြီးလေးခုမှ စောင်းတန်းလေးသွယ် ဖောက်လုပ်ထားသည်။ အရှေ့ဘက် စောင်းတန်းမှာ အရှည်ဆုံးဖြစ်၍ ပြာသာဒ်ဖြင့် မိုးထားသည်။ ၁၂၄၄ ခုနှစ်က ဦးရဲကျော်သူ လှူခဲ့သော တန်ဆောင်းပြာသာဒ် ဖြစ်သည်။ ဓကြေးချိန် ပိဿာ ၃၄၀၀ ရှိသော ခေါင်းလောင်းတော်ကြီးတစ်လုံးကိုလည်း တွေ့ရသည်။

စောင်းတန်းလေးခုအနက် အတိုဆုံးဖြစ်သည့် အနောက်ဘက် စောင်းတန်းတွင် ပြာသာဒ်ညွန့် မရှိချေ။အဆင့် (၅)ဆင့်၊ ဇေတဝန် (၁)ဆောင် ရှိသည်။ တောင်ဘက် စောင်းတန်းတွင် ပြာသာဒ်ညွန့် (၅) ဆောင်၊ အဆင့် (၆) ဆင့် ရှိသည်။ ဤလမ်းကို မင်းစောမွန်လမ်း ဟု ခေါ်သည်။ မြောက်ဦးမှ ဆင်များ၊ မြင်းများဖြင့် လာရောက်ပူဇော် သောအခါ တက်လမ်းဖြစ်သည်။ ညေဝတီနန်းဦးဘက် မျက်နှာမူရာ စောင်းတန်းဖြစ်၍လည်း ယခင်က မင်းတက်လှေကားဖြစ်ခဲ့ဟန် တူ ပေသည်။

မြောက်ဘက် စောင်းတန်းမှာ ကျောက်တော်တောင်ဘက်မှ လာသော ဘုရားဖူးများ အဓိကဝင်ထွက်ရာ စောင်းတန်းဖြစ်သည်။ ပြာသာဒ်ညွန့် (၂) ခု၊ အဆင့် (၆) ဆင့် ရှိသည်။ ရှေးမူမပျက် လက်ရာများကို ယခုတိုင် တွေ့ရသေးသည်။ ကျောက်သားပကတိ ကျောက်သားနံရံကြီးများဖြင့် ကာရံထားသည်။ အလင်းရောင်ရရန် အပေါက်ငယ်များနှင့် ရှေးခေတ် ဆီမီးခွက်တင်ညှိပူဇော်ရန်အတွက် ကျောက်ဆစ်ထားသော နေရာများကိုပါတွေ့နိုင်သည်။ဤစောင်းတန်း ကို ရှင်ဘုရင်မတက်လမ်းဟု ယနေ့တိုင် ခေါ်ဆိုကြသည်။ သီရိမာနဒီ လက်တက်ချောင်းငယ်မှာ ဤစောင်းတန်းအရင်းထိ ရောက်ရှိ၍ ရှေး အခါက ဘုရင်တို့သည် ဖောင်တော်ဖြင့် လှေကားရင်းဆိပ်တွင် ဆိုက်ကပ်ကာ မဟာမုနိဘုရားကြီးအား ပူဇော်ခဲ့ကြောင်း သိရသည်။

## (၁) ရေကန်ကြီးများ

အနောက်ဘက် မဟာရံတံတိုင်းကြီး၏ အပြင်ဘက် တောင် ယွန်းယွန်းတွင် ခြေတော်ဆေးကန် ရှိသည်။ ဘုရားရှင်ကို ဤကန်မှ ရေဖြင့် ခြေတော်ကို ပွတ်သပ်ဆေးကြောခဲ့သည်ဟု ဆိုသည်။ အရှေ့ ဘက် စောင်းတန်း၏ တောင်ဘက်၊ အရှေ့ဘက် မဟာရံတံတိုင်း၏ အတွင်းဘက်တွင် ကန်ကြီးတစ်ကန် ရှိသည်။ စန္ဒသူရိယမင်းကိုယ်တော် တိုင် တူးဖော်ခဲ့၍ စန္ဒသူရိယကန်ဟု တွင်သည်။ ဤကန်၏ရေမှာ ကြည် လင် အေးမြပြီး ရေနက်သည်။ရေမှာ တစ်နှစ်ပတ်လုံး တိုး၊ယုတ် မရှိချေ။ နွေရာသီတွင် ခန်းခြောက်ခြင်းမရှိသလို မိုးရာသီတွင်လည်း ပြည့်လျှံခြင်း မရှိပေ။ ဤကန်ကို ဦးတော်ဆေးကန်ဟုလည်း ခေါ်သည်။ ဤကန်က ရေဖြင့် မဟာမုနိဘုရားအား ဦးခေါင်းတော်ဆေးရာကန် ဖြစ်သည်။

ကျောက်အုတ်များဖြင့် ကာရံထားသည်။ ဤကန်၏ မြောက်ဘက်တွင် လက်တော်ဆေးကန် ရှိသည်။

## (ဃ) ဂန္ဓကုဋီတိုက်

အရပ်လေးမျက်နှာမှ တက်လာသော စောင်းတန်းလေးသွယ် ဆုံရာတွင် ဂန္ဓကုဋီတိုက်ရှိသည်။ ဂန္ဓကုဋီရှစ်ထောင့်ဖြင့် တန်ဆောင်းတော်ကြီးကို တည်ဆောက်ထားရာ အာလိန်ရှစ်ဆင့် ရှိသည်။ ဂန္ဓကုဋီ တစ်ထောင့်လျှင် သံတောင် (၂၀) စီရှိသဖြင့် အလုံးသံတောင်(၁၆၀) ရှိသည်။ ဂန္ဓကုဋီပရိဝုဏ်အတွင်းတွင် အသည်တိုင် (၄၀)လုံး ရှိသည်။ ရွှေပိန်းချထားသည်။ ဗိမာန်မျက်နှာကြက်တွင်လည်း မှန်စီပန်းကွက်များ၊ ဗုဒ္ဓဝင် ရုပ်လုံးရုပ်ကြွများဖြင့် ဆန်းကြယ်လှပေသည်။

အရှေ့ဘက် အာရုံခံတွင် အာလိန် (၆) ဆင့်၊ အနောက်ဘက်တွင် (၆) ဆင့်၊ တောင်မြောက် အာရုံခံတွင် (၄) ဆင့်စီရှိကြသည်။ အာရုံခံတစ်ခုစီတွင် တိုင် (၄) လုံး ထောက်ခံ ထားသည်။ ဤတန်ဆောင်းပြာသာဒ်မှာ ဦးရဲကျော်သူနှင့် သရက် တစ် ပင် ရွာ မှ ဦးသထော်ရီ ဦးဆောင်သော ပြည်သူများက လှူဒါန်းဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း (၁၀၀) ခန့် ရှိပေပြီ။ ယခုအခါ မဟာမုနိသွန်းတော်မူခန်း အပါအဝင် စန္ဒသူရိယဘုရင်၏ သမိုင်းတို့ကို ရုပ်လုံးရုပ်ကြွတို့ဖြင့် ထုလုပ်ပူဇော်ရန် စီစဉ်လျက်ရှိသည်။

## (င) ဗောဓိပင်

မဟာမုနိ ကုန်းဘော်တွင် သိသာမြင်သာသော အပင်ကြီးနှစ်ပင်ရှိသည်။ ဒုတိယပစ္စယာ၏ တောင်ဘက် ဝင်ဝနှင့် မြောက်ဘက်ဝင်ဝ လက်ဝဲဘက်ဘို့တွင် ကြီးမားသော ညောင်ပင်ကြီးနှစ်ပင် ပေါက်လျက်ရှိရာ ဘုရားဖူးသူများနှင့် ဘုရားပရိဝုဏ်ကို အထူး အေးမြသာယာစေသည်။ မြောက်ဘက်ရှိ ညောင်ပင်ကို သိကြားညောင်ပင်ဟု ခေါ်၍ တောင်ဘက်ညောင်ပင်ကို သားဆုပန် ညောင်ပင်ဟု ခေါ်သည်။ ဂေါတမ မြတ်စွာဘုရားသည် မဟာမုနိ သွန်းလုပ်နေပုံကို မြောက်ဘက် ညောင်ပင်အောက်မှနေ၍ ကြည့်ရှုနေတော်မူခဲ့သည်ဟု ဆိုစမှတ် ပြုကြသည်။ ညောင်ပင်ကြီး၏ အောက်နားတွင် လိုဏ်ဂူ

အဟောင်းမှ အုတ်ပုံအပျက်အစီးများကို တွေ့ရသည်။ ထိုလိုဏ်ဂူကြီးကို ညောင်ပင်က မျိုထား၍ ပိတ်နေပေသည်။

အေဒီ ၁၇၇၅-ခုနှစ်က တိုင်းတာချက်အရ ဂူဝမှာ ၄ ပေ ၄ လက်မ ကျယ်၍ ၅ ပေ မြင့်ကြောင်း၊ ဂူ၏အကျယ်မှာ ပေ ၂၀ ဝန်းကျင်ရှိကြောင်း၊ အရှေ့ဘက် မျက်နှာမူနေကြောင်း သိရပေသည်။ အစဉ်အလာပြောစကားအရ ဤဂူထဲတွင် ရုပ်တုတော်တစ်ဆူ ကိန်းဝပ်တော်မူခဲ့ဖူးကြောင်းနှင့် ပြိုးပြက်သော ရောင်ခြည်တော် ကွန့်မြူးဖူးကြောင်း၊ အထဲကို ဝင်ရောက်ခဲ့ဖူးသူရှိကြောင်း၊ မဟာမုနိရုပ်တုတော်အား အဖျက်အဆီးမခံရအောင် ဝှက်ထားခဲ့ရာ နေရာဖြစ်ကြောင်း စသည်ဖြင့်သိရပေသည်။ လျှို့ဝှက်ဆန်းကြယ်သော ဖြစ်ရပ်အကြောင်းအရာများကား အများအပြားပင် ရှိပါသည်။

## (စ) ပိဋကတ်တိုက်

မဟာမုနိကုန်းတော်၏ အောက်ဆုံးပစ္စယာ အနောက်တောင်ထောင့်တွင် ရှေးဟောင်း ပိဋကတ်တိုက်တော်တစ်ခုကို မြင်တွေ့နိုင်ပါသည်။ အေဒီ ၁၄၃၉-ခုနှစ်တွင် မင်းခရီက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၍ နှစ်ခြောက်ရာ ကျော်ပေပြီ။ ရခိုင်ဘုရင် အဆက်ဆက်တို့သည် ဓမ္မဒါနအဖြစ် ဗုဒ္ဓစာပေကျမ်းဂန်များကို ရွှေ၊ ကြေး၊ ငွေ၊ ပုရပိုက်များတွင် အက္ခရာတင်၍ ဘုရားကြီးတွင် လှူဒါန်းခဲ့ကြရာ ဤပိဋကတ်တိုက်တွင် သိမ်းဆည်းထားခဲ့ကြသည်။ အေဒီ ၁၆၂၂-ခုနှစ်တွင် နန်းတက်သော သီရိသုဓမ္မရာဇာမင်းသည် သဗ္ဗဒါနပကာရနခေါ်သော ကျမ်းကြီးကို လှူဒါန်းခဲ့သည်။ ဤကျမ်းတွင် မဟာမုနိနှင့်ပတ်သက်သော အလှူဒါန၏အကျိုးကို အကျယ်တဝင့် ဖော်ပြထားပေသည်။

ရှေးဟောင်းလက်ရာမှာ သဲကျောက်တုံးများဖြင့် ခိုင်ခိုင်ခံ့ခံ့ဆောက်လုပ်ခဲ့ကြောင်း မှတ်တမ်းများက ဆိုသည်။ ပြတိုက်အဖြစ် ပြန်လည်မွမ်းမံ တည်ဆောက်သင့်ပေသည်။

## (ဆ) ခေါင်းလောင်းများ

မဟာမုနိရင်ပြင်တော်တွင် ယခုအခါ ခေါင်းလောင်းနှစ်ခုကို တွေ့ရသည်။ တစ်ခုမှာ ခေါင်းလောင်းအငယ်ဖြစ်၍ သံတွဲသိမ်ကုန်း

ကျောင်း၊ သူတော်မ (မယ်သီလ) တစ်ဦးက လှူဒါန်းထားခြင်း ဖြစ်သည်။ နောက်တစ်လုံးမှာ ကြေးချိန် ပိဿာ (၃၄၀၀) ရှိသော ခေါင်းလောင်းကြီးဖြစ်သည်။ ကမ္ပည်းစာများ ရေးထိုးထားသည်။ ပန်းတဥ်းဆရာ 'ကိုဘိုအို'လက်ရာဖြစ်ကြောင်းနှင့်အလှူရှင်ဦးရဲကျော်သူ အကြောင်းတို့ကို ပြည့်စုံစွာ ရေးသားထားသည်။ အရှေ့ဘက်စောင်း တန်းထိပ် ဘုရားကြီးရင်ပြင်၏ အရှေ့ဘက် မျက်နှာစာတွင် ချိတ်ဆွဲ ထားသည်။

ရခိုင်သမိုင်းတွင် အထူးထင်ရှား ကျော်စောခဲ့သော လျှို့ဝှက် ဆန်းကြယ်သည့် ယတြာ ခေါင်းလောင်းတော်ကြီးမှာကား ပျောက် ခြင်းမလှ ပျောက်ဆုံးနေသည်။ လွတ်လပ်ရေးရပြီး မကြာမီအခါကပင် ပျောက်ဆုံးသွားကြောင်း သိရပေသည်။သို့သော် လွန်ခဲ့သည့် နှစ်တစ်ရာ ခန့်က အသေအချာ မှတ်တမ်းတင် လေ့လာခဲ့သော ဂျာမန်လူမျိုး ရှေးဟောင်းသုတေသန ပညာရှင် ဒေါက်တာ ဖောချမ်းမား၏ ကျေးဇူးကြောင့် ဂဃနဏ သိရှိရပေသည်။

ယတြာခေါင်းလောင်းတော်၏ မူလနေရာမှာ အရှေ့မြောက် ထောင့် ရင်ပြင်ပင်ဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၀၉၅-ခုနှစ်တွင် သွန်းလုပ်ကြောင်းပါရှိ၍ နန်းဆက်ဇယားဖြင့် တိုက်ဆိုင်ကြည့်ရာ မြောက်ဦးခေတ် စန္ဒသူရိယရာဇာ စိုးစံသောအချိန်ဖြစ်သည်။ အချို့က သက္ကရာဇ် ၁၀၀၀-တွင် နန်းစံခဲ့သော င/ကုသလ ခေါ် နရပတိ လက်ထက် သွန်းလုပ်ခဲ့ကြောင်းလည်း အစဉ်အလာပြောစမှတ်ပြုကြ သည်။ င/ကုသလမှာ ယတြာကိန်းခန်းစသော လောကီပညာအရာ၌ ကျွမ်းကျင်သူ ဖြစ်သည်။

အေဒီ ၁၈၂၆-ခု၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ အပြီးတွင် စစ်တွေမြို့သစ်ကို တည်ဆောက်ခဲ့ရာ ခေါင်းလောင်းကို ရွှေ့ယူခဲ့ပြီး တရားရုံးတော်ရှေ့တွင် ချိတ်ဆွဲထားခဲ့သည်။ ၎င်းနောက် အေဒီ ၁၈၆၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၈-ခုတွင် ရှမ်းဆရာ မောင် ရွှေမှုံက မဟာမုနိဘုရားအား ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ရာ မဟာမုနိ ဘုရားရင်ပြင်ပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းကို ရင်ပြင်တော်၏ အပြင်ဘက် နံရံနှင့် ညောင်ပင်ကြီး၏ သစ်ကိုင်းခွကို တန်းသွယ်ကာ ချိတ်ဆွဲထားသည်။

၎င်းခေါင်းလောင်းမှာလောကီဆိုင်ရာအစီအမံဖြင့် ပြုလုပ်ထား ခြင်းဖြစ်ပြီး အင်းကွက်များပါရှိသည်။ အပေါ်ပိုင်းတွင် အင်းကွက်ကြီး

(၈)ကွက်နှင့် ယင်းအင်းကွက်များအောက်တွင် အင်းကွက်သေး (၃၈) ကွက်တို့ကို ပါဠိ၊သက္ကတနှင့် ရခိုင်ဘာသာတို့ဖြင့် စီမံအင်းချထားခြင်း ဖြစ်သည်။ အက္ခရာမှာ ယခုခေတ်သုံး အက္ခရာနှင့် အတော်ပင် နီးစပ်နေပေပြီ။ အင်းကွက်များတွင် သက်ဆိုင်ရာ တိုင်းပြည်များ၏ နက္ခတ်နှင့် ဂါထာ မန္တန်၊ ကိန်းဂဏန်းများကို ရေးသားထားလေသည်။

ရန်သူနိုင်ငံတစ်ခုခုကကျူးကျော်ဝင်ရောက်လာပါက ၎င်းနိုင်ငံနှင့် သက်ဆိုင်သော အင်းကွက်နေရာကို အချိန်နာရီ ဂြိုဟ်နက္ခတ် သွားလာမှုကိုကြည့်၍ နေ့၊ နာမ်ကိုက်ညီသူက တီးခေါက်ရသည်။ ခေါင်းလောင်း၏ မြည်ဟည်းသော အသံကြောင့် ရန်သူစစ်တပ် ပျက်စီး၍ ပြေးရသည်။ ၎င်းအပြင် နိုင်ငံတစ်ခု၏ မကောင်းသောအကြံအစည်ကို သိလိုလျှင်သော်လည်းကောင်း၊ နိုင်ငံတစ်ခုအား ဆုတ်ယုတ်ပျက်စီးလိုလျှင်သော်လည်းကောင်း ထိုနိုင်ငံ၏ နာမ်ကိုလိုက်၍ ထိုအင်းဇယားမှ ရည်ညွှန်းဖော်ပြသောနေရာတွင် ဘုရားတည်ခြင်း၊ ရေကန်တူးခြင်း၊ သစ်ပင်စိုက်ခြင်း စသည့် ယတြာကို ပြုလုပ်ရသည်။

ထိုခေါင်းလောင်းတွင်ပါဝင်သော ၎င်းတို့ မယုံကြည်ရသော အိမ်နီးချင်း ပဒေသရာဇ်ပြိုင်ဘက်များအဖြစ် (၁) ဗရင်ဂျီ၊ (၂) ယိုးဒယား၊ (၃) မုတ္တမ၊ (၄) ပဲခူး၊ (၅) မွန်၊ (၆) သံလျင်၊ (၇) ပြည်၊ (၈) တောင်ငူ၊ (၉) ပုဂံ၊ (၁၀) အင်းဝ (၁၁) အောက်သား၊ (၁၂) ဥဒရစ်မြို့ပြည်၊ (၁၃) ပထန်ကုလား၊ (၁၄) ရှမ်း၊ (၁၅) သက်တို့ကို တွက်ချက်ဖော်ပြထားပေသည်။ ထိုဇယားအရ ဗရင်ဂျီအား ထည့်သွင်းဖော်ပြထားကြောင်းတွေ့ရှိရာ ဤခေါင်းလောင်းကြီး၏ သက်တမ်းမှာ ပေါ်တူဂီများ ရခိုင်ကို အနှောင့်အယှက်ပေးသော ၁၆-ရာစုနှင့် ၁၇-ရာစုထက်မစောသောကာလကပင် သွန်းလုပ် ထားရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

## (ဈ) ပျက်စီးသွားသော ကျောက်စာတစ်ချပ်

မဟာမုနိကုန်းတော်၏ အနောက်ဘက် မဟာရံတံတိုင်းကြီး၏ ပင်မဂိတ်၏ မြောက်ဘက်ခြမ်းထိပ်ဝတွင် ရှေးခေတ် ကျောက်စာတိုင်ကြီးတစ်ချပ် စိုက်ထူထားခဲ့ပေသည်။ ခရစ်သက္ကရာဇ် ၁၈၈၀-ပြည့်

ဝန်းကျင်ကပင် ဒေသခံအရပ်သားများ၏ရေးသွေးထားသော ဒဏ်ရာ ဒဏ်ချက်ကြောင့် စာလုံးများ ပျက်စီးခဲ့ရပြီဖြစ်သည်။ ''ကောင်းမှု'' ''သျှင်'' ''ကိုစ်''စသော စာလုံးအချို့ကိုသာ ဖတ်သာ မှတ်သာပေသည်။

ထိုစာလုံးအက္ခရာအသုံးအနှုန်းပုံသဏ္ဍာန်ကို ကြည့်ခြင်းအားဖြင့် လက်ရေးလက်သားပညာအရ အေဒီ (၁၅)ရာစုက ရေးထိုးခဲ့ခြင်းဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ သို့ဆိုပါက မြောက်ဦးခေတ် အစပိုင်းကျောက်စာတစ်ချပ်ဖြစ်ပေမည်။ သမိုင်းအထောက်အထားတစ်ခု လက်လွတ် ဆုံးရှုံးခဲ့သည်ကို သတိတရားရသင့်လှပေသည်။ ဘုရင်တစ်ပါး၏ ကုသိုလ်ကောင်းမှုဖြစ်ပေမည်။ မဟာမုနိသမိုင်းအတွက်လည်း အထူး နစ်နာလှပါသည်။

× × ×

# ၈။ ဗိသုကာလက်ရာများနှင့် အစောင့်အရှောက် ရုပ်တုများ

မဟာမုနိရုပ်ပွားတော်သည် ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိနေစဉ်ဘဝနှင့် မူလပုံတူဖြစ်သည်ဟု လူအများက ယုံကြည်ကြပြီးလျှင် အလွန်ကြည်ညိုကြလေသည်။ ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင် တိုင်းပြည်များမှ ဘုရားဖူးများသည် ရာစုနှစ်ပေါင်း များစွာတိုင်တိုင် ဤ ရုပ်ပွားတော်ခြေရင်းတွင် ဝပ်တွားခယ ကြည်ညိုရန်အတွက် လာရောက်ခဲ့ကြပေသည်။ သဒ္ဓါထက်သန်စွာဖြင့် ပြုပြင်မွမ်းမံလှူဒါန်းခဲ့ကြသည်။ တစ်ဖက်တွင်လည်း ပေ၊ ပုရပိုက်မှတ်တမ်းများအရ ဤရုပ်ပွားဆင်းတုတော်ကြီးမှာ ရာစုနှစ်ပေါင်းများစွာ သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ မသိမသာ ခိုးယူဖျက်ဆီးမှုကြောင့်လည်းကောင်း ပျက်စီးခဲ့သည်လည်း ရှိပေသည်။

ယခုအခါ မူလပုထိုးအနက်မှ သီရိဂုတ္တတောင်ကုန်းမှ ရင်ပြင်ညီသုံးခုရှိ လေးထောင့်ပုံ သဲကျောက်တုံးများဖြင့် ဆောက်လုပ်ထားသောတံတိုင်း၏ အရှေ့တောင်ထောင့်ဘက်ရှိ ရေကန်ငယ်တစ်ခု၊ ကျောက်ဆင်းတုတော်များနှင့် ဗိသုကာလက်ရာ အစအန အနည်းငယ်တို့သာ ကျန်ရစ်ခဲ့တော့သည်။ ယင်းကျောက်ဆင်းတုတော်များမှာ တွေ့ရှိရပြီးသမျှ ရှေးဟောင်း ရခိုင် ဗုဒ္ဓယဉ်ကျေးမှုလက်ရာများထဲတွင် အစောဆုံးသောအုပ်စု နမူနာများပင် ဖြစ်ကြသည်။ ယင်း ကျောက်ဆင်းတုတော်များတွင် ရုပ်ပွားတော် တစ်ဆူတည်းပုံ၊ နှစ်ဆူတွဲပုံနှင့် သုံးဆူတွဲပုံတို့ ပါဝင်သည်။

ယင်းတို့အားလုံးမှာ ပုံစံတူညီသော အနီရောင် သဲကျောက်တုံးများဖြင့် ထုလုပ်ထားပြီး လက်ရာပုံစံ(ဒီဇိုင်း)နှင့် ဝတ်စားဆင်ယင်မှုတို့မှာလည်း များစွာပင် တူညီကြသည်။ ရုပ်တုတစ်ဆူတည်းပါရှိသော နောက်ခံကျောက်ပြားများ၏ အရွယ်အစားမှာ အတူတူလောက်ပင်ရှိပြီး နှစ်ဆူနှင့် သုံးဆူတွဲပါရှိသော နောက်ခံ ကျောက်ပြားများမှာ

အနည်းငယ် ပို၍သေးသည်။ ကံကောင်းထောက်မ၍ တစ်ဆူတည်း ရှိသော ရုပ်တုဘစ်ခုရှိ အချို့သော စာအရေးအသားများအနက် စာကြောင်း နှစ်ကြောင်းကို ယခုတိုင် ဖတ်၍ရနိုင်သေးသည်။

"သေနာပတိပနာဒ" ဟူသော စာကို ရှင်းလင်းထင်ရှားစွာ ဖတ်ရသည့်အတွက် ဤရုပ်တုမှာ နတ်ဒေဝါအကြီးအကဲ၏ ရုပ်တုဖြစ်ကြောင်း သိရသည်။ ပနာဒမှာ နတ်မှူး (၂၈) ပါးအနက်မှ တစ်ပါးဖြစ်သည်။ ကျောက်စာပညာအရ လေ့လာကြည့်မည် ဆိုပါက ဤအရေးအသားများမှာ အေဒီ ၄-ရာစုနှင့် ၅-ရာစုအတွင်းက အရေးအသား ဖြစ်မည်ဟု ဆိုနိုင်သည်။ ဤအချက်မှတစ်ဆင့် ဤကျောက်ဆင်းတုတော်များ၏ သက်တမ်းကို သိရှိရသည်။ ရုပ်တုအများစု၏ လက်တစ်ဖက်စီမှာ ကျိုးပဲ့နေသည်။ အချို့ရုပ်တုများတွင် လက်နှစ်ဖက်စလုံး ကျိုးပဲ့နေပြီဖြစ်သည်။ ဦးခေါင်းတော်များမှာ ရာသီဥတုဒဏ်နှင့် အချိန်ကာလ ကြာမြင့်မှုတို့ကြောင့် ပျက်ပြယ်သွားကြပြီဖြစ်သည်။

ရုပ်တုအားလုံးလိုလိုမှာပင် ထီးဟန် နန်းဟန်များကို တွေ့ကြရသည်။ ဥပမာအားဖြင့် ခံ့ညားသော ဦးခေါင်း အဆင်တန်ဆာများ၊ (တစ်ခါတစ်ရံ သရဖူ) ကိုလည်း တွေ့ရတတ်သည်။ ထို့ပြင် နားဆွဲတန်ဆာများ၊ လည်ဆွဲဘယက်များ၊ လက်ကောက်များ၊ ခြေကျင်းများနှင့် ခါးပတ်တန်ဆာများကို သွင်ဟန်အမျိုးမျိုးအပြားပြား ပြုလုပ်ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

တွေ့ရှိရသော ကျောက်ပြားများထဲတွင် ဆင်ယင်မွမ်းမံထားခြင်း မရှိသော ကျောက်ပြားခုံးများလည်း ပါဝင်ပြီး ယင်းတို့သည် တစ်ပေမျှမြင့်ကာ အပေါ်၌ ရုပ်တုများကိုတင်ထားပေသည်။ နောက်ခံကျောက်ပြားများမှာ အများအားဖြင့် သာမန်ရိုးရိုးပင်ဖြစ်ပြီး ထိပ်ဘက်မှ ကျောက်ပြားမှာ အမြဲဝိုင်းဝန်းသည့်သဏ္ဍာန်ရှိကြသည်။ အချို့သော ရုပ်တုများတွင် ဦးခေါင်း၏နောက်၌ ဘဲဥပုံ၊ သို့မဟုတ် အခြားပုံမျိုးရှိသော ရောင်ခြည်တော်ဖြာထွက်သည့် ပုံများကို တွေ့ရသည်။

အချို့သော ကျောက်ပြားရုပ်တုများတွင် ပခုံး၏နောက်ဘက်၌ ကွင်းဆက်တန်းများဖြင့် မွမ်းမံတန်ဆာဆင်ထားသည်ကို တွေ့ရသည်။ ရုပ်တုများတွင် ယောကျ်ား၊ မိန်းမဟူ၍ ထင်ရှားစွာ ခွဲခြားထားသော ဝိသေသလက္ခဏာများ မတွေ့ရပေ။ ကျောက်ဆစ်ပညာရှင်တစ်ဦး၊

သို့မဟုတ် အများက ရုပ်တုများကို ရုပ်လုံးဖော်ရာ၌ မျှတသော ပေါင်းစပ်မှုမျိုးဖြင့် ထုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အသားအရေများမှာ ထောင့်ချိုးများမရှိဘဲ ချောမွတ်ပြေပြစ်စွာ တွေ့ရှိကြရသည်။ ရုပ်တုရုပ်ထွင်း အတတ်ပညာရှင်များအနေဖြင့် ခြေ၊ လက်နှင့် ခါးတို့ကို သေးသွယ်အောင် ထုလုပ်ထားခြင်းအားဖြင့် အလှအပ အချောအမွေ့ဆုံး ရုပ်တုများဖြစ်လာရန် ရည်ရွယ်ပုံရပေသည်။ မျက်နှာပေါက်မှာ အိန္ဒိယမဆန်ဘဲ ရှည်မျောမျော ဖြစ်ပြီး ချောမွတ်လုံးဝန်းသော မေးစေ့များကို တွေ့ရသည်။ ရုပ်တုအများစုသည် ဒူးကို သွင်ပြင်အမျိုးမျိုးမြှင့်ပြီး ထိုင်နေသည့် ပုံစံများ ဖြစ်ကြသည်။

လက်များအနက် တစ်ဖက်၏ပုံပန်းမှာ အဘယမုဒြာ၊ သို့မဟုတ် ဝရဒမုဒြာ သွင်ပြင်မျိုးရှိသည်ဟု ဆိုနိုင်ပေသည်။ အခြားလက်တစ်ဖက်မှာ ဒူးပေါ်၌ တင်၍သော်လည်းကောင်း၊ ခါးရှည် တစ်ချောင်းကို ကိုင်၍သော်လည်းကောင်း တွေ့ရသည်။ ဤရုပ်တုများကို နားလည်သဘောပေါက်ရန်မှာ "မဟာမုနိစေတီပုထိုးသည် ဗုဒ္ဓဘုရားဖြစ်သော စကြာမုနိ၏ တကယ့်ပုံတူရုပ်ပွားတော်ကိုထားရှိရန် တည်ထားခဲ့ခြင်း ဖြစ်သည်"ဟူသော အချက်ကို သိထားရန် လိုအပ်ပေသည်။

ဤရုပ်တုများကို ထုလုပ်သည့်ကာလမှာ ခန့်မှန်းခြေအားဖြင့် အေဒီ ၄-ရာစုနှင့် ၅-ရာစု ဖြစ်ပေသည်။ ထိုရုပ်တုများသည် မည်သည်တို့ကို ကိုယ်စားပြုနေပါသနည်း။ လူ၊ နတ်၊ ဗြဟ္မာ အစရှိသော အထက်ဘုံသားများနှင့်တကွ အနိမ့်ဆုံးဘုံများရှိ ဘုံအားလုံးသည် ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ကြပြီးလျှင် ဗုဒ္ဓ၏ အဆုံးအမကို နာယူကြသည် ဆိုသောအချက်ကို သိရှိကြပြီး ဖြစ်ပေသည်။ ဗုဒ္ဓရုပ်ပွားများဆိုင်ရာ ကျမ်းများအရ စကြာမုနိ၏အဆုံးအမ ဟောချက်များကို နာယူကြသော ဘုံသားရှစ်မျိုးရှိသည်ဟု ဆိုသည်။ ယင်းတို့မှာ နတ်၊ ယသာ၊ ရဝ၊ အသူရာ၊ ဂဠုန်၊ ကိန္နရာ၊ မဟောရာဂါနှင့် နဂါးတို့ ဖြစ်ကြပေသည်။

## (က) နဂါးရာဇာ မြွေမင်း

မဟာမုနိ ဘုရားကုန်းမြေ ဒုတိယပစ္စယာ မြောက်ဘက် စောင်းတန်းအရှေ့ဘက်တွင် တစ်ခု၊ တောင်ဘက်စောင်းတန်း၏ အနောက်

ဘက်တွင် တစ်ခု ပေါင်းနှစ်ခု ရှိသည်။ အရွယ်အစားမှာ ၃-ပေ၊ ၁၀ လက်မ×၁ ပေ ၁၀ လက်မ ရှိသည်။ ဤပုံနှင့်ပတ်သက်၍ အထူး ရှင်းရန်မလိုပေ။ ရုပ်တုဦးခေါင်းပေါ်မှာ ခေါင်းငါးလုံး ပါရှိသော မြွေဟောက်တစ်ကောင်၏ ကျယ်ပြန့်သော အမောက်ကြီးက ဘေးထွက် နေသည်။ ရုပ်တုသည် အချွန်သုံးခုပါရှိသော သရဖူကို ဆောင်းထား သည်။ ပခုံးထက်တွင် နားကွင်းအခွေနှစ်ခု ပါရှိပြီး ကြာဖူးသဏ္ဍာန် ထိပ်ချွန်ဖြစ်နေသည်။ ရုပ်တု၏ ပုံသဏ္ဍာန်မှာ ဘယ်ဘက်ဒူးခေါင်းကို မြှင့်ထားပြီး ခြေဖဝါးကို အလယ်ဗဟိုသို့ ပြန်ဆွဲထားကာ ဘေးဘက်သို့ ညွတ်နေသည့်ပုံ ဖြစ်သည်၊ ညာဘက်ခြေထောက်ကိုမူ အောက်ဘက်၌ ကွေးထားသည်။ ညာဘက်လက်သည် အဘယမုဒြာ အနေအထား အတိုင်း ရှိသည်။

ဆိုလိုသည်မှာ လက်ဖဝါးသည် အရှေ့ဘက်သို့ လှည့်နေပြီး လက်ချောင်းများမှာမူ အပေါ်ဘက်သို့ ထောင်ထားသည်။ ဘယ် လက်သည် ထောင်ထားသော ဘယ်ဘက်ဒူးခေါင်း၏ ဘေးဘက်သို့ ကျနေသည်။ ရုပ်တု၌ ကြီးမား၍ ဝိုင်းဝန်းသော နားကွင်းတစ်စုံ၊ ရိုးရှင်း၍ ကွင်းကျယ်သော လည်ဆွဲတစ်ခု၊ ရိုးရိုးပြာဟ္မဏစလွယ်နှစ်ခု တို့ကို ဆင်မြန်းထားသည်။ ဖြောင့်မတ်သော ခါးပတ်ကို မြင်းခွာ ပုံသဏ္ဍာန် ခြေကျင်းဝတ်ပုံကွင်းစွပ်ပြီး ရှေ့ဘက်၌ ချည်ထားသည်။ ခြုံကြည့်ပါက လူပုံသဏ္ဍာန် ဖန်ဆင်းထားသော နဂါးပုံပင်ဖြစ်သည်။ ဤပုံမျိုးကို နာလန္ဒရှိ နာဂဇုနတုရားတွင် တွေ့ရသည်။

## (ခ) နာဂီ(နဂါးမင်းသမီး)

မဟာမုနိကုန်းမြေ၏ ဒုတိယထပ်တောင်ဘက်ခြမ်းတွင် တွေ့ရ သည့် အရှေ့မြောက်ဘက်ရှိ အုတ်ပုံတောင်ခြေရင်းတွင် အသားတူ ရုပ်တုတစ်ခုတွေ့ရသည်။ ခေါင်းကိုးလုံးပါသော မြွေဟောက်၏ ကား ထွက်နေသော အမောက်သည် ရုပ်တု၏ဦးခေါင်းမှ ထိုးထွက်နေသည်။ မျက်နှာသည် ရှေ့ဘက်သို့ လှည့်နေပြီးလျှင် ကိုယ်ထည်မှာ ညာဘက်သို့ ကွေးညွတ်နေသည်။ လက်ချောင်းကျိုးပဲ့နေပြီးလျှင် ခြေထောက်သည် ဒူးထောက်နေသည့် အသွင်ဖြင့် ညာဘက်သို့စောင်းနေသည်။ ရုပ်လုံး သဏ္ဍာန်သည် အမျိုးသမီးဟန် ထိုင်နေပုံဖြစ်သည်။

## (ဂ) ယသ ပနာဒ နတ်မှူး

ဤရုပ်တုသည် သေးငယ်ပြီး နောက်ခံကျောက်ပြား မြင့်မား သည်။ ဦးခေါင်း၏နောက်တွင် သုံးမြွာရောင်ခြည် ဖြာထွက်နေသည့်ပုံ ပါရှိသည်။ ရောင်ခြည်၏ ထိပ်ဘက်တွင် အလံကလေးတစ်ခု ရှိသည်။ ဦးပေါင်းတော်ခွဲ၍ သရဖူမပါရှိပေ။ ပုံအားလုံးမှာကဲ့သို့ပင် ဤရုပ်တု ကြီး၌လည်း ကြီးမားဝိုင်းဝန်းသော နားကွင်းများဝတ်ဆင်ထားသည်။ လက်နှစ်ဖက်စလုံး ကျိုးပဲ့နေပြီး ကိုယ်ထည်ပိုင်းမှာလည်း အတော်ပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ ရုပ်တုမှာ ဘယ်ဘက် ဒူးခေါင်းကို ထောင်ထားပြီး ခြေဖဝါးကို အလယ်သို့ နောက်ပြန် ဆွဲထားကာ ထိုင်နေသည့်ပုံ ဖြစ်သည်။

ခြေဖဝါးသည် ဘေးဘက်သို့ ညွှန်းနေပြီး ညာဘက်ခြေကို အောက်ဘက်၌ ကွေးထားသည်။ ဘယ်ဘက်တွင် ဓားရှည်တစ်ချောင်း ရှိကောင်းခဲ့နိုင်သည်ဟု ယူဆရသည်။ ပုံ၏နောက်ဘက်ကျောက်ပြား၏ အပေါ်ဘက်ပိုင်းတွင် စာကြောင်းရေ ၁၂ ကြောင်းရှိသော ကျောက် စာတစ်ခု၏ အစအနများကို မြင်တွေ့နိုင်သည်။ ယင်းကျောက်စာ၌ ဖတ်၍ရနိုင်သော စာလုံးအနည်းငယ်သာပါရှိသည်။ ယင်းစာကြောင်း များသည် အောက်ခြေထိအောင် ဆက်လက်ပါရှိသည်ဟု ယူဆရ သည်။ ယခုအခါတွင် အောက်ဆုံး စာကြောင်း နှစ်ကြောင်းကိုသာ ဖတ်၍ ရနိုင်တော့သည်။ ယင်း စာကြောင်း နှစ်ကြောင်းတွင် ပုံ၏ အမည်ဖြစ်သော 'သေနာပတိပနာဒ' ဟူသော စာသားပါရှိသည်။

အထက်၌ဖော်ပြခဲ့ပြထားသကဲ့သို့ပင် ရုပ်တုထုလုပ်ခဲ့သောကာလကို အေဒီ ၄ ရာစု သို့မဟုတ် ၅ ရာစုဟု ခန့်မှန်းနိုင်ပေသည်။ ဒီဃနိကာယ် လာ သုတ္တန်ကျမ်းများ၌ ဖော်ပြထားချက်များအရ ပနာဒသည် ကုဝေရကြီးမှူးသော ယသာနတ်မှူး (၂၈) ဦး၌ တစ်ဦး အပါအဝင် ဖြစ်ပေသည်။

## (ဃ) အခြားသော ယသာနတ်မှူးများ

ဤရုပ်တုများသည် ပုံပန်းသဏ္ဌာန်အားဖြင့် ပနာဒနှင့်တူပြီးလျှင် ပနာဒလောက် ကျိုးပဲ့ပျက်စီးခြင်း မရှိသေးပါ။ ဦးခေါင်းအနောက် ဘက်တွင် သုံးမြွာရောင်ခြည် ဖြာထွက်သည့် သဏ္ဌာန်ပါရှိ၍ ယင်း၏

ထိပ်တွင် အလံငယ်တစ်ခုကို တွေ့ရသည်။ ဘယ်ဘက်ဒူးခေါင်းကို ထောင်ပြီး ထိုင်နေသည့်အသွင်ဖြစ်သည်။ ခြေဖဝါးမှာမူ ဘေးဘက်ကို ညွှန်နေသည်။ ညာဘက်ဒူးကို ခေါက်၍ ထားသည်။ ဦးခေါင်းတော်၌ သရဖူမပါရှိဘဲ အများနည်းတူပင် ကြီးမားဝိုင်းဝန်းသော နားကွင်းများ ဝတ်ဆင်ထားသည်။ ဤပုံ၌ လည်ဆွဲမပါ။

သို့ရာတွင် ကြိုးပြားနှစ်ခုသည် ပခုံးနှစ်ဖက်မှလာ၍ ရင်ဘတ်ပေါ်တွင် ဖြတ်လိမ်ကာ လက်မောင်းများ နောက်ဘက်သို့ ရောက်နေသည်။ တင်ပါးဆုံပတ်လည်တွင် ခါးပတ်ကြိုးပြားပါရှိသည်။ညာဘက်လက်မှာ ကျိုးပဲ့နေပြီဖြစ်သော်လည်း ယခင်က "ဝရဒ" မုဒြာဟန်မျိုး ရှိနိုင်ခဲ့သည်ဟုယူဆရသည်။ဘယ်ဘက်သည် ထောင်နေသော ဒူးခေါင်း၏ နောက်ဘက်ဆီသို့ ကားထွက်သွားကာ ဓားရှည် တစ်ချောင်းကို ကိုင်ထားသည်။ ယသာနတ်မှူးများအုပ်စုတွင် ပါဝင်သော ရုပ်တုများ နောက်ထပ် ရှိနိုင်ပေသေးသည်။

## ( င) ဂန္ဓာရဝ(ဂီတနတ်သား)

ဦးခေါင်း၌ သရဖူမပါရှိ။ နားကွင်း ၄-ခု ပါရှိပြီး ယင်း၏ ထိပ်ဘက်၌ ဖူဝိုင်းသဏ္ဍာန် ဆံထုံးပါရှိသည်။ အပေါ်၌ အလံတစ်ခု ရှိကာ ဦးခေါင်း၏ ဘေးတစ်ဖက် တစ်ချက်မှ အချွန်နှစ်ခု ထိုးထွက်နေသည်ကို တွေ့မြင်နိုင်သည်။ ရုပ်ပုံ၌ ခါတိုင်း ကဲ့သို့ပင် ကြီးမား ဝိုင်ဝန်းသော နားကွင်းများ ပါရှိသည်။ ရိုးရိုးနှင့် ကွင်းကျယ်သော လည်ဆွဲများ၊ လက်ပတ်အဝတ်ပြား၊ ကိုယ်ကျပ်အင်္ကျီနှင့် ခါးပတ် ဝတ်ဆင်ထားသည်။ ညာဘက်ဒူးခေါင်းထောင်ထားပြီး ခြေဖဝါးမှာ ဘေးဘက်သို့ညွှန်လျက် ကိုင်နေသည်။

ဘယ်ခြေကိုကွေးထားပြီး ဒူးခေါင်းနှင့်ခြေချောင်းလေးများမှာ မြေကြီးနှင့် ထိနေပုံရသည်။ညာဘက်လက်ကွေးလျက် တံတောင်ဆစ်ကို ညာဘက် ဒူးခေါင်းပေါ် တင်ထားကာ ဓားရှည်တစ်ချောင်း ကိုင်ဆောင်ထားသည်။ ဓားမှာ ထိပ်ဖျားကျိုးပဲ့နေသည်။ ဘယ်လက်ဝါးကို ဘယ်ဘက်ပေါင်ပေါ်၌ အပြားလိုက် တင်ထားသည်။ ပခုံးနှစ်ဖက်၏ နောက်မှ သေးငယ်ပြီး အတောင်သဏ္ဍာန်ရှိသော အရာနှစ်ခု ထွက်နေသည်။ရုပ်တု၏နောက်ကျောတွင် ဝိုင်းဝန်းသော အပြားတစ်ပြားကို နောက်ခံအဖြစ် မျက်စိနှင့်နားတိုင်အောင် မြင့်တင် ထုလုပ်ထားသည်။

## (ဓ) ကိန္နရာများ

ဦးခေါင်းများတွင် အချွန်ပုံရှိသော သရဖူ ငါးခု ပါရှိပြီး ယင်းအထဲ၌ အခွေ သုံးခု, လေးခု ပါရှိသည်။ ၎င်းတွင် ပုံသဏ္ဌာန် အမျိုးမျိုးရှိသော အဖူးပုံထိပ်ဖျားများ ပါရှိသည်။ ဦးခေါင်း၏ ဘေးဘက်တို့မှ ပန်းပွင့်သဏ္ဌာန် အရာများ ထိုးထွက်နေပြီး ယင်းတို့မှ တစ်ဆင့် အစိတ်အပိုင်းသုံးခု ပါရှိသော အမွေးအတောင် ပုံသဏ္ဌာန် များသည် အဖျားဘက်၌ အပြင်ဘက်သို့ ကွေးကောက်ထွက်နေသည်။ ရုပ်တုတစ်ခုစီ၌ နားသံသီးတွင် ကြီးမားဝိုင်းဝန်းသော နားကွင်းကြီး များ တပ်ဆင်ထားသည်။လည်တိုင်၌ နှစ်လိုဖွယ်ရာရှိသော အရစ်သုံးခု ပါရှိပြီး လည်ဆွဲများမှာ ရိုးရှင်းပြီးကွင်းကျယ်သည်။

ရုပ်တု အားလုံးတွင် လက်မောင်း၌ လက်ပတ်ပြား ပါရှိသည်။ လက်ကောက်ဝတ်များ၌လည်း လက်ပတ်များပါရှိသည်။ခါးပတ်လည်၌ ခါးပတ်တစ်ခုကို အမြဲတမ်း ဝတ်ဆင်ထားပြီး ပုံစံ အမျိုးမျိုးဖြင့် ရှေ့ဘက်၌ ချည်နှောင်ထားသည်။ တစ်ခါတစ်ရံ တင်ပါးဆုံပတ်လည် တွင် ခါးပတ်တစ်ခုကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ရုပ်တုတစ်ခုမှ လွဲ၍ အားလုံးသည် ညာဘက် ဒူးခေါင်းကိုထောင်ကာ ထိုင်နေသည့် ပုံများဖြစ်ကြသည်။

ခြေဖဝါးမှာ ရှေ့ဘက်ကိုညွှန်နေပြီး ဘယ်ဘက်ခြေကို အောက် ဘက်၌ ကွေးထားသည်။ ညာဘက်လက်များမှာ ထောင်နေသော ဒူးခေါင်း၏ဘေးဘက်သို့တွဲကျနေသည်။ဘယ်လက်သည် တံတောင်ဆစ် မှ ကျိုးပဲ့နေကြသည်။ ဘယ်ဘက်လက်များမှာ အဘယမုဒြာ၊ဝရမုဒြာ သွင်ဟန်မျိုး အများဆုံး ဖြစ်ဖွယ်ရာ ရှိသည်။ နှိုင်းယှဉ် ရနိုင်စေရန် အတွက်နဂါးရုပ်တုပုံကိုကြည့်ပါ။

ခြွင်းချက်။ ။ရုပ်တု တစ်ခု၌မူ ဘယ်ဘက် ဒူးခေါင်း ထောင်ထား ပြီး ထိုဒူးခေါင်း၏ဘေးတွင် ဘယ်ဘက်လက်ကို တင် ထားသည်။ညာဘက်လက်မှာ အဘယမုဒြာသွင်ဟန်မျိုး ရှိနိုင်သည်။

ဤအုပ်စုဝင် ရုပ်တုများ၏ ထူးခြားသော လက္ခဏာများမှာ ပခုံးနှစ်ဖက်၏နောက်မှ ကွင်းသဏ္ဌာန် အတန်းများဖြင့် ဆင်ယင်ထား သော လုံးဝန်းသည့် အတက်အလက်များ ပါရှိခြင်းဖြစ်သည်။ ဤ

အတက်အလက်များမှာ ကိန္နရာ၏ တောင်ပံများကို ကိုယ်စားပြုခြင်း ဖြစ်ပုံရသည်။ ဦးခေါင်း၏ ဘေးဘက်မှ ထွက်လျက်ရှိသော ငှက်မွေးနှင့် တူသည့် အစိတ်အပိုင်းသုံးခုပါအရာများနှင့်ပခုံးနှစ်ဖက်၏နောက်ဘက်မှ ထိုးထွက်နေသော အတောင်ပံအရာများကို ကြည့်ခြင်းအားဖြင့် ဤအုပ်စုဝင်ရုပ်တုများမှာ လူအသွင်ဖန်ဆင်းထားသောကိန္နရာများပင် ဖြစ်သည်ဟု နားလည်သဘောပေါက်နိုင်ပေသည်။

## (ဆ) လေးဘက်ပါလနှတ် ရုပ်တုများ

ဦးပေါင်းတော်များမှာ ကိန္နရာ ရုပ်တုများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ယင်းတို့၌ အခွေသုံးခုအစား လေးခုရှိနေသည်။ အဆင်ဘန်ဆာများ၌ ထိုင်နေသည့် သွင်ဟန်များမှာလည်း ကိန္နရာရုပ်တုများနှင့် အတူတူပင်ဖြစ်သည်။ ညာဘက်လက်များမှာ ဝရမုဒြာဟန်ရှိသည်။ ဆိုလိုသည်မှာ လက်များကို ကွေးထားပြီး လက်ဖဝါးကို အပြင်ဘက်သို့ ဖြန့်ထားကာ လက်ချောင်းများမှာ အောက်သို့ ညွှန်ပြနေသည့်ဟန်ဖြစ်သည်။ဘယ်လက်တွင် ခါးရှည်ကို ကိုင်ဆောင်ထားပြီး ခါးနှောင့်များကို ဘယ်ဘက် ဒူးခေါင်းပေါ်တွင် တင်ထားသည်။ ဦးခေါင်း၏ နောက်ဘက်တို့တွင် ရောင်ခြည်ဖြာထွက်နေသည့် ဘဲဥပုံ အဝန်းများ ပါရှိသည်။

## (ဇ) နှစ်ပုံတွဲ ရုပ်တုများ

နှစ်ပုံတွဲရုပ်တုနှစ်ခုတွေ့ရသည်။ ၎င်းတို့အနက် တစ်ခုမှာ မူလလက်ရာကို ထွင်းထုဖြတ်တောက်ထားသဖြင့် ထူးကဲနေ၏။ အခြားတစ်ခုမှာ နဂိုအတိုင်းပင်ရှိသေးသည်။ အဆင်တန်ဆာများနှင့် အဝတ်အစားများမှာ အတူတူပင်ဖြစ်သည်။ ဦးပေါင်းတော်၌သာလျှင် ခြားနားမှုရှိသည်။ ဦးပေါင်းတော်၌ သရဖူဆောင်းထားခြင်းမရှိ။ နဂါးရုပ်တုမှာကဲ့သို့ပင် အခွေနှစ်ခုသာပါရှိပြီးလျှင် အဖုသဏ္ဍာန် အချွန်အတက် တစ်ခုဆောင်းထားသည်။ ထိပ်ဆုံးအခွေ၏ ဘယ်ဘက်နှင့် ညာဘက်မှ အဖြောင့်တန်းသော ဦးချိုနှစ်ခု ထွက်နေပြီးလျှင် အောက်အခွေ၏ အောက်နားဘေးဘက်များမှ ကွေးကောက်သော ဦးချိုတို့၏ အောက်တွင် ဖြောင့်တန်းသော ဦးချိုနှစ်ခုကိုလည်း ထပ်မံတွေ့မြင်ရသည်။

ညာဘက်ရုပ်တုလက်နှစ်ချောင်းလုံး တံတောင်ဆစ်မှ ကျိုးပဲ့နေပြီး ဘယ်ဘက်ရုပ်တုတွင်မူ ညာဘက်လက်သာ တံတောင်ဆစ်မှ ကျိုးပဲ့နေသည်။ ဤပုံ၌ ဘယ်လက်ကို ခြေထောက်ပေါ်တင်ထားသည်။ နှစ်ပုံစလုံးမှာ ခြေထောက်များကို ခွေခေါက်၍ ထိုင်နေကြသော်လည်း ခြေများ ကြက်ခြေခတ်ထားခြင်းမရှိပေ။ ဘယ်ဘက်ခြေသည် ညာဘက် ခြေ၏ ရှေ့ဘက်တွင်ရှိသည်။ ဦးပေါင်းတော်ကို သေသေချာချာ လေ့လာခြင်းအားဖြင့် ရုပ်တုများသည် အခြားဘုံသားတစ်မျိုး၏ ရုပ်တုများဖြစ်နိုင်သည်ဟု ယူဆရသည်။ ဤရုပ်တုများကို အသူရာရုပ်တုများဟု အမိပ္ပာယ်ဖော်နိုင်ပေသည်။

## (စ) သုံးပုံတွဲရုပ်တုများ

သုံးပုံစလုံးသည် ဦးပေါင်းဘော်ပုံစံမှာ တစ်မျိုးတစ်စား တညီတညာတည်းဖြစ်ကြသည်။ အခြား ရုပ်တုများ၏ ဦးပေါင်းတော်များထက် ပိုမိုရှုပ်ထွေးပြီး သရဖူများကို မတွေ့ရပေ။ ဦးပေါင်းတို့၏ နောက်ဘက်တွင် ဘဲဥပုံရောင်ခြည်ပုံမျိုးများပါရှိကြသည်။ အခြားသော ရုပ်တုများကဲ့သို့ပင် ၎င်းတို့သည် တူညီသော အဆင်တန်ဆာများကို ဝတ်ဆင်ထားကြသည်။ အားလုံးသောရုပ်တုများမှာ ခြေများကိုကွေး၍ ထိုင်နေကြပြီး ဘယ်ဘက်ခြေများကို အနည်းငယ်စီ မြှင့်ထားကြသည်။ အလယ်ရုပ်တု၌ ကိုယ်၏ရှေ့ဘက်တွင် ညာဘက်လက်ကို မြှင့်ထားပြီး ဘယ်ဘက်လက်ကို ဘယ်ဘက်ခြေပေါ်၌ တင်ထားသည်။ ဘေးဘက်ရှိပုံများ၏လက်များမှာ တံတောင်ဆစ်မှ ကျိုးပဲ့နေကြသည်။

တိုရုပ်တုများ၏ အတွင်းဘက်ကျသောလက်များတွင် ထိပ်ဘက်၌ ကျယ်၍ ရိုးတံရှည်အရာဝတ္ထုများကို ကိုင်ဆောင်ထားခဲ့ပုံ ပေါ်သည်။ ဤအရာများသည် လှံတံများပင် ဖြစ်လေသလော၊ တူရိယာတစ်မျိုးပင် ဖြစ်လေသလော စဉ်းစားစရာပင်။ အပြင်ဘက်ကျသောလက်များကိုလည်း ရှေ့ဘက်၌ မြှင့်ထားသည်။ ယင်းတို့သည် နတ်ဒေဝါများ၊ သို့မဟုတ် ဂန္ဓဗ္ဗများ (ဂီတနတ်မှူးများ)ဖြစ်နိုင်ဖွယ်ရာရှိပေသည်။

အထက်ဖော်ပြပါ ရုပ်တုများအပြင် အခြားရုပ်တု နှစ်မျိုးလည်း ကျန်ရှိနေပေသေး၏။ တစ်ခုမှာ အပြီးမသတ်ရသေးသော ဒွါရပါလ၏ မတ်ရပ်ပုံဖြစ်ပြီးလျှင် အခြားတစ်ခုမှာ ကိုယ်၏ အထက်ပိုင်းနှင့်ဦးခေါင်းပါ ပျက်စီးနေပြီဖြစ်သောဆောင့်ကြောင့်ထိုင်နေပုံဖြစ်သည်။ ဤရုပ်တု

များသည်ကား မဟာမုနိဘုရားတံတိုင်းအတွင်း၌ရှိသော ထူးဆန်းသည့် ကျောက်ဆစ်ရုပ်တုများဖြစ်ကြသည်။ လူများစွာတို့က ယင်းတို့ကို ဟိန္ဒူ နတ်ရုပ်များအဖြစ်ယူဆခဲ့ကြသည်။ အချို့သောသူများက ဤရုပ်တုများ ကို အဆင့်မြင့် မဟာယနဗုဒ္ဓဘာသာ၌ပါရှိသော နတ်ဘုရားများအုပ်စု မှ နတ်ဒေဝါများအဖြစ် အမိပ္ပာယ်ဖော်နေရန် ကြိုးစားလျက်ရှိကြ ပေသည်။

သို့သော် ဗုဒ္ဓဘာသာ ထွန်းကားတိုးတက်ရာဖြစ်စဉ်တစ်လျှောက် ၌ ဤရုပ်တုများကို ထုလုပ်သည့်ခေတ်ကာလတွင် ရခိုင်ပြည်၌ရောက်ရှိ လာသော ဗုဒ္ဓဘာသာ၏ အဆင့်အတန်းကို သေချာစွာလေ့လာပြီး သည့်နောက်ပိုင်း၌ကား ဤကျောက်ဆစ်ရုပ်များသည် ဗုဒ္ဓ၏အဆုံးအမ ဩဝါဒများကို လိုက်နာကျင့်သုံးခဲ့ကြသော နတ်ဒေဝါများ၊ ယသာ နတ်မှူးများ၊ ဂန္ဓာရဝများ၊ အသူရာများ၊ ဂဠုန်များ၊ မဟာရာဂါ များနှင့် နဂါးတို့ကို လူသားများအသွင် ဖန်ဆင်းထားသော ရုပ်တု များဖြစ်သည်ဟု ယူဆကြပေသည်။ ဦးခေါင်းနှင့်ပခုံးတို့၏ နောက်ဘက် ၌ တွေ့ရှိကြသော ဆင်ယင်မွမ်းမံမှုများနှင့် အခြားသော အဆင်တန် ဆာအားလုံးတို့မှာ အတူတူလောက်ပင် ရှိကြပေသည်။

## မဟာမုနိရတု

## (ရခိုင်ရှေးဟောင်းပုရပိုက်မူ)

| မူရင်း | ဘာသာပြန် |
|---|---|
| ၁။ အောင်ပြီအထွတ် | အောင်မြေအထွဋ် |
| ဗောပိတ္တကဒ်သည်မြတ်မဟာ | ဘဒ္ဒကပ်သည် မြတ်မဟာ |
| ဤကမ္ဘာပေါ်ယှူမာ | ဤကမ္ဘာပေါ်လူမှာ |
| သင်္ကျိဗြဟ္မာ | သကျဗြဟ္မာ |
| ငါးပွင့်ကြာကိုစ် | ငါးပွင့်ကြာကို |
| ထွတ်ကာနိမိတ်ပြ၍ | ဆွတ်ကာနိမိတ်ပြ၍ |
| မြဲသင်္ချာဗောဓိဝေ | မြဲသေချာဗောဓိဝယ် |
| နိူင်တလျှောက်သုည် | စဉ်တစ်လျှောက်သည် |
| ရှိနောက်ဆက်ကာတည်လည် | ရှေ့နောက်ဆက်ကာတည်လည်း |

| | |
|---|---|
| ထူဆန်ဖွေအမ်ဘွေပင် | ထူးဆန်းဖွယ် အံ့ဖွယ်ပင် |
| ကျော်ထင်ရှားသည် | ကျော်ထင်ရှားသည် |
| ဘုရားငါးဆူပွင့်၏ | ဘုရားငါးဆူပွင့်၏ |
| ရှိဦးတင်သည် ကက္ကုသံ | ရှေးဦးတင်သည် ကက္ကုသံ |
| ဂေါနာဂံကား | ဂေါနာဂံကား |
| ကဿပအမှံပင်တည် | ကဿဖအမှန်ပင်တည့် |
| ညီနောင်သည်မိတ္တေယျ | ညီနောင်သည်မိတ္တေယျ |
| နောင်တော်ကြီးသည် | နောင်တော်ကြီးသည် |
| မေတ္တင်ဂေါဒမထည်း | မည်တွင်ဂေါတမလည်း |
| ရတ်ထာနာအလှေလှေ | ရဌာနအလည်လည် |
| လေသားသာနှင့် | |
| ပတ်ကာဆွမ်းသပိတ်ဖြင့် | ပတ်ကာဆွမ်းသပိတ်ဖြင့် |
| ထုရတ်ဝေရခိုင်မှာ | ထိုရပ်ဝယ်ရက္ခိုင်ပြည်မှာ |
| ရက္ခပုရာ | ရက္ခပူရာ |
| တိုင်ညာ္ရှိပြည်သာနှစ် | ချည်ရွှေပြည်သာ၌ |
| ကိုင်ဇားတော်သည်မြတ်မုဏိ | ကိုယ်စားတော်သည်မြတ်မုနိ |
| ငါးထောင်ငါးရာ | ငါးထောင်ငါးရာ |
| သာသနာသည် | သာသနာသည် |
| ညီတော်ဇာအကြိတည် | ညီတော်စားတည်း |
| ပုံသွမ်းပြုထားတော်မုံမ် | ပုံသွင်းပြုထားတော်မူ |
| သာသနာသည် | သာသနာသည် |
| ရောင်ဝါမီနှေပူ၍ | ရောင်ဝါမီးနှယ်ပူ၍ |
| သောင်းရတ်လူ | သောင်းရပ်လူ |
| ဇမ္ဗူပြည် | ဇမ္ဗူပြည် |
| ဘုရားကူကျောင်း | ဘုရားဂူကျောင်း |
| သဿာပေါင်းနှင့် | သခ်ါပေါင်းနှင့် |
| မင်ညောင်စည်ဆက်နီသည် | မြင်ညောင်စဉ်ဆက်နေသည် |
| စည်ညာရတ်မြိတည်လည် | ချည်ရပ်မြေတည့်လေ |
| ထည်ညာရတ်မြိ၊ သိဂ်ိမေရာ | ချည်ရပ်မြေ၊ သိဂ်ိမြေရာ |
| ဝဒါရာသည်မြောက်ရတ်ချာ | ဝဒရ*သည် မြောက်ရပ်ချက် |
| သိရိမှာနဒီဖျား | သီရိမာနဒီဖျား |
| ကိုစီဇားသျှင်တော် | ကိုယ်စားရှင်တော် |

| | |
|---|---|
| မဟာမုဏိထား၍ | မဟာမုဏိထား၍ |
| သိန်ရာဂိုဏ်တောင်ထိပ်များ | သိန်ရာဂုဏ်(သီရိဂုတ်) တောင်ထိပ်ဖျား |
| ရွှီကျောင်းပိမ့် | ရွှေကျောင်းဗိမာန် |
| ဇေတစံနှစ် | ဇေတဝန်၌ |
| ပန်ဆည်ပန်ကြာထား၍ | ပန်းဆိုင်၊ ပန်းကြာထား၍ |
| ဖြောက်ဆိတ်ဝေကြေများရံ | ဖြောက်ဆိပ်ဝယ်ကြယ်များရံ |
| သောဒါလသည် | သော်တာလသည် |
| ထွတ်ဖျားမနော်စံ၍ | ထွတ်ဖျားမနော်ပျော်စံ၍ |
| ဟသ်ာကျသည်ဆိတ်လှ | ဟသ်ာကျံသည်ဆိုတ်လှ |
| ပြောင်ပြောင်ဝင်သည် | ပြောင်ပြောင်ဝင်းသည် |
| ညီထွီးရောင်တော်များတိုဝ် | ညီးထွေရောင်တော်များတို့ |
| နတ်သိကြားသည်ဘန်ဆင်းလျှင် | နတ်သိကြားသည် ဖန်ဆင်းလျှင် |
| ဝိသကြုံနတ်၊ ရက္ခနတ်သည် | ဝိသကြုံနတ်၊ ရက္ခနတ်သည် |
| လွတ်လွတ်မြီကထွက်သျှိပ် | လွတ်လွတ်မြေကထွက်သို့ |
| ပြိုင်ပြိုင်ပြင်မျက်များစီ | ပြိုးပြိုးပြက်မျက်များစီ |
| ရွှီကူကြီးထက် | ရွှေဂူကြီးထက် |
| ငါးလုံးစိတီမှိလျှက် | ငါးလုံးစေတီမှီလျက် |
| ခေါင်ထိပ်ဖွေသည် | ခေါင်ထိပ်ဗွေသည် |
| အလေဖျား | အလယ်ဖျား |
| ဆောင်တော်မုံဗာ | ဆောင်တော်မှုပါ |
| လည်တိုင်ငှက်မနား | လယ်တိုင်ငှက်မနား |
| သိမ်တော်မှာပတ်ဝန်းရံ | သိမ်တော်မှာပတ်ဝန်းရံ |
| တရသျှပ်လုံမ်း | တစ်ရာရှစ်လုံး |
| ရွှီဒုံကြာခွက်ခံ၍ | ရွှေဒုံကြာခွက်*ခံ၍ (ရွှေဒုံကြာခွက်=ပန်းအိုး ၁၀၈-လုံး) |
| ကျွန့်နိုင်ငံပြည်လုံးသား | ကျွန့်နိုင်ငံပြည်လုံးသား |
| ငါထောင်ပတ်ကုံမ် | ငါးထောင်ပတ်လုံး |
| ယူကျူညီတော်ကိုဝ် | ယူကျုံးငါ့ညီတော်ကို |
| မြဲစွာစောင့်ရှောက်ဗါလည် | မြဲစွာစောင့်ရှောက်ပါလေ |
| မဟာမုဏိဒ္ဒရွှီမြိပြည့်ျမ်၏ | မဟာမုနိရတု ပြီးပြည့်စုံ၏ |

**ခက်ဆစ်**

| | | |
|---|---|---|
| ရဋ္ဌာန | = | နေရာအရပ် |
| မီးနှုယ်ပူ၍ | = | မီးအရောင်ကဲ့သို့ထွန်းပသည် |
| မြင်ညောင် | = | ကြာမြင့်စွာ |
| ဝိဒရ | = | ဥတ္တရာ၊ မြောက်အရပ် (ပါဠိ) |
| ဟသ်ာ | = | ဟသ်ာပြဒါး(အနီရောင်) |
| ရွှေဒုံကြာခွက် | = | ပန်းအိုးတစ်ရာ့ရှစ်လုံး အညွှန်း |

သက္ကရာဇ် ၁၂၇၇-ခု ကဆုန်လဆုတ်၊ တဆေလေးရက်။ ကူးပြီး ပရပိုက်မူအတိုင်း (ခေါ်/ခံ) ၂-ရွက်မှ ကူးဖော်ပြပါသည်။ မူရင်း ရှေ့ဟောင်း လက်ရေးကို ယခုခေတ် လက်ရေးနှင့် ပြောင်းလဲ ရေးထားပါသည်။

ပုရပိုက်အလျား ၁၂ လက်မ၊ အနံ ၄ $\frac{1}{2}$ လက်မ။

× × ×

# မဟာမုနိဘုရားနှင့် နိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့ မှတ်တမ်း

၁၆၃၀-ပြည့်နှစ်၊ဇူလိုင်လအတွင်း ပေါ်တူဂီလူမျိုး မန်နရစ်သည် မဟာမုနိကုန်းတော်သို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ရခိုင်ပြည်မြောက်ဦးမြို့ ထီးနန်းကို သီရိသုဓမ္မာရာဇာ ဘုရင်မင်းမြတ် စိုးစံနေချိန် ဖြစ်သည်။ ဗုဒ္ဓဘာသာရခိုင်မင်းတို့၏ စဉ်လာအတိုင်း သီရိသုဓမ္မာရာဇာသည် မဟာမုနိ ဘုရားပေါ်သို့ သွားရောက်ကာ ဥပုသ်ရက်ရှည် စောင့်သောအချိန်နှင့် တိုက်ဆိုင်နေလေရာ ဘုရင်မင်းမြတ် အား ဖူးမြော် လျှောက်ထားလိုသော သံတမန် မန်နရစ်သည် မဟာမုနိကုန်းတော်သို့ သေမာနဒီ ခေါ် သရေချောင်းကို အသုံးပြု၍ လာရောက်ခဲ့ရလေသည်။

မန်နရစ်သည် ၎င်း တွေ့ကြုံရသော သေမာနဒီ၏ သာယာလှပသော သဘာဝရှုခင်းများ၊ ရခိုင်ဘုရင်တို့၏ ကြီးကျယ်ခမ်းနားသည့် မဟာမုနိဘုရားဖူး ရေလားသဘင် အခင်းအကျင်းများကို မှတ်တမ်းတင် ဖော်ပြထားရာ လွန်ခဲ့သော ၃၅၇-နှစ်ခန့်က အခြေအနေကို ပြန်ပြောင်းသတိရစရာပင် ဖြစ်သည်။ သံတမန် မန်နရစ်၏ မှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

> ဦးရစ်တောင်အနီးမှ စပါးစိုက်ပျိုးထားသောလယ်ကွင်းကြီးများမှာ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှသည်။ မေယု၊ ကုလားတန်၊ လေးမြို့ မြစ်တို့မှ နုန်းမြေနှစ်များ အနည်ကျ၍ ဖြစ်ပေါ်လာသော မြေနုကျွန်းအရပ်ဖြစ်၍ မြေသြဇာထက်သန် ကောင်းမွန်လှသည်။ စပါးဆန်ရေ ပေါကြွယ်ဝ၍ ဤမည်သော ဓညဝတီမင်းနေပြည်တွင် မည်သည့်အခါမျှ ငတ်မွတ်ခြင်းဘေးဆိုးအန္တရာယ် မကျရောက်ခဲ့ဖူးချေ။
>
> မြစ်သုံးသွယ်ကြား မြစ်လက်တက်များ အသီးသီးတွင် ချောင်းငယ်၊ မြောင်းငယ်ကလေးများဖြင့် ဆက်သွယ်ဖောက်

လုပ်ထားရာ လှေငယ်ဖြင့် ဥဒဟို သွားလာနိုင်ကြသည်။ သေးငယ်သော လုံးထွင်းလှေငယ်များမှအစ လှော်ကား၊ ဘောက်တူ၊ တိုက်လှေ၊ တိုက်သင်္ဘော အမျိုးမျိုး တွေ့မြင်ရသည်။ ဦးရစ်တောင်မြို့* ကလေးမှာပင် လှေပေါင်း သုံးရာငါးဆယ်ရှိသည်ဟု ဗိုလ်ချုပ်ကြီးက ပြောပြဖူးလေသည်။

လဆန်းရက်ကူး၌ ပေါ်တူဂီ သံတမန်များရောက်ရှိပြီး နှစ်ရက်အကြာတွင် ပဲရုံ(Peroem)** မြို့ဝန် ကြိုတင်ပြောလိုက်သည့်အတိုင်း ရာသီဥတု သာယာလာခဲ့သည်။ ကျွန်ုပ်တို့သည် အရုဏ်တက်အချိန် မဟာမုနိ ရုပ်ပွားဆင်းတုတော်ကြီး ရှိရာသို့ ထွက်ခွာလာခဲ့ကြပေသည်။ ကြီးမားသော အဆိုပါ ဆင်းတုတော်ကြီးမှာ မြောက်ဦးမြို့ အနောက်မြောက်ယွန်းယွန်း မိုင် (၄၀) ခန့် အကွာရှိ<sup>၁</sup> သီရိဂုတ္တကုန်းပေါ်တွင် တည်ရှိသည်။

မဟာမုနိ ရုပ်ပွားတော်၏ ဂန္ဓကုဋီ တန်ဆောင်းတော်ကြီးမှာ ထိုတောင်ကုန်းပေါ်တွင် တည်ရှိသည်။ ထိုကုန်း၏ ဘေးအရပ်လေးမျက်နှာတိုင်းတွင် ခရစ်ငါးရာစုခန့်က လက်ရာများဖြစ်သော နတ်ရုပ်များကို အကာအကွယ် အစောင့်အရှောက်အဖြစ် ထားရှိသည်။ အဆိုပါ မဟာမုနိကုန်းတော်အရောက် လှေဖြင့်သွားနိုင်ရာ ကျွန်ုပ်နှင့်တကွ ကပ္ပတိန် တီဗာနို၊

---

* ယခု ပုဏ္ဏားကျွန်းမြို့အနီး ဦးရစ်တောင်ခြေတွင် ရှိသော မြို့ဝန်၊ သို့မဟုတ် ဘုရင်ငယ်ရုံးစိုက်ရာ မြို့ဖြစ်သည်။ သီရိသုဓမ္မရာဇာမင်း၏ ဘိသိက်သွန်းခန်းတွင် ဘုရင်ငယ်အဖြစ် ပါရှိသည်။

** ဘင်္ဂလားနယ် ရင်းကားမြို့မှ မြောက်ဦးမြို့သို့ လာရောက်သော ခရီးလမ်းတွင် မန်နရစ် ဆိုက်ကပ်ခဲ့သောမြို့ ဖြစ်သည်။ ယခုအခါ မယူတောင်တန်း၏ တောင်ဘက်စွန်းနှင့် ဘင်္ဂလားပင်လယ်အော် စပ်ကြား ကမ်းမြောင်တွင် တည်ရှိသည်။ မောင်းတောမြို့နယ် အလယ် သံကျော်ရွာ၏ တောင်ဘက်ယွန်းယွန်းတွင် ရှိသည်။

၁။ Collis, M. The Land of Great Imge.
စာ-၁၂၁ အရ ဖော်ပြခြင်းဖြစ်သည်။ အမှန်မှာ ၁၆-မိုင်ခန့်သာ ဝေးသည်။

ငှင်း၏ အစေခံများ၊လက်ဆောင်ပဏ္ဏာများအပြည့် တင်ဆောင်ထားသော လှေကို ရခိုင်စစ်ဗိုလ်တစ်ယောက် ကြပ်မတ်လိုက်ပါလာသော လှေမြန်တော်သုံးစင်းဖြင့် ခြံရံလျက် လာခဲ့ကြသည်။

ကုလားတန်မြစ်ကို ဆန်တက်ခဲ့ပြီးနောက် မြစ်လက်တက်တစ်ခုဖြစ်သော သေမာနဒီ အမည်ရှိ ချောင်းငယ် တစ်ခုသို့ ကွေ့ဝင်ခဲ့ကြရလေသည်။ သေမာနဒီမှာ အလွန်လှပသော မြစ်ဟုဆိုလိုသည်ဟုသိရသည်။ ပထမနေ့ တစ်ရက်ခရီး ကုန်လုနီးခဲ့ပြီး ဖြစ်သည်။ သစ်ပင်ကြီးတို့မှာ ဝဲယာမြစ်ကမ်း နံဘေးတွင် မားမားမတ်မတ် တည်ရှိသည်။

သာယာပျော်မြူးဖွယ် ကောင်းသော ထို တောကြီးအလယ်တွင် တစ်ပင်မှတစ်ပင် ခုန်ကျော်ပြေးလွှားနေကြသော မျောက်ကလေးများ၊ လှပသော အမွေးအတောင်တို့ကို ဖြန့်လျက် ပျော်မြူး က,ပြနေကြသော ဥဒေါင်းငှက်များ၊ သစ်ပင်ရိပ်တွင် တရွေ့ရွေ့ လှုပ်ရှား သွားလာနေကြသော ကြံ့တိရစ္ဆာန်ကြီးများမှ အစ တောတိရစ္ဆာန် အများအပြားကျက်စားနေကြသည်ကို တွေ့ရသည်။

ဒုတိယနေ့တွင် ရွာငယ်လေးနှင့် လယ်ကွက်များကိုတွေ့ရပြန်သည်။ ရွာငယ်တစ်ရွာတွင် ငွေဒင်္ဂါးတစ်ကျပ် ပေးလျှင် ကြက်ဖလှလှ အကောင်သုံးဆယ်ရသည်။ အံ့သြ၍မကုန်နိုင်ပေ။

ထိုနေ့ မွန်းတည့်လောက်တွင် သေမာနဒီ မြစ်ကြောင်းအတိုင်း ဆန်တက်သွားရာ မဟာမုနိဘုရားကြီးသို့ မရောက်မီသုံးမိုင်လောက်အလိုတွင် ရခိုင်ဘုရင်ရေတပ်ကြီး ပိတ်ဆို့ခံနေ၍ဆက်လက်မသွားနိုင်ဘဲ ရှိနေသည်။

ကျွန်ုပ်နှင့်အတူ ပါလာသော ရေတပ်အရာရှိ၏ ပြောပြချက်အရ ဘုရင်မင်းမြတ်နှင့် နန်းတွင်းသူ နန်းတွင်းသားများတိုင်းခန်းလှည့်လည်ရာတွင် အထူးသဖြင့် မဟာမုနိ ဘုရားသို့ကြွချီရာတွင် သာမန် ကတ္တူလောင်းလှေကြီးများဖြင့် သွားလေ့မရှိဘဲ ပို၍ သက်သောင့်သက်သာ သွားလာနိုင်သော ကရဝိက်ဖောင်တော်နှင့်သာ ထွက်လေ့ရှိသည်ဟု ဆိုသည်။

ဖောင်တော်မှာလည်း ရွှေနန်းတော်တွင် စံနေတော်မူသည့်အတိုင်း နန်းသုံးပစ္စည်းမှ အစ မိဖုရား, မောင်းမမိသံ

ခြွေရံသင်းပင်းများကို လိုက်ပါနိုင်စေရန် ပြုလုပ်ထားသော ဝါးဖောင်တော်၏အပေါ်တွင် မြောက်ဦးရွှေနန်း ပကတိကဲ့သို့ အဆောင်အယောင်အပြည့် ဆောက်လုပ်ထားသည်။ ဤသို့ ရွှေနန်းတော်တစ်ခုလုံးကို ဖောင်ဖြင့် တင်လာသကဲ့သို့ စီမံထားသည်။ ရေတက် ရေကျ အမှီသဟဲပြု၍ အလွယ်တကူ သွားလာနိုင်ပေသည်။

ဘုရင်နှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အားလုံး အတွက် မဟာမုနိကုန်းတော်၏ ခြေတော်၌ ယာယီတဲနန်း ဆောက်လုပ်ထားရှိသေးသည်။ သို့ဖြစ်ရာ ထိုသို့ စံနေစဉ်အတွင်း ဘုရင်၏ ကရဝိက်လှေတော် ဖောင်တော်များနှင့် အစောင့် အရှောက် ရေတပ်မတော်များမှာ သေမာနဒီ မြစ်ရိုး တစ် လျှောက် ပြည့်ကျပ်နေပေသည်။ ဤအခြေအနေကြောင့် ရှေ့သို့ သွားရန် မဖြစ်နိုင်တော့ဘဲ ထိုမှာပင် စတည်းချရလေတော့ သည်။

နောက်တစ်နေ့တွင် စိတ်ဝင်စားဖွယ် ကောင်းသော လူအချို့ ကျွန်ုပ်ထံ ရောက်ရှိလာခဲ့ကြသည်။ ရခိုင်ဘုရင်၏ ကိုယ်ရံတော်တပ်တွင် ဆာမူရိုင်းခေါ် သူရဲကောင်းများ အမှု ထမ်းလျက်ရှိပြီး ဘုရင်မင်းမြတ်၏ မဟာမုနိဘုရားဖူး ခရီးစဉ် တွင်ကိုယ်ရံတော် တပ်တစ်တပ်အဖြစ် စောင့်ရှောက် ပါဝင်နေ ခြင်းကို အံ့သြဖွယ်တွေ့ရှိသည်။

၁၆၃၀ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့ညတွင် မြောက်ဦး မြို့ ရွှေနန်းရှင် သီရိသုဓမ္မရာဇာဘုရင်မင်းမြတ်သည် ဥပုသ် ထွက်တော်မူသည်။ နောက်တစ်နေ့ နံနက်တွင် လှောင်ထား သော ငှက်ကိုးကောင်ကို ဘေးမဲ့လွှတ်ပြီးလျှင် ထင်ရှား ကျော် စောသော ရုပ်ပွားတော်ကြီး သီတင်းသုံးရာ သီရိဂုတ္တကုန်းပေါ် သို့ မင်းခမ်းမင်းနားဖြင့် တက်ရောက် ဖူးမြော်ခဲ့ပေသည်။

ဘဝရှင်မင်းတရားကြီးသည် ဘုရားကို ရှိခိုးကန်တော့ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ ရေစက်ချ အမျှ ပေးဝေပြီးနောက် ကုန်းပေါ်မှဆင်းကာ ယာယီတဲနန်းတွင် နံနက်စာသုံးဆောင်လေသည်။ မင်းခမ်းမင်းနားဖြင့် တက်ရာ တွင် နန်းတွင်းသူနန်းတွင်းသား ခြံရံလျက် မှူးမတ်ကြီးများ၊

ပုဏ္ဏားဖြူ၊ပုဏ္ဏားညို၊ဗုဒ္ဓဘာသာထေရ်ကြီး ဝါကြီးများပါဝင်သော လူထုပရိသတ်ကြီးသည် စီတန်း၍ ပါဝင်လေသည့်။

ရွှေထီးချက် ငွေထီးချက်ကို ဖွင့်ကာ ဝါဝါထိန်နေသော ရဟန်းတော်များ၊ တံခွန်ကုက္ကား မြတ်လေးပွားနှင့် ကျီးသိုင်း အဆောင်အယောင်များ၊ ပန်းစည်း ပန်းကုံးတို့နှင့်တကွ ပိုးဖဲ့အရောင် တပြောင်ပြောင်တလက်လက်ဖြင့် ဘုရားတန်ဆောင်းလှေကား, ရင်ပြင် မကျန် ပြည့် နှက် လျက် ရှိ သည်။ မဟာမုနိကုန်းတော်၏ပြင်ဘက် တောင်ခြေတစ်လျှောက် အရပ်ရှစ်မျက်နှာတွင်လည်း ဘုရင်မင်းမြတ်၏ကိုယ်ရံတော် တပ်သားများမှာ မွမွကြဲသဲသဲမဲမဲ စုဝေးလျက်ရှိပေသည်။

ယာယီတဲနန်းဟုဆိုသော်သည်း နန်းတော်တမျှကြီးကျယ်ခမ်းနားလှပေသည်။ ရွှေပိန်းချထားသော သစ်သား ရွှေနန်းဆောင်ဖြစ်ပြီး ကျုံးဖြင့် ဝိုင်းရံထားပေသည်။ ညီလာခံသဘင်ကျင်းပရန် တုပိကာပြာသာဒ်ဘုံ အဆင့်ဆင့်ပါရှိသော ခန်းမဆောင်ကြီးတစ်ခုကိုလည်း တွေ့ရသည်။

ရခိုင်ဘုရင် အဆက်ဆက်သည် အထက်တွင် မန်နရစ်ဖော်ပြခဲ့သည့်အတိုင်း မဟာမုနိကုန်းတော်သို့ မင်းခမ်းမင်းနားဖြင့် လာရောက်၍ ဥပုသ်ရက်ရှည် စောင့်ခဲ့ကြပေလိမ့်မည်။ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးဘေးဘိုးစဉ်လာအရ သဒ္ဓါကြည်ညို ကုသိုလ်ပွားများကြငြားသော်လည်း တိုင်းရေးပြည်ရေးကိုပါ မလစ်ဟင်းရအောင် မှူးမတ်ပညာရှိများနှင့်တကွ ညီလာခံသဘင်ကိုပင် မဟာမုနိကုန်းတော်၌ ကျင်းပမြဲဖြစ်ကြောင်း သိရှိရပေသည်။

## မဟာမုနိရုပ်ရှင်တော်၏ ဂုဏ်ထူးဝိသေသများ

### (၁) မကိုဋ်သရဖူ၊ ဦးသျှောင်တော် ဆောင်းထားခြင်း

အတုမရှိသော မြတ်စွာဘုရားသခင်၏ဂုဏ်တော်ကို ရည်ညွှန်းတသ၍ လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါတို့၏ အထွတ်မှန်ကင်းမင်းတကာမင်းတို့၏ ကိုးကွယ်ရာ ဦးသျှောင်၊လောကစိဒ္ဓူဖြစ်တော်မူခြင်းကိုညွှန်းသည်။

## (၂) အရှေ့အရပ်သို့မျက်နှာမူ၍ ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းကိုညွှန်းသည်။ မူလအခြေခံကျခြင်းကိုဆောင်သည်။

## (၃) ဘူမိဖဿမုဒြာရှိခြင်း

ဘုရားအဖြစ်သို့ရောက်ရှိပြီးနောက် အပရာဇိတပလ္လင်ထက်ဝယ် စံနေတော်မူစဉ် မာရ်နတ်သား လာရောက်ဖျက်ဆီးခဲ့သည်။ ဘုရားရှင်လည်း မဟာပထဝီမြေကြီးကို သက်သေပြု၍ အောင်မြင်တော်မူခဲ့ခြင်းကိုညွှန်းသည်။ ပထဝီမြေကြီးသည် ခိုင်မာသည့်သဘော၊ ကျောက်ခန်းနိုင်သောသဘော၊ တည်ကြည်လေးနက်သော သဘောဆောင်သည်။

## (၄) ဝီရာသန ထိုင်တော်မူဟန်ရှိခြင်း

လက်ယာခြေကို လက်ဝဲခြေပေါ်တွင်ဖိတင်၍ လက်ယာခြေဖဝါးကိုလှန်လျက် ထိုင်တော်မူဟန်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး တရားတော်ကိုဟောပြဟန်နှင့် မိစ္ဆာတိတ္ထိတို့ကို နှိမ်နင်းချေဖျက်တော်မူဟန် အနက်အဓိပ္ပာယ်ရှိသည်။ လက်ယာခြေသည် 'သမ္မာ' ဟူသော အနက်ကိုဆောင်၍ လက်ဝဲခြေသည် 'မိစ္ဆာ'ဟူသော အနက်ဆောင်သည်။ ဤထိုင်တော်မူဟန်မှာ မင်္ဂလာရှိခြင်း၊ နိမိတ်ကောင်းခြင်း အနက်ဆောင်သည်။

## (၅) သနားကရုဏာထားသော ပြုံးတော်မူဟန်ရှိခြင်း

သတ္တဝါများ ရင်ဝယ်သားကဲ့သို့ မေတ္တာ၊စေတနာ၊ ကရုဏာထားတော်မူခြင်းကို ညွှန်းသည်။

× × ×

# ၁၀။ နှစ်ပေါင်း ထောင့်ငါးရာကျော်က ကျောက်စာ နှစ်ချပ်

မဟာမုနိ ဘုရားကြီးသမိုင်းကို ရေးသား ဖော်ပြ ခဲ့ကြရာတွင် အများအားဖြင့် စဉ်လာမပျက် ပြောဆိုနေကြသော စကားရပ်များ အရလည်းကောင်း၊ ပေမူ၊ ပရပိုက်မူ၊ သမိုင်း မှတ်တမ်းများ အရ လည်းကောင်း ရေးသားတင်ပြကြခြင်းသာ ဖြစ်ပေသည်။နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အဆင့်ဆင့် မှတ်တမ်းတင်လာခဲ့ရခြင်းကြောင့် သမိုင်းစဉ် များမှာ မူကွဲများရှိကြသည်။ ၎င်းပြင် ရုပ်ပွားဆင်းတုတော်ကြီးနှင့် ပတ်သက်၍လည်း မူကွဲများရှိနေပါသည်။

၎င်းတို့မှာ (က) မန္တလေးရောက် မဟာမုနိဘုရားကြီး၊ (ခ) မဟာမုနိရင်ပြင်အောက် ဉမင်လိုဏ်ခေါင်းရှိဘုရားကြီး၊ (ဂ) ရေထဲမှ ပြန်ပေါ်လာခဲ့သော "ဘုရားပေါ်ဘုရားကြီး"၊ (ဃ) ရေထဲရောက်ဆဲ ဘုရားကြီး၊(င)တောနက်ထဲရောက်"ဟပ်ချိုးမိုးကောင်းဘုရားကြီး"ဟူ၍ ဖြစ်ပါသည်။အချို့မှတ်တမ်းများအရ သမိုင်းစဉ်တစ်လျှောက် အဖျက် အဆီး ခံရမှုများ၊ခြိမ်းခြောက်ခံရမှုများကြောင့် ဆင်းတုတော်အစစ်ကို တောကြီးမျက်မည်းတွင်ထားခဲ့၍ ကိုယ်ပွားများကို သွန်းလုပ်ခဲ့ကြောင်း အဆိုရှိကြပေသည်။

မည်သို့ဆိုစေကာမူ မဟာမုနိဘုရားကြီး ကိန်းဝပ် စံပယ်တော် မူခဲ့ရာ မူလဘူတ သာသနာ့အောင်မြေအဖြစ် သီရိဂုတ္တကုန်းမြေကို ပူဇော်ကြရပေမည်။ ဤကုန်းတော်နှင့်ပတ်သက်၍ သမိုင်းအထောက် အထားများလည်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခု ထင်ရှားသော ကျောက်စာနှစ်ချပ်ကို ဆက်လက်ဖော်ပြပါမည်။

## (က) မဟာမုနိကုန်း ကျောက်စာ

၁၉၅၈-ခုနှစ်၊ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံ ရှေးဟောင်း သုတေသနဌာနသည် ကျောက်တော် မဟာမုနိကုန်း ဒုတိယအဆင့် အရှေ့မြောက်ထောင့်မှ ကျောက်ပြားတစ်ချပ်ကို ရှာဖွေတူးဖော်တွေ့

ရှိခဲ့သည်။ ၎င်းကျောက်ပြားတွင် ကျောက်ရုပ် တစ်ခုနှင့် ၎င်း၏ အောက်ခြေတွင် စာကြောင်းရေ (၁၂)ကြောင်းခန့် ပါရှိသည်။ ဤကျောက်စာနှင့်ပုံကို ပထမဆုံးတွေ့ရှိသူမှာ ဒေါက်တာဖောချမ်းမား ဖြစ်သည်။

ရှေးဟောင်းသုတေသန အစီရင်ခံစာတွင် နတ်ရုပ်ဟု ယူဆရသော ရုပ်ကြွတစ်ခု လက်ဝဲဘက်ဒူးကို ခပ်ပြေပြေထောင်၍ လက်ယာဘက် ဒူးကို တင်ပျဉ်ခွေလျက် နောက်ခံတံကဲနှင့် ထိုင်နေဟန် ပါသည်။ လက်နှစ်ဖက်စလုံး ကျိုးပဲ့ပျက်စီးနေပြီး ဖြစ်သော်လည်း ကျန်ရှိသော အပိုင်းအနေအထားကို ထောက်ချင့်၍ လက်နှစ်ဖက်ကိုကွေး၍ လက်ဝါးတို့ကိုဖြန့်လျက် အဘယမုဒြာ(ခေါ်)ဘေးခပ်သိမ်းတို့မှ ကင်းငြိမ်းရန် ဆုပေးနေပုံဖြစ်သည်။၎င်း၏ မဏိတော်တွင် မကိုဋ်သရဖူဆောင်းလျက် နားကပ်ကြီးများကို ဝတ် ဆင် ထား သည် ဟု ဖော် ပြ ထား သည်။ ဒေါက်တာ ဖောချမ်းမား၏ အဆိုအရ ဦးခေါင်းထိပ်တွင် အလံတစ်ခု စိုက်ထူထားသည်ဟု ဆိုလိုသည်။[၁]

ယခုအခါ စာကြောင်းရေ သုံးကြောင်းခန့်သာ တွေ့ရှိရတော့သည်။ ထိုစာကြောင်း သုံးကြောင်းတွင် အောက်ဆုံး စာကြောင်းမှ အက္ခရာစာလုံးအချို့ကို မှန်းဆ၍ဖတ်ရှုနိုင်သည်။ "လ" အက္ခရာသည် ထိုကျောက်စာချပ် ဓမ္မခဏ္ဍ၌ ထင်ထင်ရှားရှား ဖတ်သာသည်။ "ပ" နှင့် "ဟ" တို့ကိုလည်း စားကြောင်းနားတွင် တွေ့မြင် နိုင်သည်။ "လ" အက္ခရာမှာ ထောင်လျက်နေသော မျဉ်းဖြောင့် အောက်ခြေရှိ ချိတ်သည် အဖျားက လက်ဝဲဘက်သို့ ကွေးဆင်းသွားသည်။ "ပ"မှာ လက်ဝဲဘက်အထက် တုံးကလေးအောက်တွင် ခလုတ်ကလေးဆွဲကျလျက် ပါရှိသည်။ "ဟ"မှာ အင်္ဂလိပ် ဂျေ "j" နှင့် ဆင်တူသည်။ ၎င်းစာလုံး

၁။ (က) Dr. Fochammer. Arakan. The Mahamuni Pagoda. p. 13.

(ခ) Pamela Gutman. Ancient Arakan, The Mahamuni Inscription Plate xxxiii a, p.201.

(ဂ) U San Tha Aung. The Buddhist Art. p.116.

များမှာ အေဒီ(၅)ရာစုမှ(၆)ရာစုအတွင်း အိန္ဒိယမြောက်ပိုင်း အရှေ့ဘက် ဂုပ္ပတခေတ်မှ စတင်ပေါ်ပေါက်လာသည်ဟုဆိုသည်။[၁]

ဒေါက်တာပင်မလာ၏ အဆိုအရ "မ" အက္ခရာပုံစံ၊ စာလုံး အက္ခရာပုံစံတို့မှာ အေဒီ(၅)ရာစုမှ စတင်သုံးစွဲခဲ့သည်ဟုဆိုပေသည်။ "ယ"အက္ခရာမှာ ကူးပြောင်းဆဲ အက္ခရာဖြစ်ပြီး မူလပုံမှ လက်ဝဲဘက် တွင် ကြိုဂံ ပုံသဏ္ဌာန်တစ်ခုပိုလာသည်။သို့ဖြစ်ရာ ထိုခေတ်နှင့်ခေတ်ပြိုင် အေဒီ (၅)ရာစုပိုင်း ကာလဟု သတ်မှတ်နိုင်သည်ယု ဆိုပေသည်။[၂]

ဆရာဦးစံသာအောင်ကမူ လက်ရေး လက်သား ပညာအရ အေဒီ(၄)ရာစု သို့မဟုတ် (၅)ရာစုလောက်က ရေးထိုးထားသော အက္ခရာပုံစံဖြစ်သည်ဟု ဆိုပေသည်။[၃]

ဖတ်ရှုနိုင်သော အက္ခရာစာလုံးများအရ "ယက္ခ သေနာပတိ ပနာဒ" ဟု ဖတ်ရှုရပေသည်။ ပနာဒမှာ ကုဝိရအမှူးရှိသော ယက္ခ သေနာပတိ(၂၈)ဦးရှိသည့်အနက် မြောက်ဘက်အရပ်ကို စောင့်သော ယက္ခတစ်ဦးဖြစ်သည်။၎င်း"ပနာဒ"ဟူသော ဝေါဟာရကို မြန်မာပြည် တွင် အစောဆုံး တွေ့ရခြင်းဖြစ်သည်။ နောက်ပိုင်းကာလ မွန်-မြန်မာ တို့တွင်လည်း တွေ့ရှိရသည်။[၄]

၎င်းရုပ်တုမှာ ယက္ခသေနာပတိဝင် ဖြစ်သည်။ တစ်နည်းအားဖြင့် လောကပါလ နတ်မင်းကြီးနှင့် အရေးကြီးသော ကွဲလွဲချက်ရှိသည်မှအပ သဘောချင်း အတူတူပင် ဖြစ်သည်။ မန္တလေး နန်းတော် အတွင်း

---

၁။ ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်၏ အစီရင်ခံစာ၊ ၁၉၅၄-၅၉၊ စာ-၂၄။

၂။ Pamela Gutman. "Ancient Arakan" p.118.

၃။ U San Tha Aung. The Buddhist Art.p.116.

၄။ Pamela Gutman: Ancient Arakan.p.118. As List in the Mahasamya and Atanativa Suttas of the Digha Nikaya (Nos.20.32); Old Burma-Early Pagan: p.360 by Luce.

ဝင်းမှူးအဖြစ် အစောင့်သဘော ထားရှိသော လောကပါလတွင်လည်း အလားတူ ဦးခေါင်းထက်တွင် အလံငယ်များစိုက်လျက် ပါရှိကြပေသည်။ ဤသို့ဆိုပါက ဗောဓိသတ္တ (လောကနာထ ဘုရားလောင်း) မဟုတ်မူဘဲ ၎င်း၏ဘယ်ဘက် မုဒြာမှာလည်း သန်လျက်ကို ကိုင်၍ အပေါ်သို့ မြှင့်ထားသော ဟန်အမူအရာပင် ဖြစ်ပေလိမ့်မည်။

ထိုဟန်မှာလည်း မဟာမုနိကုန်းတော်မှ သန်လျက်ကိုင် အခြားရုပ်တုများနှင့် အတော်ပင် နီးစပ်ကြောင်း တွေ့ရသည်။ မဟာမုနိကုန်းတော်တွင် အရပ်ရှစ်မျက်နှာ၌ အလားတူ ရုပ်တုများ ရှိပေသည် (ဖော်ပြပြီး)။ အဆိုပါ ရုပ်တုများမှာ ဗောဓိသတ္တ၊ ဗြဟ္မာ၊ လောကပါလ နတ်မင်း၊ ယက္ခ၊ အသူရာ၊ ကိန္နရာ၊နဂါး၊ ဂဠုန် တို့ကို လူရုပ်သွင်ဖြင့် ထုလုပ်ထားခြင်းဖြစ်သည်။

အတုမရှိသော ဂုဏ်တော်အနန္တဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ပတ်လည်တွင် ဤသို့ ရုပ်တုမျိုးစုံကို ထုလုပ်ထားခြင်းမှာ မြတ်ဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာ၊ ယက္ခ၊ ကုမ္ဘဏ် သတ္တဝါအားလုံး၏ အထွတ်အမြတ်ဖြစ်ခြင်း၊ ရှိခိုးပူဇော်ခံရခြင်း၊ ၎င်းတို့အား ချစ်ခင်သနား၍ တရားတော်မြတ်ကို ဟောကြားတော်မူခြင်း၊ ဘဝပေါင်းစုံသော သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ခြင်းတို့ကို ရည်ရွယ်၍ ထုလုပ်ထားဟန်ရှိပေသည်။

အထက်တွင်ဖော်ပြခဲ့သော ပနာဒ ရုပ်တုတော်ပါ အက္ခရာအရ ဤရုပ်တုများကို အေဒီ(၄)ရာစုမှ (၅)ရာစုအတွင်း ထုလုပ်ခဲ့ကြောင်း သိရှိရပေသည်။ သို့ဖြစ်ရာ မန္တလေးမြို့တွင် ဘိုးတော်ဘုရား ရခိုင်ပြည်မှ ပင့်ဆောင်လာခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ်သည် ထိုခေတ်တိုင်အခါကပင် သီရိဂုတ္တ မဟာမုနိ ကုန်းတော်၌ တည်ရှိခဲ့ကြောင်း မှန်းဆ ပြောဆိုနိုင်ပေသည်။ ဤမဟာမုနိ တန်ဆောင်းတော်ကြီးမှာ ဓညဝတီမြို့တော်ဟောင်း၏ မြို့ရိုးအတွင်းတည်ရှိသည်။ နန်းတော်ရာ၏ အရှေ့မြောက်ထောင့်နားတွင် တည်ရှိသည်။ ကောင်းကင် မြေတိုင်းဓာတ်ပုံတွင် ပို၍ ထင်ထင်ရှားရှား မြင်တွေ့ရသည်။[၁]

---

၁။ Dr. Thin Kyi. Arakanese. Capitals. A Preliminary Survey of Their Geographical Setting, JBRS. VIII (1970) p.144.

၎င်းသည်နှင့်ဆက်စပ်၍ အောက်ပါ အချက်များကို ကောက်ချက် ချနိုင်ပေသည်။

(၁) ဓညဝတီမြို့သည် အေဒီ(၄)ရာစုမတိုင်မီကပင် မြို့တော် ဟောင်းအဖြစ် အခိုင်အမာ တည်ရှိနေခဲ့ခြင်း၊
(၂) မဟာမုနိဘုရားကို ဓညဝတီ မြို့သူ, မြို့သားများ တည် ဆောက်ခဲ့ကြခြင်း၊
(၃) ဓညဝတီ ပြည်သူ, ပြည်သားများသည် ဗုဒ္ဓဘာသာဝင် များ ဖြစ်ကြခြင်း၊
(၄) ဗုဒ္ဓဘာသာသည် ဘုရင် အပါအဝင် အုပ်ချုပ်သူများ၏ ကိုးကွယ်သော ဘာသာဖြစ်ခြင်း၊
(၅) ရခိုင်ရာဇဝင်ပါ မဟာမုနိဘုရားနှင့်ဓညဝတီမြို့ဟောင်း သည် ဆက်စပ်မှုရှိခြင်း၊
(၆) ရခိုင်ပြည်တွင် အေဒီ(၄)ရာစု မတိုင်မီကပင် ဗုဒ္ဓ သာ သနာ ရောက်ရှိနေခြင်းကို ပို၍ ခိုင်မာ စေ ခြင်းတို့ ဖြစ်သည်။

## (ခ) တောင်ပေါက်ကြီး ကျောက်စာ

ဓညဝတီမြို့တော်ဟောင်း၏အပြင်ဘက် မြို့ရိုးတံတိုင်း၊ ကျောက် တော် မဟာမုနိသွားရာလမ်း တောင်ပေါက်ကြီး အနီးတွင် တွေ့ရ၍ တောင်ပေါက်ကြီးကျောက်စာဟု ခေါ်ဆိုသည်။ ကျောက်စာတွင် စာ ကြောင်းရေ (၂၅)ကြောင်းပါရှိပြီး ငါးကြောင်းမှာ ထင်ရှားသည်။ မြောက်ပိုင်း ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးထားသည်။ ဘာသာစကားမှာ ပါဠိဘာသာစကားဖြစ်သည်။ ယင်းကျောက်စာကို အောက်ပါအတိုင်း ဘာသာပြန်၍ရသည်။

၁။ အထ ခေါ ဘဂဝါ ဘိက္ခူ သံဃံ ပါသာဒံ အာရုပေတွာ ပဋ္ဌပါသာဒဿ။

---

၁။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ အစီရင်ခံစာ၊ ၁၉၅၈-၅၉၊ စာ-၂၄။

၂။ တပရိစုတော ဓညဝတိရဋ္ဌ အာကာသမင္ဂေ နစာရိကံ ဝရမာနော ဓညဝတိ။

၃။ မဟာနဂရသ ပစ္ဆိမဒိသာဘာဂေ ဂစ္ဆပနဒိယာ ပုရတ္ထိမတီရေသော။

၄။ လာဂိဝိ ပဗ္ဗတ ဗုဒ္ဓမှိ ဩရောဟိတွာ ပတိဋ္ဌာတိ။

အဓိပ္ပာယ်မှာ ဂေါတမ မြတ်စွာဘုရားသခင်သည် ပြာသာဒ်ငါးရာဖြင့် တပည့်သား သံဃာတော်ငါးရာခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူလတ်၍ ဓညဝတီမြို့တော်၏ အနောက်ဘက်၌ရှိသော ကစ္ဆပနဒီမြစ်၏အရှေ့ဘက်ကမ်းရှိ သေလာဂီရိတောင်ထိပ်သို့ ရောက်သောအခါ သက်ဆင်းရပ်တော်မူ၏ဟူ၍ ဆိုလိုသည်။

ဤကျောက်စာမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ဂမ်းနည်းဖွယ်လည်း ဖြစ်သည်။ ဤကျောက်စာကို အေဒီ(၁၉၃၂)ခုနှစ်၊ ဧပြီလအတွင်း ဂုဏ်ထူးဆောင် ကျောက်စာဝန် ဦးစံရွှေဘုနှင့် တပည့်ဖြစ်သူ ဦးဦးသာထွန်းတို့ တွေ့ရှိခဲ့ကြပြီး ကူးယူခဲ့ကြပါသည်။ ဦးစံရွှေဘုသည် စစ်အတွင်းက ကွယ်လွန်ခဲ့သည်။ ဦးဦးသာထွန်းမှာ မြောက်ဦးမြို့ ရှေးဟောင်း သုတေသနဌာနတွင် မြန်မာပဏ္ဍိတ် (ပင်စင်စား) ဖြစ်သည်။ ဆရာဦးစံသာအောင်က 'ရခိုင်ပြည်သုံးအက္ခရာ'စာအုပ်အတွက် စာရေးဆက်သွယ်ခဲ့ရာ အောက်ပါအတိုင်း သိရှိရပေသည်။

ဤကျောက်စာတွင် စာကြောင်းရေ (၂၅)ကြောင်း ရေးထိုးပါရှိသည်။ ငါးကြောင်းခန့်သာ ထင်ရှားပေါ်လွင်သည်။ ကျန်စာများကို သိုက်ဆရာများထွင်းထုထား၍ ယခုလုံးဝပျက်စီးသွားပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်များ မည်သည့်နေရာသို့ ပြောင်းရွှေ့ဖြိုဖျက်ခဲ့သည် မသိရဟူ၍ ဖြစ်သည်။

၁၉၇၅-ခုနှစ်၊ ဧပြီလအတွင်းက ဆရာဦးစံသာအောင်၊ ဦးတင်ဦး (တက္ကသိုလ်ဘာသာပြန်စာတည်းမှူး)၊ ဦးမြင့်ဆွေ(ကထိက၊ အရှေ့တိုင်း ပညာဌာန၊ မန္တလေးတက္ကသိုလ်)၊ ဒေါက်တာပင်မလာဂတ်မင် (ဩစတြေးလျ အမျိုးသားတက္ကသိုလ်)တို့ ဦးဆောင်သော အဖွဲ့အား ဦးဦးသာထွန်းက တောင်ပေါ်သို့တက်၍ ကျောက်စာနေရာကို ပြခဲ့သည်။ စာရေးသူလည်း တက်ရောက် ကြည့်ရှုခဲ့ရာ သဲကျောက်

တောင်ဖြစ်ပြီး မြေညှိထားသော မြို့ရိုးဟောင်းဖြစ်နိုင်သည်ကို တွေ့ရသည်။

ဦးစံသာအောင်၏ အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာစာအုပ် စာမျက်နှာ (၆၄) ကျောက်စာပါ အက္ခရာပုံစံကို ကြည့်ရှုလေ့လာပါက ယခုခေတ်အက္ခရာ 'က'ကို '+' ကြက်ခြေခတ် ပုံသဏ္ဌာန် ရေးထားခြင်း၊ 'န' အက္ခရာကို အင်္ဂလိပ်အက္ခရာ (T) ပြောင်းပြန်သဏ္ဌာန် (⊥) ရေးထားခြင်းတို့ကြောင့် ခရစ်တော်မတိုင်မီ အက္ခရာအရေးအသား ပုံသဏ္ဌာန်ဖြစ်ကြောင်း တွေ့ရသည်။[၁]

---

၁။ (က) ဦးစံသာအောင်၊ ရခိုင်ပြည်သုံးအက္ခရာ၊ စာ-၆၂-၆၃။
(ခ) ဦးအောင်သာဦး၊ ရှေးဟောင်း ရခိုင်အက္ခရာ၊ စာ-၁၀၃။

× × ×

# ၁၁။ မန္တလေးမဟာမုနိ ရုပ်ရှင်တော်မြတ်

အထက်အခန်းများတွင် မဟာမုနိဘုရားကြီးအား အိမ်နီးချင်းတိုင်းပြည်များမှ ဗုဒ္ဓဘာသာဝင် ပြည်သူများနှင့် အဆက်ဆက်သောမင်းအပေါင်းတို့သည် ရာစုနှစ်ပေါင်း များစွာကပင် ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လာရောက် ဖူးမြော်ခဲ့ကြကြောင်း တင်ပြခဲ့ပြီးဖြစ်ပေသည်။

ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမြတ်လှသော ဘုရားရှင်ကိုယ်တိုင် ကြပ်မတ်သွန်းလုပ်အပ်သော မဟာမုနိရုပ်ရှင်တော်မြတ်၏ အလှူဒါယကာ မင်းမြတ်အဖြစ် ခံယူလိုကြ၍ အိမ်နီးချင်းတိုင်းပြည်များမှ မင်းအပေါင်းတို့သည် မဟာမုနိ ဘုရားကြီးအား အလှူဒါနပြုကြသည်။

ပုဂံပြည့်ရှင် အနော်ရထာ၊ (ကျန်စစ်သား၊ အလောင်းစည်သူစသော ဘုန်းတန်ခိုးအာဏာထက်လှသည့် မင်းများ၏ ကုသိုလ်ကောင်းမှုများကို ယနေ့တိုင် မဟာမုနိပရိဝုဏ်ထဲတွင် မြင်တွေ့နိုင်ပေသည်။) ရက္ခပူရ၏ မြောက်ဘက် ဗြဲပူရ၊ မဏိပူရ၊ သက်ပြည်၊ မြုံပြည်ထောင်တို့မှ မင်းအပေါင်းတို့သည်လည်း နှစ်စဉ် လာရောက် ဖူးမြော်ကြမြဲဖြစ်သည်။ အလှူတော်များ ပေးပို့လှူဒါန်းမြဲဖြစ်သည်။

အဆိုပါ မင်းတို့သည် ကန်တူး၍ လှူကြသည်။ အချို့က သစ်ပင်စိုက် လှူဒါန်း၍ အချို့က တံတိုင်းကာ၊ ဇရပ်ဆောက်စသည်ဖြင့် မိမိ၏ဆန္ဒရှိရာ လှူဒါန်းကြသည်။ တောင်ဘက် ပင်လယ်ရပ်ခြားသီဟိုဠ်ကျွန်းမှ မင်းတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာဆိုင်ရာ ပိဋကတ်တော်များကို လှူဒါန်းလေ့ရှိကြောင်း မှတ်တမ်းများက ဆိုသည်။ မဟာမုနိ တံတိုင်းတွင်းတွင် ရှေးဟောင်း ကျောက်သား ပိဋကတ်တိုက်တော်ဟောင်းနေရာကို တွေ့နိုင်ပေသေးသည်။

ထိုသို့ နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်းတစ်လျှောက်တွင် ကြည်ညိုဖွယ်ရာကောင်းလှသည့် မဟာမုနိနှင့် ပတ်သက်၍ ဗုဒ္ဓ

ဘာသာဝင် ပြည်သူအပေါင်းတို့တွင် တူညီသော သက်ဝင်ယုံကြည်မှု တစ်ခု ရှိကြသည်။ ၎င်းမှာ မဟာမုနိဘုရားကြီးတည်ရှိရာ အရပ်သည် ဆန်ရေစပါးပေါကြွယ်ဝခြင်း၊ စည်ပင်သာယာဝပြောခြင်း၊ အေးချမ်းသာယာခြင်း စသည့် အကျိုးများ ရှိသည်။ မဟာမုနိဘုရားကြီးအား သုံးကြိမ်သုံးခေါက် ဖူးမြော်ပြီးပါက အပါယ်တံခါးပိတ်သည့် ကုသိုလ်ထူးကို ရရှိသည်ဟူသောအချက်ပင် ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင် ကြပ်မတ်၍ သွန်းလုပ်ခဲ့သည့် ရုပ်ရှင်တော်မြတ်ဖြစ်၍လည်း ပို၍ သဒ္ဓါတရားထက်သန်ကာ ကြည်ညိုကြခြင်း ဖြစ်သည်။ ဤသို့သော အကြောင်းကြောင့်ပင်လျှင် အိမ်နီးချင်းတိုင်းပြည်မှ ဘုရင်အချို့တို့သည် မိမိတိုင်းပြည်သို့ ပင့်ဆောင်နိုင်ရန် အကြိမ်ကြိမ် လျှို့ဝှက် ကြံစည်ခဲ့ကြလေသည်။ အချို့သော မင်းတို့မှာ ဘုရားဗျာဒိတ်တော်အရ တည်ထားသော ဆင်းတုတော် ဖြစ်၍ မပြောင်းရွှေ့သင့်ဟု ယူဆကြပြီး မဟာမုနိ ကိုယ်တော်ပွားအဖြစ် နာမည်တူ အမည်ပေး၍ မိမိတို့တိုင်းနိုင်ငံ မိမိတို့အရပ်ဒေသတွင် သဏ္ဌာန်တူ ကိုးကွယ်ကြလေသည်။

တြိပူရ၊ မဏိပူရ၊ သက်ထောင်၊ ဖလံထောင်၊ ဗိုလ်မင်းထောင် တို့တွင် ဤသို့ ကိုးကွယ်သော ရုပ်ပွားတော်များကို အများဆုံးတွေ့ရသည်။ ယခုအချိန်တွင် မဟာမုနိအမည်ဖြင့် နာမည်တူ၊ သဏ္ဌာန်တူ ကိုယ်ပွားဆင်းတု အများအပြား တွေ့နေရပြီ ဖြစ်သည်။

အေဒီ ၁၇၈၄-ခုနှစ်တွင် ရခိုင်တစ်ပြည်လုံးကို သိမ်းသွင်းပြီး ဖြစ်သော အမရပူရ အိမ်ရှေ့မင်းသည်လည်း ရှေးမင်းများနည်းတူ တန်ခိုးကြီးမားလှသည့် မဟာမုနိရုပ်ရှင်တော်မြတ်အား အမရပူရသို့ ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ပြန်ပေသည်။ ဤသည်မှာ သဘာဝအတိုင်းပင် ဖြစ်သည်။ နောင်တွင် မဟာမုနိ ဘုရားကြီးအား အောင်မြင်စွာ ပင့်ဆောင်နိုင်ခဲ့သော အိမ်ရှေ့ဥပရာဇာသည် ငယ်ငယ်ရွယ်ရွယ်နှင့် နတ်ရွာစံခဲ့ရ၍ ထီးနန်းနှင့် လွဲခဲ့ရသော်လည်း ကုန်းဘောင်ဆက် ရာဇဝင်တွင် ထင်ရှားလာခဲ့ပေသည်။

အိမ်ရှေ့မင်းသည် ဘုရားကြီး ပင့်ဆောင်ရေးအတွက် စနစ်ကျသော အစီအမံများ ရေးဆွဲသည်။ဒေသခံပညာရှိ ဟူးရားတတ်များနှင့် တိုင်ပင်သည်။ အယူတော်မင်္ဂလာ ဦးတိုးကလည်း နောက်ပါးက တစ်ဖဝါးမခွာအမြဲအကြံကောင်း၊ဉာဏ်ကောင်းပေးလျက်ရှိလေသည်။

အိမ်ရှေ့မင်းသည်လည်း မဟာမုနိဘုရားကြီးစံရာ သိရိဂုတ္တကုန်းတော် အနီးတွင် ယာယီတဲနန်းထိုးလျက် အနီးကပ် ကြီးကြပ်လမ်းညွှန်ခဲ့သည်။

အေဒီ ၁၇၈၄-ခု၊ ဖေဖော်ဝါရီလ၊ မြန်မာသက္ကရာဇ် ၁၁၄၆-ခု၊ တပို့တွဲလဆန်း လှိုင်းလေငြိမ်သက်သော ဆောင်းနှောင်း ရာသီတွင် ရေကြောင်းဖြင့် တောင်ကုတ်မြို့သို့ ဦးတည်၍ စတင်ပင့်ဆောင်ခဲ့သည်။ ရေကြောင်း၊ ပြွန်၊ ချောင်း၊ ရေစီး၊ ရေဝဲ၊ ရေမှတ်၊ ရေစုပ် ကင်းဝေးရေးအတွက် ရခိုင်ဒေသခံ ပညာရှင်များက တာဝန်ယူကြီးကြပ်ရသည်။

တောင်ကုတ်မြို့သို့ ရောက်ရှိပြီးနောက် ခက်ခဲကြမ်းတမ်း၍ မြင့်မားမတ်စောက်လှသည့် ရခိုင်ရိုးမတောင်စဉ် တောင်တန်းကြီးများက ဆီးကာနေပေသည်။ ဤခရီးကို ဖြတ်ကျော်ရန်အတွက် သင့်သလို ဖြုတ်တပ် ပြင်ဆင်ကြရသည်။ ကျွမ်းကျင်မှု အတတ်ပညာကို ရယူရသည်။ ကြီးမား လေးလံလှသည့် ဆင်းတုတော်ကြီး အတွက် ဘီးတပ်ရထားသုံးစင်း ပြုလုပ်သည်။ မြင့်မားမတ်စောက်လှပြီး စနစ်တကျ ဆောက်လုပ်ထားခြင်းမဟုတ်သည့် ခရီးကြမ်းကို လူအင်အားနှင့် ဆွဲတင်ရသည်။ တစ်ကြောကို ကျော်ရန် တစ်ပတ်ခန့် ကြာမြင့်သလို တစ်ကွေ့ကို ဖြတ်သန်းနိုင်ရေးအတွက် နှစ်ပတ်ခန့် အချိန်ယူရသည်။ သယ်ဆောင်ရသည့် ပစ္စည်းအရေအတွက်လည်း မသေးလှ၊ ဘုရားကြီးချည်း သက်သက်မဟုတ်၊ ခမောၺ်၊ ယိုးဒယား ကြေးရုပ် ၃၀၊ ဗုဒ္ဓကျမ်းဂန် ပိဋကတ်တော် (၆၄) စုံ၊ ပေ ၃၀ ရှည်လျားသော ကြေးအမြောက်ကြီးများနှင့် ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ သေနကဗျူဟာ စစ်ကျမ်း၊ နီတိကျမ်း၊ ဗိသုကာကျမ်း၊ ကျမ်းပေါင်းများစွာ ပါရှိပေသေးသည်။ မဟာမုနိဘုရားကြီးနှင့်အတူ သွန်းလုပ်ခဲ့သော ရွှေဘုံသာ ဆင်းတုတော်နှင့် မာန်အောင်မြင် ဆင်းတုတော်များလည်း တစ်ပါတည်း ပင့်ဆောင်လာခဲ့သည်။

၎င်းအပြင် ရဟန်းပညာရှိ၊ လူပညာရှိ၊ ဗေဒင်၊ ဟူးရားတတ်များ၊ ဒင်္ဂါးခက်နှိပ် သွန်းလုပ်တတ်သော အတတ်ပညာရှင်များနှင့် ကြေးသွန်း အတတ်ပညာရှင် (ဘုရားဆင်းတု၊ ကြေးစည်၊ ခေါင်းလောင်း)များကိုအထူးရွေးချယ်ခေါ်ယူခဲ့သည်။ ၎င်းနောက် မဟာမုနိဘုရားကြီးအနီးတွင် နေရာချထားပေးကာ ချီးမြှင့်မြှောက်စားခဲ့သည်။

ရခိုင်ရိုးမကြီးကိုအခက်အခဲပေါင်းများစွာဖြင့်ကြိုးစားပင့်ဆောင်ခဲ့ပြီး ပန်းတောင်းသို့ အရောက်တွင် ပြည်သူများက ဝမ်းပန်းတသာ

ခရီးဦးကြိုပြုကာ ပူဇော်ပသကြသည်။ ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။ နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်သွားမည်ကို သိရှိသောပြည်၊ ပန်းတောင်းမှ ပြည်သူများနှင့် မဟာမုနိဘုရားကြီးနှင့် အတူလိုက်ပါလာကြသည့် ရခိုင် တိုင်းရင်းသား တို့က မိမိတို့ အရပ်တွင် ဘုရားတစ်ဆူ ပူဇော်ခွင့်ပြုပါရန် လျှောက်ထားတောင်းပန်ကြ၍ "ရွှေဘုံသာဘုရား"နှင့်အတူ ကျောင်း ဇရပ် ဆောက်လုပ် လှူဒါန်းတော်မူခဲ့သည်။

၎င်းနောက် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား မူလအတိုင်း ပြန်လည်တပ်ဆင်ကာ တင့်တယ်စွာ စီမံပြုလုပ်လေသည်။ ၎င်းနောက် လက်ယာတော်ရံ မာန်အောင်မြင်ဘုရားနှင့်အတူ ရွှေကရဝိက် ဖောင်တော် နှစ်စင်းဖြင့် ဧရာဝတီ မြစ်ကြောင်းအတိုင်း အမရပူရနေပြည်တော်သို့ ပင့်ဆောင်ခဲ့လေသည်။

အေဒီ ၁၇၈၅-ခု၊ မြန်မာသက္ကရာဇ် ၁၁၄၇-ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့တွင် အမရပူရမြို့တော်အတွင်း ကြက်ပျံမကျ စည်ကားနေလေသည်။ ထိုနေ့တွင် မဟာမုနိ ဘုရားကြီးသည် စစ်ကိုင်းဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာရာ ဘိုးတော်ဘုရား ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရေထဲဆင်း၍ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုဖူးမြော်သည်။ ဧရာဝတီမှအမရပူရသို့ ခရီးလမ်းမှာ စုစုပေါင်း(၄)လကျော်မျှ ကြာမြင့်အချိန်ယူခဲ့ရပေသည်။ ၎င်းနောက် ဘုရားကြီးအား သာသနာပိုင်တို့၏ ဩဝါဒကိုခံယူလျက် နေပြည်တော်၏ အရှေ့မြောက်ဘက်တွင် ကျောင်း ဆောက်လုပ်လှူဒါန်း၍ တင့်တယ်စွာပူဇော်ထားလေသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးများဖြင့် နေ့ည ရာသီမရွေး စည်ကားနေပေသည်။ ရှမ်းပြည်၊ ကျိုင်းတုံ၊ လင်းဇင်း၊ ဇင်းမယ်၊ စိန့်တိုင်း များမှပင် လာရောက်ဖူးမြော်ကြရာ မဟာမုနိဘုရားကြီးမှာ ထေရဝါဒ နိုင်ငံများ၏ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ မဏ္ဍိုင်သဖွယ် ဖြစ်လာခဲ့ပေသည်။

ဘုရားကြီး၏ ဘုန်းတန်ခိုး၊ ဘုရင်မင်းမြတ်နှင့်တကွ ဘုရားဖူး ဗုဒ္ဓဘာသာဝင် ပြည်သူများ၏ သဒ္ဓါတရား ကြည်လင်ရက်ရောမှုသည် မဟာမုနိဘုရားကြီးအား ရွှေရောင်ဟာဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာ၊ ဆည်းကပ်ဖွယ်ရာ ဖြစ်လာခဲ့မေသည်။ ဧရာဝတီမှ ဘုရားကြီးပင့်ဆောင်

ပြီး၍ နှစ်ပေါင်း ၁၀၀- ထိအကြာ သီပေါမင်းလက်ထက် အေဒီ ၁၈၈၄-ခု၊ ဧပြီလ(၇)ရက်နေ့တွင် မဟာမုနိဘုရားကြီး တန်ဆောင်းတော်အား မီးသင့်ခဲ့လေသည်။

ရတနာကိုးပါးဖြင့် သွန်းလုပ်ထားသော မူလဆင်းတုတော်ကြီးမှာ လုံးဝပျက်စီးယိုယွင်းခြင်း မရှိသော်လည်း နောက်မင်းများ ဆက်လက်၍ ပြုပြင်လှူဒါန်းသော ရွှေသားမကိုဋ်၊ ရွှေစလွယ်၊ ရွှေသင်္ကန်းတော်တို့မှာ အရည်ပျော်ခဲ့ရသည်။ အရည်ပျော် ရွှေပိဿာ(၅၄၅၀)မျှ စုဆောင်း ရရှိခဲ့ပေရာ အလှူရှင်များ၏ စေတနာကို ခန့်မှန်းနိုင်ပါသည်။

မဟာမုနိဆင်းတုတော်မှာ ဗုဒ္ဓဘုရားရှင်၏ဗျာဒိတ်တော်အတိုင်း သံသရာဝဋ်ကြွေးကို ခံရကာ မီးရှို့ဖျက်ဆီးခံရခြင်း၊ မတော်တဆ မီးသင့်လောင်ခြင်းများမှာ သမိုင်းစဉ်တစ်လျှောက် အကြိမ်ကြိမ်ခံခဲ့ရပေသည်။ သို့သော် မဟာမုနိသမိုင်း ဗျာဒိတ်တော်ခန်းတွင် "ငါ့ညီတော် မဟာမုနိ ကိုယ်ပွားသည် သာသနာ(၅၀၀၀)ပတ်လုံးတည်ကာ နေရစ်လော့" ဟူသော ဗျာဒိတ်တော်အတိုင်း သာသနာတည်သရွေ့ မပျက်မယွင်း ကျန်ရှိနေမည်ဟု ဗုဒ္ဓဘာသာဝင်အပေါင်းက စွဲမြဲစွာယုံကြည်ကြပေသည်။

သီပေါမင်းလည်း မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ချက်ချင်းပြန်လည်ပြင်ဆင်လှူဒါန်းတော်မူသည်။ အေဒီ၁၈၈၄ ခု၊ မြန်မာသက္ကရာဇ် ၁၂၄၆-ခု၊ ဝါဆိုလဆန်း(၉)ရက်နေ့တွင် သီပေါဘုရင်နှင့် မိဖုရား စုဖုရားလတ်တို့သည် အသပြာသုံးသန်းတန်ရွှေမကိုဋ်တော်ကို လှူဒါန်းတော်မူသည်။ ထိုနှစ်တွင်ပင် ရွှေချိန်ပိဿာ ၁၀၀ အလေးရှိသော ရွှေပုစွန်ခွံ သင်္ကန်းတော်ကို လှူဒါန်းခဲ့ပြန်သည်။

အေဒီ ၁၈၈၅-ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင်ကား အင်္ဂလိပ်နယ်ချဲ့တို့သည် ဘုရင်နှင့် မိဖုရားတို့ကို မင်းခမ်း မင်းနားမဟုတ်သော သာမန် လှည်းယဉ်ဖြင့် အာတင်းခေါ်ဆောင်ခြင်း ခံရသည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် မဟာမုနိ ဘုရားကြီးအား နောက်ဆုံးဖူးမြော်ခွင့်ကိုပင် ခွင့်မပြုခဲ့ပေ။ လှည်းပေါ်မှ တစ်ဆင့်သာ ဖူးမြော်ခဲ့ရလေသည်။

၁၈၈၅-ခုနှစ် နောက်ပိုင်း သီပေါဘုရင် ပါတော်မူပြီးနောက် မြန်မာ့ရာဇပလ္လင်တွင် ဘုရင်မရှိတော့ဘဲ ထီးသုဉ်း၊ နန်းသုဉ်း၊ ကြငှန်း သုဉ်း ဖြစ်ခဲ့ရငြားလည်း မြန်မာ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား အပေါင်းတို့မှာ စိတ်ပျက်အားငယ်မှုမရှိ၊ အထူးသဖြင့် မိရိုးဖလာ စဉ်လာမပျက် သဒ္ဓါတရားကြည်လင်စွာဖြင့် လှူဒါန်း ကိုးကွယ်ခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပို၍ လှူဒါန်းပူဇော်ကြသည်။ ဘုရားဝတ်၊ တရားဝတ် မပျက်ကြ။ တစ်မူးရလို့ တစ်ပဲလှူဖို့ထိ စေတနာ ထက်သန်ကြသည်။

ဘုရင်ကိုယ်တိုင် နန်းဦးတွင် ကိုးကွယ်ခဲ့သော ဘုရားမှ ပြည်သူ များ စုပေါင်းလှူဒါန်းကိုးကွယ်သော ဘုရားကြီးအဖြစ်သို့ သံဃာတော် များ ဦးဆောင် ဦးရွက်မှု အောက်တွင် ပြောင်းလဲ လာခဲ့ပေသည်။ ဘုရားကြီးလည်း ပို၍ပို၍ ထင်ရှားကာ တန်ခိုးကြီးမားလာခဲ့ပေသည်။ ဘုရားကြီး၏ တန်ခိုးတော်အောက်တွင် တိုင်းရင်းသားအားလုံး စုစည်း မိကြသည်။

ပထမဆုံး ပြည်သူအလှူရှင်မှာ အနာထပိဏ်ဖြစ်ပြီး ၁၈၈၉- ခုနှစ်တွင် သိမ်တော်ကြီးကို အသစ်ဆောက်လုပ် လှူဒါန်းခဲ့သည်။ အေဒီ ၁၉၁၆-ခုနှစ်တွင် လေဒဏ်ကြောင့် ထီးတော်မြေခခဲ့ရသည်။ ၁၉၁၈- ခုနှစ်တွင် မိုင်းပြင် ရပ်စောက်စော်ဘွားနှင့် မဟာဒေဝီတို့က ထီးတော် သစ် လှူဒါန်းခဲ့သည်။ ညောင်ရွှေစော်ဘွားက စိန်ဖူးတော် အသစ် လှူဒါန်းသည်။

ခေတ်အဆက်ဆက် ပြည်သူအများနှင့်ဧည့်သည်တော် ဘုရားဖူး များအား ရွှေသက်န်း ပူဇော်ခွင့်ကို မျက်နှာတော်မှအပ ကျန် ခန္ဓာ ကိုယ်တော် တစ်ခုလုံးကို ခွင့်ပြုထားရာ ယခုအခါ ၁လက်မမှ ၅လက်မ ခန့်ထိ ဒုရှိသော ရွှေစင် ရွှေသားလွှာက ဆင်းတုတော်ကြီးအား လွှမ်းခြုံ ထားပေသည်။ ဖောင်းအိုနေသော ရွှေစင်ရွှေသားအလွှာ ပိုမိုထူထပ်လာခြင်း၊ တိုးလာခြင်းတို့ကြောင့် ခန္ဓာကိုယ် အချိုးအစား မပျက်ယွင်းဘဲ မျက်နှာတော်နှင့် လိုက်ဖက် ပန်ရနေသည်မှာ ထူးခြား သော အံ့သြဖွယ်တစ်ပါးပင် ဖြစ်ပါသည်။

ဘုရားကြီး၏ ဉာဏ်တော်မှာ ၁၂ ပေခွဲခန့် ရှိသည်။ ဤမျှ ကြီးမားသော ဆင်းတုတော်ကြီးအား အချိုးအစားကျနစွာ ရတနာ

သတ္တုပေါင်းစုံ ရောစပ်ပြီး သွန်းလုပ်ခဲ့သည့် ထိုခေတ် ထိုအခါ၏ မြန်မာ့ယဉ်ကျေးမှု အနုပညာအစွမ်းကို ချီးကျူးဂုဏ်ပြုထိုက်ပေသည်။ မြန်မာများအဖို့ ကြည်ညိုဖွယ်ရာကောင်းသော မဟာမုနိဘုရားကြီး အတွက် သမိုင်းကြောင်းအရ ဂုဏ်တင့်သလို အတတ်ပညာယဉ်ကျေးမှု လက်ရာဘက်ကလည်း ဂုဏ်ဝင့်နိုင်ခဲ့ကြသည်။

အရှေ့တောင်အာရှ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံများထဲတွင် သမိုင်းစဉ်မပြတ် ကာလရှည်ကြာပြီး ခေတ်ပြိုင် ဘုရင်အဆက်ဆက်တို့ အထူးကြည်ညို သဒ္ဓါပွားခဲ့သော ဗုဒ္ဓအနုပညာ ယဉ်ကျေးမှုလက်ရာ "ရွှေဆင်းတုတော်ကြီး" အဖြစ် ဂုဏ်ယူမှတ်တမ်း တင် ပူဇော်လိုက်ရပေသည်။

× × ×

## ၁၂။ မာန်အောင်မြင်ဘုရား

မဟာမုနိဘုရားကြီး၏ လက်ယာရံ အဖြစ် အိမ်ရှေ့မင်းသား ပင့်ဆောင်ခဲ့ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပေသည်။အမရပူရသို့ မဟာမုနိဘုရားကြီးနှင့် အတူ ရောက်ရှိခဲ့ပြီးနောက် မာန်အောင်မြင် ဘုရားကို နန်းတော်သို့ ပင့်ဆောင်ခဲ့ပြီး နန်းဦးဘုရားအဖြစ် သီးသန့် ကိုးကွယ်သည်။ ဘုရင် ဆွေတော်, မျိုးတော်များသာ ကိုးကွယ်သော ဆင်းတုတော်အဖြစ် ထင်ရှားသည်။ဆုတောင်းတိုင်းပြည့်၍ ဆုတောင်း ပြည့်ဘုရား ဟုလည်း အမည်တွင်သည်။

၁၈၅၂–ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲကာလအတွင်း ပြည်တွင်းရေး ရှုပ်ထွေးနေချိန်တွင် ဇလွန်မြို့မှ ဦးရွှေပွင့်သည် မိဖုရား ကြီး၏ ခွင့်ပြုချက်ဖြင့် အောက်ပြည် အောက်ရွာသို့ ပင့်ဆောင်နိုင်ခဲ့ သည်။ ဆင်းတုတော်၏ ဉာဏ်တော်မှာ ၃ ပေ၊ ၁၀ လက်မ ရှိပြီး အလေးချိန်ပိဿာ ၆၆၆ ပိဿာရှိသည်။

အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကို သိမ်းယူပြီးနောက် ၁၈၈၅ ခုနှစ်တွင် မာန်အောင်မြင်ဘုရားအား ဘုံဘေသို့ အခြားကြေးသွန်း ရုပ်တုများနည်းတူ အတင်းသယ်ဆောင်ခြင်း ခံရသည်။ ဒင်္ဂါးသွန်းရန် အခြား ရုပ်တုတော်များအား အရည်ဖျော်နိုင်သော်လည်း ရတနာ ၉ ပါးဖြင့်သွန်းလုပ်ထားသော မဟာမုနိအနွယ်တော် မာန်အောင်မြင် ဘုရားကို အရည်မဖျော်နိုင်ကြဘဲ အန္တရာယ်ဆိုးအသွယ်သွယ်ဖြင့်ရင်ဆိုင် ရသည်။ ထူးဆန်းအံ့ဩဖွယ်ရာများ ကြုံတွေ့ရသည်။ နောက်ဆုံးတွင် အင်္ဂလိပ်တို့သည် စိုးရိမ်ထိတ်လန့်စွာဖြင့် အေဒီ ၁၈၅၇ ခုနှစ်တွင် ဇလွန်သို့ပြန်လည်ပို့ဆောင်ခဲ့ရာ “ပြည်တော်ပြန်”ဘုရားအဖြစ်ထင်ရှား လာခဲ့ခြင်းဖြစ်ပေသည်။

× × ×

# ၁၃။ မဟာမုနိဘုရားနှင့် ဆက်နွယ်နေသော ဗုဒ္ဓယဉ်ကျေးမှု အနုပညာလက်ရာများ

## (က) မကိုဋ်သရဖူဆောင်း ဗုဒ္ဓဆင်းတုတော်များ

ဘုရားလောင်း သိဒ္ဓတ္ထမင်းသည် ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန မင်းကြီး၏ ထီးညွန့်နန်းလျာ သားအရင်းဖြစ်သော်လည်း လောကီ စည်းစိမ်ကို ရွံ့ရှာ၍ ထီးနန်းစည်းစိမ်ကိုစွန့်ကာ ဘောရပ်ခို ဆံတော် ပယ်ပြီး ရသေ့ရဟန်း ပြုလုပ်ကြောင်း၊ (၆) နှစ်တာမျှ တရားကျင့်ကြံ အားထုတ်ပြီး သမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိရှိပြီး ဖြစ်ပေသည်။

သို့သော် မဟာမုနိဘုရားကြီးနှင့် အဆက်နွယ်ရုပ်တုများသည် လည်းကောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာဝင် နိုင်ငံတိုင်း၌ လည်းကောင်း၊ မြန်မာနိုင်ငံအရပ်ရပ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ်၌လည်းကောင်း ရှေးအခါကပင် ဘုရားသခင်ကို ဘုရင်သဏ္ဌာန် မကိုဋ်သရဖူဆောင်း၍ မင်းဝတ်တန်ဆာများ ဝတ်ဆင်လျက် ထုလုပ် ကိုးကွယ်ပူဇော်ခဲ့ကြ ပေသည်။ထိုသို့ကိုးကွယ်ကြခြင်းမှာ မည်သည့်ကာလက မည်သည့်နေရာ တွင်. မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရန် လိုအပ်လှပေသည်။

ဤ အကြောင်းနှင့်ပစ်သက်၍ မင်းတုန်းမင်းကြီး လက်ထက် ဝက်မစွပ်ဝန်ထောက်မင်းက တောင်ခွင်သာသနာပိုင် ဆရာတော်ကြီး အား လျှောက်ထား တောင်းပန်ခဲ့ဖူးလေသည်။ ထိုမတိုင်မီ သက္ကရာဇ် ၁၁၇၂ ခုနှစ်တွင် ထိုအကြောင်းနှင့်ပတ်သက်၍ မုံရွာ သီရိမာလာ ဆရာတော်က အမရပူရ မြို့တည်နန်းတည် ဗဒုံမင်းတရားလက်ထက် ဂန္ထန္တရဗဟုသုတတို့နှင့် ပြည့်စုံသော မုံရွေးဇေတဝန်ဆရာတော်အား လျှောက်ထားခဲ့ဖူးသည်။ ဆရာတော်၏ အဖြေကို သမန္တစက္ခုဒီပနီကျမ်း

ပထမတွဲ၊ စာမျက်နှာ ၄၂၉-၄၃၂ တွင် အောက်ပါအတိုင်း တွေ့ရသည်။

ပါဠိတော် အဋ္ဌကထာစကားရပ်တို့တွင် စင်စစ်အားဖြင့်ကား ဘုရားသခင်၌တန်ဆာဆင်ယင်ခြင်းမရှိ။လည်ရွဲ၊ဘယက်၊လက်ကောက်၊ လက်ကျပ်၊ လက်စွပ်၊ ခြေနင်း၊ နရကင်း၊ မကိုဋ်၊ စိန်တောင် ဆင်ယင်ခြင်းလည်း မရှိ။ စကြဝဋ္ဌာတစ်တိုက် တရားဟောရာတွင် တစ်ပါးသူတို့က မင်းဟူ၍ ထင်မှတ်လေကုန်သော အခိုက်အတန့်ကာလကိုရည်၍ မင်းရုပ် မင်းဝတ်တန်ဆာနှင့်တကွ ထုလုပ်ပေသည်ဟု ဆိုသည်။ ထိုဖြေဆိုချက်ထက်စော၍ သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် ရေးသားပြီးစီးသော ဒိပဲယင်းဆရာတော်၏ တထာဂတ ဥဒါနဒီပနီကျမ်း အခန်း (၁၅၃) တွင် ဇမ္ဗူပတိမင်း အကြောင်းကို အကျယ်တဝင့် ဖော်ပြသည်။

**မှတ်ချက်။** ။သိရိပုံချီ ဦးမြ၏ ဇမ္ဗူပတိ ရုပ်ပွားဆင်းတု ဖြစ်ပေါ်လာပုံအကြောင်းကို အခြေခံ၍ အခြားစာအုပ်များနှင့် ညှိနှိုင်းရေးသားပါသည်။

အများအားဖြင့် ဤမကိုဋ်သရဖူဆောင်း ဗုဒ္ဓပုံတော်ကို ဇမ္ဗူပတိ ပုံတော်ဟု ခေါ်ဆိုကြသည်။ဘုရားရှင်လက်ထက် တန်ခိုးကြီးမား၍ မာန်မာနတက်နေသော ဇမ္ဗူပတိမင်းအား ချွတ်တော်မူခြင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည်ဟု ဆိုကြပေသည်။ ဇမ္ဗူပတိမင်း အကြောင်းကိုတထာဂတဥဒါနဒီပနီကျမ်းတွင် ဤသို့ဖော်ပြထားသည်။

**ဇမ္ဗူပတိ ရုပ်ပွားဆင်းတုတော် ဆိုသည်မှာ**

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပဉ္စာလတိုင်း ပြည်၌ ဇမ္ဗူပတိမင်းသည် မင်းပြု၏။ ထိုမင်းသည် တန်ခိုးအာနုဘော် အလွန်ကြီးမား၏။ ထိုမင်း ပဋိသန္ဓေနေသောအခါ နန်းရင်ပြင်၌ တစ်ဆယ့်ရှစ်တောင် အစောက်ရှိသော ရွှေသည်တိုင်ပေါက်၏။ ဖွားသောအခါ မြေမှရွှေတို့သည် ကျလေကုန်၍ ရေမှ ပေါ်လာကုန်၏။ ဝေပုလ္လတောင်မှ မဏိဇောတိရပတ္တမြား ခြေနင်းတစ်ရန်တို့သည် မင်း၏ခြေတို့မှာ ခံလာကုန်၏။

ဤမင်းသားသည် ဇမ္ဗူဒီပါကျွန်းကို အစိုးရလတ္တံ့။ အထက်တစ်ယူဇနာ၊ အောက် တစ်ယူဇနာ ပိုင်လတ္တံ့၊ နဂါးပြည်ကို အစိုးရ

လတ္တံ့ဟု ကြားကုန်၏။ပတ္တမြားခြေနင်းကိုစီး၍ အထက်ကောင်းကင်သို့ တစ်ယူဇနာမြင့်အောင် ပျံတက်လတ္တံ့ဟု ကြားကုန်၏၊ ထိုမင်းသားသည် သတို့သားတို့၏ကိစ္စကို ပြုသောအခါ မြားဖြင့် မြေ၌လည်းကောင်း၊ ကောင်းကင်၌လည်းကောင်း ပစ်၏။

တစ်ဆယ့်ခြောက်နှစ်ပတ်လုံး အတတ်သင်ပြီးသော မင်းသားသည် တစ်နှစ် တစ်ယူဇနာ၊ နှစ်နှစ်၌ နှစ်ယူဇနာ ဤသို့နည်းဖြင့် ခုနစ်နှစ် ခုနစ်ယူဇနာရောက်အောင် ပစ်၏။ မြေထဲသို့ပစ်သော် တစ်ယူဇနာ ဝင်၏။ ရေ၌ပစ်သော် အခိုးထွက်၍ တစ်ယူဇနာ ပြေး၏။ နဂါးပြည်ကိုပစ်သော်ဖွဲ့ပြာကဲ့သို့ဖြစ်၍ ဇမ္ဗူဒီပါကျွန်း၌ တစ်ရာ့တစ်ယောက်သော မင်းတို့ကို ခေါ်သောအခါ မြားကိုတမန်ပြု၍ တစ်ရာ့တစ်ယောက်သော မင်းတို့၏နား၌ သီသကဲ့သို့ဝင်၍ မြား၏အစွမ်းဖြင့် ဆောင်၏။

ကဥ္စနဒေဝီမိဖုရားနှင့်တကွ ပဥ္စာလပြည်၌ ကေရာဇ်မင်း၏ အဘိသိက်ကို ခံ၍ တစ်လမြောက် တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့၌ ကွင်းပြင်ကျယ်၌နေလျက် ကြယ်အပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်းကိုမြင်၍ ငါ၏တင့်တယ်ခြင်းသည် လပြည့်ဝန်းနှင့်တူ၏။ တစ်ရာ့တစ်ယောက်သောမင်း အစရှိကုန်သော အခြံအရံတို့သည်ကား ကြယ်အပေါင်းနှင့် တူသည်ဟုကြံ၍ ညဉ့်ဦးယံ၌ မင်းမြောက်တန်ဆာ ငါးပါးတို့ဖြင့် တန်ဆာဆင်၍ ပတ္တမြားခြေနင်းကိုစီးကာ ခြေနင်း၏ အာနုဘော်ဖြင့် ကောင်းကင်သို့ ပျံတက်၍ တစ်ရာ့တစ်ယောက်သော မင်းတို့၏ အထံသို့ လှည့်လည် ပူဇော်သက္ကာရပြုခြင်းကို ခံယူ၏။

၎င်းမှအပြန်တွင် ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်း၏ နန်းတော်ပြာသာဒ်ကိုမြင်၍ ဤပြာသာဒ်သည် အစောက်လည်းမြင့်၏။ အထွတ်စုလစ်မွန်းချွန်လည်း များစွာ၏၊ အဘယ်သူသည် ဤပြာသာဒ်ကို အစိုးရသနည်းဟု အမျက်ကို ဖြစ်စေ၍ အထွတ်ကို ခြေနင်းဖြင့် ကျော်၏။ ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရား၏ဥပါသကာဖြစ်သဖြင့် မြတ်စွာဘုရား၏တန်ခိုးတော်ကြောင့် ရှော်၍ အထွတ်ဖြင့် ပုဆစ်ဒူးကို ခတ်မိ၍ သွေးယိုသည်ကိုမြင်၍ အလွန် အမျက်ပြင်းစွာထွက်သဖြင့် သန်လျက်ကိုနုတ်၍ခုတ်ပြန်သော်လည်း ဘုရား၏ တန်ခိုးတော်အားဖြင့်

နတ်တို့သည် သံဖြင့်ပြီးသော အထွတ် ဖန်ဆင်း၍ သန်လျက်သည် ပျက်စီး၏။

ထိုမင်းသည် ပြင်းစွာအမျက်ထွက်၍ နန်းတော်သို့ ပြန်ပြီးလျှင် မြားကို လက်ဝါးဦးတင်၍ အို...မြား၊ သင်သည် သွား၍ ဤအရပ်မှသည် တောင်မျက်နှာအရပ်၌ မင်း၏နားကို ထိုးဖောက်သီ၍ ဤအရပ်သို့ဆောင်ချေဆို၍ စေလွှတ်၏။ ထိုမြားသည် ကောင်းကင်ဖြင့်သွား၍ နဂါးကို ထိတ်လန့်စေတတ်သော ဂဠုန်ကဲ့သို့ပြု၍ ဗိမ္ဗိသာရမင်းကြီး၏ ဦးခေါင်းကိုဖြတ်အံ့၊ ရင်ကိုခွဲအံ့၊ ငါသည် မဟာဇမ္ဗူပတိမင်း၏ တမန်တည်း၊ ငါ၏ရှေ့တူရူ၌ မတည်လင့်။ ဤသို့ ခြသေ့ကဲ့သို့ မြည်လျက် ပြေး၏။

ဗိမ္ဗိသာရမင်းကြီးသည် မိုးသောက်ထသောအခါ ပြာသာဒ်၏ အထွတ်၌ သည်းထန်စွာသောအသံကိုကြား၍ ကြောက်လန့် ထိတ်လန့်သည်ဖြစ်၍ နေထွက်သောအခါ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားထံ ဝင်ရောက်ဆည်းကပ် လျှောက်ထားနေစဉ်မှာပင် မြားသည် ကျောင်းတော်သို့ နောက်ထပ်ရောက်လာပြီးလျှင် ဗိမ္ဗိသာရမင်းအား ထပ်မံ ခြိမ်းခြောက်ပြန်၏။

မင်းကြီးသည် အလွန် ကြောက်သဖြင့် အရှင်ဘုရားသည် အကျွန်ုပ်၏ကိုးကွယ်ရာဖြစ်၏ဟု ဦးခေါင်းဖြင့် ဘုရားခြေတော်၌ဆိုက်၍ မှောက်ခုံဝပ်၏။ ထိုအခါ လူတို့ကို အစဉ်သနားတော်မူသော မြတ်စွာဘုရားသည် တစ်ခုသောစက်ကို ဖန်ဆင်း၍ အို...မြတ်သောစက်၊ သင်သည် ငါ၏အာဏာတမန်တည်း၊ သွား၍ ထိုမြားကိုပစ်ချေဟု စေလွှတ်တော်မူ၏။ မြားသည်း စက်၏ဒဏ်ကိုမခံနိုင်ခြင်းကြောင့် ပြေးရလေသည်။

ဇမ္ဗူပတိမင်းက တစ်ဖန် ပတ္တမြားခြေနင်းနှစ်ခုကို လွှတ်ပြန်၏။ ခြေနင်းနှစ်ခုတို့သည် တစ်ရာသော ဦးခေါင်းရှိသော၊ အကုဋေသော ပါးပျဉ်းရှိသော နဂါးအသွင်ကိုဖန်ဆင်း၍ ငရဲမီးကဲ့သို့သောအခိုးအလျှံတို့ကိုလွှတ်၍ ဗိမ္ဗိသာရမင်းရှိရာ ဘုရားကျောင်းတော်သို့ လာပြန်၏။ မြတ်စွာဘုရားသည် မင်းကြီး မကြောက်လင့်ဟု မိန့်တော်မူ၍ ဦးခေါင်း အသောင်းရှိသော၊ အသိန်းသော အတောင်ရှိသော ကြီးစွာသော

ဂဠုန်ကို ဖန်ဆင်း၍လွှတ်၏။ နဂါးတို့လည်း ပြင်းပြသော တန်ခိုး အရှိန်ကို မခံနိုင်၍ ပြေးကြရပြန်၏။ ဇမ္ဗူပတိမင်းသည် ပြေးလာသော နဂါးတို့ကိုမြင်၍ အတောင်နှစ်ဖက်ပြတ်သောငှက်ကဲ့သို့ဖြစ်၍ ပြင်းစွာ စိုးရိမ်ခြင်းဖြစ်၏။

မြတ်စွာဘုရားသည် ဇမ္ဗူပတိမင်းကို ကြည့်တော်မူသော် အရဟတ္တဖိုလ်၏ ဥပနိဿယကိုမြင်၍ သိကြားမင်းကို ခေါ်တော်မူပြီးလျှင် သိကြားမင်း၊ သင်သည်သွား၍ မင်းတကာတို့ကို အစိုးရသော ရာဇာဓိရာဇာကို ခေါ်ချေဟုစေတော်မူ၍ သိကြားမင်းသည် ပဉ္စာလ ပြည်သို့သွား၍ အလုံးစုံသောပြည်ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေ၍ နန်းတွင်းသို့ဝင်ကာ အမတ်တို့ရှေ့မှရပ်လျက် ဤသို့ခေါ်၏။

အို....ဇမ္ဗူပတိမင်း၊ သင်သည် ပဉ္စာလပြည်ကိုမှီ၍ အခိုင်အမာ မနေလင့်၊ မင်းတကာတို့ကို အစိုးရသော ရာဇာဓိရာဇာအား လက်ဆောင်ပဏ္ဏာကို အဘယ်ကြောင့် မဆက်လာသနည်း၊ အို....တောင်သူမင်း၊ တော၌ သမင်ကဲ့သို့ ရာဇာဓိရာဇာ၏အထံသို့ အဘယ်ကြောင့်မလာ သင်နေသနည်း။ ယခုသင့်ကို ငါ အပါခေါ်ရမည်။ မနေသာဘူး အဆောတလျင် လိုက်ခဲ့ဟုဆို၏။

ထိုစကားကိုကြားသော ဇမ္ဗူပတိမင်းသည် တမန်တို့နှင့်လျော်စွာပြုအပ်သော ဝတ်ကိုမပြုဘဲ ငါသို့သောမင်းကိုပင်လျက် မဖွယ်မရာသောစကားကို ပြောရမည်လောဟု ဒေါသ အမျက်ခြောင်းခြောင်း ထွက်လျက် အဆိပ်နှစ်သောမြားကိုယူ၍ တမန်၏နားကိုပစ်၏။ ထိုအခါ ရာဇာဓိရာဇာ၏တမန်ဖြစ်သော သိကြားမင်းသည် တစ်ခုသောစက်ကို ဖန်ဆင်း၍ မြားကိုပစ်၏။ မြားလည်း သိကြားမင်း လွှတ်လိုက်သော စက်၏ဒဏ်ကိုမခံနိုင်၍ ပြေးရလေ၏။

ဤသို့ အမျိုးမျိုးသောနည်းဖြင့် သိကြားမင်းသည် ဇမ္ဗူပတိမင်းအား ဘုရားရှေ့တော်သို့ရောက်အောင် ဆွဲငင်ခေါ်ယူ၏။ မြတ်စွာဘုရားသည်း ဇမ္ဗူပတိမင်းလာရာ လမ်းခရီးအသီးသီးနေရာတို့၌ မြားမြောင်အံ့ဖွယ်သော အခမ်းအနားတို့ကို စီစဉ်ထား၏။ ကိုယ်တော်တိုင်လည်း ကြီးမားဆန်းကြယ်သော ဗိမာန်ကိုဖန်ဆင်း၍ ထီးဖြူအောက်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ရာဇပလ္လင်ထက်၌ အထူးထူးသော

အရောင်အဆင်းတို့ဖြင့် တောက်ပလျက် ဗြဟ္မာမင်း၏အရုပ်ကဲ့သို့ ဖန်ဆင်း၍ နေတော်မူ၏။

အခြွေအရံအပေါင်းတို့ကိုလည်း အံ့မခန်းအောင် ဖန်ဆင်း၍ ထားတော်မူ၏။ ထိုသို့သောအခြင်းအရာတို့ကို ဇမ္ဗူပတိမင်းမြင်လတ်သော် ပျပ်ဝပ်ရိုကျိုး ရှိခိုး၍ နောက်ဆုံး၌ ဘုရားသခင်၏ အဆုံးအမ ဩဝါဒကိုခံယူပြီး အခြွေအရံအသင်းအပင်းနှင့်တကွ ပေါ်ဘိက္ခုရဟန်း ချည်း ဖြစ်လေကုန်၏။ မိဖုရားကြီးဖြစ်သော ကဥ္စနဒေဝီသည်လည်း အမတ်တို့၏မယားများနှင့်တကွ မိထွေးတော်ဂေါတမီ ရဟန္တာမထံ၌ ရဟန်းပြု၍ ရဟန္တာမချည်းဖြစ်ကုန်၏ဟု ပါရှိ၏။

ဤကား မကိုင်ရွှေဆောင်း ဗုဒ္ဓဆင်းတုတော် (ဇမ္ဗူပတိ)နှင့် ပတ်သက်သော ဝတ္ထုနောက်ခံပင်ဖြစ်သည်။

ဤသို့ဘုန်းတန်ခိုးပြည့်စုံပြီး ဒေါသ၊ မာန်မာန ကြီးမားသည့် ဇမ္ဗူပတိမင်းအား တင့်တယ်သော ဗြဟ္မာမင်းအသွင် ဖန်ဆင်းကာ အကျွတ်တရားရစေခဲ့သော ဗုဒ္ဓ၏ဟန်ကို အထွတ်အမြတ်ထား ထုလုပ်ပူဇော်ခဲ့ကြသည်ဟု ဆိုပေသည်။

အချို့က မကိုင်ရွှေသရဖူဆောင်း ဘုရားရုပ်တုများ ပေါ်ပေါက်လာခြင်းမှာ ဘုရားသခင်သည် "မင်းတကာမင်း" အဖြစ် အမြတ်ဆုံး (လောကဝိဒူ)ဟူသည်ကိုညွှန်း၍ ဖြစ်ပေါ်လာဟန် ရှိသည်ဟုဆိုသည်။

၎င်းအပြင် မကိုင်ရွှေသရဖူဆောင်း မင်းဝတ်တန်ဆာ ဆင်းတုတော်များသည် မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ဗောဓိသတ္တ ရုပ်ပွားတော်များဖြစ်သည်ဟုအချို့က ဆိုကြပြန်သည်။မင်းဝတ်တန်ဆာ ဆင်တိုင်း (ဗောဓိသတ္တ)ဘုရားလောင်း မဟုတ်ကြောင်းကို အထောက်အထားရှိပါသည်။ ပုဂံခေတ် အေဒီ ၁၁ရာစု ၁၂ ရာစုအတွင်းလောက်က အန္ဒကူးကျောက်ချပ်များ ပေါ်တွင် ထုလုပ်ကိုးကွယ်ထားသော ဗုဒ္ဓဝင်အခန်းခန်းတွင် အလယ်၌ဗုဒ္ဓပုံတော်မှာ နဖူးသင်းကျစ်တော်နှင့် မကိုင်ရွှေဆောင်းရုပ်ပွားတော်ပင်ဖြစ်သည်။ [၁]

---

၁။ ရှေးဟောင်းသုတေသနဌာနအစီရင်ခံစာ ၁၉၅၈-၅၉၊ ပုံ ၅၉။

မင်းဝတ်တန်ဆာများ ဝတ်ဆင်ထားသည်။ လည်ဆွဲတန်ဆာလည်းပါသည်။ သို့သော် ဘေးအခန်းများမှာ ဖွားတော်မူခန်း၊ တာဝတိံသာမှ ဆင်းခန်း၊ ပရိနိဗ္ဗာန်စံခန်းစသော ဗုဒ္ဓဝင်ခန်းများ ဖြစ်သည့်အပြင် မကိုဋ်ဆောင်းဆင်းတုမှာလည်း ဘုမိဖဿမုဒြာဖြင့် ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်ခြင်းဖြစ်ရာ ဘုရားသခင်အား ရည်စူး၍ ထုလုပ်သည်မှာ သိသာထင်ရှားလှပါသည်။ ဘုရားအလောင်း မဟုတ်ပါပေ။ အလားတူပုံသဏ္ဍာန် ဗုဒ္ဓဝင်ရုစ်ခန်းတွဲပုံကို အိန္ဒိယပြည်ကဘင်္ဂလားနယ်တွင် တွေ့ရသည်။ ဗဟိုဆင်းတုတော်မှာ မင်းဝတ်တန်ဆာအပြည့်နှင့် မကိုဋ်သရဖူဆောင်း၍ တွေ့ရသည်။[၁]

သို့ဖြစ်၍ ဗောဓိသတ္တအဖြစ် မင်းဝတ်တန်ဆာများ ပြုလုပ်ပူဇော်သည် ဟူသော်လည်း မင်းဝတ်တန်ဆာပါ ဘုရားရုပ်တုတိုင်းထိုအယူအဆဖြစ်သည်ဟု တထစ်ချ မယူဆနိုင်ချေ။

၎င်းအပြင် ပုဂံခေတ် သက္ကရာဇ် ၆၀၀ မှ ၇၀၀ အတွင်း ပုဂံဥဇနာမင်း လက်ထက်မှ စောမွန်နစ် လက်ထက်တွင် ဖြစ်နိုင်သည့် ဆင်းတုတစ်ဆူကို မင်းနန်သူရွာ အရှေ့ဘက် ကဿပဘုရားတွင် တွေ့ရသည်။ ယခု ပြတိုက်တွင် သိမ်းဆည်းထားသော ကျောက်ချပ် ဖြစ်သည်။ ပုံမှာ ဗုဒ္ဓသည် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ရာ ယမကပြာဋိဟာပြပြီး တာဝတိံသာသို့ မယ်တော်မိနတ်သားအား တရားဟော တက်သွားရာမှအပြန် သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းရာ ပုံတော်ဖြစ်သည်။

ဘုရားပုံကို မကိုဋ်သရဖူဆောင်း၍ တွေ့ရသည်။ ဝဲဘက်တွင် ဗြဟ္မာမင်းက ထီးမိုးလျက်၊ လက်ယာဘက်တွင် သိကြားမင်းက တံခွန်ကိုင်လျက် ရပ်နေဟန်ပါရှိသည်။ ဘုရား၏ ခြေတော်ရင်း၌ ရှင်သာရိပုတ္တရာက ရှိခိုးနေဟန်ပါရှိသည်။ သို့ဖြစ်၍ မကိုဋ်သရဖူဆောင်းထားသော ရုပ်ပွားတော်များ အားလုံးကို ဇမ္ဗူပတိမင်း ချွတ်ခန်းဟူ၍ မယူဆနိုင်တော့ချေ။ ဗုဒ္ဓဆင်းတုတော်များ မကိုဋ်ဆောင်း၍ ကိုးကွယ်ခြင်းကို အိန္ဒိယပြည်၊ ဘင်္ဂလား၊ ဘီဟာနယ်တို့တွင် ဗုဒ္ဓဘာသာဝင်ပါလမင်းများလက်ထက်၌ ထင်ထင်ရှားရှားတွေ့ရသည်။[၂]

---

၁။ San Tha Aung. The Buddhist Art. P 1-51

၂။ ရှေးဟောင်းသုတေသန အစီရင်ခံစာ ၁၉၁၈-၁၉၊ စာ ၃၄။

### မကိုဋ်သရဖူဘုရားများနှင့် ရခိုင်

ရခိုင် ပြည်နယ်တွင်လည်း ရှေးဟောင်း ဘုရားများကို မကိုဋ်သရဖူဆောင်း၍ မင်းဝတ်တန်ဆာများဖြင့် အများအပြား ရှာဖွေတွေ့ရှိရပေသည်။ အစောဆုံးသော အထောက်အထားတစ်ရပ်မှာ မဟာစန္ဒြား (ဒွေစန္ဒြ) (အေဒီ ၄ ရာစု)မင်းကြီးလက်ထက်တော်၌ သီလဝန်၊ ဂုဏဝန် မထေရ်မွန် မထေရ်ကြီး တို့သည် တစ်သောင်းမြောက်မျှရှိကုန်၏။ ရဟန်း သံဃာ သာမဏေ အပေါင်းတို့ကား သောင်းသိန်းမက များလှပေကုန်၏။ထိုမင်းကြီးသည် ရုပ်ပွားတော် မဟာမုနိအားဦးသျှောင်တော်မကိုဋ်ကို ရွှေဖြင့်ပြုလုပ်စေတော်မူပြီးသော် ပတ္တမြားစီလျက် ဝါတွင်းပတ်လုံး တင်လှူတော်မူ၏။[၁] ဟူ၍ ရခိုင် ရာဇဝင်သစ်ကျမ်းတွင် ဖော်ပြသည်။

### မဟာကျိန်ဘုရား

မင်းဝတ်တန်ဆာများဖြင့် ပြုလုပ်ထားသော ဘုရားများကို ရခိုင်တို့က "မဟာကျိန်ဘုရား"ဟု ခေါ်သည်။ မြတ်သော သစ္စာဆိုခြင်းဟု အဓိပ္ပာယ်ရှိသည်။ ဤအကြောင်းနှင့် ပတ်သက်၍ "ဗုဒ္ဓဘိသေက မင်္ဂလာ"ကျမ်း ပေမူတွင် ပြည့်စုံစွာတွေ့ရသည်။ ၎င်းပေမူမှာ ရခိုင်ပေမူဖြစ်ပြီး သက္ကရာဇ် ၉၀၄ ခု၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့တွင် မွန်းမတည့်မီ ကူးယူပြီးစီးသည်ဟု ဖော်ပြထားသည်။ ကျမ်းပြုစုသူ မပါရှိပေ။ သို့သော် တစ်ဆင့်ကူး ပေမူသက္ကရာဇ်ထက် စောဦးမည်ဟု ယူဆရသည်။

ရှေးခေတ် ဘုရင်တစ်ပါးသည် ဘိသိက်ခံလိုလျက် ဦးစွာထိုမင်း၏ဝတ်ဆင်မှုနှင့် တူအောင် မကိုဋ်သရဖူဆောင်း၍ မင်းဝတ်တန်ဆာ အပြည့်အစုံပါဝင်သော ဘုရားတစ်ဆူကို ဦးစွာထုလုပ်ရသည်။ နက္ခတ်ဗေဒင်ကျမ်းများ၏ အလိုအရ ရက်ကောင်း ရက်သာကို ရွေးရသည်။ အထူးကျွမ်းကျင်သူများက ရတနာ၇စုပေါင်း၍ သွန်းလုပ်ရသည်။

---

၁။ စန္ဒမာလာလင်္ကာရ၊ "ရခိုင်ရာဇဝင်သစ်ကျမ်း" ရန်ကုန်၊ ဟံသာဝတီ၊ ၁၂၉၃၊ စာ-၂၈၆။

၎င်းနောက် ဘိသိက်ပွဲအခမ်းအနားတွင် ပူဇော်ခံရသည်။၎င်းနောက် သာသနာပိုင်ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဘုရားဆင်းတုအား ထိပ်၌တင်၍ "မင်းကျင့်တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ပါမည့် အကြောင်း" ကျမ်းသစ္စာ ကျိန်ဆိုရသည်။ သို့ဖြစ်၍ ထိုဘုရားများကို "မဟာကျိန်ဘုရား" သို့မဟုတ် "နန်းတက်ဘုရား" ဟု ခေါ်ကြသည်။

**မဟာကျိန်ဘုရား သွန်းလုပ်ခြင်းအဆင့်ဆင့်**

မဟာကျိန်ဘုရား ဆိုသည်မှာ မကိုဋ္ဌသရဖူဘုရားဖြစ်၍ ရခိုင်ဘုရင်တို့ နန်းတက်ပွဲ ဘိသိက်မင်္ဂလာအခမ်းအနားတွင် အစဉ်အလာမလေ့ထုံးစံနှင့်အညီ ထုလုပ်ပူဇော်ရသော ဘုရားဆင်းတုဖြစ်သည်။ ဤဘုရားသွန်းလုပ်ခြင်းကို အစအဆုံး တာဝန်ယူရသူမှာ ပြည်စိုးကြီးခေါ် နန်းရင်းဝန်အမတ်ကြီးပင် ဖြစ်သည်။ ပြည်စိုးကြီးသည် ထီးနန်းကို ဆက်ခံမည့် မင်းသား၏ နေ့နံတို့ကို အခြေခံ၍ နန်းတော်ရှိပညာရှိ အမတ်ကြီးများ၊ ဗြာဟ္မဏပုဏ္ဏားတော်များနှင့် တိုင်ပင်တွက်ချက်၍ မဟာကျိန်ဘုရားဆင်းတုတော် သွန်းလုပ်မည့် ရက်ကောင်းရက်သာကို ဦးစားပေးရွေးရသည်။

၎င်းနောက် သွန်းလုပ်မည့်နေရာကို လောကီအတတ်ပညာဖြင့် ရှေးနည်းအတိုင်းရွေးချယ်ပြီး မြေညှိခြင်း၊ သန့်ရှင်းခြင်းများ ပြုလုပ်ရသည်။ ၎င်းမြေနေရာတွင် ဘုန်းတော်ကြီးများ ပင့်ဖိတ်ပြီး ဆွမ်းကျွေးခြင်း၊ ကမ္မဝါရွတ်ဖတ်ခြင်း၊ ပရိတ်ပဋ္ဌာန်း နာကြားခြင်း၊ မင်္ဂလသုတ်နှင့် ဘူမိဇလမန္တန်တို့ ရွတ်ဆိုခြင်းများ ပြုလုပ်သည်။ အန္တရာယ်ကင်းစေရန်အတွက် ဖြစ်သည်။

၎င်းနောက် အဆိုပါ မြေနေရာတွင် ယာယီမဏ္ဍပ်တစ်ဆောင် ဆောက်လုပ်သည်။ ၎င်းမဏ္ဍပ်မှာ ရာဇမတ်သုံးထပ် ကာရံထားသည်။ ၎င်းနောက် နေ့သင့်နံသင့်ရာ သစ်သားတစ်မျိုးမျိုး (ကံ့ကော်၊ ချရား၊ စံကား၊ ပိန္နဲသား)ကို ရွေးချယ်၍ သစ်သားတိုင် ပြုလုပ်ရသည်။ ဤသစ်သားများမှာ လှပခိုင်ခံ့၍ အပြစ်အနာအဆာ၊ အကွဲအအက်၊ အဖုအပိမ့်အားလုံး ကင်းစင်ရမည် ဖြစ်သည်။

၎င်းရွေးချယ်ထားသော သစ်သားကို ကောင်းမွန်လှပအောင် ပွတ်ချောပြီး တိုင်ရှစ်တိုင်ပြုလုပ်သည်။ လှပအောင် သစ်စေးကိုင်ခြင်း၊ ရွှေပိန်းချခြင်းများ ပြုလုပ်ရသည်။ ၎င်းရွှေချပြီးသော တိုင်ရှစ်တိုင်ကို မဏ္ဍပ်အတွင်းတွင် ဂြိုဟ်နက္ခတ်များပုံစံ ဝိုင်းရံ၍ စိုက်ထူသည်။ ၎င်းတိုင်များ၏ထိပ်တွင် တလူလူလွင့်နေမည့် တံခွန်၊ ကုက္ကား၊သားမြီးယပ်များကို အပေါက်ဖောက်၍ ချိတ်ဆွဲထားသည်။

ရာဇမတ် ကာရံထားသော အထပ်တိုင်းတွင် ထောင့်လေးထောင့်၌ ငှက်ပျောပင် တစ်ဆယ့်နှစ်ပင်ကိုလည်း စိုက်ထားရသည်။ အတွင်းဘက်ဆုံး ရာဇမတ်ကာကို အဖြူရောင်ပိတ်ဖြူ လွှမ်းခြုံထားပြီး အပြင်ဘက် ရာဇမတ်များကို အနီရောင်ပိတ်စ လွှမ်းခြုံထားသည်။ ၎င်းနောက် ငွေသားဖြင့် ပြုလုပ်ထားသော အိုးကိုးလုံးကိုယူပြီး ၎င်းအိုးတွင် ရေကောင်းရေသန့်များထည့်ကာ ထီးဖြူကိုးလက် စိုက်ထူရသည်။ ၎င်းထီးဖြူများပေါ်တွင် ဘုရင်၏ဘွဲ့နာမည်ကို ရေးထိုးထားသည်။

ထီးဖြူစိုက်ထားသော အဆိုပါ ငွေအိုးများကို ယခင်က စိုက်ထူထားသော ဂြိုဟ်တိုင်များအောက်တွင် တစ်ခုစီဘင်ထားရသည်။ ၎င်း၏ အလယ်ဗဟိုမှ ဆင်းတုတော်သွန်းလုပ်မည့်နေရာပင် ဖြစ်သည်။အဖိုးတန်ရတနာများဖြစ်သော ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါများ ရောစပ်ကာ သွန်းလုပ်မည့် ဗုဒ္ဓရုပ်ပွားတော်အတွက် အရည်ဖျော်ရောစပ်မည့် အိုးမှာ အိုးသစ်ကိုသာ အသုံးပြုသည်။ အရည်ဖျော်ရန်အတွက် ထင်းကိုလည်း အမွှေးနံ့သာ ထင်းများကိုသာ အသုံးပြုရသည်။

သတ်မှတ်ထားသော ရက်ကောင်းရက်သာ အချိန်နာရီကျရောက်သောအခါ ပုဏ္ဏားရှစ်ယောက်တို့သည် ဂြိုဟ်ရှစ်တိုင်တွင် မတ်တတ်ရပ်လျက် လက်ယာရစ် ခရုသင်းအား တစ်ပြိုင်နက် မှုတ်စေလျက် ကမ္ဘာစောင့် နတ်ကောင်း နတ်မြတ်များ၊ သာသနာစောင့် နတ်ဒေဝါများ၊ လောကပါလ နတ်မင်းကြီး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ မြေစောင့်နတ် အားလုံးအား ဂါထာမန္တန်များ ရွတ်ဆိုသရဇ္ဈာယ်ပြုကာ ပင့်ဖိတ်လေသည်။

ဤတွင် ပန်းပုပညာရှင်သည် ၎င်း၏အလုပ်ကို စတင်တော့သည်။ ပန်းပုပညာရှင်သည် တစ်ကိုယ်လုံး အဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသည်။ စန္ဒကူးနံ့သာဖြင့် မီးမွှေးပြီး အဖိုးတန်ရတနာများဖြင့် ရောစပ်ထားသော ပဥ္စလောဟာ သတ္တုစပ်ကို အိုးအသစ်ဖြင့် ကျိုရသည်။ လုပ်ငန်းပြီးစီး၍ ပုံသွန်းပြီးသည့်တိုင် မီးကို ငြိမ်းသတ်ခြင်း မပြုရပေ။ အလိုအလျောက် တငွေ့ငွေ့ လောင်ကျွမ်းငြိမ်းသတ်စေသည်။ ဤသို့ သတ္တုကို ကျိုချက်ခြင်းလုပ်ငန်းကို (၉) ရက်တိုင်တိုင် ပြုလုပ်ရသည်။

ဤသို့ ပြုလုပ်ရခြင်းမှာ မဟာကျိန် ရုပ်ပွားတော်ကို သွန်းလုပ်မည့် တွက်ချက်ထားသော ရက်ကောင်းရက်သာနှင့်ကိုက်၍ ပြုလုပ်ရခြင်းဖြစ်သည်။ ကိုးရက်မြောက်သော နေ့သည် ဗုဒ္ဓဆင်းတု ပုံလောင်းသွန်းပြုလုပ်သောနေ့ပင် ဖြစ်သည်။ ရုပ်ပွားဆင်းတုဘော် သွန်းလုပ်ရာတွင် အရှေ့ဘက်ကိုမျက်နှာမူ၍ ပြုလုပ်ရသည်။ ဤအချိန်မှာ အရေးကြီးဆုံးအချိန်ဖြစ်၍ ဗြာဟ္မဏပုဏ္ဏားတို့သည် ရောင်စုံဆေးဆိုးထားသော ပန်းပေါက်ပေါက်များ ကြဲဖြန့်ကာ အောင်ဆုတောင်းခြင်း၊ ဂါထာမန္တန်များ ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

မဟာကျိန် ဆင်းတုတော်အား အချောကိုင်သွန်းလုပ်ပြီးနောက် ဗြာဟ္မဏပုဏ္ဏားများသည်ရုပ်တုတော်ကို ရေသန့်စင်ကြသည်။ အမွှေးနံ့သာများ ဖြန်းကြသည်။ ၎င်းနောက် ရတနာကိုးပါးဖြင့် စီခြယ်ထားသော ရွှေလင်ပန်းပေါ်တွင် အဖိုးတန် ဖဲကတ္တီပါ ခြုံလွှမ်းထားပြီး ဘုရားဆင်းတုတော်အား ရွှေလင်ပန်းပေါ်သို့ ပင့်တော်မူသည်။ ဤအချိန်တွင် ဗြာဟ္မဏပုဏ္ဏားတို့က အန္တရာယ်ကင်း အောင်ဂါထာတော်များ ရွတ်ဆိုကြပြန်သည်။

မဟာကျိန် ရုပ်ပွားတော် ဘိသေကမင်္ဂလာအခါတော် ရုပ်ပွားတော်အတွက် ပြည်စိုးကြီး (နန်းရင်းဝန်)သည် ရှေးဦးစွာကပင် ရွှေမြို့တော်အတွင်း အကျင့်သိက္ခာပြည့်စုံပြီး ထင်ပေါ်ကျော်စောသည့်သံဃာတော်ငါးပါး၊သို့မဟုတ် ခုနစ်ပါး၊သို့မဟုတ်ကိုးပါးကိုမဏ္ဍပ်သို့ပင့်ဖိတ်ပြီး အဆိုပါ ပင့်ထားသော သံဃာတော်တို့က မဟာကျိန် ရုပ်ပွားတော်အား ခြံရံကာ လက်များဖြင့် ရုပ်ပွားတော်တင်ထားသည့် ပိတ်

ဖြူကို တညီတညာ ကိုင်ထားကြရသည်။ ထို့နောက် ဗုဒ္ဓဘိသေက ဂါထာတော်ကို ရွတ်ဆိုကြလေသည်။

ဂါထာတော်ဆုံးသည်နှင့် တစ်ပြိုင်နက် ဗြာဟ္မဏပုဏ္ဏားများ သည် ၎င်းတို့၏လက်ယာရစ် ခရုသင်းကို တစ်ပြိုင်နက်မှုတ်ကြပြန်သည်။ ဤအချိန်တွင် မဏ္ဍပ်အပြင်ဘက်တွင် အသင့်စောင့်ဆိုင်းနေကြသော တူရိယာသမားတို့ကလည်း မိမိတို့၏တူရိယာများကို တစ်ပြိုင်နက် တီးမှုတ်ကာ ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနားကို ကြိုဆိုဂုဏ်ပြုကြ ပေသည်။

၎င်းနောက် ပြည်စိုးကြီး အမတ်ခေါင်းဆောင်ကာ ရွှေနန်း တော်ရှိ ဘုရားကျောင်းဆောင်သို့ မဟာကျိန်ရုပ်ပွားတော်အား အခြံ အရံဖြင့် ပင့်ဆောင်သွားကြသည်။ နန်းတော်သို့ ရောက်သောအခါ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ သမီးတော်၊ ဆွေတော်၊ မျိုးတော် အပေါင်းတို့က မဟာကျိန်ရုပ်ပွားတော်အား ရိုကျိုးဦးနှိမ် ပူဇော်ခြင်း ဖြင့် ကြိုဆိုကြပေသည်။၎င်းနောက် နန်းတော်တွင်းရှိ ယာယီစံကျောင်း တော်တွင် ကိုးကွယ်ထားလေသည်။

မဟာကျိန်ခေါ် နန်းတက် ရုပ်ပွားတော်များမှာ အများအား ဖြင့် ခြေနှစ်ဖက်ယှက်၍ တိုင်နေတော်မူဟန် ဖြစ်သည်၊ သို့သော် မဟာ ကျိန် ရုပ်ပွားတော်များမှာ အခြားသောရုပ်ပွားများထက် ထူးခြား သည်မှာ မကိုဋ်တော်နှင့် မင်းဝတ်တန်ဆာများပင် ဖြစ်သည်။ဤအဆင် တော်မှာ ဘိသိက်သွန်းမည့် နန်းလျာဘုရင် ဘိသိက်ပွဲတွင် ဝတ်ဆင် မည့် အဝတ်အစား မကိုဋ်တော်နှင့် အတူတူပင်ဖြစ်သည်၊ နားရွက် တော်မှာ နန်းသုံး နားပန်တော်ကြီး၊ နားတောင်းကြီးများ ပန်ဆင် ထားသည်။

ခန္ဓာကိုယ်တော်တွင် သင်္ကန်းဝတ်ရုံကို ပေါ်လွင်ခြင်းမရှိစေဘဲ မင်းဝတ်တန်ဆာ၊ လက်ကောက်၊ လက်ကျပ်တို့ဖြင့် အပြည့်အစုံကိုသာ အမိ ဂ ဖော်ပြပ ရှိသည်။ ဤသို့ဖြင့် မဟာကျိန်ဘုရားများသည် ဘုရင် တစ်ဦးစီနှင့် ဆိုင်လေရာ အဆိုပါ ရုပ်ပွားတော်များကို ကြည့်ခြင်းအား ဖြင့်ခေတ်အဆက်ဆက်၏ အနုပညာလက်ရာများနှင့် ဝတ်စားဆင်ယင်မှု

ကိုလေ့လာနိုင်ပေသည်။ တစ်ခုနှင့်တစ်ခု လက်ရာချင်း လုံးဝမတူညီဘဲ အနုစိတ်ခြယ်မှုန်းထားသည်ကို တွေ့ရသည်။

မဟာကျိန်ရုပ်တုများတွင် အာသနအနေအထားမှာ ခြေကိုယှက်ထားပုံနှစ်မျိုး တွေ့ရသည်။ တစ်မျိုးမှာ ယောဂီများထိုင်သကဲ့သို့ ခြေနှစ်ဖက်ကိုယှက်၍ ခြေဖဝါးနှစ်စုံအပေါ်သို့ လန်နေသော ဝဇီယသနထိုင်ဟန်ဖြစ်ပြီး နောက်တစ်မျိုးမှာ လက်ဝဲဘက် ခြေဖဝါးသည် လက်ယာဘက် ခြေအောက်သို့ ရောက်နေပြီး လက်ယာဘက် ခြေဖဝါးသည် လက်ဝဲဘက်ပေါင်ပေါ်သို့ တင်းထားသည်။

လက်ဟန်မုဒြာမှာ သုံးမျိုးတွေ့ရသည်။ ပထမအမျိုးမှာ ဘယ်လက်တစ်ဖက်သည် ရင်ခွင်ပေါ်တွင် လှန်၍တင်ထားပြီး လက်ယာဘက်လက်မှာ မဟာပထဝီမြေကြီးကို တိုင်တည် သက်သေပြုဟန် မြေကြီးတို့ လက်ယာဘက် ခြေသလုံးနားမှ လက်ဖျားများနှင့် မှောက်လျက် အနေအထား ထိလျက်နေပုံဖြစ်သည်။ ပလ္လင်ပါရှိပါက ပလ္လင်ကို ထိနေပုံဖြစ်သည်။ ဤအမျိုးအစားမှာ ဘူမိဖဿမုဒြာ အမျိုးအစားပင်ဖြစ်သည်။ ဤအမျိုးအစားမှာ သဗ္ဗညုတရွှေဉာဏ်ကိုရရှိပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သည့် အထိမ်းအမှတ်ပုံဖြစ်သည်။

ဒုတိယအမျိုးအစားမှာ ဒါယနမုဒြာ အမျိုးအစားများ ဖြစ်သည်။ ဤပုံတွင် လက်နှစ်ဖက်စလုံးကို ရင်ခွင်ပေါ်တွင် ထပ်လျက်တင်ကာ ဈာန်ဝင်စားနေသည့်ပုံ၊ တရားထိုင်နေသည့်ပုံ ဖြစ်သည်။ လက်ဖဝါး နှစ်ဖက်စလုံးလှန်ထားပြီး လက်ယာလက်ဖဝါးက လက်ဝဲလက်ဖဝါးပေါ်တွင် တင်ထားသည်။ အချို့ပုံများမှာ လက်ချောင်းလေးများကို ယှက်ထားပြီး လက်မနှစ်ခုကို ထိထားကာ အတန်ငယ်မြင့်ထားသည့်ပုံဖြစ်သည်။ ၎င်းလက်ပေါ်တွင် အမြိုက်အိုး(သို့မဟုတ်) သပိတ်(သို့မဟုတ်) ဓာတ်တော်အိုးကိုပိုက်လျက် အနေအထား တွေ့ရသည်။

တတိယအမျိုးအစားမှာ လက်ယာဘက်လက်တော်ကို တံတောင်ဆစ်မှ အတန်ငယ်ကွေးပြီး လက်ဖဝါးကို ပခုံးနားထိ မြှင့်တင်ထားသည်။ လက်ဝဲဘက်လက်မှာ ရင်ခွင်ပေါ်တွင် လက်ကိုဖြန့်၍ လှန်ဟင်

ထားသည်။ သို့ရာတွင် လက်ချောင်းများ အပေါ်သို့ အနည်းငယ်ကွေးနေပြီး တစ်စုံတစ်ခုကို တင်ထားလေ့ရှိသည်။

မဟာကျိန် ရုပ်ပွားတော်များမှာ အရွယ်အစားကို ပုံသေသတ်မှတ်လေ့ မရှိသောကြောင့် သွန်းပြုသူကုသိုလ်ရှင် အိမ်ရှေ့မင်းသား၏ ဆန္ဒအလျောက် အရွယ်အစား အမျိုးမျိုး ရှိပေသည်။ သို့သော် ဦးခေါင်းထက်ရွက်၍ ကျိန်ဆိုသည်ဖြစ်၍ အရွယ်အစား အားဖြင့် မကြီးမားကြချေ။ ယခုအခါ မြောက်ဦးမြို့ပြတိုက်၊ စစ်တွေမြို့ အမျိုးသားကျောင်း ဗုဒ္ဓပြတိုက်နှင့် ရခိုင်ပြည်အနှံ့ ဘုန်းတော်ကြီးကျောင်းများတွင် စုဆောင်းကိုးကွယ်ထားရှိကြောင်း တွေ့ရပေသည်။

**ဘိသိက်မင်္ဂလာပွဲနှင့် မဟာကျိန်ဆင်းတု**

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ရှင်ဘုရင်၏ ဘိသိက်မင်္ဂလာအတွက် သွန်းလုပ်ပြီးစီးသော မဟာကျိန်ရုပ်ပွားတော်ကို နန်းတော်ရှိ ယာယီစံကျောင်းတော်တွင် ခေတ္တပူဇော်ထားပြီ ဘိသိက်မင်္ဂလာပြုလုပ်မည့်နေ့ကို တွက်ချက်ရပေသည်။ ဘိသိက်မင်္ဂလာ အခမ်းအနားပြုလုပ်ရန်အတွက် စေတီပုထိုးတစ်ဆူကို ဦးစွာရွေးချယ်ရသည်။ မြောက်ဦးခေတ်တွင်ကား ရှစ်သောင်းဘုရားတွင် ဘိသေက မင်္ဂလာအတွက် သီးသန့်ထားရှိကြောင်း သိရသည်။

ဤအဆိုကို ထောက်ခံသည်မှာ ရှစ်သောင်းဘုရားမှာ မင်းဗာဘုရင်(၁၅၃၁-၁၅၅၃)တည်ထားကိုးကွယ်ခဲ့သော်လည်း သီရိသုဓမ္မရာဇာ(၁၆၂၂-၁၆၃၈)သည် သူ၏ ဘိသေကမင်္ဂလာအခမ်းအနားကို ရှစ်သောင်းဘုရားတွင် ပြုလုပ်ခဲ့ကြောင်း မန်နရစ်၏ မှတ်တမ်းတွင် အခိုင်အမာဖော်ပြထားခြင်းဖြစ်သည်။ နန်းတော်မှ အခမ်းအနားဖြင့် စီတန်းလှည့်လည်လာသော ဘုရင်နှင့်တကွသော ဝန်ကြီး၊ အမတ်ကြီး အားလုံးသည် ရှစ်သောင်းဘုရား မင်္ဂလာမုခ်ဝသို့ ရောက်သောအခါ ရာထူးဌာနန္တရအလိုက် နေရာယူရသည်။

၎င်းနောက် ဘုရင်သည် မဟာကျိန်ဘုရားအား ခေါင်းပေါ်တင်၍ စေတီတော်အား သုံးကြိမ်ပတ်ရသည်။ သုံးပတ်စေ့၍ ဘိသိက်မင်္ဂလာပြုလုပ်မည့် တံခါးဝသို့ ရောက်သောအခါ သာသနာပိုင်

သံဃာတော်အရှင်မြတ်တို့က ပိဋကတ်တော်များကို ရွတ်ဆိုကြသည်။ ၎င်းနောက် မဟာကျိန်ရုပ်ပွားတော်အား ရှင်ဘုရင်၏ ဦးခေါင်းပေါ်သို့တင်၍ သာသနာပိုင်က ဘုရင်အား ရှေး ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကဲ့သို့ သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် လုပ်သင့်ကြောင်း၊ မင်းကျင့်တရားနှင့်အညီအုပ်ချုပ်စေရန်အကြောင်း၊ သီလပါရမီ လက်ကိုင်ထားဖို့လိုကြောင်း စသည်ဖြင့် ဆိုဆုံးမသည်။

ဘုရင်မင်းမြတ်ကသည်း အာမဘန္တေ ခံယူရသည်။ ဘုရားကို တိုင်၍ ကျိန်ဆိုရသည်။ ဆရာတော် တိုင်ပေးသော ဂါထာမှာ-

ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံဂတော ဥပါသကတ္တံ၊
မံ ဓေထ သကျပုတ္တသာသနေ သဒ္ဓါသရဏာ မုပေမိတိ။

ဖြစ်သည်။[၁]

ဤအချိန်သည် ရာဇဘိသေက မင်္ဂလာအခမ်းအနား၏ အထွတ်အထိပ်ပင် ဖြစ်ပေသည်။ ၎င်းနောက် ဘုရင်အား မကိုဋ်သရဖူကို သာသနာပိုင်က ဆောင်းပေးလိုက်တော့သည်။ ဤအကြောင်းနှင့် ပတ်သက်၍ မန်နရစ်၏မှတ်တမ်းတင်ထားချက်မှာ အမှန်ပင် ကြည်နူးသာယာဖွယ်ဖြစ်၍ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

Through this the king was presently borne on a rich litter by eight men in green livery. The procession for the Shittaung Pagoda was for formed. It led down a covered way to that tample. At the sacred gate two thousand monks were in waiting. These conducted Thirithudama and his Buddhist following in the shrine, Manrique and Indians remained outside. They waited two hours, when a bell sounded and the king reappeared wearing his crown which, though studded with huge diamonds, rubies and pearls, appeared cheap beside the perfaction of his ear rings.[၂]

---

၁။ အရှင်စက္ကိန္ဒ(ရခိုင်ပြည်)၊ "ရခိုင်ပြည်ဗုဒ္ဓဘာသာ" ရခိုင်မဂ္ဂဇင်း တွဲ(၄)၊ စာ-၁၃၅။

၂။ Mr. Callis. "The City of Golden Mrauk U'' JBRS. Padre Maestro Frey Seb-Manrique in Arakan. (1629-1935)

အဆိုပါဘုရားကို နန်းတော်ထဲ၌ပင်ထား၍ ကိုးကွယ်လေ့ ရှိကြသည်။ ဤရုပ်ပွားတော်များမှာ ခေတ်အလျောက်ဘုရင်များ၏ ဝတ်စားဆင်ယင်မှု မကိုဋ္ဌသရဖူ၏ပုံစံ ပြောင်းလဲမှုတို့ကို တွေ့ရ၍ အတော်ပင်အဖိုးတန်လှပေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ပေါ်တူဂီ ဘုန်းတော်ကြီး မန်နရစ်က သီရိသုဓမ္မရာဇာဘိသိက်သွန်းခန်း* ကိုယ်တွေ့မှတ်တမ်းတွင် ဖော်ပြထားရာ ဤဓလေ့ထုံးစံမှာ မှန်ကန်ကြောင်းသိသာနိုင်ပေသည်။ ဝေသာလီခေတ်တွင်လည်း မကိုဋ္ဌဆောင်းဘုရားရုပ်တုများကိုပါ တွေ့ရသည်။ ဤအလေ့အထကို အေဒီ ၄ ရာစုကပင်ပြုလုပ်ခဲ့ကြဟန်တူပေသည်။

## ရခိုင်တွင်တွေ့ရှိရသော မကိုဋ်ဆောင်းဘုရားများ

ရခိုင်ပြည်နယ်တွင် အများအပြား တွေ့ရသည်။ စစ်တွေမြို့အမျိုးသားကျောင်း ဗုဒ္ဓပြတိုက်တွင် အများဆုံး ဖူးမြော်နိုင်ပေသည်။

### မဟာမုနိ ရှုပ်ရှင်တော်

ဓညဝတီ ရခိုင်ပြည်ကို အစိုးရသော စန္ဒသူရိယမင်း လက်ထက်ဂေါတမမြတ်စွာဘုရားရှင် ရှေ့မှောက်တွင် သွန်းလုပ်လျက် ဓညဝတီရခိုင်ပြည် မင်းအဆက်ဆက်တို့ ကိုးကွယ်လာကြသော မြတ်စွာဘုရား၏ကိုယ်စား ရုပ်ပွားတော်ဖြစ်သည်။ ၎င်းရုပ်ပွားတော်ကို မြန်မာမင်းတို့ကိုးကွယ်လို၍ အနော်ရထာမင်း လက်ထက်၌ တစ်ကြိမ်၊ အလောင်းစည်သူမင်း လက်ထက်၌ တစ်ကြိမ် ပင့်ဆောင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

ဘိုးတော်ဘုရားလက်ထက်မှ ရခိုင်ပြည်ကို လုပ်ကြံသိမ်းပိုက်ရာမှ ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။ မူလကပင် မကိုဋ္ဌသရဖူဆောင်း၍ပါရှိပေသည်။ ယခုပုံမှာ ၁၂၄၆ ခုနှစ်၊သီပေါမင်းလက်ထက်မီးလောင်

---

* ထွန်းရွှေခိုင် (စစ်တွေကောလိပ်)၊ ''ရခိုင်ရှေးဟောင်းမြို့တော်များ'' စာအုပ်၊ Maurice Collis ၏''"The City of Golden Mrauk U,'' JBRS. နှင့် The Land of the Great Image စာအုပ်တို့တွင်ဖတ်ရှုနိုင်ပါသည်။

ရာမှ ပါသွားသော မကိုဋ်သရဖူ အစားပြန်တပ်ဆင်ထားသောပုံဖြစ်သည်။ ယခု ကျောက်တော်မြို့ရှိ မဟာမုနိပုံတော်မှာ မကိုဋ်ပုံပါသည်ကို တွေ့ရသည်။

## ဝေသာလီ မကိုဋ်ဆောင်းပုံတော်

ဤပုံတော်ကို ဝေသာလီမြို့တော်ဟောင်းအနီး သင်းကျစ်တော်တောင် အရှေ့ဘက် စေတီပျက်တစ်ဆူမှ ရရှိခဲ့သည်။ ဉာဏ်တော် ၁ ပေ၊ ၅ လက်မ ခန့် ရှိသည်။ ယခုအခါ မြောက်ဦးပြတိုက်တွင် သိမ်းဆည်းထားရှိသည်။ (ပုံ ၂၄) ဆင်းတုတော်သည် ဝေသာလီခေတ် မကိုဋ်သရဖူနှင့် လည်ဆွဲဘယက် တန်ဆာများ ဆင်ယင်ထားသည်။ ဘူမိဖဿမုဒြာနှင့် ဝဇီရာသန ဟန်ဖြစ်သည်။ ပလ္လင်တော်မှာ ခြယ်သမှု မရှိသော နှစ်ဆင့်ပလ္လင်ဖြစ်သည်။

ဆင်းတုတော်၏ မကိုဋ်တွင် စေတီလုံးပုံသဏ္ဍာန်ချောမွေ့သော မဏိတော်ရှိသည်။ မကိုဋ်တော်မှာ ပန်းခက်ငါးခက်ဖြင့် ထောင်ထားသည်။ ပန်းခက်၏အောက်ခြေတွင် ပိန္နဲများဖြင့် စီတန်းထားသည်။ နားဆွဲသည် ပွင့်ဖတ်လေးခုပါသော နားဆွဲဖြစ်ပြီး ၎င်းနားဆွဲမှာ ပခုံးတစ်လျှောက် သစ်ရွက်လွှာပုံသဏ္ဍာန် အလွှာသုံးခု တစ်ဖက်တစ်ချက် ချလျက် တွေ့ရသည်။ လည်ဆွဲနှစ်ခုကို ဆွဲထားသည်။ လည်ဆွဲတစ်ခုသည် လည်ပင်းနားကပ်လျက်ရှိပြီး နောက်တစ်ခုမှာ ရင်ဘတ်နားသို့တိုင်အောင် ကျဆင်းလျက် လေးထောင့်နီးပါးသဏ္ဍာန် ကွေးညွတ်နေသည်။ လည်ဆွဲတွင် ရတနာအပြည့် စီတန်းဆွဲချိတ်ထားသည်။ ဒုတိယလည်ဆွဲ၏ အလယ်ကောင်တွင် ကြီးမားသော ရတနာကျောက်တစ်လုံးကို တွေ့ရသည်။ လည်ဆွဲ၏အောက်တွင် သင်္ကန်းကိုပေါ်လွင်အောင် သရုပ်ဖော်ထားသည်။

ခန္ဓာတော်မှာ ခါးသေး၍ရင်အုပ်ကားသည်။ မျက်နှာတော်မှာ ရခိုင် မျက်နှာပေါက်မျိုးဖြစ်သည်။ သေးသွယ်သော မျက်ခုံးတော်များမှာ အလယ်တွင် ထိလုနီးပါးရှိပုံ၊ ကြီးမားသော မျက်ခွံဖြင့် မျက်လွှာချထားပုံ၊ ပြုံးရောင် သမ်းနေပုံတို့မှာ ဂုပ္တလက်ရာ ဆန်ပေသည်။ အိန္ဒိယပြည် ပါလ (Pala) ခေတ်တွင် ဤသို့ မကိုဋ်ဆောင်း မင်းဝတ်မင်းစား ပုံများကို အများအပြားထုလုပ်ခဲ့ကြသည်။

ဤပုံမှာ ပါလခေတ်၏ လွှမ်းမိုးမှုမကင်းဟု ဆိုနိုင်သော်လည်း ကိုယ်ပိုင်ဟန်ဖြစ်ကြောင်းသိသာသည်။ ဤမကိုဋ်ဆောင်း ရုပ်ပွားတော်

ကို ကြည့်ခြင်းအားဖြင့် ထိုစဉ်က ရခိုင်ဝေသာလီခေတ်၏ ကြေးသွန်း အတတ်ပညာ အဆင့်မြင့်မားမှုကို ခန့်မှန်းနိုင်ကြောင်းနှင့် ဤမကိုဋ္ဌ ဆောင်း ရုပ်ပွားတော်မှာ အရှေ့တောင်အာရှတွင် ရှေးအကျဆုံး သော မကိုဋ္ဌဆောင်းရုပ်တုဖြစ်ကြောင်း ဒေါက်တာပမ်မလာဂတ်မင် က ခေတ်ပြိုင်လက်ရာများကို သုံးသပ်၍ တင်ပြထားသည်။[၃]

အရိမေတ္တေယျဘုရားလောင်း ပုံတော်

ဤပုံတော်ကို ရခိုင်ပြည် မဟာမုနိ ဘုရားအတွင်းမှ ရသည်။ ရခိုင်တွင်တွေ့ရသော ဘုရားပုံတော်ပင် ဖြစ်သည်။ မကိုဋ္ဌ သရဖူ ဆောင်းထားသည်။ ဆံတော်ကိုလည်း စု၍ထောင်လျက် အရင်းက ပန်းကြိုးဖြင့်စည်း၍ ခရုရစ်ခွေ ခွေပြီးလျှင် အထက်၌ ကြာရွက်ကြာဖူး သဏ္ဍာန်ရှိသော ဝတ္ထုတစ်ခုဖြင့် ဖုံးအုပ်လျက်ရှိပါသည်။ နားကွင်း နားကပ်ပန်လျက်ရှိသည်။ ပခုံးထောက်ပါသည်။ ရင်လွှမ်းတန်ဆာ ပါသည်။ကြာပလ္လင်ပေါ်တွင် ခြေချိတ်တင်ပြီးတင်ပျဉ်ခွေလျက်ရှိသည်။

ပေါ်နေသည့် ခြေဖဝါးတို့အပေါ်တွင် လက်ကိုယှက်၍ အမြိုက် အိုး တစ်ခုကို အောက်ပိုင်းပဝါဖြင့်ရစ်ပတ်စည်းနှောင်၍ လက်ဝါးပြင် ပေါ်၌တင်ထားသည်။ ကေသီသက်န်းအစားစုလျားတဘက်တစ်ထည်ကို ကျောဘက်မှ ပခုံးအထက်သို့သိုင်းလျက် အစွန်းနှစ်စတို့သည် တစ်ဖက် တစ်ချက် လက်ရုံးပေါ်မှကျ၍ တံတောင်ဆစ်ကွေးကို ရစ်ခွေလျက် လက်မောင်းပေါ်မှ အပြင်ဘက်သို့ တွဲလွဲကျပြီးလျှင် ပေါင်၏အနောက် ဘက်မှ ပလ္လင်ပေါ်သို့ အဖျားခေါက်လျက်ကျနေသည်။ ထိုတဘက်ကို ဆင်းတုတော်၏ ကျောဘက်တွင်သာ တွေ့မြင်နိုင်သည်။ လက်ကောက်၊ လက်ကျပ်၊ ခြေကျင်း၊ ခါးစည်းခါးပတ်တို့လည်း ပါသည်။

ဆောင်းလျက်ရှိသော မကိုဋ္ဌသရဖူမှာ နဖူးစည်းနှင့် ကျောဘက် က ဆံစ ဆံမြိတ်များ ချထားဟန်ပါရှိသည်။ ကေသီ မပါသော်လည်း သင်းပိုင်နှင့်တူသော အဝတ်ကို ခါးမှ အောက်သို့ မျက်နှာဘက်၌ ကြာပလ္လင်ပေါ်သို့ ဖားလျားလျား အလိပ်လိပ်ရစ်ခွေလျက်ကျနေသည်။ ပလ္လင်၏ပုံနှင့် ကြာပလ္လင်ထက် တင်ပျဉ်ခွေလျက်ရှိသောပုံတို့မှာ အချိုး အစားကျ၍ ကြည်ညိုဖွယ်ရာဖြစ်သည်။

---

၃။ Pemela Gutman, Ancient Arakan, pP-187, 249, 250

ကြာပလ္လင်၏အမြင့် ၂ ပေ၊ ၄ လက်မ၊ အောက်ခြေအလျား ၆ လက်မ၊ အလယ်မှအကျယ် ၄ လက်မ၊ ဆင်းတုတော်ပလ္လင် အထက်မှ အထက် နဖူးစည်းထိ ၆ လက်မ ရှိသည်။ ဆံထုံးတော်အထက် ကြာဖူး ထိပ်ဖျားထိ ၁၀½ လက်မရှိသည်။ ဆင်းတု၏မျက်နှာပြားပုံ၊ ပါးစပ် ကျယ်ပုံ၊ နှာဖျားကျယ်ပုံ၊ နှာရိုးနှာတံ ကြီးပြီး ခပ်ပြားပြားနေပုံကို ထောက်ချင့်၍ ရခိုင်ဒေသတွင် သွန်းလုပ်နိုင်သည်။ ခုနှစ် သက္ကရာဇ် မှာ အေဒီ ၈ ရာစုမှ ၉ ရာစုခေတ်အတွင်း ဖြစ်ပေသည်။[၁]

နိဂုံးချုပ်ရသော် သရဖူဆောင်း ရုပ်ပွားတော်များကို ဇမ္ဗူပတိ ရုပ်ပွားတော်ဟု ခြုံ၍ခေါ်ဆိုနေကြသော်လည်း အားလုံး ဇမ္ဗူပတိကို ချည်း ရည်ရွယ်၍ ထုလုပ်ကြသည်မဟုတ်ပေ။ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ပူဇော်ခြင်းကိုခံရသော အတုမရှိသော သဗ္ဗညုတဉာဏ် တော်ကိုရရှိသည့် အတုမရှိသော မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကို ရည်မှန်းတသ၍ မင်းတကာ့မင်းအဖြစ် ပူဇော်ကြခြင်းလည်း ဖြစ်နိုင် ပေသည်။

၎င်းအပြင် မြတ်စွာဘုရားသခင်အား နှစ်ဥက ဘုရားလောင်း မျောက်မင်း၏ပါရမီကိုရည်စူး၍ ဗာရာဏသီပြည့်ရှင်မင်းကြီး၏ အမိန့် အရ နောင်လာမည့် ဘုရားလောင်းအားလည်း မင်းတကာ့မင်းအဖြစ် သရဖူဆောင်း၍ပူဇော်စေသည်ဆိုသော ဗောဓိသတ္တအယူအဆ[၂] အရ လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံ တို့၏ ကစ်ဆူတည်းသော မေတ္တယျဘုရားလောင်းအား ရည်ရွယ်၍ လည်းကောင်း၊ မဟာယာနဂိုဏ်းများ၏ အလိုအရ ဘုရားလောင်း အများကို ရည်ရွယ်၍လည်းကောင်း၊ ရခိုင်ပြည်ကဲ့သို့ ဘုရင်တို့၏ ဘိသိက်မင်္ဂလာအတွက် သွန်းလုပ်ရသည့် အစဉ်အလာ ကြောင့် လည်းကောင်း၊ ဇင်းမယ်ကဲ့သို့ မာန်မာနကြီးမား၍ ခက်ထန်ကြမ်းတမ်း သော ဘုရင်တို့အား ဆုံးမလို၍ ဇမ္ဗူပတိ ဇာတ်လမ်းမျိုးကိုအခြေခံ၍ သွန်းလုပ်ခြင်းသည် လည်းကောင်း အမျိုးမျိုးရှိနိုင်ကြောင်း တွေ့ရပါ သတည်း။

---

၁။ ရှေးဟောင်းသုတေသနဌာနကြားရေးစနစ်၏ ၁၉၅၈-၅၉ နှစ်ချုပ် အစီရင်ခံစာ၊ စာ-၃၆။

၂။ Sherman E.Lee. "Early Buddhist Art in India" "A History of Fareastorn Art" P-89.

## (ခ) သေလာဂီရိမှ ဗုဒ္ဓဘုရားဟောနေပုံ ကျောက်ဆစ်လက်ရာ

သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးအား "ဓမ္မစက္က-ပဝတ္တနသုတ်" ကို ဟောကြားတော်မူကြောင်း ဆိုထားပါသည်။ ဤတရားဒေသနာတော်မှာ ဘုရားသခင်၏ ပထမဆုံးတရားဦးဖြစ်၍ ဤသို့ တရားဟောဟန်ကို မြင့်မြတ်သည်ဟု ဗုဒ္ဓဘာသာဝင်များက ယူဆကာ ထုလုပ်ပူဇော်လေ့ရှိကြသည်။ဤသို့သော ရုပ်ပွားတော်များကို ဓမ္မစကြာမုဒြာအဖြစ်ဂုပ္တခေတ်တွင် တွေ့ရသည်။[၁]

အေဒီ ၁၉၂၀ ခုနှစ်ခန့်က ကျောက်တော်မြို့၏ တစ်ဖက်ကမ်း သေလာဂီရိတောင်ခြေရင်းမှ အဆိုပါ ဓမ္မစကြာမုဒြာမျိုး ရုပ်ပွားတော် တစ်ဆူကို တွေ့ရှိခဲ့သည်။ ထူးခြားချက်မှာ အခြားသောဒေသများတွင် တွေ့ရသော ဓမ္မစကြာမုဒြာပုံစံမျိုး တည့်တည့်မဟုတ်မူဘဲ ကိုယ်တစောင်း ရုပ်လုံးကြွအနေအထားဖြင့် ထုလုပ်ထားခြင်းနှင့် ဗုဒ္ဓ၏ ရှေ့ အောက်နားတွင် တရားနာယူနေသော ပုဂ္ဂိုလ်တစ်ဦးကိုပါ ပူးတွဲထုလုပ်ထားခြင်းပင် ဖြစ်သည်။ (ပုံ-၂၆)

ရုပ်ပွားတော်၏ ဦးခေါင်းနောက်ဘက်ဘွင် ဘဲဥပုံသဏ္ဍာန် ရောင်ခြည်တော်စက်ဝိုင်း ပါရှိသည်၊ ဤသည်မှာ ထူးခြားသော ဟန်ပန်တစ်ခု ဖြစ်သည်။ အများအားဖြင့် ဂုပ္တခေတ်လက်ရာများတွင် ရောင်ခြည်တော်စက်ဝန်းကို စက်ဝိုင်းပုံထုလုပ်ပြီး မျဉ်းကွေးများ၊ မျဉ်းဖြောင့်များ၊ အဖုအတွန့်များဖြင့် တန်ဆာဆင်ထားလေ့ ရှိသည်။ ရုပ်ပွားတော်၏ မဏိတော်မှာ သိသိသာသာ ထင်ရှားခြင်းမရှိ ခပ်နိမ့်နိမ့် ဖြစ်သည်။

ဤအချက်သည်လည်း ထူးခြားချက်ဖြစ်သည်။ ဆံတော်များမှာ ဆနတ်လက်ရာ (Sarnath type) အတိုင်း ခရုပတ် ဆံခွေများ စုစည်း ဖော်ဆောင်ထားသည်။ ဤကဲ့သို့သော ဥဏှီသ (Usnisa) ပုံစံမျိုးကို အေဒီ (၂) ရာစု အလယ်ပိုင်းမှစတင်၍ ဂန္ဓရနှင့် မာသူရ (Gandhara နှင့် Mathura) ခေတ်တွင် သုံးခဲ့ကြသည်။ ၎င်းနောက် အရှေ့ပိုင်း

---

၁။ (က) W. Zwalf, Buddhism'' ပုံ ၃၁၊ ၁၂၉၊ ၁၄၁။
(ခ) "The Buddhist Art of Ancient Arakan", plate-71.

အိန္ဒိယနှင့် အရှေ့တိုင်း၊ အရှေ့တောင်အာရှသို့ တိုင်အောင် ပျံ့နှံ့ ရောက်ရှိသွားသည်။ အများအားဖြင့် ဤဆံပင်တော်ပုံစံမျိုးကို အများဆုံး တွေ့ရသည်။ ရခိုင်ပြည် မြောက်ဦးခေတ်နှောင်းပိုင်းကာလ ဗုဒ္ဓ ရုပ်ပွားတော်များမှာလည်း ဤပုံစံကို အများဆုံးတွေ့ရသည်။[၁]

သို့သော် ဤဆင်းတုတော်တွင် နဖူးဆံစမှာ မဟာနဖူးပုံစံမျိုး အလယ်ကောင်တွင် စက်ဝိုင်းပြတ်ပုံသဏ္ဌာန်နဖူးပေါ်သို့ အနည်းငယ် ကွေးညွှတ်ကျနေသည်။ မြောက်ဦးဆင်းတုများတွင် အထူးသဖြင့် ရှစ်သောင်းဘုရား အတွင်းရှိ ဆင်းတုတော်များတွင် ဆံစများသည် တတန်းတည်း ရှိတတ်သည်။ အထက်ဖော်ပြခဲ့သည့်အတိုင်း ခရုပတ်ခွေ ဆံထုံးငယ်များပါရှိသော ဦးခေါင်းတော်ပုံစံမှာ မသူရာဗုဒ္ဓ (Mathura Buddha) ပုံစံမျိုးဖြစ်သော်လည်း ယခုကဲ့သို့ နဖူးပေါ်သို့ ဆံစတော် အနည်းငယ် ကွေးညွှတ်၍ကျနေသည့်ဟန်မှာမူ ဆာနတ်ဗုဒ္ဓ (Sarnah Buddha) သွင်ပြင်လက္ခဏာပင် ဖြစ်သည်။

မျက်လွှာတော်ချသည့် အနေအထား၊ နှာတံတော်ပေါ်တွင် ထင်ရှားသည့်လက္ခဏာ၊ ပြည့်လျှမ်းတွဲလဲသော နှုတ်ခမ်းတော်၊ ဝိုင်းစက်ပြည့်ဝန်းသော မျက်နှာတော်ရှိသည်။ နားရွက်တော်မှာ ခန့်ညား ရှည်လျားသော်လည်း ပခုံးသို့ထိခြင်းမရှိချေ။ ရခိုင်လက္ခဏာပင် ဖြစ်သည်။ လည်ပင်းတော်တွင် တြိဖလီ (Trivali) ခေါ်လည်ရစ်သုံးဆင့် ပါရှိသည်။ ကိုယ်ပေါ်တွင်ပါးလွှာသော ကြာသက်န်းမျိုးလွှမ်းခြုံထား ပြီး ခါးရစ်သင်းပိုင်မှအပ ပေါ်လွင်ထင်ရှားခြင်းမတွေ့ရချေ။ လက်ယာဘက်ပခုံးတော်တွင် လွှာသက်န်းမရှိဘဲ ဘယ်ဘက်တွင် သက်န်းရစ် များ ပါရှိသည်။ ရှေးကျသောလက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

လက်၏အနေအထားမှာ ရှေးဟောင်း အိန္ဒိယလက်ရာများ အနက် ဓမ္မစကြာမုဒြာများတွင်တွေ့ရသည့် ပုံသဏ္ဌာန်အတိုင်း ဘယ် လက်ကို နှလုံးနားသို့ မြှင့်ထားကာ ညာလက်အနည်းငယ်ပို၍ လက် ညှိုးနှင့်လက်မတို့ဖြင့် တရားစက်ဝိုင်းလှည်းဘီးကို လှည့်တော့မည့် ဟန် ပန်မျိုးဖြစ်သည်။ ဂန္ဓာရအနုပညာတွင် ဤဟန်ပန်မျိုးမှာ ဂုပ္တခေတ်ဦး ဂန္ဓာရလက်ရာဖြစ်သည်။ ဓမ္မစကြာမုဒြာကို ပုံသေကား မတွေ့ရချေ။

---

၁။ U San Tha Aung, "The Buddhist Art", p-58, plate 29, 30.

တစ်ခါတစ်ရံလက်ယာလက်ကို လှည်းဘီးစက်ဝန်းကိုင်ထားဟန် တွေ့ရသည်။ တစ်ခါတစ်ရံ အဘယမုဒြာပုံပြုလုပ်ထားတတ်သည်။ တစ်ခါတစ်ရံ လက်ယာလက်ချောင်းများကို အတွင်းဘက်သို့ ကွေးထားကာ ရင်ဘတ်ကို ထိထားတတ်သည်။ လက်ဝဲလက်မှလက်ချောင်းများကိုစု၍ အောက်မှ လက်ယာလက်တို့ ထောင်ပြထားတတ်သည်။[၁]

ထိုင်နေဟန်အာသနမှာ တွေ့နေကျ ဗုဒ္ဓရုပ်ပွားတော်များကဲ့သို့ မဟုတ်မူဘဲ ထူးခြားလှသည်။ သုံးဖက်မြင်ရုပ်ကြွပုံမျိုးဖြစ်၍ လက်ယာဘက် ဒူးမှာ အနည်းငယ်မြင့်နေသည်။ တွေ့ရခဲသည့်ပုံစံမျိုးဖြစ်သည်။ ခြေနှစ်ဖက်ကိုယှက်၍ခွေထားပြီး ထောင်နေသော လက်ယာဒူးတော် အောက်တွင် လက်ဝဲခြေဖျားပိုင်းကို တွေ့ရသည်။ ဤသို့ဒူးကို မြင့်ထိုင်ဟန်ကို ရခိုင်ပြည် မဟာမုနိကုန်းတော်ပတ်ပတ်လည်တွင် တွေ့ရှိရသည်။ ဗောဓိသတ္တရုပ်တုများတွင်လည်း တွေ့ရသည်။[၂]

ငှင်းပြင် မှော်ဇာတာဝတီကျွဲကျောင်းကုန်းဘုရား အရှေ့ဘက် ကုန်းမှရသော အုတ်ခွက်ဘုရားရှိ ရုပ်တုတွင် ဤသို့ ဒူးမြင့်ဟန်မျိုးတွေ့ရသည်။[၃] ရုပ်ပွားတော်ထိုင်တော်မူရာပလ္လင်တော်မှာ မွမ်းမံခြယ်သမှု မရှိဘဲ သာမန် ကျောက်ပလ္လင်မျိုးဖြစ်သည်။ တရားနာပုဂ္ဂိုလ်ထက် မြင့်သော မြတ်သောနေရာမျိုးသဘောကိုပြသရန်အတွက် အတန်ငယ် မြှင့်ထားသည်။ ခေတ်ပြိုင်ဓမ္မစကြာမုဒြာများတွင် အများအားဖြင့် ပလ္လင်တော်မှာ ကြာပလ္လင်ဖြစ်၍ တစ်နည်းနည်းဖြင့် မွမ်းမံထုလုပ်ထားတတ်သည်။

ရခိုင်ဒေသတွင် နောက်ထပ်တွေ့ရှိသော ရှေးကျသည့် ရုပ်ပွားတော်များတွင်လည်း ပလ္လင်တော်ကို အထူးအရေးပေး ခြယ်သခြင်းမျိုး မတွေ့ရခြင်းသည် ဂုပ္တခေတ် အနုပညာကို ကိုယ်ပိုင်ဟန်ပန်သို့ ကူးပြောင်းထုလုပ်ထားခဲ့ခြင်း ဖြစ်နိုင်ပေသည်။

---

၁။ "စပ်ထွန်းမှတ်ဝင်း"၊ စာ ၆၀။

၂။ ဦးစံသာအောင်၊ ရုပ်ချပ်-၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈။

၃။ ဦးမြ "ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ"၊ (ဒု)တွဲ၊ ရန်ကုန်။
တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁ ပုံ-(၄၀)။

ဓမ္မစကြာတရားတော်ကို ဟောကြားပြသနေသော ဘုရားရှင်၏ ရှေ့မှောက်တွင်ကပ်၍ တရားနာနေသော တရားနာပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ အဆိုပါ တရားနာပုဂ္ဂိုလ်တွင် ဆံပင်ကို သုံးဆင့်ထုံး သေသပ်စွာ ပြုလုပ်ထားသည်မှာ မကိုဋ်တော်နှင့်တူသည်။ နဖူးတွင်လည်း ရတနာများဖြင့် ခြယ်သထားသည့် နဖူးစည်းကို လှပစွာ စည်းထားသည်။ နဖူးစည်း၏အောက်နားတွင် ဆံစများ ရစ်ခွေကျဆင်းနေပုံကိုပါ တွေ့မြင်ရသည်။

လည်ဆွဲဘယက်၊ လက်မောင်းပတ်တန်ဆာ၊ နားဆွဲတော်တို့မှာလည်း အထူးလှပတင့်တယ်လှရာ ဤရုပ်ထုမှာ သာမန်အရုပ်သားဟုတ်ဟန်မတူဘဲ ဘုရင်တစ်ပါးပါးသာ ဖြစ်ပေမည်။ ရှည်လျားလေးလံ လှပစွာပြုလုပ်ထားသော နားဆွဲကြောင့် နားရွက်မှာ ပခုံးထိ ကျလျက် ရှိသည်။ ဤသို့ နားဆွဲမျိုးကို အိန္ဒိယဘုရင်များတွင်လည်း တွေ့ရသည်။ ရခိုင်ဘုရင် အဆက်ဆက်ကလည်း ဤသို့ပင် လှပသော အဖိုးတန်ရတနာများဖြင့် ခြယ်သထားသည့် ကြီးမားသော နားဆွဲရတနာဆွဲခဲ့ကြဟန်တူပေသည်။

အေဒီ ၁၆၂၂-ခုနှစ်၊ မြောက်ဦးရွှေနန်း စံမြန်းခဲ့သော သီရိသုဓမ္မရာဇာ၏ ဘိသိက်မင်္ဂလာခန်းတွင် ဘုရင်၏ နားတောင်းတော်အား ထိုစဉ်က မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ခဲ့သည့် ပေါ်တူဂီဘုန်းကြီး မန်နရစ်၏ မှတ်တမ်းတွင် မျက်စိ ကျိန်းစပ်လောက်အောင် "အရောင်တဖိတ်ဖိတ် တောက်ပနေသည့် လည်ဆွဲတော် ပတ္တမြားကြောင့် ဘုရင်မင်းမြတ်၏ နားရွက်တော်မှာ ပခုံးကို ထိလုနီးပါးရှိပေသည်"ဟု ဖော်ပြခဲ့ပေသည်။[၁]

ရှစ်သောင်း ဘုရားဒါယကာ မင်းဗာဘုရင်၏ ရုပ်တုတွင်လည်း ဤသို့ ကြီးမားသော နားတောင်းများကို ယခုတိုင် တွေ့မြင်ရသည်။ လက်မောင်းတွင် တပ်ဆင်ထားသည့် လက်ဝတ်တန်ဆာမှာ

---

၁။ (က) ထွန်းရွှေခိုင် "ရခိုင်ရှေးဟောင်း မြို့တော်များ"
(ခ) Mauric Collis. "The City of Golden Mrauk U" p. 61.
(ဂ) Padre Maestro Frey Sep. "Manrique in Arakan. (1629-1635).

ဘုရင်များနှင့် ဗောဓိသတ္တဘုရားလောင်း ရုပ်တုများတွင် ထင်ရှားသော အဆင်းတန်ဆာဖြစ်သည်။ ၁

အထူးသဖြင့် အိန္ဒိယ၊ တိဗက်၊ ရခိုင်ဝေသာလီခေတ် လက်ရာတွင် အများဆုံးတွေ့ရသည်။ ရခိုင်ပြည်နယ်မြောက်ဖျား တမန်းသားနယ်တွင် တွေ့ရသည်။ မြို့တိုင်းရင်းသားတို့တွင် ယခုတိုင် ၎င်းလက်တော်ဝတ် တန်ဆာမျိုးကို အမြတ်တနိုး ဆင်မြန်းကြကြောင်း တွေ့ရသည်။ တရားနာပုဂ္ဂိုလ်မှာ လက်အုပ်ချီဟန် မရှိသော်လည်း မျက်လွှာချထားခြင်း၊ ဘယ်လက်ကိုကွေးတင်ကာ ရင်ဘတ်ကိုဖိထားခြင်း၊ ဦးခေါင်းကိုနောက်ဘက်သို့ မသိမသာ ခေါင်းစိုက်နေပုံမှာ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို တွေ့ကြုံ နာကြားရ၍ ရင်သပ်ရှုမော အားရပီတိဖြစ်နေပုံ သရုပ်ပေါ်လွင်နေပေသည်။

ဤရုပ်တု ထိုင်နေသည့် ဟန်အမူအရာမှာ တရားနာပုဂ္ဂိုလ်နှင့် မတူဘဲ သာမန်သဘာဝအနေအထား ဘုရင်တစ်ပါး ထိုင်နေပုံ ထိုင်နည်းအတိုင်း ထုလုပ်ထားပေသည်။ ဤသို့ဖြစ်ရသည်မှာ တရားနာပုဂ္ဂိုလ်သည် ယခင်က ဘုရား၏ဒေသနာတော်ကို ကြားဖူးသူမဟုတ်မူဘဲ သက်ဝင်ယုံကြည်လာသည့် ဟန်ပန်ကို အနုပညာဖြင့် ဖော်ပြထားဟန် ရှိပေသည်။ ၂

ဤအချက်သည် ရခိုင်တို့၏ အောက်ပါအစဉ်အလာ သမိုင်းနောက်ခံနှင့် ဆက်စပ်နေပေသည်။

တတိယ ဓညဝတီမြို့တည် စန္ဒသူရိယမင်း လက်ထက် ဘီစီ (၅၅၄)တွင် ဂေါတမမြတ်စွာဘုရားသခင်သည် နောက်ပါတပည့်သားသံဃာတော်ငါးရာခြံရံလျက် ဓညဝတီ ရခိုင်ပြည်သို့ ကြွချီတော်မူခဲ့ရာ

---

၁။ W: Zwalf. Buddhism Art and Faith.

၂။ ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်က ဓမ္မစကြာတရားတော် ဟောဟန် မုဒြာနှင့် နာဂဘုရင်နှင့် မိဖုရားတို့ တရားနာယူဟန် သဏ္ဍာန်မျိုးကို ဂုပ္တခေတ်လက်ရာအဖြစ် (အေဒီ ၅၀၀-၅၅၀) ပုံအမှတ်-၁၂၇။ The International Gupta Style. by Sherman Elue တွင် တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်နှင့် နာဂဘုရင်နှင့် မိဖုရားပုံ သီးခြားဘောင်ခတ်ထား၍ ပုံတူအဖြစ် တထစ်ချ မယူဆနိုင်သော်လည်း သဘာဝဆင်တူသည်ဟု ယေဘုယျ ဆိုနိုင်သည်။

ယခု ဤရုပ်ပွားဆင်းတုတော်တည်ရှိရာ သေလာဂိရိ ကျောက်တော် တောင်ထိပ်၌ရုပ်နားတော်မူခဲ့ကြောင်း၊မင်းမူးမတ်ပြည်သူပြည်သားတို့ အား တရားဒေသနာဟောကြားတော်မူခဲ့ကြောင်း၊မင်းမှူးမတ် ပြည်သူ များ၏ ရှိခိုးတောင်းပန်မှုကြောင့် မဟာမြတ်မုနိရုပ်ပွားတော် သွန်း လုပ်တော်မူခဲ့ကြောင်း ရခိုင်သမိုင်းကြောင်းတွင် ပါရှိလေသည်။[၁]

သို့ဖြစ်ရာ ဤရုပ်တုသည် ဗုဒ္ဓဘုရားသခင်သည် ရခိုင်ပြည်သို့ ကြွချီတော်မူခဲ့ပြီး စန္ဒသူရိယမင်းအား တရားဒေသနာဟောကြားတော် မူဟန်ကို ထုလုပ်ထားခြင်း ဖြစ်နိုင်သည်။ ရှေးဟောင်း သုတေသန ကျောက်စာဝန် ဒေါက်တာ ဖော်ချမ်းမား၏ လေ့လာဖော်ပြခဲ့ချက် အရ မဟာမြတ်မုနိဘုရား ရုပ်ပွားတော်အကြောင်းကို ရခိုင်နန်းစဉ် ပေမူ သဗ္ဗဒါနပကာရန (Savasthanaprakarana) ကျမ်းတွင် ပြည့်ပြည့် စုံစုံ ရေးသားထားကြောင်း သိရှိရပေသည်။

ဒေါက်တာဖော်ချမ်းမားမှာ လွန်ခဲ့သည့်နှစ်တစ်ရာခန့်က ကွင်း ဆင်း လေ့လာခဲ့ခြင်းဖြစ်ရာ ယခုအခါ အဆိုပါပေမူမှာ အလွန်ရှားပါး သွားပြီ ဖြစ်သည်။ ဤသို့ ဗုဒ္ဓဘာသာဆိုင်ရာ ထူးခြားသော ယုံကြည် ချက် အဖြစ်အပျက်ကို ဗုဒ္ဓရုပ်ပွားဆင်းတု သွန်းလုပ်ခြင်း သမိုင်းတွင် ဖော်ပြသွန်းလုပ်၊ ထုလုပ်ခြင်းဖြစ်ပေမည်။

အထက်တွင်ဖော်ပြပြီးခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ ဟန်ပန်များအပြင် ဂန္ဓာရ၊ ဂုပ္တ အနုပညာများနှင့်မတူ ကွဲပြားချက်မှာ ခန္ဓာကိုယ် ပျော့ ပျောင်းခြင်းမရှိဘဲ တုတ်ခိုင်သန်မာခြင်းဖြစ်သည်။ ၎င်းအပြင် မျက်နှာ တော် သွင်ပြင်မှာ အလက်စန္ဒြားမှဆင်းသက်လာသော သရုပ်သဏ္ဍာန် ဖြစ်သော်လည်း အိန္ဒိယလက်ရာများနှင့်မတူဘဲ ခြားနားခဲ့ထွက်လာပြီး ဖြစ်ကြောင်း တွေ့ရသည်။ ဒေသခံမျက်နှာမျိုးဖြစ်ကြောင်း ပေါ်လွင် ပေသည်။ ၁၉၇၇-ခုနှစ်တွင် အဆိုပါ ရုပ်ပွားတော်များတွေ့ရှိရာ

---

၁။ (က) E Forchammer. papers on Subjects Relating to the Archaeology of Burma. Arakan. Rangoon. 1891 Chapter-1 The Mahamuni Pagoda. PP.1-15.

(ခ) ဦးအောင်သာဦး၊ 'ရခိုင်ယဉ်ကျေးမှု' (ဝေသာလီ)'ဝေသာလီ ခေတ် ဗုဒ္ဓသာသနာတော်' စာ-၄၆။

ကျောက်တော်တောင်၏တောင်ဘက်စွန်း ဆင်မကြပ်ရွာအနီးမှ နောက်ထပ် ကျောက်ချပ်ငါးချပ် တွေ့ရှိခဲ့သည်။

စတုဂံပုံကျောက်ချပ်အတွင်း ရုပ်လုံးရုပ်ကြွ လက်ရာမြောက်စွာ ထုလုပ်ထားခြင်း ဖြစ်သည်။ (သီးသန့်ဖော်ပြပါမည်။) အရွယ်အစား အတူတူဖြစ်ရာ စေတီ သို့မဟုတ် ထုပါ တစ်ခုခုကိုရ၍ ယခုခေတ် ဗုဒ္ဓဝင် ပြခန်းကဲ့သို့ ဘုရားသခင်၏ဖြစ်တော်စဉ်ကို စီတန်းကာ ပြသထားရှိခဲ့ဟန် တူပေသည်။

ဒေသခံ ဗိသုကာအနုပညာ အနေနှင့်သော် လည်းကောင်း၊ ခံစခိုင်းလှူဒါန်းသူ ဒါယကာအနေနှင့်သော် လည်းကောင်း ဤမျှ ထင်ရှား ကျော်စောသော ဗုဒ္ဓဝင်ဖြစ်တော်စဉ်ကို စိတ်ဝင်စားစွာ ထုလုပ်ခဲ့မည်မှာ သဘာဝကျလှပေသည်။ ဒေါက်တာပင်မလာ၏ အဆိုအရ မဟာမုနိဘုရား၏ ကျော်စောထင်ရှားမှုသတင်းမှာ အိမ်နီးနားချင်း တိုင်းပြည်များတိုင် ပျံ့နှံ့ခဲ့သည်ဟု ဆိုသည်။

ဤရုပ်ပွားတော်တွေ့ရှိရာ ကျောက်တော်တောင်၏အရှေ့ဘက် ၅-မိုင်အကွာရှိ မဟာမုနိကုန်းတော် ဝန်းကျင်ရှိ ရုပ်တုများနှင့် ထိုင်နေပုံတူညီခြင်း၊ လက်၏ဟန်၊ နောက်ခံကျောက်သားချပ်၊ ဆံပင်ပုံစံ တို့မှာ အတော်ပင် တူညီကြခြင်းကြောင့် ခေတ်တစ်ခေတ်တည်း၏ လက်ရာများ ဖြစ်ကြလိမ့်မည်ဟု ကောက်ချက်ချနိုင်ပေသည်။ အဆိုပါ ခေတ်သည် မည်သည့်ရာစုနှစ်အတွင်း ဖြစ်နိုင်ပါသနည်း။ ဆရာဦးစံသာအောင်က ရုပ်တု၏လက်ရာကိုကြည့်ရှု၍ (၅)ရာစုနှစ်ထက် နောက်မကျနိုင်ဟု ဆိုသည်။[၁]

ရှေးဟောင်း သုတေသနဌာနကြားရေးဝန်၏အစီရင်ခံစာအရမူ မဟာမုနိကုန်း၏ အနောက်မြောက်ထောင့် ရုပ်တုတစ်ခု၏ အောက်ခြေမှ စာကို မူတည်၍ အေဒီငါးရာစုနှင့် ခြောက်ရာစုအတွင်း ထုလုပ်ခဲ့သည့် လက်ရာဖြစ်သည်ဟုခန့်မှန်းသည်။[၂] ရခိုင်ရှေးဟောင်းသုတေသန ပါရဂူဘွဲ့စာတမ်းကိုပြုစုသည့်ဒေါက်တာပင်မလာကမူ ၎င်း၏စာတမ်း

---

၁။ U San Tha Aung. 'The Buddhist Arts' Chap-XVI, Postures and Gestures of Buddha Image. P.79.

၂။ ရှေးဟောင်းသုတေသနဌာနကြားရေးဝန်၏ နှစ်ချုပ် အစီရင်ခံစာ၊ ၁၉၅၈-၁၉၅၉၊ စာ ၂၅။ ပို ၃၄။

တွင် ၎င်းရုပ်တုစာသည် ရခိုင်တွင်တွေ့ရသည့် ကျောက်စာများအနက် အစောဆုံးဖြစ်နိုင်ကြောင်း အိန္ဒိယ၊ ဂုပ္တခေတ် အေဒီ ၅-ရာစု ခေတ်ပြိုင်ဖြစ်ကြောင်း အဆိုရှိပေသည်။[၁]

အချုပ်ဆိုရသော် ဤမမ္မစကြာ မုဒြာ ရုပ်ပွားဆင်းတုတော်သည် ရခိုင် သမိုင်းကို အခြေခံသော ဗုဒ္ဓဖြစ်တော်စဉ် ဖြစ်ရုပ်တစ်ခုကို နောက်ခံပြု၍ ဂန္ဓရ၊ ဂုပ္တအနုပညာဟန်မှ ခွဲထွက်ကာ ဒေသခံပညာရှင်များက အေဒီ(၅)ရာစုအတွင်း ထုလုပ်ခဲ့သောလက်ရာ ဖြစ်နိုင်ကြောင်း အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုးပျံ့နှံ့ခဲ့ရာ အရှေ့တောင်အာရှနှင့် အရှေ့ဖျား အာရှ တို့တွင် တွေ့ရခဲ့သော အနုပညာလက်ရာ ဖြစ်ကြောင်း[၂] ကောက်ချက်ချနိုင်ပေသည်။

## (ဂ) အသစ်တွေ့ရှိရသည့် ဗုဒ္ဓအနုပညာ လက်ရာများ

အေဒီ ၁၉၂၃-ခုနှစ် ခန့်က သေလာဂီရိ တောင်ကုန်း၏ ခြေရင်းမှ ရှေးဟောင်း အနုပညာလက်ရာအဖြစ် အဖိုးတန်လှသော ဓမ္မစကြာ မုဒြာပုံစံ ကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူ တွေ့ရှိခဲ့ကြောင်း စာမျက်နှာ(   )တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ မြောက်ဦးပြတိုက်တွင် ထိန်းသိမ်းထားသည်။

အေဒီ ၁၉၈၆-ခုနှစ်တွင် အဆိုပါ သေလာဂီရိ တောင်၏ တောင်ဘက် ခြေရင်း၊ ဆင်မကြပ်ရွာအနီး စေတီဟောင်း တစ်ဆူ နေရာမှ နောက်ထပ် ကျောက်ချပ်(၅)ခု ရရှိခဲ့ပြန်သည်။ပထမကျောက်ချပ်နှင့် အရွယ်တူ လက်ရာတူ ဖြစ်သည်။ ဗုဒ္ဓဝင်ခန်းများကို ကျောက်ဆစ် ရုပ်ကြွများဖြင့် သရုပ်ဖော်ထားသည်။ ယခုအခါ မဟာမုနိ ဗုဒ္ဓပြတိုက်တွင် ပြသထားသည်။

### ရှင်သာရိပုတ္တရာ ဗုဒ္ဓဘာသာဖြစ်လာပုံ ဗုဒ္ဓဝင်ပြခန်း

အသစ်တွေ့ရှိရသည့် ကျောက်ဆစ်ရုပ် လက်ရာ ငါးခုအနက်မှ တစ်ခုဖြစ်သည်။ပုံတွင် ဗုဒ္ဓဘုရားရှင်သည် တပည့်ရဟန်းတော် တစ်ပါး

---

၁။ Pamela Gutman. 'Ancient Arakan' P.118, Ph.D,Thesis

၂။ (က) Sherman E. Lce, The International Gupta Style. The Expansion of Buddhist Art to the Fareast.

(ခ) W. Swalf Buddhism Art and Faith & others.

နှင့် ရသေ့တစ်ပါးအား တရားဟောကြားနေဟန်ကို ရုပ်လုံးရုပ်ကြွ ထုလုပ်ထားသည်။ ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်း အနောက်ဘက်တွင် ရောင်ခြည်တော် စက်ဝန်း(Prabhavali)ပါရှိသည်။ဆံတော်မှာ ဆနတ် လက်ရာ(Sarnath type)အတိုင်းခရုပတ်ဆံခွေများ၊အလုံးလေးများဖြင့် စီတန်း သရုပ်ဖော်ထားသည်။

မဟာနဖူးပေါ်သို့ ဆံစတော် အနည်းငယ် ကွေးညွတ်ကျနေသည့်ဟန်မှာ တင့်တယ်လှပေသည်။ ဥဏှိသမှာ ပေါ်လွင်ထင်ရှားသော်လည်း မနိမ့်မမြင့်ပုံစံ ခရုပတ်ဆံပင်ခွေများဖြင့် သရုပ်ဖော်ထားသည်။ လေးကိုင်းသဏ္ဍာန် တင့်တယ်သော မျက်ခုံးတော် နှစ်ဖက်မှာ မျက်လုံးနားတွင် ထိလုနီးပါးရှိပြီး ပေါ်လွင်သော နှာတံအဖြစ် တစ်ဆက်တည်း သရုပ်ဖော်ထားသည်။

မျက်လွှာတော် ချထားသည့်ဟန်ကို ပြည့်မောက်သော မျက်ခွံတော်ဖြင့် သရုပ်ဖော်သည်။ ပြည့်လျှမ်းတွဲလဲသော နှုတ်ခမ်းတော်မှာ တရားဟောကြားနေဟန်ကို ပီပြင်စေသည်။နားရွက်တော်မှာ ခန့်ညား ရှည်လျားပြီး ပခုံးကိုထိနေသည်။ ရုပ်ပွားတော်၏ မျက်နှာတော်မှာ အနုပညာလက်ရာ အထူးပင်မြောက်လှသည်။ မျက်နှာတော်ကို ဖူးမြော်ရုံဖြင့် ဗုဒ္ဓဘုရားရှင်သည် တရားနာပရိသတ်အား တရားဟောကြားရ၍ ပီတိသောမနဿဖြစ်ပုံကို ကောင်းစွာပေါ်လွင်နေပေသည်။

ကိုယ်ပေါ် ပါးလွှာသော ကြာသင်္ကန်းမျိုးကို လွှမ်းခြုံဝတ်ရုံထားသည်။ ဆင်းတုတော်၏ ယာဘက်ပခုံးပေါ်တွင် သင်္ကန်းကိုမတွေ့ရဘဲ ဝဲဘက်ပခုံးနှင့် လက်မောင်းတွင် သင်္ကန်းရစ်များ လှပစွာ သရုပ်ဖော်ထားသည်။ခါးရစ်သင်းပိုင်နှင့်ခြေကျင်းဝတ်တွင် သင်္ကန်း၏ နိမိတ်ပုံအဖြစ် ဖော်ပြထားသည်။ ပါးလွှာသော သင်္ကန်းဝတ်ရုံဖြင့် ဤသို့ သရုပ်ဖော်ခြင်းမှာ ဆနတ်( Sarnath )တွင် ထွန်းကားခဲ့သော ဗုဒ္ဓအနုပညာတစ်ရပ်ပင်ဖြစ်သည်။ယခု ပုံတွင် သားမြတ်အစုံကို ရေးရေးမျှ ဖော်ပြကာ ရှားပါး၍ အဖိုးထိုက်တန်လှသော ကြာသင်္ကန်းကို ပေါ်လွင်အောင် အနုပညာစွမ်းပြထားသည်။

လက်ဝဲဘက်လက်ကို ခါးအထက်ပိုင်းသို့ မြှင့်၍ လက်ဝါးကို ဖြန့်ထားကာ ယာဘက်လက်ဖဝါးက အပေါ်ကမိုးလျက် လက်ညှိုးဖြင့် တရားတော်ကို ခွဲခြမ်းစိတ်ဖြာ ဟောကြားပြသနေပုံထုလုပ်ထားသည်။ ပလ္လင်မှာ စတုဂံပုံအဆင့်များတပ်ကာ ပြုလုပ်ထားသည်။မွမ်းမံခြယ်သခြင်းမရှိသော ပလ္လင်ပေါ်တွင် ရုပ်ပွားတော်မှာခြေတွဲလဲချထားသည်။

ခြေဖဝါးအောက်တွင် ကြာပန်းခြေနင်းခုံရှိသည်။ ဗုဒ္ဓရုပ်ပွားတော်၏ ခြေဖဝါး တစ်ဖက်တစ်ချက်တွင် သမင်တစ်ကောင်စီ ရုပ်ပွားတော်အား မျက်နှာမူ၍ ဝပ်တွားပူဇော်နေပုံတွေ့ရသည်။

ဗုဒ္ဓရုပ်ပွားတော်၏ ခြေရင်းအောက်နားတွင် သမင်ငယ်များနှင့် ဘေးချင်းယှဉ်၍ လူသဏ္ဌာန်ရုပ်တုနှစ်ခု ပါရှိသည်။ ရုပ်တု နှစ်ခုစလုံး လက်အုပ်ချီကာ တရားနာနေဟန် ထုလုပ်ထားသည်။ လက်ယာဘက် ရုပ်တုမှာ ရဟန်းတော်တစ်ပါးဖြစ်ပြီး လက်ဝဲဘက် ရုပ်တုမှာ ရဟန်းတော်တစ်ပါး မဟုတ်ချေ၊ ကြီးမားသော ဆံထုံးကြီးနှင့် ရှည်လျားလှပသော မုတ်ဆိတ်ကျင်စွယ်ကြောင့် ရသေ့ကြီး တစ်ပါးသာ ဖြစ်ပေမည်။

ဤသို့ ရဟန်းသံဃာတော် တစ်ပါးနှင့် ရသေ့ကြီးတစ်ပါးအား ဗုဒ္ဓဘုရားရှင်က တရားဟောကြားနေဟန်မှာ ရခိုင် ယေဓမ္မာ ဂါထာတော်နှင့် ၎င်း၏ နောက်ခံသမိုင်းကြောင်းကို အမှတ် ရစေသည်။ ယေဓမ္မဂါထာမှာ ရခိုင်ဝေသာလီခေတ်[အေဒီ(၄)ရာစု-(၈)ရာစုထိ] ကာလက စတူပါစေတီများနှင့် ကျောက်စာများတွင် ရေးထိုးသည့် ထင်ရှားသည့် ဗုဒ္ဓတရားတော်ပင်ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးသောအခါ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားတော်ကို ဦးစွာဟောကြားတော်မူခဲ့သည်။ ၎င်းနောက် ရာဇဂြိုဟ်မြို့အနီး ဝေဠုဝန်ကျောင်းသို့ သီတင်းသုံးတော်မူစဉ် ပဉ္စဝဂ္ဂီငါးဦးအနက် အငယ်ဆုံးသော အဿဇိမထေရ်သည် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံဝင်ခဲ့သည်။ ဥပတိဿခေါ်သော ရသေ့တစ်ပါးနှင့် မမျှော်လင့်ဘဲဆုံသည်။ ဥပတိဿသည် ဘုရား၏သားတော် ရဟန်းတစ်ပါးဖြစ်သည့် ရှင်အဿဇိမထေရ်၏ ကြန္ဒြေအမူအရာကိုမြင်၍ နှစ်သက်သဖြင့် ချဉ်းကပ်တော်မူပြီး သင်ကား မည်သူနည်း၊ သင်၏ ဆရာကား မည်သူနည်း၊ မည်သည့်အယူဝါဒ ရှိပါသနည်းဟု မေးသည်။

အဿဇိမထေရ်လည်း ငါကား အဿဇိ၊ ငါ့ဆရာကား ဂေါတမဗုဒ္ဓတည်း၊ ငါရဟန်းဖြစ်သည်မှာ မကြာသေး၍ ငါ့ဆရာ၏တရားတော်ကို စုံစေ့စွာ မဟောကြားနိုင်သေးဟုဆိုသည်။ ထိုအခါ ဥပတိဿက အနည်းအကျဉ်းမျှဟောပါဟု မရမက အတင်းတောင်းပန်၍ ယေဓမ္မာ

အစချီသော ဂါထာကိုဟောသည်၊ ဘုရားသခင်ထံသို့ တစ်ဖန် ခေါ်ဆောင်သွားပြီး တရားနာစေသည်၊ ၎င်းနောက် ရဟန်းဘဝသို့ ကူးပြောင်းသည်၊ နောင်တွင် ဘုရားရှင်၏သာဝက "ရှင်သာရိပုတ္တရာ" ဖြစ်လာသည်။

ဤကား ယေဓမ္မာဂါထာတော်နှင့် ရသေ့ကြီး ဥပတိဿတို့၏ အဖြစ်အပျက် အကြောင်းပင်တည်း။

ဖော်ပြပါ ကျောက်ဆစ်လက်ရာတွင် ဗုဒ္ဓတရားဟောနေပုံမှာ အနုပညာလက်ရာ မြောက်လှပေသည်။ တရားဟောကြားသူ ဘုရားရှင်၏ မျက်လွှာဘော်ချနေဟန်မှာ ကြည်ညိုဖွယ်ရာဖြစ်သကဲ့သို့ တရားနာပုဂ္ဂိုလ်နှစ်ဦး၏ ကြည်နူးအားရဖြစ်နေပုံ၊ တရားဘာဝနာပွားများနေပုံတို့မှာ အနုပညာလက်ရာ မြောက်လှပေသည်။ လက်ရာကောင်းတစ်ခုပင်ဖြစ်သည်။

ကျောက်ဆစ် အနုပညာလက်ရာနှင့် ခေတ်ပြိုင်အခြေအနေများကို သုံးသပ်၍ အေဒီ (၄)ရာစုမှ (၈)ရာစု အတွင်း ထုလုပ်ခဲ့ကြောင်း ခန့်မှန်းနိုင်ပါသည်။

**ပရိနိဗ္ဗာန် စံဝင်ခန်း**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မဟာမုနိဘုရားသမိုင်းဝင်နေရာဖြစ်သော သေလာဂီရိတောင်မှ အသစ်တွေ့ရှိရသည့် ကျောက်ဆစ်လက်ရာ ကျောက်ပြား (၅) ခုအနက်မှ အနုပညာလက်ရာမြောက်ပြီး အရေးကြီးသည့် ပရိနိဗ္ဗာန်ဗုဒ္ဓစံဝင်ခန်းကို ဆက်လက် တင်ပြပါမည်။

ပရိနိဗ္ဗာန်စံဝင်ခန်းမှာ ဘုရားလက်ထက်တော် အခါကပင် ညီတော်အာနန္ဒာအား ဟောကြားခဲ့သည့် အမြင့်မြတ်ဆုံးသော အရပ်လေးပါး (ဖွားတော်မူ၊ ဘုရားဖြစ်၊ တရားဦးဟော၊ ပရိနိဗ္ဗာန်) အနက်မှ နောက်ဆုံးဖြစ် အရပ်၊ ဖြစ်တော်စဉ် လေးရပ်အနက်မှ နောက်ဆုံးဖြစ်တော်စဉ်ပင် ဖြစ်သည်။

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် တပည့်သံဃာတော်အပေါင်း ခြံရံပြီး နေရာအနှံ့ လှည့်လည်ကာ သတ္တဝါအပေါင်းတို့အား တရားဟောကြားတော်မူခဲ့ပေသည်။ ကပိလဝတ်၊

ဗာရာဏသီ၊ သာဝတ္ထိ၊ ရာဇဂြိုဟ် စသော ပြည်ကြီးများမှ မင်းနှင့်တကွ ပြည်သူပါမကျန် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ပေသည်။ ဤသို့လှည့်လည်ဟောကြားရင်း ဝါတော် (၄၅) ဝါ၊ သက်တော် (၈၀)သို့ ရောက်ရှိခဲ့လေသည်။

ဝေသာလီပြည်၏မြောက်ဘက်အနီး ပါဝါဟူသောဇနပုဒ်၌တွင် စုန္ဒခေါ် ပန်းထိမ်သည်တစ်ဦး၏ လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးခဲ့လေသည်။ ဤဆွမ်းမှာ အမွှေးအကြိုင်တို့ဖြင့် ပြုလုပ်အပ်သော ဝက်မျိုသားဟင်း ပါရှိသည်။ (ဇိနတ္ထပကာသနီကျမ်းတွင် "သားမြွမ်းဟင်း"ဟု ဖော်ပြထားသည်) ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ မကြာမြင့်မီပင် သွေးဝမ်းရောဂါဖိစီးခဲ့လေသည်။

သို့သော်လည်း ကုသိနာရုံပြည်သို့ ဆက်ကြွလာရာ လမ်းခရီး၌ ခွန်အားကုန်ခန်း၍ အင်ကြင်းပင်ပျို အောက်တွင် ဒုကုဋ်တော်ကို လေးခေါက်ပြုခင်းပြီး လဲလျောင်းတော်မူသည်။ အာနန္ဒာအား ရေဆာ၍ သုံးကြိမ်သုံးခါ ရှာခိုင်းသည်။ ဗုဒ္ဓ၏ အခြေအနေကို ရိပ်စားမိသော ညီတော်အာနန္ဒာမှာ ပူဆွေးသောက ဗျာပါရဖြင့် ငိုကြွေးလေရာ ဘုရားရှင်က မငိုရန်တားပြီး နောက်ဆုံးမှာကြားလိုသည်များကို နာကြားသည်။

တပည့်သံဃာအပေါင်းတို့မှာ မှိုင်သူမှိုင်၊ ငိုသူငို၊ သမားတော်ရှာသူကရှာ၊ ဆေးဖျော်သူကဖျော်နှင့် ဘုရားသခင်အနီးတွင် ပျားပန်းခပ်မျှ ရှိသည်။ ဘုရားရှင်လည်း တပည့်သံဃာ အပေါင်းတို့အား နောက်ဆုံး မေးမြန်းလိုသော အမေးပုစ္ဆာများကို မေးမြန်းစေပြီး အားလုံးဖြေကြားပြီးမှ ဈာန်သမာပတ်ဝင်စားကာ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ယခု တင်ပြထားသော ကျောက်ဆစ်ပန်းပု ရုပ်လုံး ရုပ်ကြွတွင် အထက်ပါဘုရားရှင်၏ နောက်ဆုံးခရီး ပရိနိဗ္ဗာန်ဝင်ခန်းကို သရုပ်ဖော်ထားခြင်း ဖြစ်ပေသည်။ ပုံ၏ ထိပ်ပိုင်းတွင် အင်ကြင်းပင်သုံးပင်ကို အကိုင်း၊ အခက်၊ အလက်တို့ဖြင့် သဘာဝကျကျ ထုလုပ်ထားသည်။ အင်ကြင်းပင်ပျိုများ၏ အောက်တွင် ဘုရားရှင်မှာ လျောင်းတော်မူအနေအထားအတိုင်း လက်ယာနံစောင်းပြု၍ နားနေတော်မူပုံကို သရုပ်ဖော်ထားသည်။

ဘုရားရှင်သည် သွေးဝမ်းကိုက်ရောဂါ ဖိစီးခံစားနေရသော်လည်း ပူပင်သောကမရှိဘဲ တပည့်သံဃာတော် အပေါင်းအား နောက်ဆုံးစကားမှာကြားသည်ကို မျက်နှာတော်တွင် ပေါ်လွင်အောင် ထုနိုင်စွမ်းရှိပေသည်။ ဦးခေါင်းတော်ပိုင်းနှင့် သင်္ကန်းတော် ဝတ်ရုံထားပုံမှာ အေဒီ (၄) ရာစုမှ (၈) ရာစုနှစ်အတွင်း ထွန်းကားခဲ့သည့် ဆနတ်မြတ်ဗုဒ္ဓအနုပညာဟန်အတိုင်း ခန္ဓာကိုယ်သဘာဝကို ပေါ်လွင်သည့် ပဲးလွှာသော ကြာသင်္ကန်း သရုပ်ဖော်ပုံပင် ဖြစ်သည်။ ဘယ်လက်မောင်းပေါ်တွင် သင်္ကန်းရစ်ကို လှပစွာ ပြုလုပ်ထားသည်။ ခါးတွင် ဥတ္တရဝစက ခါးဆီးကို ပေါ်လွင်အောင် ထုလုပ်ထားသည်။

ယခု တင်ပြထားသော ကျောက်ဆစ်ပန်းပုပုံ၏ အောက်ဘက်ပိုင်း ဘုရားသခင်၏ ခြေတော်ရင်းတွင် ဘုရားရှင်အား ပြုစုနေကြသည့် တပည့်သံဃာတော် (၃) ပါး၏ ပုံကို တွေ့ရသည်။ အလယ်ရုပ်တုမှာ အစဉ်အလာအရ ညီတော်အာနန္ဒာပုံဖြစ်မည်။ ဘုရားရှင်၏ ဝေဒနာတော်အတွက် စိတ်ပျက် အားငယ် လက်မှိုင်ချနေပုံ သရုပ်ပေါ်လွင်လှသည်။ လက်ဝဲဘက်တွင် ဆေးဖျော်နေသော ရဟန်းတော်တစ်ပါးပုံဖြစ်သည်။

ဘယ်လက်ဖြင့် ဆေးခွက်ကိုကိုင်၍ ယာဘက် လက်ခလယ်ဖြင့် ဆေးကိုဖျော်ကာ ညီတော်အာနန္ဒာအား တိုင်ပင်ပြောဆိုနေဟန် ဖြစ်သည်။ ဒူးထောက်ပြီး ညီတော်အာနန္ဒာဘက်သို့ မျက်နှာမူကာ ဗုဒ္ဓဘုရားရှင်၏ ဝေဒနာကုစားနိုင်ရေးအတွက် တိုင်ပင် အားပေးပြောဆိုနေဟန်မှာ ပန်းပုအနုပညာလက်ရာ ပြောင်မြောက်လှသည်။ တချို့ဗုဒ္ဓဝင်ခန်းတွင် သမားတော်ဇီဝကအဖြစ် ဆေးခွက်ကိုင်ကာ သရုပ်ဖော်ပြလေ့ရှိကြသည်။

ညီတော်အာနန္ဒာ၏ လက်ဝဲဘက်တွင်ကား မကြာမြင့်မီကမှ ဘုရားရှင်၏သာသနာတော်တွင်းသို့ ရောက်ရှိလာခဲ့သည့် သုဘဒ္ဒကိုယ်တော်ကြီးအဖြစ် ယူဆနိုင်ပေသည်။ သုဘဒ္ဒ၏ ပူဆွေးသောကဖြစ်နေပုံကို ရင်ဘတ်စည်တီး ငိုကြွေးနေပုံဖြင့် သရုပ်ဖော်ထားသည်။ ဤကျောက်ဆစ်လက်ရာကို အေဒီ ၄ ရာစုမှ ၈ ရာစုအတွင်း လက်ရာအဖြစ် ခေတ်ပြိုင် အထောက်အထားများနှင့် ယှဉ်၍ ခန့်မှန်းနိုင်ပါသည်။

## (ဃ) ကစ္ဆပနဒီ

ရှေးဟောင်း ရခိုင်သမိုင်းပေစာများ၊ ပုရပိုဒ်များ၊ ကျောက်စာများတွင်တွေ့ရသော သေလာဂီရိ၊ မောရပဗ္ဗတ၊ သီရိဂုတ္တ၊ နီလာပဗ္ဗတစသည့်တောတောင်များ၏အမည်များမှာထေရဝါဒဗုဒ္ဓသာသနာယဉ်ကျေးမှုအရိပ်အငွေ့ မကင်းသောအမည်များ ဖြစ်ကြသည်။ ထို့အတူ ရခိုင်ဓညဝတီ၏ အသက်သွေးကြော မြစ်ကြီးများမှာလည်း ကစ္ဆပနဒီ (ကုလားတန်)၊ ရန္ဒနဒီ (ရန်းချောင်း)၊ အဥ္စနနဒီ (လေးမြို့မြစ်)၊ မလ္လာယုနဒီ (မယူမြစ်)၊စသည်ဖြင့် ပါဠိဆန်သောအမည်များဖြင့် ခေါ်ဝေါ်သုံးစွဲကြောင်း တွေ့ရပေသည်။ ဤယဉ်ကျေးမှုသည် မဟာမုနိဘုရားကြီး၏ အစဉ်အလာ ဩဇာမကင်းသည့် လက္ခဏာပင်ဖြစ်သည်။ ရခိုင်ဓညဝတီသို့ ဗုဒ္ဓသာသနာရောက်ရှိသည်မှ တစ်ချိန်တည်းတွင်ပင် ရခိုင်ဓညဝတီသို့ ရောက်ရှိခဲ့ဟန်တူပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဓညဝတီမြစ်များအနက် ကစ္ဆပနဒီခေါ် ကုလားတန်မြစ်မှာ အရေးပါဆုံးဖြစ်ပြီး မဟာမုနိဘုရားကြီးတည်ရှိရာ ဓညဝတီမြို့တော်သို့ ဤမြစ်ကြောင်းလမ်းမှသာ သွားရောက်နိုင်သည်။ မဟာမုနိဘုရားကြီးသမိုင်းတွင်လည်း အဓိကအခန်းက ပါဝင်နေပေသည်။ မဟာမုနိ ဘုရားကြီးသမိုင်း ဗျာဒိတ်တော်ခန်းတွင် "ချစ်သားအာနန္ဒာ၊ မဇ္ဈိမဒေသ သာဝတ္ထိသနဂိုရ် ပြည်ကြီးတို့၏ အနီးအစပ် အရှေ့တောင်အရပ်ဖြစ်သောဤဓညဝတီပြည်သည် အလွန်ထင်ရှားမြင့်မြတ်သော တိုင်းပြည်ဖြစ်ပေ၏။

အဘယ်သို့ ထင်ရှားမြင့်မြတ်လေသနည်းဟူမူကား ၅၀၅-စင်းတွင် အကျုံးဝင်သော ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်၌ (၉၉) မြို့၊ အနောက်ဘက်၌(၉၉)မြို့တို့သည် မင်းတို့စိုးစံစီမံ တည်ထောင်သောမြို့ပြည်ရွာတို့ဖြင့် ပြည့်နှက်စည်ကားလျက် ထင်ရှား မြင့်မြတ်သောတိုင်းပြည် ဖြစ်လတ္တံ့သောကြောင့် လည်းကောင်း" ဟူ၍ သမိုင်းဝင်မြစ်ကြီးနဒီအဖြစ် ပါဝင်ကြောင်း တွေ့ရပေသည်။ ၎င်းပြင် ရခိုင်မြို့ပြလူနေမှုသည် ဤမြစ်ကြီးကိုပင် အခြေပြု၍ ဝဲယာတစ်ဖက်တစ်ချက်တို့တွင် တည်ထောင်ကြကြောင်း တွေ့ရှိရပေသည်။

၎င်းနောက် ဗုဒ္ဓဘုရားရှင်သည် သေလာဂီရိတောင်မှ ကုလားတန်မြစ်ဝှမ်းလွင်ပြင်ကို မျှော်ကြည့်လျက် ပါရမီဖြည့်စဉ် ဘဝပေါင်းများစွာကကြိမ်ဖန်များစွာ ဖြစ်ခဲ့ဖူးသည့်နေရာဟောင်းများကို စေတီတည်ထားရန် ဗျာဒိတ်တော်ထားတော်မူသည်။ ဤသို့ ဗျာဒိတ်တော်ထားရာတွင် ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်တွင် တစ်ဂါဝုတ်ကွာသော အရပ်ဟူ၍လည်းကောင်း၊ ကစ္ဆပနဒီ မြစ်၏ အနောက်ဘက် သုံးယူဇနာကွာသောအရပ်ဟူ၍ လည်းကောင်း ဤကစ္ဆပနဒီမြစ်ကြီးကိုပင် မဏ္ဍိုင်ပြု ညွှန်းဆိုခဲ့ဖူးလေသည်။

ဘုရားသခင်သည် စန္ဒသူရိယဘုရင်၏ လျှောက်ထားတောင်းပန်ချက်အရ မဟာမုနိရုပ်ရှင်တော်မြတ်အား သွန်းလုပ်ပြီးသည့်နောက်တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ မင်းနှင့်တကွ ပြည်သူအားလုံး၏ ကိုးကွယ်မှု မဏ္ဍိုင်ဖြစ်လာခဲ့သည်။ မဟာမုနိဘုရားကြီးနှင့်အတူ ဗုဒ္ဓသာသနာကြီး စတင်ထွန်းကားခဲ့ရာ ဓညဝတီခေတ်သည် အေဒီ ၃၂၆-တွင် ကုန်ဆုံးခဲ့ပြီးနောက် ဝေသာလီ၊ သပိတ်တောင်၊ စမ္ပဝက်၊ ပဥ္စာ၊ပရိန်၊ခြိတ်၊စမ္ဘဝတ်၊ နေရဉ္စရာ၊တောင်ငူ၊လောင်းကြက်၊ မြောက်ဦး၊(အေဒီ-၁၄၃၀-၁၇၈၄)ဟူ၍ ဆက်လက် တည်ထောင်ကြသည်။ (နေပြည်တော်အသီးသီးကို သမိုင်းကြောင်း အလှည့်အပြောင်း အမျိုးမျိုးတို့ဖြင့် ပြောင်းရွှေ့စံမြန်းခဲ့ကြသည်။)

သို့သော် သီရိဂုတ္တဘောင်ပေါ်မှ မဟာမုနိရုပ်ရှင်တော်မြတ်အား မိမိနေပြည်တော်ရှိရာအနီးသို့ မပြောင်းမရွှေ့ခဲ့ကြ၊ ဘုရားရှင်ကိုယ်တော်တိုင် စတင်သွန်းလုပ်ခဲ့ရာနေရာဖြစ်၍ အစဉ်အလာကို လေးစား၍ဖြစ်သည်။သို့နှင့်အဆိုပါ မြို့တော်အသီးသီးတို့တွင် အဆက်ဆက်စိုးစံခဲ့ကြသော ရခိုင်ဘုရင်အဆက်ဆက်တို့သည် မဟာမုနိဘုရားကြီးအား မိမိနေပြည်တော်မှပင် မင်းခမ်းမင်းနားဖြင့် ဝတ်မပျက် ပူဇော်ခဲ့ကြသည်။ ဤသို့ပူဇော်ရာတွင်ကစ္ဆပနဒီမြစ်ကြောင်းကိုပင် အသုံးပြုခဲ့ကြရပေသည်။ မြောက်ဦးခေတ် ဘုရင်တစ်ပါး၏ မဟာမုနိဘုရားဖူးအခမ်းအနားကို (     ) အခန်းတွင် ဖော်ပြထားပေသည်။

ဗုဒ္ဓဘာသာဝင်ပြည်သူများ အနေနှင့်မူကား ရာသီမရွေး ဤကစ္ဆပနဒီမြစ်ကြောင်းကို အသုံးပြုကာ ကျေးရွာအလိုက်၊ မိသားစု

အလိုက် လှေသမ္ဗန်များဖြင့် တပျော်တပါးဘုရားဖူးခဲ့ကြပေမည်။ ယခု တိုင် မိုးလရာသီကုန်ဆုံး၍ သီတင်းဝါလ ကျွတ်လွတ်ခဲ့ပြီးဆိုလျှင် မြို့တိုင်းရွာတိုင်းမှ မော်တော်ဘုတ်ကြီးငယ်အစုံဖြင့် ဘုရားဖူးလာကြ သည်ကို ကုလားတန်မြစ်အတွင်း မြင်တွေ့နိုင်ပေသည်။ တစ်ခါတစ်ရံ ရွာအနီးအနားရွာများမှ ဘုန်းတော်ကြီးများကိုယ်တိုင် ဦးဆောင်ဦး ရွက်၍ တပည့်ဒကာ၊ ဒကာမများလိုက်ပါလျက် ဆွမ်းပန်းရိက္ခာလှူဖွယ် အစုံအလင်ဖြည့်ဆည်းကာ လှေသမ္ဗန်ငယ်များဖြင့် နေ့ချင်းပြန်ဘုရားဖူး လာကြသည်များကိုလည်း မြစ်အတွင်း ကြည်နူးဖွယ် တွေ့မြင်နိုင်ပေ သည်။

လှေငယ်၏ဦးပိုင်းတွင် သိက္ခာတော်အပြည့်ဖြင့် ထိုင်တော်မူနေ သော သံဃာတော်၏ ဝါထိန်သော သင်္ကန်းအရောင်သည် ကြည်လင် ပြာလဲ့နေသော ကစ္ဆပနဒီ၏ မြစ်ရေပြင်တွင် ရောယှက်ထင်ဟပ်နေ သည်မှာ တင့်တယ်လွန်းလှသည်။ ဘုရားဖူးလှေသမ္ဗန်ပေါ်မှ ကစ္ဆပနဒီ ၏ ဝန်းကျင်အလှသည်လည်း တကယ့်ရှုမောဖွယ်ပင်၊ စိမ်းလန်းစိုပြည် နေသော တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သည့် လယ်ကွက်ကြီးများကို မြစ်၏ ဝဲယာတို့တွင် တွေ့ရသည်။ ထိုလယ်ကွင်းကြီးများ၏ နောက်ခံ တွင် ကစ္ဆပနဒီမြစ်နှင့် ပြိုင်၍ အပြိုင်းအရိုင်း သွယ်တန်းနေသည့် တောင်တန်းကြီးများကို မိုးမဆုံး မြေမဆုံး တွေ့မြင်ရသည်။

ဤတောင်တန်းကြီး တောင်ထိပ်အမိကနေရာများတွင်မူ အဆူဆူ သော ထုံးဖြူဖြူစေတီများကို ဖူးတွေ့နိုင်ပေသည်။ ဤတောင်ကုန်း များမှာ ဗုဒ္ဓဘုရားရှင် နုစဉ် ဘဝက ကျင်လည် နေထိုင်ခဲ့ရာ နေရာ ဟောင်းများပင် ဖြစ်သည်။ ထိုတောင်တန်းများပေါ်ရှိ စေတီပုထိုး များမှာ ဘုရားသခင် ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း သရီရဓာတ် တော်များကို ဌာပနာ၍ ရခိုင်ဘုရင် အဆက်ဆက်တို့ တည်ထား ကိုးကွယ်ခဲ့ကြသော စေတီပုထိုးများပင်ဖြစ်သည်။

ရခိုင်သမိုင်းတွင် ထင်ရှားခဲ့သော ကစ္ဆပနဒီမြစ်အား ယခုအခါ ကုလားတန်မြစ်ဟု ခေါ်ဝေါ်ကြသည်။ အဘယ်ကြောင့် ဤနာမည် ဖြစ်လာရပါသနည်း၊ ရခိုင်သမိုင်းတွင် တွေ့ရသော အဖြစ်အပျက်တစ်ခု သည် ဆက်နွှယ်လျက်ရှိသည်။

တစ်နေ့သ၌ ဤကုလားတန် မြစ်ညာပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးလေသည်။ ကပ္ပိလဝတ်မှလာသော သာကီဝင် မင်းသားနှင့်ဒေသခံတိုင်းရင်းသားအကြီးအကဲတစ်ဦး၏သမီးတို့သည်ရေထဲ မျောပါခဲ့ရာ ၎င်းတို့အသက်ဘေးမှ လွတ်အံ့သော၄ှာ စွန့်စွန့်စားစား ကူးခတ်လာခဲ့ရာ ယခုကျောက်တော်အနီး သေလာဂီရိတောင် မြစ်ကမ်း တစ်နေရာတွင် ရပ်ဘန့်ကာ ဆိုက်ကပ်မိလေသည်။ သို့နှင့် မင်းသားနှင့် မင်းသမီးတို့ အသက်ဘေးမှ လွတ်အံ့သော၄ှာ "ကူးလာ" ၍ "တန့်" သော အခြင်းအရာကိုစွဲ၍ ကုလားတန့်၊ ကူလာတန့်၊ ကူလာတန်မှ "ကုလားတန်"ဖြစ်လာကြောင်း ဆိုပေသည်။

ကစ္ဆပနဒီဟူသော ပါဠိဆန်သော အမည် ဖြစ်ပေါ်လာပုံမှာ ထိုမြစ်၏ မြစ်ညာပိုင်းတွင် လိပ်၏ ကျောကုန်းသဏ္ဍာန် ကျောက်တုံး ကျောက်ဆောင်များ ပေါများသောကြောင့် လိပ် ကျောကုန်းမြစ် (ကစ္ဆပနဒီ)ဟူ၍ ခေါ်ဝေါ်ကြောင်း အဆိုရှိပေသည်။

## (င) ဆန်ရေစပါး ပေါကြွယ်ဝရာမြေ

မဟာသက္ကရာဇ် ၁၂၃-ခုတွင် ဓညဝတီ ရခိုင်ပြည့်ရှင် ဘုရင် စန္ဒသူရိယ လက်ထက်တွင် ဘုရားရှင်ကိုယ်တော်တိုင်ကြွလာပြီး မဟာမုနိ ဘုရားကြီးကို သွန်းလုပ်စေခဲ့လေသည်။ ဘုရားရှင်က "ငါ ဘုရားလောင်း ဘဝအဆက်ဆက် ကျင်လည်ခဲ့သော ဤဓညဝတီပြည်ကြီးသည် ဇမ္ဗူဒီပါကျွန်း၌ မြင့်မြတ်သော ပြည်ကြီးတစ်ခုဖြစ်သည်"။

ဆက်လက်၍"ချစ်သားရဟန်းတို့၊ဤဇမ္ဗူဒီပါ လက်ယာတောင် ကျွန်း အပြင်ဝယ် မဇ္ဈိမတိုက်ဖြစ်သော ထိုထိုပြည်တိုင်းကားဟုံ၌ ဆွမ်းခံ သည်ရှိသော် ပြောင်း၊ ပဲ၊ လူး၊ ဆပ်တို့နှင့် ပြွမ်းသော ဆွမ်းကိုသာ ဘုဉ်းပေးရကုန်၏။ဤရက္ခပူရတိုင်း ဓညဝတီပြည်ကြီးသည် မဇ္ဈိမတိုက် သော၌သနဂိုရ်တို့ထက် အလွန်ပြည့်ဖြိုးသော ကောက်သလေးတို့ဖြင့် ကောင်းမွန်မြိန်မြတ် နှစ်သက်ဖွယ်သော ဆွမ်းအာဟာရကို ဘုဉ်းပေး ကြရပေသည်။

ရှေးလွန်လေပြီးသော ဘုရားရှင်များဖြစ်ကြသော ကကုသန်၊ ကောဏာဂုံ၊ ကဿပတည်းဟူသော နောင်တော်ဘုရားသုံးဆူတို့လည်း ဤပြည်ကြီးကို "ဓညဝတီ"ပြည်ဟု ဗျာဒိတ်ပေးတော်မူလေပြီး ယခုတို လည်း ဤပြည်သူ လူခပ်သိမ်းတို့သည် စိုးစဉ်းရံဖန်မျှ ရှားပါးငတ်မွတ် ခြင်း မရှိစဖူးလေသောကြောင့် ဤပြည်ကို"ဓညဝတီ"ဟုပင်ထင်ရှား စွာ ခေါ်ဝေါ်ကြသတည်း" ဟု ဗျာဒိတ်ထားတော်မူသည်။

ရခိုင်သမိုင်း တစ်လျှောက်လုံး "ဓညဝတီရခိုင်ပြည်"ဟု ခေါ် တွင်လာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။ "ဓညဝတီ" ဟူသော အမည်မှာ "ဆန်ရေစပါး ပေါကြွယ်ဝသောပြည်" ဟု အဓိပ္ပာယ် ထွက်လေရာ အမည်နှင့်ဒေသ အမှန်ပင် လိုက်ဖက်နေပေသည်။ တစ်နှစ်တွင် မိုးရေ ချိန် လက်မ(၂၀၀)ခန့်ရရှိသည်။ မိုးခေါင်သောနှစ်ဟူ၍ တစ်ခါတစ်ရံ မျှ မရှိခဲ့ဖူးချေ၊ ရရှိသောမိုးရေနှင့် ရာသီဥတုအခြေအနေသည် သီးနှံ အထွက်ကောင်းရန် များစွာပင် အထောက်အကူပြုလေသည်။

လေးမြို့၊ ကုလားတန်၊ မယူ စသော မြစ်ကြီးများ၏ မြစ်ဝှမ်း လွင်ပြင်ဒေသဖြစ်၍လည်း မြေဆီသြဇာမှာ ထက်သန်လှသည်။ ရာသီ မရွေး စိမ်းလန်းစိုပြည်နေသော လယ်ကွင်းကြီးများမှာ မြစ်ကြီးများ၏ ဝဲယာ ကမ်းတစ်လျှောက် တစ်မျှော်တစ်ခေါ် မြင်တွေ့နိုင်ပေသည်။ ဤလယ်ကွင်းများမှ ထွက်ရှိသော သီးနှံများမှာ တိုင်းပြည်အတွက် လုံလောက်သည့်အပြင် အမြဲပိုလျှံနေလေရာ အိမ်နီးချင်း ဒေသများသို့ တင်ပို့ ရောင်းချခဲ့သည်။ ဤနည်းဖြင့် ဆန်စပါးသည် တိုင်းပြည်၏ စည်းစိမ်ချမ်းသာကို ခေတ်အဆက်ဆက် ရာစုနှစ်ပေါင်းများစွာ ဖြည့် စွမ်းလာခဲ့ရာ တိုးတက်ကြွယ်ဝသော တိုင်းပြည် တစ်ပြည် ဖြစ်လာခဲ့ တော့သည်။

ဓမ္မသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံး စသည့် စနစ် ကျသော အုပ်ချုပ်ရေးရှိသည့်အပြင် ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် ခန္တီတရားနှင့် ပြည့်ဝသော ဘာသာ သာသနာလည်း ရောင်ဝါထွန်း ပြောင်လျက် ရှိနေလေရာ ဓညဝတီအား ရွှေပြည်,ငွေပြည်ဟု တင်စား လောက်ပေသတည်း။

(ဆရာဦးလှဒင်က"ရတနာရွှေမြေ"ဟု သုံးခဲ့ပါသည်။)

## (စ) စေတီပုထိုး ပေါ်များရာခေတ်

ဒေညဝတီပြည်သို့ ဘုရားသခင်ကြွရောက်လာပြီးသည်မှစ၍ ဗုဒ္ဓ၏ တရားတော်ကိုနာယူရသော ပြည်သူအားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာခဲ့ကြပေသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်လာခဲ့ကြသော ဒေညဝတီ ပြည်သူပြည်သားများသည် ဗုဒ္ဓ၏အဆုံးအမအတိုင်း သီလဆောက်တည် သည်။ အလှူဒါနပြုလုပ်ကြသည်။

ဘုရားရှင်ကိုယ်တော်တိုင် သာသနာ ငါးထောင်ပတ်လုံး ဘုရား ရှင်၏ကိုယ်စား လူ နတ်တို့၏ကိုးကွယ်ရာအဖြစ်ထားရစ်ခဲ့သော မဟာ မုနိရုပ်ရှင်တော်မြတ်ကိုမဏ္ဍိုင်ပြု၍ ဗုဒ္ဓသာသနာကြီး တိုးတက်ပြန့်ပွား အောင် ဆောင်ရွက်ကြသည်၊ ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ပြတ် တောက်ခြင်း၊ မှေးမှိန်ခြင်းမရှိ ရာစုနှစ်ပေါင်းများစွာ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ခြင်းမှာ အံ့ဩစရာပင်။ ဗုဒ္ဓယဉ်ကျေးမှု အနုပညာ လက်ရာ များမှာ ခေတ်အလိုက် အဆင့်ဆင့်တိုးတက်ပြောင်းလဲခဲ့ရာ ယခုအခါ အများအပြား ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံပြီးနောက်တွင် ကြွင်းကျန်ခဲ့သော မွေသရီရဓာတ်တော်မွေတော်များအား ဌာပနာပြု၍ စေတီတည်ထား ကိုးကွယ်သော ယုံကြည်မှုသည် ဗုဒ္ဓဘာသာကိုးကွယ်ကြသော နိုင်ငံ အသီးသီးသို့ ဗုဒ္ဓယဉ်ကျေးမှုဗိသုကာ ပညာတစ်ရပ်အဖြစ် ပျံ့နှံ့ရောက် ရှိခဲ့လေသည်။

ယခုအခါ ရခိုင်ပြည်နယ်အနှံ့ ဘောင်ကုန်းတိုင်းလိုလိုပင် အဆူဆူသော စေတီပုထိုးများ တည်ထားကိုးကွယ် ထားကြကြောင်း တွေ့ရှိနိုင်ပေသည်။ သို့သော် နှစ်ထောင်သက်တမ်းရှိသော စေတီဟူ၍ အမှန်ပင် ရှားပါးလှသည်။ ၁၉၇၅ ခုခန့်က ရခိုင်ဝေသာလီမြို့တော် ဟောင်း (အေဒီ ၃၂၇-၈၁၈)သို့ ဒေါက်တာ ပင်မလာဂတ်မင်၏ ပါရဂူဘွဲ့ယူစာတမ်းအတွက်ကူညီရန် ကွင်းဆင်းခဲ့စဉ်က ရှင်ကန်း တောင်ပေါ်တွင် နှစ် (၁၅၀၀)ခန့် သက်တမ်းရှိသော စတူပါပုံစံ ကျောက်စေတီပျက်တစ်ဆူကိုတွေ့ခဲ့ဖူးသည်။ ထိုခေတ် ဝေသာလီဘုရင် တို့က တာရှည်ခံအောင် ကျောက်သားကိုဆစ်၍ အုတ်အဖြစ် အသုံး

ပြုတည်ခဲ့သော်လည်း မိုးရေ ၂၀၀-လက်မကျော်ရွာသော ရခိုင်ဒေသတွင် ကြံ့ကြံ့မခံနိုင်ကြ။ သိုက်တူးသမားနှင့် ရှေးဟောင်းပစ္စည်းရှာဖွေသူ ဒုစရိုက်သမားတို့၏ဘေးရန်မှလည်း မလွတ်ကင်းနိုင်ကြချေ။ အချို့ရှေးဟောင်းစေတီပုထိုးများမှာ နောက်ပိုင်းဆက်ခံသူ ဘုရင်များ၏ ပြုပြင်မွမ်းမံမှုနှင့် လွှမ်းခြုံပတ်ငုံ၍တည်ထားမှုတို့ကြောင့် ရှေးဟောင်းအတိုင်း မတွေ့ရခြင်းလည်း ဖြစ်နိုင်ပေသည်။

အမှန်မှာ ရခိုင်ဝေသာလီ ဘုရင်တစ်ပါးဖြစ်သော ဝီရစန္ဒြား (အေဒီ ၅၇၅-၅၇၈) မင်းသည် သူ၏နန်းစံ (၃) နှစ် အတွင်းမှာပင် စေတီပေါင်း (၁၀၀)လှူဒါန်းကိုးကွယ်ခဲ့ကြောင်း သူ့ကျောက်စာအလှူမှတ်တမ်းအရ သိရှိရပေသည်။

ဝီရစန္ဒြားမင်းကျောက်စာ (အေဒီ ၅၇၆-၅၇၈)

(ဝေသာလီမြို့ဟောင်း သင်းကျစ်တော်တောင်)

"တရားသဖြင့် ထီးနန်းကိုဆက်ခံစိုးစံသော သူတစ်ပါး၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရည်သန်လျက်ရှိသော သီရိဝီရစန္ဒြားဒေဝမင်းသည် မိမိပိုင်ကြေးငွေတို့ကိုအကုန်အကျခံ၍ သစ္စာတရားကိုသက်ဝင်ယုံကြည်ချစ်မြတ်နိုးသည့်အလျောက် ကမ္ဘာ၏ အဆင်တန်ဆာ ဖြစ်သော စေတီပေါင်းတစ်ရာကို တည်ဆောက်တော်မူသည်။"

(ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ဗုဒ္ဓအနုပညာ-စာ ၃၂)

သို့ဖြစ်ရာ ရခိုင်ဓညဝတီပြည်တွင် အေဒီ (၁၀၀၀) နှစ်ပေါင်းတစ်ထောင်အတွင်း အများအပြားတည်ထားကိုးကွယ်ခဲ့ကြမည်ကို ခန့်မှန်းနိုင်ပေသည်။

အခြားသော အထောက်အထားတစ်ရပ်မှာ ယနေ့အထိ ရခိုင်ပြည်နယ်အနှံ့မှ ရှာဖွေတွေ့ရှိခဲ့သည့် ရှေးဟောင်းကျောက်စာချပ်ရေ ၁၀၀-နီးပါးခန့်ကို လေ့လာခြင်းပင်ဖြစ်သည်။ အဆိုပါ ကျောက်စာအများစုမှာ ယေဓမ္မာဂါထာပါရှိပြီး အချို့မှာ အလှူမှတ်တမ်းနှင့် ကျိန်စာများဖြစ်ကြသည်။ ဂုပ္တအက္ခရာနှင့် သက္ကတ (သို့) ပါဠိဘာသာများဖြင့်ရေးထိုးထားရာ လက်ရေးလက်သားပညာ(Palaeographical

method)အရ အေဒီ ၄-ရာစုမှ ၈-ရာစုအတွင်းရေးထိုးသည့်ကျောက်စာ များ ဖြစ်ကြသည်။

အဆိုပါ ကျောက်စာများ၏ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် ရေးထိုးပါရှိသည့် စာသားများကို ဖတ်ရှုပြီးနောက် စေတီဟောင်း သို့မဟုတ် အခြားသာသနိက အဆောက်အအုံတစ်ခုခုမှ အပိုင်းအစ ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပါသည်။ သို့ဖြစ်ရာ စေတီပုံစံကို သေချာဂဏ မဖော်ပြနိုင်သော်လည်း အေဒီ ၉-ရာစုမတိုင်မီကာလ အချိန် ကပင် ရခိုင်ဓညဝတီဒေသ၌ တောင်ကုန်းများပေါ်တွင် စေတီပုထိုး များဖြင့် ဗုဒ္ဓသာသနာစည်ပင်ထွန်းကားခဲ့မည်ဟူ၍ကား အသေအချာ ပြောဆိုနိုင်ပါသည်။

အောက်တွင် လွန်ခဲ့သည့်နှစ်ပေါင်း (၁၃၀၀) ခန့်က စေတီ အလှူရှင်တစ်ဦး၏ အလှူပြန်တမ်း တစ်ခုကို ဗုဒ္ဓဘာသာဝင်အပေါင်း ကုသိုလ်ပွားများနိုင်ရန် တင်ပြပါမည်။

ဤကျောက်စာငယ်ကို ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြောက် ဘက် (၅) မိုင်ကွာ ဝေသာလီမြို့တော်ဟောင်း (အေဒီ ၃၂၇-၈၁၈)၊ နန်းမြို့(ယခု ဝေသာလီရွာ)၏ အနောက်တောင်ထောင့် ကျုံးဟောင်း အနီး အုတ်ကုန်းတစ်ခုမှ ရရှိသည်။ ကျောက်စာပါ အကြောင်းအရာ အရ ဤကျောက်စာသည် ယင်းကုန်းပေါ်ရှိ ပျက်စီးခဲ့ပြီး ဖြစ်သော စေတီတစ်ဆူမှ ပြုတ်ကျ ကျန်ခဲ့သော ကျောက်စာ အပိုင်းအစတစ်ခု ဖြစ်နိုင်ပေသည်။ အလျား (၉)လက်မ၊ အနံ (၇) လက်မရှိသည့် သဲ ကျောက် အမျိုးအစားဖြစ်သည်။

ကျောက်စာ၏အပေါ်ပိုင်းမှာ ကျိုးပဲ့ရာတွင် ပါသွားပြီးဖြစ်ရာ အလှူရှင်အမည်နှင့် ဆွေမျိုးစဉ်ဆက်ကို မသိရတော့ချေ။ ရေးထိုးထား သောအက္ခရာမှာ နာဂရီနွယ်သော ဗြာဟ္မီပွား အက္ခရာဖြစ်၍ ဘာသာ မှာ သက္ကတဘာသာဖြစ်သည်။ လက်ရေးလက်သားကိုကြည့်၍ အေဒီ (၇) ရာစု နှောင်းပိုင်းကာလတွင် ရေးထိုးခဲ့သည်ဟု ခန့်မှန်းနိုင်ပါ သည်။ ကျောက်စာတွင် ဗုဒ္ဓသာသနာ၏ တရားတော်မြတ်နှင့် အလှူ ဒါန ပေးခြင်း၏အကျိုးဆက်တို့ကို ဖွဲ့နွဲ့သီကုံးထားသည်။ ယခုခေတ် မြန်မာအက္ခရာဖြင့် ပြန်ဆို ဖော်ပြအပ်ပါသည်။

(၁) ဣလဟာ = ဤနေရာ၌၊ အဒျ = ယနေ့၊ မယာ=ငါသည်၊
စေတျံနိပ္ပာဒျတေန = စေတီကို အပြီးတည်ဆောက်ခြင်းကြောင့်
အတုလံ = အတုမရှိသော
ယမ်ပုဏံျ = အကြင်ကောင်းမှုကို
အတမ် = ရအပ်လောက်ပြီ

(၂) တေနပုဏျေနကမေန = ထိုကောင်းမှု ကုသိုလ်ကြောင့်
သတွး = သတ္တဝါအပေါင်းတို့သည်
တြိမလပြဟီနား = (လောဘ၊ ဒေါသ၊ မောဟ) စသော
အညစ်အကြေးသုံးပါးကို ပယ်ရှားအပ်
ကုန်သည်ဖြစ်၍
တ္ကပ္ဏာတရဂ်ဘ္ဘဂစဥ္ဖလရော်ဒြနာဒါတ် = တဏှာ တည်းဟူ
သော လှိုင်းတံပိုးတို့ ပြင်းထန်စွာ လှုပ်
ရှားရိုက်ခတ်သည့်အသံ မြည်ဟည်းလျက်
ရှိသော
ဘဝသာ ဂရတေ = ဘဝတည်းဟူသော သမုဒ္ဒရာမှ
ပရံ = (နိဗ္ဗာန်တည်းဟူသော) ကမ်းတစ်ဖက်သို့
သုခိန = ချမ်းသာစွာ
ပြယာန္တု = ရောက်ကြပါစေသတည်း။

(၃) ဘေဒကော = (ဤစေတီကို) ဖျက်ဆီးသူသည်
ပရံ = သေသည်၏ နောက်၌ (သေပြီး နောက်၌)
ပြဇ္ဇလိတံ = အလျှံတပြောင်ပြောင်တောက်လောင်လျက်ရှိသော
ဃောရံ = ကြောက်မက်ဖွယ်ကောင်းသော
ရော်ရဝံ = ရောရုဝငရဲသို့
ယာတိ = ရောက်၍ ရောက်ပါစေ

(၄) ပါလက = ဤစေတီကို (ပါလကော) စောင့်ရှောက် သူသည်
သွဂ္ဂေ = နတ်ပြည်၌
ဒိဂျကလသဟဂ္ဂိာဏံ — နတ်၌ဖြစ် ကပ်ကမ္ဘာ ထောင်ပေါင်း
မျာ:စွာ
တိဗတိ = တည်ပါစေသတည်း။

အထက်ပါစာအရ အလှူရှင်သည် စေတီကို တည်ဆောက်ပြီး နောက် ထေရဝါဒ ဗုဒ္ဓသာသနာကြီး ထွန်းကားနေသော ယခုခေတ် ကာလကဲ့သို့ ဓမ္မကထိကတစ်ဦး ကျွမ်းကျင်စွာ ရေစက်ချ ဟောကြား သည့်အတိုင်း ဥပမာ၊ ဥပမေယျ အားဖြင့် ရေးသားသီကုံးထားသည် မှာ ချီးကျူးဂုဏ်ပြုလောက်ပေသည်။

ဗုဒ္ဓတရားတော်၏ အထွတ်အထိပ် အမြတ် ဖြစ်သော ပြည်နိဗ္ဗာန် ကို ဆုတောင်းထားသည်မှာလည်း သန့်စင်သော စစ်မှန်သော ဗုဒ္ဓ၏ အဆုံးအမတရားတော်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

စေတီအလှူရှင်ကိုမသိရှိရသော်လည်း နန်းတော်ရာ၊နန်းမြို့အနီး စေတီဖြစ်၍ ဘုရင်တစ်ပါးပါး၏ အလှူသာဖြစ်ပေမည်။ သို့နှင့် အဆက်ဆက်သော ဘုရင်များသည် လည်းကောင်း၊ သူဌေးသူကြွယ်၊ မှူးကြီးမတ်ရာ သေနာပတိများသည် လည်းကောင်း၊ မင်းဆွေမင်းမျိုး များသည်လည်းကောင်း ဤသို့ စေတီများတည်၍ အမြတ်ဆုံးနိဗ္ဗာန်ကို ဆုတောင်းခဲ့ကြပေလိမ့်မည်။

ဖော်ပြပါ စေတီတည်ခြင်း အထောက်အထားများမှာ ဝေသာ လီခေတ် (အေဒီ ၃၂၇-ဂ၁ဂ) အတွင်း၌ ဖြစ်၍ ထိုခေတ်မတိုင်မီ ဓညဝတီခေတ် (ဘီစီ ၆ ရာစုမှ အေဒီ ၃ ရာစု)၏ ဗုဒ္ဓသာသနာ အခြေအနေကို ခန့်မှန်းနိုင်ပါသည်။ အချုပ်ဆိုရသော် မဟာမုနိ ဘုရားကြီးမှ စတင်ခဲ့သော ဗုဒ္ဓသာသနာကြီးသည် ရခိုင်ဓညဝတီတွင် ဆွေစဉ်မျိုးဆက် မပြတ်မလပ် ရောင်ဝါနေသို့ ထွန်းလင်းတောက်ပ ခဲ့ကြောင်း တွေ့ရှိရပေသတည်း။

## ကျောက်စေတီဆူပါများ

မဟာမုနိ ရုပ်ရှင်တော်မြတ်အား သွန်းလုပ်ပြီးနောက် ဓညဝတီ ပြည်တွင် ထွန်းကားလာခဲ့သော ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ အထောက်အထား အများအပြားတွေ့ရှိရသည့်အနက် ကျောက်စေတီ စတူပါများသည်လည်း အရေးပါကြောင်း တွေ့ရသည်။ ကျောက်သား ပကတိဖြင့် အနုပညာလက်ရာမြောက်စွာဖြင့် ထုလုပ်ပူဇော်ထားသည့်

အဆိုပါ ကျောက်စေတီများတွင် ဗုဒ္ဓ၏ ဟောကြားခဲ့သော တရားတော်၏ အဆီအနှစ်ဖြစ်သော ယေဓမ္မာ ဂါထာတော်ကို ထိုခေတ် အက္ခရာ (ဗြာဟ္မီပွား)ဖြင့် ရေးထိုးထားရာ သုတေသီတို့အဖို့ သက်တမ်း ကာလကို အနီးစပ်ဆုံး ခန့်မှန်းဖော်ထုတ်နိုင်ပါသည်။ ကျောက်စေတီများကို ကျောက်တော်အထက်ပိုင်းမှ သံတွဲ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မအီ၊ လမူး (တောင်ကုတ်) မြေငူကျွန်း စသည်ဖြင့် ရခိုင်ပြည်နယ်အနှံ့မှ ရှာဖွေတွေ့ရှိရသည်။ ဤဒေသများတွင်လည်း ဗုဒ္ဓသာသနာ ထွန်းကားခဲ့သော အရိပ်လက္ခဏာပင် ဖြစ်သည်။

ယနေ့ထိ ရခိုင်ပြည်နယ်အနှံ့မှ ယေဓမ္မာဂါထာ ရေးထိုးထားသော ကျောက်စေတီပေါင်း (၄၅) ခုမျှ ရှာဖွေတွေ့ရှိထားပြီး ဖြစ်သည်။ အများစုမှာ ဓညဝတီမြို့တော်ဟောင်း မဟာမုနိဘုရားကြီး ဝန်းကျင်နှင့် ဝေသာလီမြို့တော်ဟောင်း ဝန်းကျင်တို့မှဖြစ်သည်။

မဟာမုနိဘုရားကြီးသမိုင်းနှင့် ဆက်နွယ်နေသော သေလာဂီရိ တောင်မှ တွေ့ရှိခဲ့သည့် ကျောက်စေတီတစ်ဆူကို တင်ပြပါမည်။ပုံ(   )

ဤကျောက်စေတီမှာ အပိုင်းနှစ်ပိုင်းပါရှိရာ အောက်ခြေသည် စတုရန်းပုံဖြစ်ပြီး ပစ္စယာဟု ဆိုနိုင်သည်။ အမြင့် ၇ လက်မ မြင့်သည်။ အထက်ပိုင်းသည် ကိုယ်ထည်ပိုင်းဖြစ်ပြီး ၂ ပေ ၆ လက်မ မြင့်သည်။ ဤ အထက်ပိုင်းတွင် အောက်ခြေဖိနပ်တွင် ထွင်းထားသည့် စတုရန်းပုံ ခွက်နှင့် လိုက်ရန် ဖောင်းရစ်ပါရှိသည်။ ဖောင်းရစ်၏ အပေါ်ဘက် တွင် ဂါထာရေးထိုးထားသော ကျည်းဝန်းမျက်နှာပြင်ကို တွေ့ရသည်။

၎င်းနောက် ဖောင်းရစ်တစ်ခု ထပ်မံပြုလုပ်ထားပြီး ဖောင်းရစ် အပေါ်တွင် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်ကို တွေ့ရသည်။ ခေါင်းလောင်းပုံတွင် ရင်စည်းသုံးခုပါရာ အလယ်ရင်စည်းမှာကျန်နှစ်ခု အပေါ် ထပ်ကာ ဒုတက်အောင်ပြုလုပ်ထားသည်။ ခေါင်းလောင်းပုံ အပေါ်ပိုင်းတွင် စက်ဝိုင်းခြမ်းပုံ သပိတ်မှောက်ရှိသည်။ ၎င်းထိပ်တွင် ဖောင်းရစ်၊ ကြာမှောက်ကြာခံ၊ ရွှဲ၊ ဗိန္ဒုများ ရှိသည်။ ထီးတော်မှာ ကျိုးပဲ့ပျက်စီးသွားပြီး ဖြစ်သည်။

ဤ ကျောက်စေတီကျည်းဝန်းတွင် ရေးထိုးထားသော ယေဓမ္မာ ဂါထာ၏ လက်ရေးအက္ခရာကိုကြည့်၍ အေဒီ (၅) ရာစုအတွင်း ဤ ကျောက်စေတီကို ထုလုပ်လှူဒါန်းခဲ့ပေလိမ့်မည်ဟု ခန့်မှန်းရပါသည်။

ဤကျောက်စေတီစတူပါ၏ ပုံသဏ္ဍာန်ကို လေ့လာကြည့်ပါက ယခုခေတ် စေတီများ၏ ရှေ့ပြေး ကနဦးပုံစံ ဖြစ်ဟန်တူပေသည်။ စေတီပုထိုးများ၏ အဆင့်ဆင့် ပြောင်းလဲဖြစ်စဉ်တွင် မုခ်ဦး (သို့) ဂန္ဓကုဋီတိုက် ပါဝင်သည့်အဆင့်သို့ မရောက်သေးသောအဆင့်ဖြစ်သည်။ ရခိုင်တို့၏ နောက်ဆုံး မင်းနေပြည်တော်ဖြစ်သော မြောက်ဦးမြို့ (အေဒီ ၁၄၃၀-၁၇၈၄) ရှိ တုက္ကံသိမ်ရှစ်သောင်း၊ လေးမျက်နှာ အံတော် စသော တန်ခိုးကြီးစေတီပုထိုးများ၏ အပေါ်ပိုင်းမှာ အဆို ပါ ကျောက်စေတီနှင့် အတော်ပင်တူနေပေသည်။ မြောက်ဦးခေတ် စေတီများတွင် ဘုရားရုပ်ပွားတော် စံပယ်ရန် ဂန္ဓကုဋီတိုက် ပါရှိသော အဆင့်သို့ ရောက်နေပေပြီ၊ သို့သော် အဆိုပါ မြောက်ဦးခေတ် စေတီ ပုထိုးများသည် ဝေသာလီ စတူပါကျောက်စေတီများမှ ဆင်းသက်လာ ကြောင်း ကိုးကားကောက်ချက်ချ ပြောဆိုနိုင်ပေမည်။

## ရွှေးဟောင်း အုတ်ခွက်ဘုရားများ

ရှေးဟောင်း အုတ်ခွက်ဘုရား အများအပြားကို ရခိုင်ပြည်နယ် အနှံ့ စေတီဟောင်းများ၏ ဌာပနာတိုက်ထဲမှ အခြား ဌာပနာပစ္စည်း များနှင့်အတူ တွေ့ရှိရသည်။ သက်ဘမ်းကာလအလိုက် ပုံသဏ္ဍာန် လက်ရာအမျိုးမျိုး တွေ့ရသည်။ အချို့ စာတန်းများ ပါရှိသည်။ အုတ်ခွက်ဘုရား လက်ရာအမျိုးမျိုးထဲမှ မဟာမုနိဘုရား အစဉ်အလာ နှင့် ဆက်နွယ်နေပြီး အနုပညာလက်ရာ မြောက်လှသည့်အပြင် ရှေး ဟောင်း အိန္ဒိယ အုဘ်ခွက်ဘုရားတစ်ခုနှင့်လည်း အတော်ပင် ဆင်တူ နေသော အုတ်ခွက်ဘုရား နမူနာတစ်ခုအား စံအဖြစ် တင်ပြပါမည်။

လွန်ခဲ့သောနှစ်ပေါင်း (၃၀) ခန့်က စေတီဟောင်းတစ်ခုအား ပြုပြင်ရာမှ ဤအုတ်ခွက်ဘုရားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။အုတ်ခွက်ဘုရား ၏ ပုံသဏ္ဍာန်မှာ မဟာဗောဓိညောင်ရွက်နှင့် တူသည်။ အမြင့် ၃

လက်မခွဲ၊ အနံ ၂ လက်မ ရှိသည်။ ထိုအရွယ်အတွင်း အလယ်ကောင်တွင် အိန္ဒိယနိုင်ငံရှိ မဟာဗောဓိစေတီပုံစံ စေတီတစ်ဆူ တွေ့ရသည်။

စေတီ၏ မုခ်ဦးအတွင်း ပဒုမ္မာသန ကြာပလ္လင်တစ်ထပ်ထက်တွင် ဗုဒ္ဓဘုရားတစ်ဆူ တင့်တယ်စွာ စံပယ်လျက်ရှိသည်။ လက်ဝဲဘက် လက်တော်သည် ရှင်ခွင်ပေါ်တွင်တင်ထားသော ထက်ဝယ်ဖွဲ့ပုံတော် ဖြစ်သည်။ လက်ယာဘက် လက်တော်သည် မဟာပထဝီမြေကြီးအား တိုင်တည်သက်သေပြုနေဟန် ဘူမိဖဿမုဒြာ ဖြစ်သည်။ ထိုင်နေတော်၊ မူဟန်မှာ ဝဲဘက်ခြေပေါ်သို့ လက်ယာခြေ တင်ထားသော ဝီရာသန ထိုင်နေတော်မူဟန် ဖြစ်သည်။ မဟာမုနိအစဉ်အလာဖြင့် ထုလုပ်ထားဟန် ရှိသည်။

ကိုယ်ပေါ်တွင် ပါးလွှာသော ကြာသင်္ကန်းကို ရုံထားသည်။ သင်္ကန်းပေါ်လွင်အောင် မို့မောက်ပြန့်ကားသော ဘယ်ရင်ပေါ်တွင် အရစ်များဖြင့် တန်ဆာဆင်ထားသည်။ဘယ်ဘက်ပခုံးပေါ်မှ ငါးကြင်းမြီး သင်္ကန်းစကို လွှမ်းခြုံချထားသည်။ ရှေးကျသည့် လက္ခဏာဖြစ်သည့် တြိဝလီ လည်ပင်းရစ်များ ပါရှိသည်။

မျက်နှာတော်မှာ မဟာမုနိရုပ်ရှင်တော်ကဲ့သို့ ပြုံးယောင်သန်းနေသည်။ မျက်လွှာကို တစ်ဝက်ချထားသည်။ ပေါ်လွင်သောနှာတံနှင့် ပြည့်တင်းသော မျက်နှာတော်မှာ ရခိုင်ဟန်အနုပညာတစ်ရပ် ဖြစ်သည်။ မျက်ခုံးတော်နှစ်ခုကြားတွင် ဥဏ္ဏာလုံမွေးရှင်တော်အမှတ် ဗိန္ဒုတစ်လုံး ရှိသည်။ မဏိတော်မှာ ရှေးကျသည့်လက္ခဏာ ဖြစ်သည်။ ခရုပတ်ခွေများဖြင့် စီတန်းသရုပ်ဖော်သည်။ ဥဏှီသ ပုံတော်မှာ အထက်သို့ရှူးသွားပြီး နှစ်ဆင့်ပြုလုပ်ထားသည်။ နားရွက်တော်မှာ ပြန့်ကား၍ ပခုံးကိုထိနေသည်။ ဗုဒ္ဓဘုရားရှင်၏ လက္ခဏာတော်တို့အား ဤမျှသေးငယ်သော အုတ်ခွက်အတွင်း ရခိုင်ဗုဒ္ဓအနုပညာဟန်ဖြင့် အသေးစိတ် ဖော်ပြနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

ဆင်းတုတော်အား မုခ်ဖြင့်ကာရံထားသည်။ မုခ်၏အထက်ပိုင်းကို စေတီသို့မဟုတ် ဝိဟာရပုံသဏ္ဌာန်ပြုလုပ်ထားသည်။ ရုပ်ပွားတော်စံရာမုခ်၏ မျက်နှာစာတံကဲကိုဖောင်းရစ်နှစ်ထပ် သို့မဟုတ် ရုံးနှစ်ထပ်

ပြုလုပ်ထားသည်။ ဆင်းတုတော်၏ ဝဲယာတစ်ဖက်စီတွင် မုခ်တံကဲ တိုင်နှစ်တိုင်ကို "ကြံဆစ်" ပွတ်ခုံတိုင် ဒီဇိုင်းဖြင့်ပြုလုပ်ထား သည်။ တံကဲပွဘ်ခုံတိုင်တွင် တံခွန်ကုက္ကားများကို လှပစွာချည်နှောင် ထားပြီး လေဘွင်လွင့်နေဟန် ထုလုပ်ထားသည်မှာ အနုပညာလက်ရာ မြောက်လှသည်။

မုခ်၏အပေါ်ပိုင်းကို ရွှဲလုံး၊ ပုလဲလုံး၊ ဗိန္ဒုလုံးလေးများဖြင့် နှစ်ထပ်စီဘန်းထားပြီး စေတီပုံကို ဖော်ပြထားသည်။ စေတီပုံမှာ ခေါင်းလောင်းသဏ္ဍာန် ပေါ်လွင်စေသည်။ သပိတ်မှောက်၏ထိပ်ပိုင်း တွင် ဖောင်းရစ်ငါးထပ်ကို ကြီးစဉ်ငယ်လိုက်ထပ်ထားသည်။ ဖောင်း ရစ်၏ထိပ်ပိုင်းတွင် ထီးတော်ဖြန့်ကား မိုးလျက်ရှိ၏။ ထီးမှာ သာမန်ပုံ ထက် ကြီးမားပြန့်ကား ခန့်ညားထည်ဝါလှသည်။ ထီးတော်၏ထိပ် ဆုံးပိုင်းတွင် စိန်ဖူးတော်ရှိသည်။ ထီးတော်၏ အောက်နားတစ်ဖက် တစ်ချက်တွင် လေထဲ၌ ပျံဝဲနေဟန်တံခွန်ကုက္ကားနှစ်ခုစီ တွဲထားသည်။

ထူးခြားချက်မှာ ကွမ်းတောင်(သို့) ကျောင်းဆောင်၏ ဘေး တစ်ဖက်တစ်ချက်စီတွင် ဗောဓိပင်နှစ်ပင်ကျစီ ထွက်ပေါ်နေဟန်ကို ဟန်ချက်ညီညီ သရုပ်ဖော်ထားသည်။ ဤသို့ ဘုရားသခင်ပွင့်တော်မူရာ ဗောဓိပင်၏အကိုင်း၊အခက်၊အပင်၊သဏ္ဍာန်၊ဘုရားသခင်စံရာ ကျောင်း တော်အဖြစ် သရုပ်ဖော်ထားခြင်းကြောင့် "ဗောဓိကျောင်းဆောင်" ဟု ခေါ်ကြသည်။

ကျောင်းဆောင်၏ ဘေးတစ်ဖက် တစ်ချက်စီတွင် ဖောင်းရစ် အဆင့်ဆင့်ထပ်ကာ အရံစေတီလေးဆူကို တစ်ဖက်နှစ်ဆူကျစီ အထက် အောက် စီတန်း၍ တွေ့ရသည်။ အရံစေတီများအောက်ဘက် ဘုရား ဆင်းတုတော်၏ ခြေတော်ရင်း ဘေးတစ်ဖက်တစ်ချက်စီတွင် လက် အုပ်ချီလျက် ရုပ်တုနှစ်ခု တွေ့ရသည်။ ထိုရုပ်တုများမှာ ထေရဝါဒ ဂိုဏ်း (Theravada Buddhism)၏ အမှတ်လက္ခဏာဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် အဂ္ဂသာဝကမထေရ်ကြီး နှစ်ပါး၏ ပုံတော်ပင်ဖြစ်သည်။ မဟာယနဂိုဏ်း ( Tantric ) တို့တွင် ပလ္လင် ပေါ်၌ ထက်ဝယ်ဖွဲ့၍နေသော မြတ်စွာဘုရားအားရံလျက် တစ်ဖက် တစ်ချက်တွင် ဘုရားလောင်း ဗောဓိသတ္တ(Bodhisattva)လောကနာထ

၏ ပုံတော်များကို တွေ့ရလေ့ ရှိသည်။ ဘုရားလောင်းပုံ များမှာ မင်းဝတ်တန်ဆာများ ဝတ်ဆင်ထားပြီး ခြေထောက်တစ်ဖက်ကို တွဲလဲ ချထိုင်လေ့ရှိသည်။

ယခု တွေ့ရသောပုံများမှာ ဘုရားသခင်၏ ခြေတော်ရင်းတွင် လက်အုပ်ချီ၍ ဖော်ပြထားခြင်းမှာ ဘုရားသခင်၏ လက်ဝဲတော်ရံနှင့် လက်ယာတော်ရံ သာဝကနှစ်ဦး ဖြစ်ကြောင်း သိသာထင်ရှားလှပေ သည်။ ဤသည်နှင့်ဆက်၍ ကောက်ချက်ချနိုင်သည်မှာ ဤအုတ်ခွက် ဘုရားများသည် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားသောဒေသမှ အုတ်ခွက်တစ်ခုဖြစ်ကြောင်းပင်ဖြစ်သည်။

ရုပ်ပွားဆင်းတုတော်၏ အောက် တည့်တည့်တွင် ဒူးထောက် အနေအထားဖြင့် ရုပ်တုတစ်ခုပါသည်။ ဤရုပ်တုနေရာမှာ စဉ်လာအရ ဝသုန္ဒြေနတ်သား၏ နေရာဖြစ်သည်။ ထိုင်ဟန်မှာလည်း ဒူး တစ်ဖက် ထောင်၊ ဒူးတစ်ဖက်ထောက် ပုံစံ ဖြစ်သည်။ ရခိုင် ဗုဒ္ဓယဉ်ကျေးမှု အနုပညာသမိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်ကို ဘူမိဖဿမုဒြာဖြင့် ထုလုပ် ပူဇော်ပါက ပလ္လင်၏ အောက်ခြေတွင် ဝသုန္ဒြေပုံကို အမြဲယှဉ်တွဲထည့် သွင်း ထုလုပ်လေ့ရှိသည်။

ဘူမိဖဿမုဒြာဆိုသည်မှာ ဘုရားလောင်းသည် မာရ်ငါးပါးကို အောင်မြင်တော်မူ၍ ဘုရား အဖြစ်သို့ ရောက်ရှိပြီးနောက် ပလ္လက် သတ္တာဟအဖြစ် အပရာဇိတပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေစံနေတော် မူစဉ် မာရ်နတ်သားသည် နောက်လိုက် စစ်သည်အပေါင်းနှင့် ရန်ပြု လာသောအခါ ဘုရားဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ဆည်းခဲ့ရသည်ကို ဤမဟာပထဝီမြေကြီးအသိဖြစ်ကြောင်း သက် သေပြုတိုင်တည်သောဟန်ကို ထုလုပ်ထားခြင်းဖြစ်သည်။ အစဉ်အလာ အရ မဟာပထဝီမြေကြီးအားစိုးရသည့်ဝသုန္ဒြေနတ်သားကို ဤအခန်း နှင့် လိုက်လျောညီထွေ ထည့်သွင်းကြခြင်း ဖြစ်ပေသည်။ ရန်တကာကို အောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် ထုလုပ်ပူဇော်ကြသည်။

အထက်တွင်တင်ပြခဲ့သောအုတ်ခွက်ဘုရားတွင် သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားအား မဏ္ဍိုင်ပြု၍ မုခ်ဦး၊ ကွန်းတောင်၊ မဟာဗောဓိပင်၊ တံခွန်ကုက္ကား၊ ထီးတော်၊ အရံစေတီများ၊ သာဝကများ၊ ဝသုန္ဒြေနတ်သားစသည့် အနုပညာဖြင့် တန်ဆာဆင်အပ်သော ရုပ်လုံး ရုပ်ကြွ များအား ၃-လက်မ အရွယ် ရုံးချွန်အုတ်ခွက်အတွင်း ဗုဒ္ဓ အနုပညာ နည်းနာနိဿယ၊ အစဉ်အလာရုပ်များနှင့်အညီ စနစ်တကျ နေရာချထားကြောင်း တွေ့ရသည်။

ယခုခေတ် ဒီဇိုင်းပညာနှင့်ကြည့်ပါကလည်း အဆင့်မြင့်လှသည်။ ပြုလုပ်ထားသောရွှံ့သားမှာလည်း အမှိုက်သရိုက်ကျောက်စကျောက်န သန့်စင်ပြီး ချောမွေ့နေပေသည်။ မာကျောရန်အတွက် အပူပေး ရာတွင်လည်း အဆင့်မြင့် နည်းပညာကို အသုံးပြုခဲ့ဟန် တူပေသည်။ အပူပို၍ အကျက်လွန်နေခြင်း၊ အပူလို၍ ရွှံ့သား မကျက်ခြင်းမျိုး လုံးဝမရှိဘဲ အကျက်ညီကာ မာကျော တောင့်တင်း နေပေသည်။ မျက်နှာပြင်ချောမွေ့ တင်းမာနေ၍ အရောင်တင်ဆီ သို့မဟုတ် စဉ့် ရည်တစ်မျိုး အသုံးပြုခဲ့ဟန်ရှိသည်။

ဤကဲ့သို့ ဗုဒ္ဓအနုပညာယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသော အုတ်ခွက်ဘုရားအား ခေတ်ပြိုင် အထောက်အထားများနှင့် ယှဉ်ထိုး လေ့လာနိုင်ရန် ဦးမြ၏ အုတ်ခွက်ဘုရားများ စာအုပ်ပါ ပုံတော်များ၊ နိုင်ငံခြားဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများမှ အုတ်ခွက်ဘုရား များနှင့် ယှဉ်ထိုးလေ့လာ ခဲ့ပါသည်။ ဗြိတိသျှပြတိုက်နှင့် ပိဋကတ်တိုက် အဖွဲ့ကြီးမှ ထုတ်ဝေသော (Buddhism (Art and Faith) Edited by W, Zwalf) စာအုပ်စာမျက်နှာ ၁၀၉ တွင် ပါရှိသော ပုံတော်အမှတ် (၁၄၅)နှင့် ဖွဲ့စည်းမှုသဏ္ဌာန် အတော်ပင်နီးစပ်ကြောင်း တွေ့ရပေ သည်။

ထိုအုတ်ခွက်ဘုရားမှာ အိန္ဒိယအရှေ့ပိုင်း ဗုဒ္ဓဂယာမှရရှိခဲ့ခြင်း ဖြစ်ပြီး အေဒီ (၉) ရာစု လက်ရာဟု ဖော်ပြထားသည်။ ဗုဒ္ဓဂယာမှ အုတ်ခွက်ဘုရားနှင့် ဓညဝတီအုတ်ခွက်ဘုရား မတူသော အချက်မှာ

ဗုဒ္ဓဂယာပုံတော်တွင် စာတမ်းပါရှိပြီး ဓညဝတီ အုတ်ခွက်ဘုရားတွင် ထိုနေရာ၌ သာဝကပုံတော်နှင့် ဝသုန္ဓြေပုံတို့ကို ထည့်သွင်းထားခြင်း ဖြစ်သည်။

လှူဒါန်းသူ၏ စေတနာသဒ္ဓါတရားနှင့် တည်ဆောက်သူ အနုပညာရှင်၏ တီထွင်ကြံဆတတ်မှု၊ စိတ်ကူးစိတ်သန်း ကောင်းမွန်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု အနုပညာနှင့် ပေါင်းစပ်ပြုပြင်မှု စသည်တို့ကြောင့် လှပဆန်းသစ်သော ဤအုတ်ခွက်ပုံဖြစ်လာသည်။ ယခု တင်ပြထားသော အုတ်ခွက်ဘုရားများတွင် ဘုရားသခင် စံမြန်းတော်မူရာ ပင်မစေတီ သို့မဟုတ် ဝိဟာရအား ခြံရံ၍ စေတီရံများကို ထည့်သွင်းပူဇော်ထားပေသည်။ မြေစိုက်စေတီရံများ ထည့်သွင်းတည်ဆောက်သည့် အဆင့်ကာလသို့မရောက်မီ အဆင့်ဖြစ်နိုင်သည်။ အာသောကမင်းကြီး (ဘီစီ ၃ ရာစု)တည်ထားခဲ့သော ဆန်ချီစေတီ၊ ဗာရာဏသီမြို့ မိဂဒါဝုန် (Sarnath) ရှိ ဓမ္မေခစေတီ၊ သရေခေတ္တရာပြည်မြို့ ဘောဘောကြီး စေတီတို့တွင် စေတီရံများ မပါရှိသေးသော ကနဦးစေတီပုံများဖြစ်ကြသည်။

## ရှေးဟောင်း ခြေးသွန်း စေတီများ

မဟာမုနိဘုရားကြီးမှ စတင်၍ ရခိုင်ဓညဝတီတွင် ဗုဒ္ဓသာသနာ ထွန်းကားလာခဲ့ရာ စိုးစံကြသော မင်းအဆက်ဆက်နှင့် ရဟန်းရှင်လူ ပြည်သူအများတို့၏ စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသော ရှေးကျသည့် စေတီပုထိုးများ၊ ကျောက်စေတီ စတူပါများ အကြောင်းကို အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ရခိုင်ဓညဝတီရှိ စေတီပုထိုးများမှာ ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော်များကို အဓိကဌာပနာပြု တည်ထားခဲ့ကြသော်လည်း နှောင်းပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ဒဂ်ါးများနှင့် အခြားအမှတ်တရပစ္စည်းများပါ ထည့်သွင်းလှူဒါန်းလာကြသည်။ စေတီပုထိုး

များအား အုတ်ဖြင့်လည်းကောင်း၊ ကျောက်ဖြင့်လည်းကောင်း တဲ့ည် ထားကိုးကွယ်ခဲ့ကြရာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့သည်နှင့်အမျှ ပျက်စီး ယိုယွင်းမှုနှင့် ရင်ဆိုင်ရသည်။ ယခုအခါ နှစ်(၁၀၀၀) ကျော် သက် တမ်းရှိသော စေတီဟူ၍ မရှိသလောက် ရှားပါးလှသည်။

ထိုသို့ ပြိုကျပျက်စီးသွားသော စေတီဟောင်းများမှ ဘုရား သခင်၏ ဓာတ်တော်မွေတော်များအပြင် ရွှေ၊ငွေ၊ကြေး၊ပဥ္စလောဟာ တို့ဖြင့် သွန်းလုပ်အပ်သော ဗုဒ္ဓဆင်းတုတော်များ၊ စေတီပုံစံများ၊ ဒင်္ဂါးများကိုလည်းတွေ့ရှိရပေသည်။ထိုသို့စေတီဟောင်းများမှတွေ့ရှိရ သည့် ဗုဒ္ဓဆင်းတုတော်များ၊ စေတီပုံစံများ၊ ဒင်္ဂါးများမှာ အဆိုပါ စေတီဟောင်းများကို ကိုယ်စားပြု ပစ္စည်းများ ဖြစ်ကြ၍ သမိုင်း အထောက်အထားအဖြစ် လွန်စွာပင် အကျိုးကျေးဇူးရှိပေသည်။ စေတီ တွင်း ဌာပန ပစ္စည်းများဖြစ်၍ ရာသီဥတုဒဏ်၊ ရန်သူမျိုးငါးပါး ဒဏ်မှ ကင်းလွတ်ခဲ့ကြသည်။ ယင်းတို့အနက်မှ ကြေးစေတီများ အကြောင်းကို ဖော်ပြပါမည်။

အေဒီ (၃၂၇) ခုနှစ် (၈၁၈) ခုနှစ်တိုင်အောင် စည်ပင် ဝပြောခဲ့သော ရခိုင်ဝေသာလီမြို့တော်ဟောင်းတွင် စေတီအို၊ စေတီ ပျက်များမှာ တောင်ကုန်းတိုင်းလိုလို အများအပြား တွေ့ရှိရသည်။ ယခု ပုံတွင် ဖော်ပြထားသည့် ကြေးစေတီကို ရခိုင်ဝေသာလီမြို့တော် ဟောင်း၏ တောင်ဘက်မြို့ရိုးအနီး (သလ္လာဝတီကျေးရွာ)မှ တွေ့ရှိခဲ့ ခြင်းဖြစ်သည်။ ဉာဏ်တော် (၆) လက်မခန့် ရှိသည်။

ယခုအခါ စစ်တွေ ဗုဒ္ဓပြတိုက်တွင်ပြသထားသည်။ ဤစေတီမှာ ဘုရားစင်ပေါ်တင်၍ ကိုးကွယ်သော စေတီဖြစ်နိုင်သလိုပင် စေတီပုထိုး များ၏ ဌာပနာတိုက်ထဲတွင် ထည့်သွင်းလှူဒါန်းခဲ့သည့် ဌာပနာစေတီ လည်း ဖြစ်နိုင်ပေသည်။ ၎င်းပြင်စေတီမတည်မီ နမူနာပုံစံပြုလုပ်သော နောင်တော်စေတီလည်း ဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ဤ ကြေး စေတီငယ်မှာ ထိုခေတ်စေတီများကိုလည်းကောင်း ကိုယ်စားပြုနေ ပေသည်။

သို့ဖြစ်ရာ ထိုခေတ်ထိုအခါက ရခိုင် ဓညဝတီအတွင်း တောင်ကုန်း၊ တောင်စွယ်များပေါ်တွင် ကြေးသွန်းစေတီနှင့် ပုံသဏ္ဌာန် ဆင်တူသော ကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားသည့် စေတီတော်ကြီး အဆူဆူတို့ဖြင့် တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ရာ ရှိခဲ့မည်ဖြစ်သည်။

စေတီ၏ အောက်ခြေပြာသာဒ်ကို စတုရန်းပုံပြုလုပ်ထားသည်။ ရာဇပလ္လင်နှင့်ဆင်တူသည်၊ ပလ္လင်၏ ထောင့်လေးထောင့်တွင် ခြင်္သေ့လေးကောင် တစ်ထောင့်စီ ထိုင်စောင့်လျက်ရှိသည်။ ပလ္လင်ပေါ်တွင် ဗုဒ္ဓ ဆင်းတုတော်များထားရာ အခုံးပုံ မုခ်ဝများ ပြုလုပ်ထားသည်။ မုခ်ခုံး၏ထိပ်တွင် ရှေးခေတ် ရခိုင်ဘုရင်များ၏ ရာဇပလ္လင်၏ အဆင်အပြင် သီရိဝစ္ဆပုံမျိုးဖြစ်ပြီး အရုပ်လေးမျက်နှာကို မျက်နှာမူလျက်ရှိသည်။

မုခ်လေးခုတွင် ဘူမိဖဿမုဒြာဖြင့် ဝဇီရာဟန်ထိုင်တော်မူ ရုပ်ပွားတော်လေးဆူ ရှိသည်။ ရုပ်ပွားတော်များ ကျောဘက်ဆုံရာတွင် စေတီ ဂန္ဓကုဋီတိုက်ရှိသည်။ ရုပ်ပွားတော်၏ ထူးခြားချက်မှာ ကြာဖူးဉဏ်ှီသ ပါရှိခြင်းဖြစ်သည်။ မုခ်လေးခု ဆိုင်နေသော စတုရန်းပုံ၏ ထိပ်ပိုင်းခေါင်မိုးမှ စက်ဝိုင်းပုံ အရစ်သုံးရစ်ပါ ပစ္စယာ ကြီးစဉ်ငယ်လိုက်ဆင်၍ ပြုလုပ်ထားသည်။

၎င်းနောက်ခေါင်းလောင်းဆင့်သို့ရောက်သည်။ ခေါင်းလောင်းမှာ အလွန်ပင်လှပသော ရင်စည်းအနားသတ်များဖြင့် ပြုလုပ်ထားသည်။ အထက်နားတွင် ခါးပတ်နှစ်ခုနှင့် အပေါ် သပိတ်မှောက်စပ်ကြားတွင် နှစ်ခုပါရှိသည်။ ခေါင်းလောင်းထိပ်တွင် ဓာတ်တော်မွေတော်များ ကိန်းအောင်းထားရှိရာ ဓာတုဂပ္ဗနေရာရှိသည်။ ၎င်းထိပ်အထက်တွင် အဆင့်ကိုးဆင့်ပါသော ဖောင်းရစ်ပြာသာဒ်ရှိသည်။

၎င်းနောက် ကြာမှောက်ကြာလှန်ကို တွေ့ရသည်။ ကြာမှောက်ကြာလှန်၏ ထိပ်တွင် ငှက်ပျောဖူးရှိသည်။ ဤစေတီတွင် ငှက်ပျောဖူးထိပ်မှ ကျိုးပဲ့နေ၍ ထီးတော်ကို မတွေ့ရတော့ချေ။

ဖော်ပြပါ ကြေးစေတီကိုကြည့်ပါက မျက်မှောက်ခေတ် စေတီပုထိုးများ၏ ခေတ်ဦးပုံစံ ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပါသည်။ ကျောက်စေတီ စတူပါခေတ်နှောင်းပိုင်း ဆက်တိုက်ဆန်းသစ်လာသော စေတီပုံစံများ ဖြစ်နိုင်သည်။ ဝေသာလီခေတ်(အေဒီ-၃၂၇၊ ၈၁၈) အတွင်းတည်ထားခဲ့သော စေတီပျက်ဌာပနာတိုက်အတွင်းမှ တွေ့ရှိရ၍ ဤကြေးစေတီများမှာ အေဒီ-၈၁၈ ကထက် နောက်မကျနိုင်ကြောင်း တွေ့ရှိရပါသည်။

× × ×

## ၁၄။ ဦးရစ်တောင်စေတီ

ကစ္ဆပနဒီ ရေကြောင်းခရီးဖြင့် စစ်တွေမြို့မှ လာရောက်သော မဟာမုနိ ဘုရားဖူး ဧည့်သည်တော်များအဖို့ ပထမဦးဆုံး ဖူးတွေ့ရမည့် သမိုင်းဝင်, ဗျာဒိတ်တော်ဝင် ဘုရားမှာ ဦးရစ်တောင် စေတီပင် ဖြစ်သည်။ စစ်တွေမြို့မှ ကစ္ဆပနဒီ ကုလားတန်မြစ်ညာသို့ တစ်နာရီခန့် ဆန်တက်လာပြီးနောက် ကုလားတန်မြစ်၏ လက်ဝဲဘက် ကမ်းတွင် စေတီတစ်ဆူကို အဝေးမှ ဖူးတွေ့နိုင်ပေသည်။ စစ်တွေမြို့မှ ရေမိုင် (၁၆)မိုင်မျှ ကွာဝေးသည်။

ဤစေတီမှာ ရခိုင်သမိုင်းတွင် မဟာမုနိဘုရားကြီးနှင့် အတူ တခမ်းတနား ဖော်ပြလေ့ရှိသော ဦးရစ်တောင်စေတီပင် ဖြစ်သည်။ စေတီတော်ကြီးမှာ ကုလားတန်မြစ်ကမ်းနား ၁၈၈-ပေ ခန့်မြင့်သော တောင်ကုန်းပေါ်တွင်တည်ရှိ၍ ကုလားတန်မြစ်ကြောင်းကို အသုံးပြု၍ သွားကြရသော ခရီးသည်အပေါင်းတို့၏ ဦးခိုက်ပူဇော်ရာ စေတီကြီး တစ်ဆူပင်ဖြစ်သည်။ စေတီ၏ဉာဏ်တော်မှာ ၁၃၅-ပေ ရှိသည်။

ရှေးအခါက မြောက်ဦးမှ ထွက်ခွာလာသော အနောက်ချီ ရခိုင် ဘုရင့်ရေတပ်မတော်ကြီးများသည် ဦးရစ်တောင်စေတီကြီးအား တခမ်းတနား ပူဇော်ခြင်းဓလေ့ တစ်ရပ် ရှိခဲ့ပေသည်။ ၎င်းအပြင် မဟာမုနိဘုရားကြီး၏ ဗုဒ္ဓယဉ်ကျေးမှုအစဉ်အလာများနှင့် ဆက်နွှယ်၍ နှစ်စဉ် မသိုးသက်န်းရက်ပြိုင်ပွဲများ ကျင်းပခြင်း၊ ထမင်း ထောင်၊ ပန်းတောင်း ကပ်လှူပွဲများ ပြုလုပ်ခြင်းတို့ကို မိဖုရားကြီးများ ကိုယ်တိုင် ကြီးကြပ်ကျင်းပလေ့ရှိပေသည်။ အထူးသဖြင့် ရခိုင် ရေတပ်မတော်သားများ ရွေးချယ်သော လှေပြိုင်ပွဲကြီးမှာ ဘုရားပွဲတော်နှင့် အတူ ကျင်းပလေ့ရှိသည်။

ဦးရစ်တောင်မှာ မြောက်ဘက်တွင် တောင်ခြေရင်းအနီး ဖြတ်သန်း စီးဆင်းသွားသော ကင်းချောင်းနှင့် ချောင်း တစ်ဖက်တွင် ပုဏ္ဏားကျွန်းမြို့၊ ယင်းမှလွန်၍ရှုမျှော်ပါက ကုလားတန်မြစ်ညာပိုင်း၏ တောတောင် သဘာဝများကို ခပ်ရေးရေး မြင်တွေ့နိုင် ပေသည်။ စေတီတော်တည်ရှိရာ တောင်ကုန်း၏ အနောက်ဘက် မလှမ်းမကမ်း တွင် ဦးရစ်တော်မြို့ဟောင်းရာရှိသည်။

မြောက်ဦးခေတ်(၁၄၃၀-၁၇၈၄)အခါက ဦးရဇ်တော်မြို့ကို ဘုရင်ငယ်တစ်ပါးက အုပ်ချုပ်ခဲ့ကြောင်း ပေါ်တူဂီ ဘုန်းတော်ကြီး မန်နရစ်၏ မှတ်တမ်းအရ သိရှိရပေသည်။ ဤမြို့အနီး ကုလားတန် မြစ်ပေါ်တွင် ရခိုင်ရေတပ်ကြီးရှိကြောင်း၊ တိုက်လှေ၊ တိုက်သင်္ဘော (၃၅၀)ရှိကြောင်း[၁] အဆိုပါ မှတ်တမ်းတွင် ဖော်ပြထားပေသည်။

စေတီတော်ကြီး၏ ပရိဝုဏ် ရင်ပြင်တော်နှင့် ရင်ပြင်တော်မှနေ၍ ပတ်ဝန်းကျင်တစ်ဝိုက်မြင်တွေ့ရသော ရှုမျှော်ခင်းမှာ ရှုမောဖွယ် ဆွတ်ပျံ့ဖွယ်ဖြစ်သည်။ အရှေ့ဘက် တောင်ခြေရင်းနှင့်ကပ်လျက် ကစ္ဆပနဒီမြစ်ကြီးမှာ တသွင်သွင်စီးနေပေသည်။ရေပြင်ပေါ်ရှိ လှိုင်းဖြူလေးများမှာ နေရောင်ကြောင့် စိန်ကောင်း၊ ကျောက်ကောင်းပမာ တဖျပ်ဖျပ် တောက်ပနေပေသည်။ အနောက်ဘက် တစ်ခွင်တစ်ပြင်တွင် ကျယ်ပြန့်လှသော လယ်ကွင်းကြီးများနှင့် အာကာထိလုနီးပါး အပြိုင်းအရိုင်း သွယ်တန်းနေသည့် တောင်တန်းတောင်စွယ်များကို တွေ့ရသည်။ တောင်ဘက်တွင် နတ်ဆိပ်၊ မင်းဂံ၊ တန်းခိုးစသော သမိုင်းဝင် အရပ်တို့ရှိသည်။

ဦးရဇ်တော်တောင် စေတီ၏ သမိုင်းကြောင်းမှာ ရှည်လျားကြာမြင့်ခဲ့ပြီးဖြစ်သည်။ ရှေးကျသည့်အပြင် မဟာမုနိဘုရားကြီးသမိုင်းနှင့်လည်း ဆက်စပ်နေပေသည်။

ဗုဒ္ဓဘုရားရှင်သည် သေလာဂီရိကျောက်တော်တောင်ပေါ်မှနေ၍ သုံးဆယ်သောပါရမီ ဖြည့်ကျင့်တော်မူစဉ်က ကျင်လည်ခဲ့သောနေရာဟောင်းများကို စေတီဘည်အံ့သောငှာ ဗျာဒိတ်တော်ထားခဲ့ရာ ဤဦးရဇ်တော်စေတီနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဗျာဒိတ်တော်ထားခဲ့ပေသည်။

"ချစ်သား အာနန္ဒာ....ထိုသာလမယတောင်၏အနီး ချောင်း၏ တောင်ဘက်ကမ်းအရပ်တွင် ကစ္ဆပနဒီမြစ်၏ အနောက်ဘက် အနီးအပါးဝယ် သီလပဗ္ဗတမည်သော ကျောက်ရဲတောင်သည်ရှိ၏။ ထိုတောင်၏အမျိုးမြတ်သော ဗေဒင်သုံးပုံကို တတ်သော ပုဏ္ဏားသား တစ်ဇာတ် ဖြစ်ဖူးသောကြောင့် ငါဘုရား ပရိနိဗ္ဗာန်လွန်တော်မူလေလျှင်လုံးပတ်နှစ်ညှို့ မျှလောက်ရှိသော

၁။ Collis. M; The Land of Great Image. P. 121.

ဦးခေါင်းခွံဓာတ်တော်ကို စေတီတည်လတ်၍ ဦးရစ်တော်စေတီ
ဟု တွင်လတ္တံ့တည်း....''

ဘုရားသခင်၏ ဗျာဒိတ်တော်အတိုင်း သာသနာသက္ကရာဇ် (၂၂၂)ခုတွင် သီရိဓမ္မာသောကမင်းကြီး၏ လွှောက်ထားချက်အရ ရှင်မဟာတိဿနှင့် အရှင်ဗာကုလမထေရ်တို့သည် ရခိုင်ဓညဝတီရှိ ဗျာဒိတ်ဝင်နေရာများတွင် စေတီတည်ရန် ဘုရားရှင်၏ ဓာတ်တော် ၂၄၄ ဆူကို ရွှေအုပ်တွင်ထည့်ကာ ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့လေသည်။

ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး(ဘီစီ ၃၁၆-၂၇၂) သည် ရဟန္တာအရှင်မြတ်တို့အား ကြိုဆိုပြီး ဘုရားရှင်ဗျာဒိတ်တော် ထားခဲ့ရာနေရာအသီးသီးတွင် စေတီတော်များတည်ခဲ့ပေသည်။[၁] ဦးရစ်တောင်စေတီမှာ တစ်ဆူအပါအဝင် ဖြစ်သည်။ တည်သောနှစ်မှာ သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့ ဖြစ်သည်။

ဓညဝတီရခိုင်ပြည် ပွင့်လင်းစေရန်အတွက် ''မွေတော်ငါးရပ် မပြုတ်ဆိမ်း'' ဟူ၍ ဆိုရိုးရှိခဲ့ရာ မွေတော်ငါးရပ် (ဦးရာဇ်တော်၊ ဓာတ်မွေတော်၊ ကျိန်းတောင်ဓာတ်မွေတော်၊ ဝေသာလီဘုရားကြီးမွေတော်၊ ကျောက်တော် မဟာမုနိမွေတော်၊ ဥဿလင်းမွေတော်) အနက် ဦးရာဇ်တောင်စေတီအား ဦးခေါင်းအဖြစ် မှတ်ယူခဲ့ကြပေသည်။[၂]

ဦးရာဇ်တော်စေတီမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရခိုင်ဘုရင် အဆက်ဆက် ပြုပြင်လှူဒါန်းခဲ့ကြသော်လည်း မင်းဖလောင်း ဘုရင်မဖြစ်မီကာလတွင် ချုံနွယ်ပိတ်ပေါင်း ထူထပ်လျက် ပျက်စီးယိုယွင်းနေသော အချိန်ပင် ဖြစ်သည်။ မင်းဖလောင်းသည် အနောက်ဘင်္ဂါ (၁၂) မြို့သို့ စစ်ချီထွက်ခဲ့ရာ ကစ္ဆပနဒီ မြစ်အကွင်း ခေတ္တစခန်းချနေစဉ် ရောင်ခြည်ဘော် ကွန့်မြူးရာမှ သဒ္ဓါကြည်လင်ခြင်း ဖြစ်၍ သမိုင်းဝင် ဦးရာဇ်တော်ဘုရားဒါယကာအဖြစ် ခံယူတည်ဆောက်ခြင်း ဖြစ်ပေသည်။

---

၁။ အရှင်စက္ကိန္ဒ (ရခိုင်ပြည်) ဓာတ်ဦးရာဇ်သမိုင်း၊ စာ-၇၆။
၂။ ရခိုင်ပွင့်လင်းကျမ်း (ပေမူ)။

မင်းဖလောင်းဘုရင်မြတ်၏ ဦးရာဇ်တော်စေတီ တည်ဆောက်ခန်းမှာ အံ့ဖွယ်ဖြစ်ကြောင်း ရခိုင်သမိုင်းပေမူတို့တွင် ခမ်းခမ်းနားနား ဖော်ပြထားပါသည်။

၎င်းတို့အနက် အထူးခြားဆုံး နှစ်ချက်ရှိရာ ဝေသာလီပြည့်ရှင် သီရိဓမ္မာဝိဇယ မင်းလက်ထက် စတုတ္ထသင်္ဂါယနာတင်ခဲ့သော ရွှေသားဖြင့် ပြုလုပ်ထားသည့် ပိဋကတ်တော် ရွှေပေရွက်တို့ကို ဌာပနာ ထည့်သွင်း ပူဇော်ခဲ့ခြင်းနှင့် ရမ္မာဝတီ အတွင်းပြင်ရွာသူ "ပတ္တမြား ဒေဝီ စောမဲကျီ" လှူဒါန်းသော ပြည်တန်ပတ္တမြားမျက်ရှင်တို့အား ဌာပနာသွင်း၍ လှူဒါန်းခဲ့ခြင်းတို့ ဖြစ်သည်။

စောမဲကျီမှာ ရမ္မာဝတီသူ ဖြစ်သော်လည်း ပတ္တမြားမျက်ရှင် ကောက်ယူရရှိသည်မှစ၍ မင်းဖလောင်း၏မိဖုရားတစ်ပါးအဖြစ် ချီးမြှင့်ခြင်း ခံခဲ့ရကာ မြောက်ဦးနေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ရသည်။ မြောက်ဦးမြို့တော်သို့ပြောင်းရွှေ့ရာသို့ သူ၏ဆွေမျိုးရင်းချာများအား ခေါ်ယူခဲ့သည်။ ဦးရာဇ်တော်ဘုရား တည်သောအခါ ပန်းရန် ပန်းပု လုပ်ငန်းတွင် ကျွမ်းကျင်လိမ္မာသော ရမ္မာဝတီ ရမ်းပြဲသားများအား စောမဲကျီ မိဖုရားက ဘုရားတည်ရာအနီးအနား ရေပေါက်ချောင်းရွာတွင် စတည်းချစေ၍ စေတီတည်ဆောက်ရေးတွင် ပါဝင်စေသည်။စေတီ တည်ဆောက်ပြီးနောက်ပိုင်းတွင် နေရပ်သို့မပြန်ကြတော့ဘဲ အနီး အနားတွင်ပင် ရွာတည်ထောင်ကာ နေထိုင်ကြသည်။ ယခုတိုင် ပုဏ္ဏားကျွန်းမြို့နယ်တွင် "ရမ်းပြဲသား" စကားပြောသောရွာများကို တွေ့ရသည်။[၁]

× × ×

---

၁။ ရခိုင်တိုင်းရင်းသား သမိုင်းကြောင်းလေ့လာရေးအဖွဲ့။

# ၁၅။ နိဂုံးချုပ်

ရှေးဟောင်း ရခိုင်ပြည်၏ ဗုဒ္ဓဘာသာသမိုင်းစဉ်တစ်ခုလုံးသည် ဂေါတမဘုရားရှင်၏ ညီတော်ဟု ခေါ်ဆိုအပ်သော ဤမဟာမုနိဘုရား ကုန်းမြေတစ်ဝိုက်တွင် ဗဟိုပြုလျက်ရှိနေပေသည်။ အဆက်ဆက်သော ရခိုင်ဘုရင် မင်းမြတ်တို့သည် မဟာမုနိဘုရားကြီး ကုန်းမြေပေါ်သို့ ဝပ်တွားခယ ရောက်ရှိခဲ့ကြပြီး သဒ္ဓါကြည်ညိုစွာဖြင့် လှူဒါန်းပြုပြင်ခဲ့ကြပေသည်။ ယခုအခါ ဤတာဝန်သည် ကျောက်တော် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့ လက်ဝယ် ရောက်ရှိနေပေပြီ။ သာသနာတော် အရှည်တည်တံ့ခိုင်မြဲရေး အတွက် ဝိုင်းဝန်းကြိုးပမ်းကြပါရန် နှိုးဆော်တိုက်တွန်း ဒါနပြုလိုက်ပါသတည်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)

၁၉၉၀-ပြည့်နှစ်

# ကိုးကားညှိနှိုင်းသောကျမ်းများ

## (မြန်မာဘာသာ)

၁။ ကုလား၊ ဦး။ "မဟာရာဇဝင်တော်ကြီး" ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၀။

၂။ စံသာအောင်၊ ဦး။ "အေဒီ ၁၀၀၀ မတိုင်မီက ရခိုင်ပြည်၏ ဗုဒ္ဓဘာသာ" ရခိုင်ပြည်နယ် စာစောင်တွဲ (၉)။

၃။ စန္ဒမာလာလင်္ကာရ။ "ရခိုင်ရာဇဝင်သစ်ကျမ်း" ပ-ဒု၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ (၁၂၉၃)။

၄။ ညိုမြ၊ ဦး။ "ကုန်းဘောင်ခေတ်ရှာပုံတော်" ရန်ကုန်၊ မြန်မာစာပေတိုက်၊ ၁၉၈၂။

၅။ ထွန်းရွှေခိုင် (စစ်တွေကောလိပ်)။ "ရခိုင်ရှေးဟောင်းမြို့တော်များ" ရန်ကုန်၊ သိဒ္ဓိမြိုင်၊ ၁၉၈၅။

...."ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ" ရန်ကုန်၊ စစ်သည်တော်စာပေ၊ ၁၉၉၀။

...."နန်းဆက်မြို့ဆက် သမိုင်း" ရခိုင်ပြည်နယ်၊ ပြည်နယ် ပြည်သူ့ကောင်စီ၊ ၁၉၈၅။

၆။ ပဏ္ဍိ၊ ဦး။ "ဓညဝတီ ရာဇဝင်သစ်ကျမ်း" ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်၊ ၁၉၁၀။

၇။ လှထွန်းဖြူ၊ ဦး။ "ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်"

၈။ ရခိုင်ဆရာတော်၊ "ဓညဝတီအရေးတော်ပုံ" ရန်ကုန်။ နန်းမြင့်စာပေ၊ ၁၉၇၀။

၉။ ဘဒ္ဒူမင်းညို၊ "ရခိုင်မင်းသမီးချင်း" ရန်ကုန်၊ ဟံသာဝတီ။

၁၀။ အောင်သာဦး၊ ဦး။ "ဗုဒ္ဓသာသနာတော်နှင့်ရခိုင်ပြည်" (၁၉၇၅)။

## (အင်္ဂလိပ်ဘာသာ)


1. Chan Htwan Oung. "The Mahamuni Shrine in Arakan". JBRS. Vol. ii, (1912)
2. Collis, Mauric· The Land of the Great Image.
3. Frochammer, E. Arakan, Mahamuni Pagoda. Rangoon, Govt. 1891.
4. San Shwe Bu, U: 'The Story of Mahamuni,' JBRS. Vol VI, (1916).
5. San Tha Aung, U: The Buddhist Art of Ancient Arakan.


စာမူများ

၁။ ရခိုင်ရာဇဝင်လင်္ကာ

၂။ ဆရာ င/မည်းရာဇဝင်

၃။ င/လက်ရုံးသိုက်ကျမ်း


၄။ အင်းစောက်ရာဇဝင်




ဓညဝတီမြို့ မြေပုံ



ဓညဝတီမြို့ကောင်းကင်ဓာတ်ပုံ




သေလာဂီရိ ကျောက်တော်တောင်

အမှတ် ၂၇၁၄၉
ရက်စွဲ
သုတေသနစာကြည့်တိုက်




ဘုရားသခင် က စန္ဒသူရိယ ဘုရင် အားတရားဟောဟန်



မဟာမုနိဘုရား နှင့် ရုပ်ပွားတော်များ


အမှတ် ၂၇၁၄၉
သုတေသနစာကြည့်တိုက်



မဟာမုနိ ဂူတော်တည်ရှိရာ

ဗောဓိပင်ကြီး

အမှတ် ၂၇၃၄၉
ရက်စွဲ
သုတေသနစာကြည့်တိုက်




မောစိပင်ရင်းရှိ

မဟာမုနိဂူတော်ဟောင်းပုံ





ဂန္ဓကုဋိတိုက်အတွင်းမှမဟာမုနိကိန်းဝပ်ခဲ့ရာနေရာ
အထိမ်းအမှတ်စေတီ



အရှေ့ဘက် မဟာရံတံတိုင်း နှင့် ဘုရားကြီးမြင်ကွင်း

အမှတ် ၂၇၁၃၉
ရက်စွဲ





အမှတ် ၂၇၁၄၈
ရက်စွဲ


တောင်ဘက်စောင်းတန်းမှမြင်ကွင်း



ရှေးမူမပျက်ကျန်ရှိသေးသော မြောက်ဘက်စောင်းတန်းတော်ကြီး

အမှတ် ၂၁၃၄
ရက်စွဲ
သုတေသနစာကြည့်တိုက်


နှ်ယးထဝ ၁ ပ္ဍဝစးဍ္ဂဳ(ဍ္ဂဳ)ပ္ဍဝနှ်ယဗ္ဗစကဗ္ဂဳ်နီ်ဓ ဥုံန်းဒ္ဂဝဖဝ်ယဟ္ဂပ္ဍဝဖြဳဓဝ






လက်တော်ဆေးကန် နှင့် အရှေ့ဘက်စောင်းတန်း

အမှတ်
ရက်စွဲ



# ခြေတော်ဆေးကန်ကိုဖြတ်၍
# ဘုရားကြီးသို့မြင်ကွင်း





အရှေ့ဘက်စောင်းတန်းမြင်ကွင်းများ

အမှတ်
ရက်စွဲ




အရှေ့ဘက်စောင်းတန်းမုခ်ဝ



ရှေးမူမပျက်ကျန်သေးသော အရှေ့ဘက်ဒုတိယပစ္စယာ





အနောက်ဘက်စောင်းတန်းမြင်ကွင်းများ

အမှတ်
ရက်စွဲ



အနောက်ဘက်စောင်းတန်းမြင်ကွင်းများ









တောင်ဘက်ဒုတိယပစ္စယာ

တောင်ဘက်မှမြင်ကွင်း

သုတေသနစာကြည့်တိုက်
အမှတ် ၂၂၃၄၈
ရက်စွဲ ..................



အနောက်ဘက်စောင်းတန်းခြသေ့်ကြီး

အမှတ် ၂၇၁၄၉
ရက်စွဲ




ဦးရဲကျော်သူကောင်းမှု ခေါင်းလောင်းကြီး



အရှေ့ဘက်စောင်းတန်းမှ ဂန္ဓကုဋိတိုက်သို့


အမှတ် ၂၇၄၉
ရက်စွဲ ........



ဂန္ဓကုဋိတိုက်အတွင်းဘက်



မောင်ရွှေမှုံ ကောင်းမှု ဂန္ဓကုဋိတိုက်ဟောင်းပုံ




ရခိုင်ဘုရင်တစ်ပါး၏ကောင်းမှု
ခေါင်းလောင်းပုံ




အေဒီ(၄)ရာစုမှ
ရုပ်တုတစ်ခု



မင်းတက် လှေကား(ရှေးမူမပျက်)




မြောက်ဘက်စောင်းတန်းလှေကား



မဟာမုနိအနီးမှ ရှေးဟောင်းစေတီတော်များ



အမှတ်
ရက်စွဲ

သီရိပဝရ သကျမာရဇိန်
ရုပ်ပွားတော်ကြီး



မဟာမုနိ မြောက်ဘက်စောင်းတန်းအနီး
သုတေသန အဖွဲ့နှင့် ဂေါပကလူကြီးများအမှတ်တရ
၁၉၇၅ ခု ဧပြီ (၁၀) ရက်

## ရခိုင်

# မဟာမုနိဘုရား၏

# အံ့ဖွယ်ရှစ်ပါး

- တိရစ္ဆာန်ကျေးငှက် သတ္တဝါ အပေါင်းတို့သည် ရုပ်တုတော်မြတ်၏ ရွှေပြာသာဒ်အပေါ်သို့ လွှားကျော် ခုန်ပျံနားနေခြင်းငှာ မဝံ့ခြင်း။

- ရုပ်တုတော်မြတ်၏ ရွှေမျက်နှာတော်သည် တွန်းပေါ်ထွက်စသော လပြည့်ဝန်း သဏ္ဍာန်ကဲ့သို့ နေ့ညဉ့်မစဲ ရွှမရဲအောင် အမြဲတွန်းလင်းတောက်သော ရောင်ခြည်တော်မြတ်ကို စွန့်လွှတ်တော်မူခြင်း။

- မိစ္ဆာယူမှား မတရား ကျင့်ကြံသော ဒုဿီလ ပုဂ္ဂိုလ်တို့သည် ထိုရုပ်တုတော်မြတ်ကိုရှုကြည့်ဝင်မူးသော်လည်း သောက်ရှုးပမာ ရွှေမျက်နှာတော်သည် ညိုပြာမှောင်လျက် အရောင်မထွက်ခြင်း။

- ရုပ်တုတော်မြတ်၏ သဏ္ဍာန်တော်ကို ပုံယူခတ်ကူး၍ ရေးသားသွန်းလုပ်သော်လည်း ပင်ပန်းကာမျှ ကျန ပီပြင်စွာ မကူးယူနိုင်ခြင်း။

- တရားဆိုင် အမှုပြိုင် အနိုင်အရှုံး ကျင့်သုံးမှုသား ကျိန်ဆိုငြားလည်း ထင်ရှားလက်ငင်း ဖျက်ယွင်း ထိရောက် စေနိုင်သော တန်ခိုးတော် ကြီးမားခြင်း။

- ရတန်းရှင်လှူပြည်သူပြည်သား လူအများတို့သည် သဒ္ဓါတရား တိုးပွားတက်ကြွသောကြောင့် ကုဋေ သိန်းသောင်း မကသော ရွှေပြားရွှေဆိုင်းတို့ဖြင့် နေ့တိုင်းကပ်လှူကြပါသော်လည်း ပြေပြစ်သန့်စင် ဖြည့်ဖြိုးလွှင်သော ကိုယ်တော်ရှိခြင်း။

- လဆယ့်နှစ်လ၊ မည်သည့် အခါသမယမဆို ညဉ့်ပါနေ့ရော၊ သောသောညံညံ၊ အဆံမစဲ ပွဲတော်သဘင် လူရှင်အများ စည်ကားစူးရောက်သော တန်ခိုးတော်မြတ် ကြီးခြင်း။

- တန်ခူးကဆုန်စသော သင်္ကြန်အတာ၊ ရေသွန်းခါ၌၊ ဝဲယာရှေ့နောက် မိုးပေါက်မိုးသီးမက အိုးကြီးအိုးငယ်တို့နှင့် ရေသပ္ပာယ်ကြပါသော်လည်း ရှေ့တော်ဝယ် အပါး၌ ရေနားမတည်နိုင်သော တန်ခိုးတော်မြတ် ကြီးခြင်း။

ရခိုင်မဟာမုနိဘုရား ဘက်စုံမွမ်းမံပြင်ဆင်ရေး
ရခိုင်ပြည်နယ်မှ ထုတ်ဝေသည်။